# မျက်ဝန်းထဲမှာ စို့

ရိုးမလူ



# မျက်ဝန်းထဲမှာ စို့

ဒေမဟာမုနိဗုဒ္ဓဝိဟာရကျောင်းတိုက်ကို ပထမဆုံးတစ်ခေါက် ရောက်ဖူးရေခါ မောင်သျှင်တိ၊ ပဋ္ဌင်းတိရာများရေ။ ကျောင်းသားတိဟိရေ ဆိုကေလေ့ ဒေလောက်မများ။ ကျောင်းနီကျောင်းနားရွာက အသျှေတိကို ရခိုင်ပိုင်စာသင်ပြရေဆိုလို့ စိတ်ဝင်စားလို့ လားကြည့်ဖူးစွာရာ။

ဒုတိယအခေါက်မှာ အသျှေငယ်ဘုစုခရုတိ အများကြီး။ နို့စို့ နို့ညှာကန်ကမကန်။ ကျောင်းကပြန်ရေခါ ဝေဒနာတိရာ ပါလာရေ။ ယင်းကျောင်းကို "ရီနည်းငါးတိ နားခိုရာ"လို့ နာမည်ပီးချင်ရေထော။

"ပြောမယုံ ကြုံဖူးမှသိရေ"ဆိုရေစကား မှန်မှမှန်။ သားယောကျ်ားလို့ သိခါကပင် ရင်ခုန်ခြင်းနန့် စောင့်စားနေရရေ။ 'စောင့်ရရေဆိုစွာကို စိတ်တိုရေလူ' ဒေတစ်ခါတော့ စိတ်ရှည်လိုက်စွာက မပြောကေ့ဖိ။

မွေးဖွားခန်းထဲက အချောင်သံကြားလေ စိတ်တိက ဆောက်တည်ရာမရလေကား။ 'ကိုယ်လက်အင်္ဂါစုံယင့်လား ဆရာမ' လို့ မဆီမဆိုင်ရေစကားက အတားအဆီးမဟိ ထွက်လားခရေ။ 'စုံပါရေ၊ ဇာဖြစ်လို့လဲ့'လတ်။ သူ့မမေးကို မဖြေနိုင်။ ဝမ်းသာခြင်းက အတိုင်းအဆမဟိ။

တီတီတာတာ ပြောတတ်လာအောင် စောင့်လိုက်ရစွာက အကြာကြီး။ တစ်ခုလေ့ နားမလည်ရေ အချေကို ကိုယ်ပြော ချင်စွာပြောပြီးကေ ကြေနပ်နေရေ အကြိမ်တိကလေ့ မရေတွက်နိုင်။ သုံးလေးနှစ်ဆိုစွာ နည်းရေအချိန်ကားမဟုတ်။ 'ဘာဘာ မေမေ' ခေါ်တတ်လာခါတော့ ပိုလို့ ပိုလို့ ချစ်လာရစွာဗျာယ်မလား။ မရောက်လာသေးရေ အနာဂတ်မှာ လူတော်လူကောင်း တစ်ယောက်ဖြစ်လာလီဖို့ စိတ်ကူးထဲမှာ ပန်းချီစွာလဲ အခါခါနန့် အကြိမ်ကြိမ်ဗျာယ်။ မကောင်းစွာတိကိုတား၊ ကောင်းရာ တိကို ညွှန်နေရေကြားထဲက သူ့ဆန္ဒအတိုင်း ချင်ဆီလုပ်လာခါလေ့ စိတ်ညစ်ရစွာက မရေတွက်နိုင်။

မိဖရေ သားသမီးရို့ 'လက်ဦးဆရာ နမူနာ' လို့ များက ဆိုရေစကားဟိခရေအတွက် သူရို့ရှေ့မှာ မဟုတ်စွာ မဖြစ် ရအောင် ထိန်းသိမ်းရစွာကလေ့ လွယ်ကားမလွယ်။ အသောက်အစား၊ အပျော်အပါးကစလို့ စံနမူနာဖြစ်အောင် နေရ စွာဗျာယ်။ အစစအရာရာ ရှေ့ဆောင်လမ်းပြ ထိန်းကျောင်းပေးရစွာကလေ့ မိဘတိုင်း ရာမလား။ ဒေကြားထဲကမှ ပုံစံ အမျိုးမျိုးနန့် လမ်းမှားလိုက်ဗျာယ် ချင်ဆီလုပ်လားကတ်တေ သားသမီးတိလေ့ အများကြီး။

အသျှေတစ်ယောက်ကို ကျွေးမွေးပြုစုရစွာ ကောင်းကောင်းခက်တေအလုပ်။ 'အသျှေဆိုစွာ ပန်းပိုင်' အဂုနေကောင်း ရေ။ အဂုနေမကောင်းလို့လဲ ဟိပြန်ရေ။ ကိုယ်လက်ခန္ဓာ ကျန်းမာရေထားဦး၊ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုဟိအောင်လဲ ထိန်းသိမ်း ပြုပြင်ရပြန်ရေ။ မိနန့်ဖနန့်၊ ဆွေမျိုးအသိုင်းအဝိုင်းတိနန့် သိုက်သိုက်ဝန်းဝန်းမွေးစပ်ထားရေ တစ်ယောက်တည်းသားကို တောင်မှ 'လူတော်လူကောင်းတစ်ယောက်' ဖြစ်စေမယ်လို့ အာမဘန္တေ မခံဝံ့ပါကာ။

ဘုန်းကြီးကျောင်းကို ရောက်လာစွာနန့် အသျှေလေးငါးဆယ်ကို တွိရရေ။ တူညီရေ သင်္ကန်းရောင်သျှေတိကို ဘောင်းဘီ အင်္ကျီအဖြစ် ချုပ်ဝတ်ထားကတ်တေ။ ရောက်လာရေ အာဂန္တုကို ဝိုင်းလို့ကြည့်နေကတ်စွဗျာယ်။ သူရို့မျက်လုံးမှာ အာဂန္တု ကို အံ့သြရေ မျက်လုံးမဟုတ်၊ သူရို့တစ်ခုခု တောင်းတနေရေ မျက်လုံး၊ လိုချင်ရေမျက်လုံးမဟုတ်၊ ဆာလောင်နေရေ မျက်လုံး၊ အထင်ကြီးရေ မျက်လုံးမဟုတ်၊ သူ့ကိုယ်သူ သေးသိမ်နေရေ မျက်လုံး၊ အို. . . ထိုမျက်လုံး ဒေမျက်လုံး၊ ယင်းမျက်လုံး တိကို မခံစားဝံ့၊ အဓိပ္ပါယ်မဖော်ဝံ့၊ အဓိပ္ပါယ်ဖော်နိုင်လောက်အောင်လဲ ဝေါဟာရတိ မဟိ။ ကိုယ့်ရင်ခုန်သံကို ကိုယ်အတိုင်း သား ကြားနေရရေ။ ယင်းမျက်လုံးတိနန့် လွှဲဗျာယ် လေကိုဝအောင်ရှူ အံကိုတင်းလို့ စိတ်အာရုံတိကို ပြောင်း၊ ပြီးမှ ခြေလှမ်း လှမ်းဖြစ်တေ။ ခြေလှမ်းတိရေ တစ်လှမ်းချင်း လှမ်းဗျာယ် ကျောင်းထက်ကို တက်မိရေခါ ကျောင်းရှင် အရှင်ဘုရား ပညာစာရ နန့်တွိလို့ ဦးချလိုက်ပါရေ။

'တကာ ရောက်တေလို့ ကြားရရေ၊ ဇာကိုလားနေလ'

'တပည့်တော် ရခိုင်ပြည်မြောက်ပိုင်းကို စုံအောင်လားခီပါရေဘုရား'

'ကောင်းရေ ကောင်းရေ၊ မိသားစုလေ့ ပါရေမလား၊ မိသားစုဝါ နေကောင်းကတ်လား'

'ကောင်းပါရေဘုရား'

'အသျှင်ဘုရားလဲ နေကောင်းရေ မဟုတ်ပါလား'

'ငါတော့ နေကောင်းယင့်၊ ဒေအစိတ်ကေချေ ဒေအသျှင်ဘုရားရေ ပါစပ်က စကားပြောနေကေလေ့ လက်ကအချေ နောက်ကုန်းကို ပွတ်နေရေ။

'ဇာဖြစ်စွာပါလေဘုရား'

'ညက အပူစကေချေရောက်တေ၊ အဂုဂျီကျချင်ရေ'

'ယုယမှုကိုတောင်းရေ ထင်ပါယင့်ဘုရား'

'ဟုတ်တေ ဟုတ်တေ'

အသျှေကို မြင်ရစွာ စိတ်မကောင်း။ မိဘမေတ္တာငတ်နေရေ၊ အကြင်နာကို မျှော်နေရေ။ ယုယမှုကို လိုလားနေရေ။ ဒေအရွယ်က မိခင်ရင်ခွင်မှာ နို့ချိုစို့ယင်း ငိုနေရဖို့ အရွယ်။ အဂုက မျက်လုံးကြောင်တောင်တောင်နန့် လူတိုင်းကို ကြည့်ဗျာယ် တစ်ခုခုကို တောင်းနေဟန်။

'အရှင်ဘုရား၊ အချေဇာနှစ်ယောက်ဟိပါလေ'

'၆၅ ယောက်ဟိရေ'

'အားလုံး ယောကျ်ားချေတိပါလား'

'ဟုတ်တေ၊ ယောကျ်ားချေတိဗျာယ်၊ မိန်းမချေနန့် ဘုန်းကြီးကျောင်းက မသင့်တော်မလား'

'အရှင်ဘုရား၊ ဇာရည်ရွယ်ချက်နန့် ဒေအချက်တိကို မွေးစပ်နီစွာပါလဲ'

'ပြောရကေ အရှည်ကြီး၊ အစက ရခိုင်ချေတိကို ကုလားတိကို ပေးပိုက်တေ၊ ရောင်းစားရေလို့ ကြားရလေို့ ရင်ထုမနာဖြစ်ဗျာယ် ယူလို့ မွေးစပ်ကြည့်စွာရာ၊ ယင်းကနေ တစ်ယောက်၊ နှစ်ယောက်၊ ယင်းနောက်တစ်ယောက်နှစ်ယောက်ကနေ သုံးလေးငါးယောက်နန့် ဒေပိုင်များလာ ရစွာဗျာယ်။ အတိုပြောရကေ 'ငါရို့ ရခိုင်လူမျိုး သီးကင်းကပင် ကွေမကျလားစီချင်လို့'

'အရှင်ဘုရား ခံစားချက်ကို တပည့်တော်နားလည် သဘောပေါက်ပါဗျာယ် ဘုရား'

'ဇာအရွယ်ကပင် စလို့ မွေးစပ်ပါလေ'

'မွေးကင်းစ ရက်သားချေကပင်စလို့ မွေးစပ်စွာဗျာယ်'

'လွယ်ကူပါယင့်လားဘုရား'

'ဇာလွယ်ဖို့လဲ အမိတစ်ယောက်စီရေ အသျှေတစ်ယောက်ကိုရာ မွီးစပ်တေမလား။ ငါ့မှာက မွီးစ ရက်သား လသား (၁၅)ယောက်တောင်ဟိရေ။ အစွမ်းကုန်ကြိုးစားလို့ မွီးစပ်စွာဗျာယ်ယေ။ ယင်းပိုင်ကြိုးစားနေရေကြားထဲက သီလားခရေအချေတိလဲ ဟိရေ။

'ဒေအသျှေတိ စားရေး၊ နေရေး၊ ကျန်းမာရေးတိကို ဇာပိုင်စီစဉ်ပါလေ'

'စားဖို့သောက်ဖို့က အလှူခံမေတ္တာရပ်၊ ဝတ်ဖို့က သက်န်းအဟောင်းတိကို အကျီ ဘောင်းဘီချုပ်၊ ကျန်းမာရေးအတွက်က ကူညီရေ စေတနာရှင်တိ ဟိရေပိုင်၊ ငါလေ့ရသလောက် အလှူခံဗျာယ် ပြုစုစောင့်ရှောက်ပေးစွာဗျာယ်။

'စားတတ်တေအချေတိအတွက် မိုးထဆန်ပြုတ်၊ ကျန်ရေအချိန်မှာ ထမင်း၊ ဆန်ပြုတ်ဆိုကေလေ့ ရိုးရိုးဆန်ပြုတ်ရာ၊ ထမင်းလေ့ သားကားပါခါ ပါ၊ မပါခါ မပါ။ ဟင်းနန့်ခါ ဟင်းနန့်၊ ဆားနန်ခါ ဆားနန့်။ သူရို့စားရေပိုင် ငါစားရေ။ ငါစားရေပိုင် သူရို့စားရေ။ မဟိအတူ၊ ဟိအတူဗျာယ်'

မစားတတ်တေ အသျှေတိအတွက် နို့ဇာပိုင်တိုက်ပါလေ'

'ဟိရေဖေးသာနန့် ရသလောက်နို့မှုန့်ကို ဝယ်ဗျာယ်၊ ဝေငှတိုက်ပေးရေ'

'အသျှင်ဘုရားလေ့ ကောင်းကောင်းဒုက္ခများပါဖို့ကာ နှမ်း'

'ငါကား ဒေလောက်ဒုက္ခမရောက်၊ အေအစိပ်ကေချေတိရာ ပိုလို့ဒုက္ခရောက်တေ။ စားချင်ရေခါ မစားရ။ စားချင်စွာကို မစားရနန့် အများနန့် မွီးစပ်စွာဖြစ်လို့ တစ်ယောက်တည်းကို အလိုလိုက်လို့ မွီးစပ်ဖို့ကလေ့မလွယ်။ စကေချေလောက်ကြီးလာကေ သက်န်းသင်းပိုင်ချေ ဝတ်ဗျာယ် မောင်သျှင်လုပ်ပေးလိုက်ကေတော့ သူ့တစ်ဝမ်းစာ ရှာတတ်ဗျာယ်။ အဂုလောလောဆယ်မှာ သူရှာလို့ရလာစွာကို သူအားလုံးမစားရ၊ မရှာတတ်တေ အသျှေတိကိုလေ့ ဝေဗျာယ် ငှဗျာယ်ပေးရသိရေ။ အားလုံးဒုက္ခရောက်ကတ်ရစွာဗျာယ်ယေ။ ငါကတော့ ဗုဒ္ဓဘာသာဝင် ရခိုင်သားတစ်ယောက်ဖြစ်လေဖို့ အစွမ်းကုန်ကြိုးစားနေစွာဗျာယ် တကာ'

'မှန်ပါ့ဘုရား၊ အသျှင်ဘုရားလို့လကို တပည့်တော် မကြည်ညိုပဲ မနေနိုင်ပါဘုရား'

အသျှင်ဘုရား ပညာစာရနန့် စကားပြောလို့ ကောင်းကေလေ့ ကျောင်းအောက်ကငို၊ ကျောင်းထက်ကငိုနန့် စိတ်မချမ်းသာစရာတိဗျာယ်။ စာအကြောင်း ပေအကြောင်းတိကို တန်းတတွေပြောဗျာယ် ဆွေးနွေးကတ်ပြီးကေ

'တပည့်တော် ပြန်ပါဖို့ဗျာယ်ဘုရား။ ဆွမ်းကျွေးရက်အတွက် အလုပ်လုပ်စရာ ဟိပါသိရေဘုရား'

ဒေအသျှေတိရေမေမေ ဘာဘာခေါ်တတ်လေဖို့မဟုတ်။ အကိုကြီး၊ အကိုချေ၊ မမကြီး၊ မမသျှေရို့ကိုလေ့ နားလည်လေဖို့မဟုတ်။ အခင်ကြီး၊ အရီးကြီး၊ မယွေကြီး၊ အဘေကြီး၊ အခင်သျှေ၊ အရီးချေရို့ကိုလေ့ ခေါ်ဖူးလေဖို့ကား မဟုတ်။ ဒေပိုင်ဆိုကေ အဘိုးသျှင်၊ အဘောင်သျှင် ဆိုစွာကိုဝါ သိလေကတ်ဖို့လာ။ အချေဘဝကြောကိုပွတ်၊ ရင်ကိုပွတ်လို့ ဝတ္ထုသျှေပုံပြင်

သျှေဝါ နားထောင်ဖူးလေယင့်လား။ လိပ်ကမ္ဘာမဝတ္ထု၊ ကျီးဖြူရွှာဝတ္ထု၊ သံကိုးမောင်းဝတ္ထုတိနန့် ရခိုင်ဝတ္ထုတိ တစ်ပုဒ် တလေကိုတောင် နားထောင်ဖူးလေ ကားမဟုတ်။ မာရယု၊ စန္ဒသူရိယ၊ မင်းထီး၊ မင်းစောမွန်၊ မင်းဗာ၊ မဟာသမ္မတရာဇာ စရေ ရခိုင်ဘုရင်ရို့အကြောင်းကိုလေ့ သိလေဖို့ကား မထင်။ အသျှင်မြဝါ၊ ဗိုလ်ချင်းပျံ၊ မင်းသားကြီး၊ ဒေးဝန်းကြီး၊ မြို့သူကြီး ရို့ အကြောင်းကိုပါ ကြားဖူးနှားဝ ဟိလေဖို့ကားမထင်။ လခြမ်းမြေနန့် ရခိုင်ရိုးမအကြောင်းကိုလေ့ အသူတစ်ယောက် ပြောပြဖို့လေ့ဂု။ ယင်းပိုင် ဇာတိပုညမသိကေ ဇာတိမာနဟိလေဖို့ သိမ့်လား။

* * *

ဘုရားရေချိုးရေနိန့်ဖြစ်လို့ ကျောင်းတိုင်းပိုင် စည်ကားပါရေ။ သားကြီးမှီးနိန့် ဆွမ်းကျွေးပွဲကို စနစ်တကျ ဖိတ်ထားစွာ ဖြစ်လို့ ဖိတ်ထားရေလူတိုင်း တဖြည်းဖြည်း ရောက်လာကတ်ဗျာယ်။

အချေတိကို မောင်ရှင်တိက ရေမိုးချို ပေးနေကတ်တေ။ အချေတိရေ ကျောင်းကိုရောက်လာရေ အာဂန္တုတိများနေ လို့ ထိုကြည့် ဒေကြည့်။ အာဂန္တုတိကလေ့ မိဘမဟိရေ အသျှေတိကို အထူးအဆန်းကြည့်နေ ကတ်တေထော။ ဖျာထက်မှာ အစုစုစုထားရေ အသျှေတိကလေ့ သက်တူရွယ်တူတိ။ ငိုရေအသျှေကလေ့ ပါးဖြနားဖြငိုနေ။ တစ်ယောက်တစ်လေ ငိုစွာ ကြာဗျာယ်ဖြစ်လို့ အသံတောင်မထွက်ဗျာယ်။ ဆွမ်းကျွေးပွဲကို လာကတ်တေတောင် မထွက်ဗျာယ်။ ဆွမ်းကျွေးပွဲကို လာကတ် တေ အထဲက မိမိတစ်ယောက်ရေး မိခင်စိတ် ယိုစီးလာဗျာယ် အချေတိကို ကောက်ရွှတ်ကြည့်ရေ။ အချေရေ ရင်ခွင်ကို ကပ်ဗျာယ် ရင်ငွေ့ကိုခိုရေ။ အငိုတိတ်ဗျာယ် မျက်နှာမှာ အပြုံးပန်းသျှေ ပွင့်လာရေ။ သူတစ်ခုလေ့ မလိုချင်၊ မေတ္တာလိုချင်ရေ လို့ ဆိုရေသဘောလားမသိ။ အင်တန်ချေလောက် ကြာရေခါ မမရေ အချေကို ချကြည့်ရေ။ အချေက မဆင်းလို၊ ကပ်ခံရေ။ မမက အတင်းမချဝံ့၊ ပြန်ရွှတ်လိုက်တေ။ တနားချေလောက်ကြာရေခါ အချေရေ အိပ်မောကျရေ။ အိပ်မောကျရေအချေကို ဖျာထက်မှာချလိုက်တေခါ အရာအချေတိက ဝိုင်းကြည့်နေကတ်တေ။ ငါရို့အလှည့်ရောက်ဗျာယ်လို့ ထင်နေကတ်လား မသိ။

ပိုလို့ပိုလို့ များလာရေလူတိကြောင့် ကျောင်းထက်မှာလဲ ထိုင်စရာမဟိ။ ကျောင်းအောက်မှာလဲ ရပ်နေဖို့တောင် နေရာမမြင်။ စာသင်ကျောင်းဆောင်မှာ ထမင်းကျွေးဖို့ ခင်းထားရေ ခုံတိမှာ ထိုင်ကတ်ပါလို့ ကိုမောင်ထွန်းကျော်နန့် ကိုဝင်းမောင်ရို့ ဆော်သြပေးလို့ ပိုလို့ပိုလို့ အဆင်ပြေလာခရေ။ ဆွမ်းကျွေးချိန်နီးခါမှ အသျှင်ဘုရား ပညာစာရရေ ရဟန်းနှစ်ပါးနှင့်အတူ ဆင်းလာပြီးကေ သီလပေးပါရေ။ သီလယူကတ်တေခါ ထိုင်ဖို့နီရာမဟိလို့ ရပ်လို့သီလယူ ကတ်ရရေ အတွက်“အထူးအဆန်းသီယူခြင်းမျိုးဖြစ်တေ”လို့ ပြောကတ်တေ။ သီလပေးလို့ပြီးရေခါ အရှင်ဘုရားက ဘုရားလောင်း မျောက်မင်းအကြောင်းကို ပြောပြဟောပြရေခါ ရင်ထဲမှာက စွဲငြိစရာ၊ အမျိုးအတွက် အသက်အသေခံဝံ့ရေ တိရိစ္ဆာန်ကို တောင် ဂုဏ်ပြုချီးကျူးထိုက်ပါကေ၊ လူကိုဆိုကေ ပြောဖို့ကား မဟိ။ အရှင်ဘုရား တရားဟောပြီးခါ အခန်းအနားချေတစ်ခု လုပ်ကတ်ပြန်ရေ။ ယင်းအခန်းအနားမှာ ဆရာကြီး ဦးဗသိန်းက အခန်းအနားမှူး၊ အခန်းအနားမှာ စကားပြော ခွင့်ရရေ အတွက် ဝမ်းသာကေလေ့ ပြောမထွက်တေ စကားလုံးတိက ရင်ကိုဆို့လို့။ ဆရာထွန်းအောင်ရွှေ၊ ကိုသိန်းရွှေ၊ ကိုဇော်လင်း ရို့ကလဲ အပြန်အလှန်ဆွေးနွေးကတ်ပြန်ရေ။

* * *

ဆွမ်းကျွေးပွဲက အပြန်မှာ ကျွေးမွေးခရရေဆွမ်း၊ အချေတိအတွက် လှူဒါန်းခရရေ ဖေသာ၊ အတူတူ လှူခကတ်တေ မလေးရှားရောက် ရခိုင်လူငယ်တိအကြောင်း စဉ်းစားရင်း ပီတိဖြစ်တေပိုင်၊ ဒေအချေတိ နောင်ရေး၊ ကြီးပြင်းဖို့အရေး၊ ဖြတ်သန်းရဖို့ အရေး၊ ရင်ဆိုင်ကတ်ရဖို့ ဒုက္ခတိကို တွေးကြည့်၊ ခံစားကြည့်ရေခါ မျက်လုံးထဲမှာ မျက်ရည် . . . . ။

ရိုးမလှ

ရွှေကျွန်းသဥ္စာမဂ္ဂဇင်း အမှတ်(၂)မှ -----

ကျောက်ဖြူမြို့နယ် မဂ္ဂဇင်း (၁၉၉၉)

# ကျိန်းရင်ခွင်

“ဖေါင်တော်ထက်က ဆင်းပါလတ်”လို့ ပြောထားရေ စကားကြောင့် ဖေါင်တော်ထက်ကို ရောက်ကေလေ့ ဘုတ်နန့်ကား အဝီးကြီး။ သမ္ဗာန်သျှေနန့် တစ်ခါ ကူးရပြန်ရေ။ ဖေါင်တော်ခ၊ သမ္ဗာန်နန့်ကူးလို့ ကူးတို့ခလို့ ပီးကတ်ရပြန်ရေ။ အေပိုင်လေ့ ပီးရလာလို့ မိန်းကြည့်ရေအခါ အစ်ကိုမသိရေ ‘အခွံ’တိ အများကြီးလို့ ပြောပြကတ်ပြန်ရေ။ ဘုတ်ထက်ကို ရောက်ကေလေ့ လူမစုံသိလို့ ဘုတ်မထွက်လတ်။ ဘုတ်ထက်ကိုရောက်လို့ တစ်နာရီ၊ တစ်နာရီခွဲလောက်ကြာမှ လူစုံဗျာယ်လို့ထင်ယင့်။ ဘုတ်စက်သံရေ ကမ္ဘာပျက်အောင် သောသောညံနီရေ ကုလားတန်မြစ်ကို ထိုဘက်ဒေဘက်ကူးစွာ တစ်နာရီကျော်လောက်ကြာရေ။ စစ်တွေမြို့ဖက်ကမ်းကကြည့်ကေ ဝဖြီးချပ်တောင်ကို မှုန်မှုန်သျှေမြင်ရရေ။ အနီးကိုရောက်လာလီ ခေါင်းဖြီးတစ်ခုနန့်တူရေ။ ယင်းကြောင့်လေ့ ဝဖြီးချပ်တောင်လို့ ခေါ်လာမသိ။ ကုလားတန်မြစ်ဝကို ရောက်လာစွာနန့် ကျောက် ဆောင်ကျောက်ကျွန်းသျှေတိရေ အစီအရီမြင်ရရေ။ တမင်တကာလုပ်ထားကေတောင် အေလောက်ပုံစံကျဖို့ကားမဟုတ်။

ဒေပွဲကြည့်တောင်မှာ မင်းသားကြီး ရွှေဘန်းကို မြေမြှပ်သဂြိုဟ်စွာလတ်။ မင်းသားကြီးရွှေဘန်းရေ ဒေးဝန်းကြီးအောင်ကျော်ရှီ၊ မြို့သူကြီးအောင်ကျော်ဇံရို့နန့် အမျိုးသားနိုင်ငံရေးကိုလုပ်ရင်း အဖမ်းခံဗျာယ် စစ်တကောင်းထောင်မှာ အချုပ်ခံရရေ။ မင်းသားကြီးရွှေဘန်းက အမျိုးသားသတ္တိကို ပြဖို့ အစာငတ်ခံဗျာယ် သီပြခလီရေ။ သူသီကေ သူ့အလောင်းကိုရခိုင်ပြည်မှာ မြှုပ်ဖို့အမှာဟိရေအတွက် သူ့ဆန္ဒနန့်အညီ ဒေပွဲကြည့်တောင်မှာ မြှုပ်ထားစွာ။ မြို့သူကြီးအောင်ကျော်ဇံနန့် ဒေးဝန်းကြီး အောင်ကျော်ရှီရို့ကို ဇာမှာ မြှုပ်ထားရေ ဆိုစွာကို လေ့လာရဖို့သိ။

ဝဖြီးချပ်တောင် အနောက်တောင်ထောင့်မှာ ပိန္နဲချောင်းကျွန်းဟိရေ။ ယင်းကျွန်းနောက်ဖက် မြေငူကျွန်းထက်မှာ ဆံတော်ရှင်ဘုရားတည်ထားဟိရေ။ ယင်းဆံတော်ရှင်ဘုရားကို ရခိုင်ဘုရင် သူရိယစက္က တည်ထားကိုးကွယ်ခစွာလတ်။ ရခိုင်အမျိုးသားတိက မြတ်စွာဘုရားဆံတော်အစစ်လို့ ယုံကြည်ထားကတ်တေ။ ယင်းဘုရားကို ရခိုင်ဘုရင်ရို့ ပြုပြင်ထိန်းသိမ်းခရေပိုင် စိုးမဲကျီမိဖုရားကလေ့ ခြယ်သမွမ်းမံခဖူးရေ။ နှစ်စဉ်နှစ်တိုင်း နတ်တော်လမှာ ဆံတော်ရှင်ဘုရားပွဲ ကျင်းပလို့ ရခိုင်တစ်ပြည်လုံးက လာရောက်ဖူးမျှော်ကြည်ညိုကတ်တေ။

စစ်တွေမြို့ကထွက်လို့ သုံးနာရီသုံးနာရီခွဲလောက်အကြာမှာ တောင်းဖူးတောင်ညိုနားကို ရောက်တေ။ ဒေဘုရားလေ့ နာမည်ကြီးရေ ဘုရားတစ်ဆူဗျာယ်။ တစ်ခါတစ်ခေါက် ရောက်အောင်တော့ လာရောက်ဖူးမျှော်ရဖို့သိ။ ရီဆန်ကေလေ့ လီအသင့်လိုက်ပါလတ်တေ ရွက်သမ္ဗာန်သျှေတိကိုတောင် လိုက်လို့မမှီရေဘုတ်။ အပြိုင်အဆိုင်ထွက်ပါလတ်ကေလေ့ နာမည်မသိရေဘုတ်နှစ်စီးက အတူတူနန့် အနူနူရာ။

ထူးမခြားရေ မြို့တိဖြစ်လို့ လျှပ်စစ်မီးကို အားမကိုး။ ဆီမီးခွက်နန့် ဖယောင်းတိုင်ကိုရာ အားကိုးကတ်ပုံပေါ်ရေ။ အဝီးကကြည့်ကေ အိမ်တိုင်းအိမ်တိုင်းရေ မီးထွန်းပွဲပိုင် အပြိုင်အဆိုင်။ ပေါက်တောထက် ဘဝန်းရေ ပိုလို့စည်ကားရေလို့တောင် ထင်ရရေ။ ညစာထမင်းကို စားပြီးလို့ စာအကြောင်း ပီအကြောင်းနန့် ဖြန့်ချိရေးအကြောင်းကိုတောင် စုံအောင်မပြောလိုက်ရ။ အိပ်မောကျလားခရလီဗျာယ်။ မိုးလင်းစွာတောင် မသိလိုက်။ စာပီဝါသနာသျှင်တိ ရောက်လာကတ်လို့ မျက်နှာပရုန်းနရုန်းသစ်ဗျာယ်။ လဘက်ရည်ဆိုင်မှာ လဘက်ရည်သောက်ယင်း ထိုစာအုပ် ဒေစာအုပ်အကြောင်း ဖြန့်ချိရေးအကြောင်း၊ အကြွေးကောက်ရရေအကြောင်း၊ မျက်နှာပူရရေအကြောင်းတိကို ရယ်ရယ်မောမောနန့် ရရောင်းသတ်လို့ ပြောကတ်ရစွာကလေ့ ပျော်စရာ။

မိုးထ(၈)နာရီလောက်ကပင် လုပ်တေတွိဆုံပွဲ။ (၁၀)နာရီကျော်လို့တောင် မပြီးနိုင်။ ပြောစရာတိကလေ့ မကန်။ မြို့နယ်မဂ္ဂဇင်းအကြောင်းကိုလေ့ ပြောလို့တောင် မပြီးနိုင်။ ယင်းအထဲမှာ ဆရာဆရာမတိက စာပီကို စိတ်အဝင်စားဆုံး။ လူမများကေလေ့ ပိုလိုပိုလို့ စည်ကားရေပွဲ။ ဆွေးနွေးပွဲအပြီးမှာ တားနီရေအထဲက မင်းပြားကိုဖြစ်အောင်လားရဖို့လို့ ပြောနီလို့ ဆွေးနွေးပွဲတက်တေ လူတိုင်းသင်္ဘောဆိပ်ကို လိုက်ပို့ကတ်တေ။ သင်္ဘောဆိပ်ကို မရောက်ခင် သင်္ဘောရောက်လာဗျာယ်ဖြစ်လို့ ကိုကျော်ဇောလှတစ်ယောက် ပြီးယင်းလွှားယင်းနန့် စီစဉ်ပေးလိုက်လို့ သင်္ဘောထက်မှာ နားနားနေနေမပင်မပန်း လိုက်လာခရရေ။

ပေါက်တောမြို့ကို ကုလားတန်မြစ် သင်္ဘောထက်က ကြည့်ကေ ပေါက်တောမြို့ ရင်ကိုခွဲလို့ စီးဆင်းနီရေ ဘဝန်းချောင်းသျှေကို အတိုင်းသားမြင်ရဖို့။ ဒေချောင်းရေဘဝန်းနန့် ပေါက်တောကို စည်းခြားထားရေချောင်း၊ ယင်းစည်းကို မေတ္တာပေါင်းကူးလုပ်ဗျာယ် တံတားထိုးထားရေ။ အယင်ခါဆိုကေ ပေါက်တောသရဲရွာ၊ ကျောက်ဆိပ်ရွာ၊ ဘဝန်းရွာဆိုရေ ရွာသုံးရွာ ဒေနိန်ရာမှာဟိရေ။ ယင်းအခါက ပုဏ္ဏားကျွန်းအရှေ့တောင်မြို့နယ်လို့ သတ်မှတ်ခံရရေနိန်ရာ။ အင်္ဂလိပ်ခေတ် ၁၈၉၀ ခုနှစ်မှာ

အနားမှာဟိရေ ပေါက်တောသရဲရွာသျှေကို ပေါက်တောမြို့လို့ နာမည်ပေးလိုက်တေခါ ဂုနားက ပြောရေရွာ သုံးရွာလေ့ ရောနှောပေါင်းစပ်ခြင်းကို ခံလိုက်ရရေ။ ဒေပေါက်တောမြို့ရေ တောင်ရင်းကျွန်းမှာဟိရေ ရွာတိအားလုံးကို ပေါင်းပနာ ဂုဏ်ထူးတစ်ခုအပီးခံရစွာနန့် မတူလား။ အဂုဒေမြို့နယ်မှာ ရွာပေါင်း (၁၅၃)ရွာ ဟိရေ။ မြို့ထက်မှာတော့ (၅)ရပ်ကွက်နန့် လူဦးရေပေါင်း (၁၃၀၀၀၀)နီထိုင်ရေလို့ ၁၉၉၇ စာရင်းအရ သိရရေ။

ပေါက်တောမြို့ရေ ရခိုင်နိုင်ငံရေးသမိုင်းမှာ အရေးပါရေ မြို့တစ်မြို့။ ဒေမြို့က မြို့မကျောင်းဆရာတော် အသျှင်ကဝိန္ဒရေ ရခိုင်နိုင်ငံရေး သမိုင်းမှာ နာမည်ကြီးရေ ပုဂ္ဂိုလ်ဖြစ်တေပိုင် အေမြို့ထက်မှာ ၁၉၄၀ ခုနှစ်က ရခိုင်တိုင်းလုံးဆိုင်ရာညီလာခံ ဒုတိယအကြိမ်ကို ကျင်းပခစွာ။ စည်ကားစွာကလေ့ မပြောကေ့။ ထထိန့်ကြိုးလို့။ ရခိုင်လူငယ်နန့် လူကြီးပေါင်းစည်းရေးအစည်းအဝေးဖြစ်လို့ ပိုလိုအောင်မြင်ရခကတ်တေပွဲလို့ဆိုရဖို့။ ဉက္ကဋ္ဌက ဦးသာဇံလှ၊ ဒု-ဉက္ကဋ္ဌကဦးအောင်ထွန်းဦးလို့ သိရရေ။

သဘော်ရေ ဖြားရီအသင့် လီအသင့်ဖြစ်လို့ ထင်စွာထက်လျှင်နီရေ။ စွန်ရဲနားကိုတောင် ရောက်နီဗျာယ် မနားယေ။ ဒေနိန်ရာမှာ ရာမောင်မြစ်ရေ ပေါက်ဆိန်ကျမြစ်အဖြစ် နာမည်ပြောင်းဗျာယ် ဘင်္ဂလားပင်လယ်ထဲကို ခွဲထွက်စီးဝင်လားခစွာ။ မြစ်ဆိုလို့ လေးမြို့မြစ်အကြောင်းကို တစိသျှေပြောရဖို့သိ။ ပရိန်၊ ပဋ္ဌာ၊ နရိဋ္ဌရာ၊ လောင်းကြက်ဆိုရေ မြို့ကြီးလေးမြို့နားမှာခါ လေးမြို့မြစ်လို့နာမည်ခံပြီးကေ စီးဆင်းလာစွာ။ မင်းပြားနားကိုရောက်တေခါ ကျိန်းတောင်ကို ဦးတိုက်လို့ ရာမောင်သျှင်မရင်ခွင်ကို ဝင်ဗျာယ် ရာမောင်မြစ်လို့ နာမည်ခံပြန်ရေ။ ဒေစွန်ရဲနားကို ရောက်တေခါတော့ ပေါက်ဆိန်ကျမြစ်လို့ နာမည်ပြောင်းဗျာယ် ဘင်္ဂလားပင်လယ်ထဲကို စီးဝင်ပြန်ရေ။ ဒေဘက်ကိုခွဲလို့ စီးဆင်းလာရေမြစ်က ပေါက်တောနားကို ရောက်တေခါ ကျွဲကူးမြစ်လို့နာမည်ခံပြန်ရေ။ ဒေမြစ်ရေ နာမည်လေးခါ ပြောင်းပြီးခါမှ ကုလားတန်မြစ်နန့် လက်တွဲလို့ ပင်လယ်ထဲကို စီးဝင်လားခရေ။ သူကတော့ သူ့သမိုင်းကို တာဝန်ကျေရေ ရီချိုဖို့လားချို၊ ရီပျာဖို့လားပျာ၊ ရီငန်ဖို့လားငန်၊ အပင်စိုက်ချင်စိုက်၊ ငါးရှာချင်ရှာ၊ ဆားချက်ချင်ချက်၊ ပြင်ချင်စွာပြင်၊ ကတ်ဖိလို့ ရခိုင်သားတိကို လက်ဆောင်ပီးထားရေ မြစ်လို့ဆိုကေ ရရေမနား။

စွန်ရဲက လွန်လာကေ ကျိန်းတောင်ကို မြင်ရဗျာယ်။ သဘော်ရေ မောင်းရေလူဆန္ဒအတိုင်း ချင်ဆီလားနီကေလေ့ ရာမောင်မြစ်လှည့်ဖြားခြင်းကိုတော့ ခံနီရပုံပေါ်ရေ။ တစ်ခါတစ်လီ ကျိန်းတောင်နန့်နီးလာရေပိုင် မြင်ရင်းနန့် ဝီးလာပြန်ဗျာယ်။ နီးလိုက်ဝီးလိုက်၊ နီးလိုက်ဝီးလိုက်နန့် ကွေ့ကောက်တေမြစ်ကြောင်းကို လောင်းကောက်လေ့မလိုပဲ မင်းပြားမြို့ကို ရောက်လာဗျာယ်။

ကျိန်းရပ်မြေကို ၁၉၉၆ ခုနှစ်က တစ်ကြိမ်ရောက်ဖူးရေခါ ကိုအောင်ကျော်ဝင်း၊ ကိုမင်းသိန်းဇံရို့နန့် ကျိန်းတောင်ထက်ကိုတက်ရင်း ကျိန်းဘုရားကို ဖူးဗျာယ် ကျိန်းသမိုင်းကိုလေ့ နားထောင်ဖူးပါရေ။ ဒေကျိန်းတောင်ကထွက်တေ ကျိန်းအညင်းသီးအကြောင်းကို ပြောဖြစ်တေအခါ နာမည်ကြီးရေ ကျိန်းအညင်းသီး မသိသူမဟိလောက်အောင် ထင်ပေါ်ရေ ကျိန်းအညင်းသီး။ အဂုတော့ခါ အသျှင်သစ်ရို့နန့် ပျော်ပိုက်နီဗျာယ်လားမသိ။ အသီးကိုလေ့ မစားထိုက်တေ လူမစားရဘဲ စားထိုက်တေလူရို့စားလားခဗျာယ်။ 'မစားထိုက်ကေ အိုးကငါးသတစ် ကျောက်သားဖြစ်'လတ်။

အဂုတစ်ခေါက် မင်းပြားမြို့ကို ရောက်ကေ သိချင်စွာ တစ်ခုဟိရေ။ 'ရခိုင်တိုင်းလုံးဆိုင်ရာ ညီလာခံပထမအကြိမ်' မင်းပြားမြို့ထက်က ဇာနိန်ရာမှာ လုပ်ခလီလေ။ ရခိုင်ပြည်မှာ ရခိုင်လူငယ်တိ နိုင်ငံရေးနိုးကြားမှုနန့် ပထမဆုံးလုပ်တေပွဲ။ ဒုတိယကမ္ဘာစစ်မဖြစ်ခင်က လုပ်တေပွဲ။ လူငယ်တိ ဦးစီးရေပွဲ။ ယင်းပွဲမှာ ရခိုင်အမျိုးသားနိုင်ငံရေးကို အုတ်မြစ်ချခနိုင်ရေ။ ဒေပွဲကို ရခိုင်တိုင်းလုံးဆိုင်ရာ ညီလာခံလို့လေ့ ခေါ်ကတ်တေ။ ၁၉၃၉ ခုနှစ်မှာ ကျင်းပခစွာဖြစ်တေ။ ဦးအောင်ထွန်းဦးရေ ဉက္ကဋ္ဌဖြစ်ဗျာယ်၊ ဦးဘစံ၊ ဒိုလက်ရုံးသတင်းစာပိုင်ရှင် ဦးစံရွှေ၊ ဦးအိုးလောင်ရို့လေ့ တက်ရောက်ကတ်တေပိုင် ဗမာပြည်ဘက်က သခင်စိုးနန့် သခင်လေးမောင်ရို့လေ့ တက်ရောက်တရားဟောဖြစ်ခသိရေ။ ဒေညီလာခံပြီးကေ ပေါက်တောညီလာခံကို လုပ်ကတ်စွာရာမနား။ ၁၉၈၆-ခု၊ ဩဂုတ်လ (၆)ရက်နိန့်ရေ ဒေမြို့သမိုင်းမှာ ထူးခြားရေဖြစ်ရပ်တစ်ခု ဖြစ်ခဖူးလီရေ မဟုတ်လား။

ဒေမင်းပြားမြို့ကို ၁၈၆၈ ခုနှစ်မှာ အင်္ဂလိပ်တိ တည်ထားခစွာ။ ယင်းခါက လူဦးရေ (၁၈၉၄)နန့် အိမ်ခြေ (၅၀၆) လောက်ရာဟိရေလို့ မှတ်တမ်းတင်ထားခရေဝါ။ အဂုတော့ မြို့ထက်မှာ (၃)ရပ်ကွက်၊ တစ်နယ်လုံးမှာ (၂၅၆)ရွာပေါင်းနန့် (၁၅၈၈၄၈)လူဦးရေရို့ နီထိုင်ကတ်တေလို့ သိရရေ။ လူငယ်ကဗျာဆရာ ဒေါက်တာဇော်ထွီးက "ဒေမင်းပြားမြို့ရေ မြို့တည်ပုံမှားနီရေ၊ နိန်ရာမကျ။ နှစ်စဉ်နှစ်တိုင်း ရီတိုက်စားခံရစွာကိုကြည့်။ မကြာခင်လေးမြို့ မြို့ဟောင်းရို့ပိုင် ရာမောင်မြစ်အောက်ကို ရောက်လားနိုင်ရေကိုး"လို့ ဆိုပြန်ရေ။

ကျိန်းရိပ်မြိုမဂ္ဂဇင်းအမှတ်(၁)အကြောင်းကို ပြောရဖို့ဆိုကေ ပြောစရာတိမကန်၊ သဘောမကျစရာတိမကန်၊ အမှတ်(၁)အမှားကိုပြင်ဗျာယ် အမှတ်(၂)ထွက်ဖို့တာစူနီယင့်လို့ မဂ္ဂဇင်းကော်မတီဝင်တိက ပြောကတ်ဆိုကတ်တေ၊ ဆွေးနွေးပွဲမှာ

စာအုပ်လှဲလှယ်ရေးကဏ္ဍကို ဆွေးနွေးရေခါ အခက်အခဲတိအများကြီးကို အပြန်အလှန်ဆွေးနွေးကတ်ရရေ။ ဆွေးနွေးပွဲကို ညည့်(၁၁)နာရီလောက်မှာ အဆုံးသတ်ဗျာယ် လူတိအားလုံး အိမ်ပြန်လားခကတ်ကေလေ့ အိပ်မရနိုင်ပဲ ဘယ်လူးညာလှိမ့်ပနာ ကိုအောင်ထွန်းသိန်း၊ ကိုမောင်သိမ်းဇံ၊ ကိုစံညွန့်ရို့နန့်အတူ ကျိန်းရိပ်မြေမဂ္ဂဇင်းကော်မတီဝင်တိ ကြိုးစားမှုကို စဉ်းစားယင်း ရာမောင်သျှင်မရင်ခွင်မှာ. . . . . .॥

ရိုးမလှု

၁၉၉၈

ဧပြီလ(၁)ရက်

ကျိန်းရိပ်မြေ မဂ္ဂဇင်း အမှတ်(၂)မှ----

# ဆိုက်ဘေးရီးယား

စစ်တွေမြို့နန့် ပေါက်တောမြို့ဆိုစွာ ဝီးရေခရီးကားမဟုတ်။ ထိုဖက်ကမ်း ဒေဖက်ကမ်းရာ။ မင်းကြီးကျောက်တန်းက ကြည့်ကေတောင် ထိုဖက်ကမ်းကို လှမ်းမြင်ရယင့်။ ‘ပေါက်တောမြို့ကို လားဖို့ဆိုကေ လိုင်းဘုတ်ဟိမှရာ လားလီ။ လိုင်းဘုတ် မဟိကေ တွိရေဘုတ်နန့် မလားလီကေ့’လို့ ကိုမောင်ထွန်းကျော် တစ်ယောက် အကြိမ်ကြိမ်ပြောလိုက်ပါယင့်။ စိတ်ဗီစကို က ဖျောက်ပစ်လို့မရ။ လားချင်ရေ ဆိုကေပင် လားချင်ရေဗျာယ်။ စိတ်မှာမှတ်ထားစွာက ဘုတ်ထက်ကိုရောက်လို့ နာရီဝက် ဆိုကေပင် ပေါက်တောကို ရောက်လာနိုးနိုး။ အဂုဘုတ်ထက်ကို ရောက်လို့ (၂)နာရီလောက်ပင် ဟိဖို့ဗျာယ်။ ထွက်ဖို့ပုံပင် မမြင်။ ထော. . .၊ ကျေးဇူးရှင်ဘုတ်သမားတိ ကူးတို့နန့် ကူးလာကတ်ဗျာယ်။

ကောင်းကောင်းစိတ်ပျက်ဖို့ ကောင်းစွာရာမနား။ သူရို့ရောက်လာကေလေ့ မထွက်ဖြစ်သိ။ ဘုတ်ထက်က တဆင့် ထိုဖက်ကမ်းကို အော်ဗျာယ် ဟစ်ဗျာယ် ဆက်သွယ်ပြောနိန်ကတ်စွာ နာရီဝက်။ ဒုက္ခရာမနား။ (၁၂)နာရီတီးကေ ထွက်ဖို့လို့ဆို ရေ ဘုတ်။ ညစာ(၃)ချက်တီမှ ထွက်ဖြစ်တေ။

ဂျမ်းမာ(၈)ကောင်(၁၀)ကောင်နန့်လားရေဘုတ်ဆိုကေလေ့ စစ်တွေမြို့ စီးဖောင်တော်က အင်းပေါက်ဝအဖျားဖက်ကို ဆင်းဗျာယ် ဖြားသင့်လီသင့် ရီအတက်နန့် မြစ်ကိုကူးစွာဖြစ်လို့ ကျွဲကူးမြစ်ဝကို တစ်နာရီကျော်ကျော်သျှေလောက်ရာ ကြာရေ။ ရောက်ဗျာယ်ထော။ ဝမ်းသာဖို့တောင် မပျင်ရသိ။ ဘုတ်စက်သံက မမှန်ဗျာယ်။ ယာ. . . ယာ. . .၊ စက်ပျက်လားခ ဗျာယ် မနားယေ။

အဘာလေ လူရို့. . .။ မြစ်လယ်ကောင်မှာ ဘုတ်ပျက်တစ်စီးနန့် နိန်ရရေဘဝ။ မေခလာနန့် မတွိကေ အသက်ရှင် ဖို့ အဝီးကြီး။ ဘေးဘီကိုကြည့်လိုက်ကေ ကျောက်ဆောင်သျှေတိ ကျောက်ကျွန်းသျှေတိ အစီအရီမြင်ရယင့်။ ထိုးအဝီးကြီး က ဝဖြီးချပ်တောင်ကိုလေ့ မြင့်ရရေ။ တွေးလို့ငေးလို့ကောင်းနိန်တုန်း ဘုတ်ခေါင်ထက်က ဖြတ်ဗျာယ် တစ်အုပ်ပြီးကေ တစ်အုပ် ခေါင်းထက်က ပျံလို့လားနိန်ရေ ငှက်အုပ်တိကို မျက်စိတစ်ဆုံး မိန့်မောသီသပ်ကြည့်ဗျာယ် နိန်မိပါယင့်။

နီမင်းကြီးရေ အိပ်တန်းဝင်ဖို့ ပြင်နိန်ဗျာယ်ဖြစ်လို့ အနောက်ဖက်က စစ်တွေမြို့ခေါင်ထက်မှာ မိတ်တင်ဗျာယ် မျက်စိ စင်းလို့ ဝါ-ဝါသမ်းနိန်လီယင့်။ ပျော့ပျော့သျှေဟိနိန်ရေ ပုဇွန်ဆီရောင်ကောင်းကင်နန့် ငှက်အုပ်ကြီးတိရေ မြစ်ပြင်ကို အလှဆင်ချင်တိုင်းဆင်နိန်စွာရာ မနားဂု။

* * *

ဒေအရပ် ဒေဒေသက လူတိက ဒေငှက်တိကို ‘ဆိုက်ဘေးရီးယား’လို့ရာ ခေါ်ကတ်တေကာ။ ရုရှားပြည် ဆိုက်ဘေးရီး ယားအရပ်ဒေသမှာ မူလပထမ နိန်ထိုင်ခကတ်လို့ ခေါ်ကတ်စွာလို့ပြောရေ။ ဒေအရပ် ဒေ,ဒေသမှာဟိရေ ဘဲငန်းတိနန့်တော့ ခါ တူတော့တူပါယင့်။ ယေကေလေ့ မတူ။ ဘဲငန်းတိထက် ဖျတ်လတ်တေ၊ လျှင်မြန်ရေ၊ ဇွဲဟိရေ၊ မာန်ဟိရေ၊ တက်ကြွရေ၊ အားလုံး အားလုံး ဘဲငန်းတိထက်သာရေ။ ဆိုက်ဘေးရီးယားငှက်အကြောင်းကို စိစိတွေးကြည့်ကေ ချီးကျူးစရာချည်းဗျာယ်။ နဂိုမူလအရပ်ဒေသမှာ စစ်မက်ထူပြောရေ၊ ရာသီဥတုဖောက်ပြန်ရေ၊ ဘေးဒုက္ခကျရောက်တေ။ ယင်းပိုင်ကပ်ကြီးဆိုက် ဗျာယ် စားစရာလေ့မဟိ၊ နိန်စရာလေ့နိတ္ထိဖြစ်နိန်လို့ ရီကြိုင်ရာမြက်နု ရှာဖွေစားသောက်ကတ်ရရေ။ မိုင်ပေါင်းသိန်း သောင်းကွာဝီးရေနိန်ရာကို မွီးရပ်မြီက စွန့်ခွာဗျာယ် သက်စွန့်ဆံဖျား လားလာစားသောက်ကတ်ရရေ။ ဇာတိနန့် အလွန် ဝီးကွာရေ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်ထိလားဗျာယ် တစ်ဝမ်းတစ်ခါးဝဖို့ ကြိုးစားရှာဖွေကတ်ရရေမနား။ ယေကေလေ့ မွီးရပ်ဒေသမှာ ရာသီဥတုကောင်းဗျာယ်လို ဆိုလတ်ကေ ကိုယ့်ပြည်ကိုယ့်ရွာကို တစ်ကောင်တစ်လီတောင်မကျန် ပြန်လာ ကတ်တေ။ ပျော်ရာမှာမနီ၊ ကိုယ့်ပြည်မှာ ရာနိန်ရေ။ သားမွီးသားပေါက်ကိုလေ့ ကိုယ့်ရပ်ကိုယ့်ပြည်အတွက်ရာ မွီးဖွားရာ။ ဟုတ်လေ့ဟုတ်ပါယင့်လေ။ ဒေရခိုင်ပြည်မှာလေ့ သူရို့လာဗျာယ် ခေတ္တယာယီနိန်ထိုင်ကတ်တေမနား။ ယင်းပိုင်တစ်ချက် သျှေလာနိန်စွာမှာ အလွန်လှပရေ ဟသ်ာမကိုလေ့ သူမကြိုက်။ မျိုးတူချင်းရာ လက်တွဲဗျာယ် အနာဂတ်မျိုးဆက်သစ်အတွက် မျိုးစောင့်တရားကိုစောင့်စားရေ။ ‘အမျိုးသီလ နှစ်ဌာန’ဆိုရေစာဆိုကို စာအုပ်မှာထားဗျာယ် လိုအပ်လို့ တစ်ခါတစ်လီတောင် သူရို့မပြော။ အလုပ်နန့်ရာသက်သီပြရေ။ တစ်ဝမ်းတစ်ခါးဝဖို့အတွက် တစ်ဘဝကို မစွန့်စား။ ကိုယ့်ပြည်ကိုယ့်ရွာလှဖို့အတွက် အသက်ကိုရာ စွန့်စားရေ။

ဇာဖြစ်လို့ သူရို့ရေ ကိုယ့်ပြည် ကိုယ့်မြီကို ခွာဗျာယ် ရီမြီသစ်မှာ မပျော်ကတ်စွာလေ။ သူရို့တိ‘ပါလက်စတိုင်းသမိုင်း’ကို သင်ထားလာ။ ‘မြေကိုချစ်ကေ တီဖြစ်တေ’လို့ဆိုရေ စကားပုံ သူရို့တိမှာ မဟိလီလား။ သူရို့မြီကို သူရို့တစ်လက်မလေ့ အထိမခံချင်လာ။ သူရို့မြီကို အနာဂတ်မျိုးဆက်သစ်အတွက် ရတနာတစ်ပါးပိုင် တန်ဖိုးထားကတ်စွာလာ။ အမွိပီးဖို့ကြိုးစား နိန်ကတ်လာ။ သူရို့ဘဝမှာ ဝမ်းဝကေ မကျီနပ်နိုင်လာ။

ရီသစ်မြီသစ်ကိုရောက်တေခါ 'ငါရို့အနည်းစုရာ' လို့ အားမငယ်ကတ်လားချင့်။ တခြားငှက်တိ၊ ဘဲတိနန့်ရောဗျာယ် သူများဘာသာစကားကို ပီပီသသဖြစ်အောင် ဂုဏ်ယူဝင့်ကြွားဗျာယ် ခပ်တည်တည်နန့် အကွန်ဆောင်လို့ ပြောလီ ကတ်လီလာဂု။

တခါက ဖမ်းမိထားရေ ဆိုက်ဘေးရီးယားငှက်ကို ချက်စားဖို့လို့ယူလာရင်း သနားလို့ မွီးစပ်ဖူးရေ သူငယ်ချင်းတစ်ယောက်က ကောင်းကောင်းအမြင်ကတ်လားခလီယင့်။ ရီပီးလို့လေ့မသောက်၊ အစာပီးလို့လေ့မစား။ ချော့ကေလေ့မပျော့၊ ခြောက်ကေလေ့ မကြောက်။ အစာငတ်ခံဗျာယ် အသီရာခံဖို့ ပျင်နိန်ရေလို့ဆိုယင့်။ သတ်စားပစ်လိုက်မှ အီးလားရေလတ်။ နောက်သူငယ်ချင်းတစ်ယောက်မှာက အတောင်ကိုဖြတ်လို့ သုံးလေးကောင် မွီးစပ်ဖူးရေလတ်။ အိမ်ကဘဲမတိ၊ ဘဲဖိုတိနန့် ရောဗျာယ်၊ နှောဗျာယ်ထားကေ။ မျိုးသွေ့ ယက်သွေ့ရဖို့လားလို့ မွီးစပ်စွာ။ ဇာကလာ မျိုးရဖို့။ သူရို့သုံးလေးကောင်ရာ သီးခြားနိန်ရေ။ အခြားဘဲတိနန့်လေ့ စကားမပြော။ ခပ်တည်တည်နန့်ရာ နီကတ်တေ။ လီတောင်သွေ့စုံလို့ လေးငါးရက်လောက်အကြာမှာ ပျံလို့ရာထွက်ပြီးလားခလီယင့်။ မျိုးမပြောကေ့ ဥတောင်တစ်ဥ မရလိုက်ဖူးလတ်။ ယင်းချင့်ရေ ဇာကြောင့်လဲ။ သူရို့ရေ မြေကိုချစ်တေပိုင်၊ မျိုးကိုလေ့ချစ်တတ်အောင် အသူရို့တိ ဇာပိုင်တရားမျိုးကို ဟောပြထားလီလေဂု။

ကြည့်စမ်းတစ်ချက်. . ကြည့်စမ်း။ အုပ်လိုက်အုပ်လိုက်ပျံလို့ လားနိန်ရေ ဆိုက်ဘေးရီးယားငှက်အုပ်တိက နည်းစွာကမဟုတ်။ တစ်ကောင်နောက်က တစ်ကောင်လိုက်ဗျာယ် စနစ်တကျနန့်ရာမနား။ တခါတခါ ဗွီပုံသဏ္ဌာန်။ တခါတလီ ဒဗလျူပုံသဏ္ဌာန်။ တခေါက်တလီ မြွားပုံသဏ္ဌာန်။ ပုံစံအမျိုးမျိုးနန့် အကျိုင်လိုက် အကျိုင်လိုက် နိမ့်လိုက်မြင့်လိုက်နန့် ဇကုန်ပျံလို့ လားနိန်ကတ်ယင့်။ တခါတရီ ရှိဆုံးက ခေါင်းဆောင်ညောင်းကေ ခေါင်းဆောင်က နောက်ကိုဆင်း၊ ဒုတိယက ပထမလုပ်ဗျာယ် ဆက်တိုက်ပျံလီကတ်စွာ ဇာလောက်ကြည့်လို့ကောင်းလေဂု။ တစ်ဗိုလ်တက်တစ်ဗိုလ်ဆင်းနန့် လိုရာခရီးပိုရောက်တေ၊ အောင်မြင်မှုကိုရရေလို့ ဇာသင်တန်းကျောင်းက သူရို့ကို သင်ပီးလိုက်လေ။ တစ်အုပ်တစ်လီရေ ခေါင်းထက်ကဖြတ်ဗျာယ် ပျံရေအချိန်မှာ ရှိနောက်အသံပီးဗျာယ် အမှတ်စဉ်မှတ်ခိုင်းနိန်လာမသိ။

တစ်ဒိုးဒိုးနန့် ဘုတ်စက်နိုးလတ်ဗျာယ်။ ဝီးလို့ဝီးလို့လားရေ ငှက်အုပ်တိကို ကြည့်ယင်း 'အို. . . အသင်ဆိုက်ဘေးရီးယားရို့. . . လိုရာခရီးကိုရောက်အောင် ခရီးပေါက်အောင် မာန်ဟုတ်အပြည့်နန့် ပျံပါလီဖိ . . . ပြန်လီဖိ. . . ဇကုန်ပျံလီဖိ' လို့ အော်ဗျာယ် ပြောလိုက်ချင်ပါယင့်။

ရိုးမလှု
၂၄၊ နိုဝင်ဘာ၊ ၁၉၉၈
ပေါက်တောရွှေမြေ မဂ္ဂဇင်းအမှတ် (၂)မှ------

# ဒေါင်းရန်ငှက်ရှိမျှော်ရာမြို

မြောက်ဦးဘက်ကလာကေ စက်သားရွာက ထွက်လို့ အင်တန်သျှေကြာခါမှ ဟင်းခရော်မြစ်ကို ရောက်တေ။ ယင်းခါမ ရာ ဦးရာဇ်တောင်စေတီကို ရီရီသျှေဖူးမြင်ရရေ။ စက်ကောင်းရေ သဘော်ာရို့၊ ဘုတ်ရို့နန့်ဆိုကေ တစ်နာရီခွဲ၊ နှစ်နာရီလောက် ရာ လားရရေ။ ဖောင်ပိုင်မျှောလို့ ရေစုန်၊ ရေဆန်လိုက်နီရေ သဘော်ာရို့ဘုတ်ရို့နန့်ဆိုကေ ထားရာထားဖိ။

ဒေဦးရာဇ်တောင်စေတီစွာ အမြင့်(၈၀)ပေ၊ လုံးပတ်(၆၀)ပေ ဟိပြီးကေ သက္ကရာဇ်(၂၂၂)ခုနှစ်မှာ ရခိုင်ဘုရင် သူရိယစက္က တည်ထားကိုးကွယ်ခရေ စေတီဖြစ်တေ။ ဒေစေတီကို ရခိုင်ဘုရင်ရို့ ခေတ်အဆက်ဆက် ထိမ်းသိမ်းပြုပြင်ထား ခလို့ ဒေနိန့်ထိ ဖူးမျှော်ကတ်ရစွာ မနားယေ။ ဦးရာဇ်တောင် စေတီဓာတ်သမိုင်းကြောင်းကိုပြောကေ ‘စိုးမဲကျီမိဖုရား အကြောင်းမပါလို့လေ့ မပြီးကာ၊ အယင်ခေါက်က ဒေနိန်ရာမှာ ရခိုင်ဘုရင် မင်းဗာကြီးရေ ရီတပ်မတော်ကြီးကို ထူထောင်ခ ဖူးရေ။ ရခိုင်ရီတပ်မတော် အောင်လံရေ လီမှာ တလူလူလွင့်ဗျာယ် အောင်ပွဲအဆင့်ဆင့် ခံခဖူးလီရေ။ ရီတပ်မတော် တံဆိပ်ဖြစ်တေ“လင်းယုန်ငှက်”ရို့ရေ လီကိုဆန်ဗျာယ် လောင်းလှီတိကြားမှာ လှိုင်းကိုခွဲလို့ အောင်ပွဲအဆင့်ဆင့်ခံခဖူးလီရေ။ ရန်သူရို့တိ အကြောက်ရဆုံးတံဆိပ်လေ့ဖြစ်တေမဟုတ်လား။ ယင်းရခိုင် ရီတပ်မတော် အမှတ်အသားတံဆိပ်ကို ဒေနိန့် ရခိုင်သားတိ ခေါ်ကတ်စွာက လင်းယုန်ငှက်၊ တချို့ကလေ့ ဝံလက်ငှက်၊ တချို့ကလေ့ ‘ဒေါင်းရန်ငှက်’ လို့ ခေါ်ကတ်ပြန် ရေ။ ယင်းငှက်ကို တချို့ကလေ့ အတူတူ၊ တချို့ကလေ့ မျိုးမတူလို့ဆိုကတ်ပြန်ရေ။ ယင်းငှက်တိရေ ရီပြင်မြီပြင်မှာ ကျက် စားပြီးကေ တောင်ဘယ်မှာနီရေ၊ အပင်မြင့်မှာ မွီးဖွားရေ၊ တခါတခါ ကျောက်ဆောင်ကြားမှာ မွီးဖွားရေ။ ဇာတိမြီကို စွန့်ဗျာယ်မလားတတ်။ ရီသစ်မြီသစ်ကို မရှာတတ်။ မွီးရပ်ကိုခင်ရေ။ မွီးမြီမှာရာနိန်ရေ။ အလုပ်မလုပ်ခင် အတိအကျဆုံး ဖြတ်တေ။ ဆုံးဖြတ်ပြီးသားအလုပ်ကို ပြတ်ပြတ်သားသားလုပ်တတ်တေ။ လုပ်တေအလုပ်အတွက် နောင်တတစ်ခါ ပြန်မရ တတ်။ အသက်ကို စွန့်ဖို့ ဝန်မလီးလို့ ဖတ်ထားဖူးပါရေ၊ မှတ်သားဖူးပါရေ။

ဒေမြို့ရေ ဘဝမှာ မိန့်မရနိုင်ရေ မြို့တစ်မြို့။ ဆယ်တန်းကျောင်းသားဘဝကို ဒေမြို့ကနိန် တာလွှတ်ဖူးခရေ။ ယင်းခါက ဒေမြို့မှာ စာစစ်ဌာန စလို့ရရေနှစ်ဖြစ်လို့ ပိုလို့မှတ်မိရေ။ စာအုပ်တိကို ထုတ်ဝီရေခါလေ့ ဦးရာဇ်မြီမဂ္ဂဇင်း အမှတ်(၃)ကနိန်စလို့ မဂ္ဂဇင်းထုတ်ဝီမှုကို သင်တန်းစခလီစွာဗျာယ်။ အသျှေခါ မြောက်ဦးကနိန် စစ်တွေကိုလားတိုင်း၊ စစ်တွေကနိန် မြောက်ဦးကိုလားတိုင်း ဒေမြို့ကို မဖြတ်လို့မဖြစ်။ မရောက်လို့မဖြစ်။ ရောက်တိုင်းလေ့ စားပြီးမှရာ ခရီးဆက်ရရေ။ ဒေမြို့ကချက်တေလက်ရာတိကို မစားဖူးစွာမဟိ။ ထမင်းဆိုင်ကြီးတိ၊ ထမင်းဆိုင်သျှေတိ သဘော်ာ၊ ဘုတ်လာဗျာယ်ဆိုကေ တန်းစီဗျာယ် ပွဲတော်ကျရေပိုင်ပျင်ထားကတ်တေ။ ယင်းဆိုင်တိမှာ ငါး၊ ပုဇွန်၊ ကနန်း၊ ကြက်သား၊ ဝက်သား ကန်ကမကန် စားလို့မကုန်၊ သောက်လို့မကုန်၊ ဒေမြို့ကို နှီခါရောက်ကေတော့ အရောင်နန့်ရီကို သောက်ရဖို့စွာ သေချာရေ။ ပြောဖို့ဆိုကေ ပြောစရာတိ အများကြီးဗျာယ်။ စစ်တွေမြို့နန့် (၁၆)မိုင်လောက်ရာ ဝီးရေအတွက် လူတိကလေ့ မြို့ဆန်ရေပိုင်၊ စစ်တွေမြို့ကို မီအောင်လိုက်နိုင်ရေမြို့ဆိုလို့ ဒေမြို့တစ်မြို့ရာဟိရေ။ အံ့သြလားခကတ်လာ။ ဒေမြို့က ထွက်တေမဂ္ဂဇင်းလေ ပြည်ရခိုင်မှာ ရခိုင်မဂ္ဂဇင်းပြီးကေ ဒုတိယနိန်ရာကို စွဲထားရေမဂ္ဂဇင်း မဟုတ်လား။ အဂုဆိုကေ အမှတ်(၅)ထွက်ပြီးလားခလို့ အမှတ်(၆)တောင်ထွက်ဖို့ ပျင်နိန်ဗျာယ်ကားယေ။

ရခိုင်ဘုရင်လက်ထက်က ဦးရာဇ်တောင်ခြီရင်းမှာဟိလို့ ဦးရာဇ်တောင်မြို့လို့ ခေါ်ရေလတ်။ အိမ်ရှေ့စံမင်းသားနန့် ‘ဗွိအိုင်ပီ’မင်းသားရို့ နိန်ရေနိန်ရာ။ ‘ရီဇုန်တပ်’ကြီးရို့နိန်ရေနိန်ရာဖြစ်လို့ ဇာလောက်ကြီး ကျယ်လီဖို့လဲ။ ဇာလောက်ခန့်ညား လီဖို့လေ့ မှန်းလို့ရာကြည့်လီကတ်ဖိ။ ရခိုင်ဘုရင် ‘သီရိသုဓမ္မရာဇာ’လက်ထက်က ပြည်ရခိုင်ကို ရောက်ဖူးရေ ပေါ်တူဂီ ဘုန်းကြီး ‘မန်နရိတ်’က ဒေနိန်ရာကြီးကျယ်ပါကြောင်း အံ့အံ့သြသြ စာဖွဲ့ထားဗျာယ် ရှီးခဖူးလီယင့်။ အင်္ဂလိပ်လက်ထက်ကို ရောက်တေခါ တောင်အနောက်ဘက်ကို ပြောင်းဗျာယ် ပုဏ္ဏားကျွန်းမြို့လို့ (၁၈၉၀)ခုနှစ်မှာ နာမည်ပီးခကတ်ပြန်ရေ။ အရှေ့ဘက်မှာ ပေါက်တောမြို့နယ်၊ တောင်ဘက်မှာ စစ်တွေ၊ မြောက်ဘက်မှာ ကျောက်တော်၊ အနောက်တောင်ဘက်မှာ ရသေ့တောင်မြို့နယ်အထိ ကျယ်ပြန့်ရေနယ်မြေကို ပိုင်စိုးရေ။ ဘဲငါးရာတောင်ရိပ်ကို ခိုဗျာယ် ကုလားတန်ကမ်းနဖူးမှာ တည်ဟိရေအတွက် မြို့နယ်မှာဟိရေ ရွာကြီးရွာသျှေရို့ရေ နိန်ကောင်းထမန်း၊ ပျော်ကောင်းပျော်ဖွယ်ဗျာယ်။

တန်းခိုးရွာရေ မြို့ဟောင်းဘက်မှာဟိရေ။ ဒေရွာရေ အင်္ဂလိပ်ခေတ်က ရခိုင်စာဆို ‘တန်းခိုးဆရာထွန်း’ ဇာတိဖြစ်တေ ပိုင် မြို့နယ်မြောက်ဘက်မှာ ယိုးတရုပ်ဆိုရေ ရွာကြီးတစ်ရွာလေ့ ဟိသိရေ။ ယင်းရွာမှာ အယင်ခါက ကွန်မြူနစ်တိ စိုးမိုး ရေ။ ယင်းရွာမှာ မနားယေ၊ ဗမာပြည်ကွန်မြူနစ်ပါတီ၊ အလံနီပါတီ၊ ပြည်သူ့ရဲဘော်ပါတီရို့ သုံးပါတီ ညီညွတ်ရေးဆိုဗျာယ် (၁၉၅၈)ခုနှစ်မှာ အစည်းအဝေးလုပ်ခဖူးလီရေ။

စိတ်ကူးလို့ကောင်းတုန်း ခရိုင်သဘော်ာရေ ပုဏ္ဏားကျွန်းချောင်းကို ဝင်ဗျာယ် တပူပူအော်နီရေ။

* * *

## အခန်း(၂)

မိုးလင်းခါမှ နိုးလာရေအတွက် လန်းလန်းဆန်းဆန်းဖြစ်နီကေလေ့ မဟေသီက တစ်ညည့်လုံးအိပ်မရလို့ ညည်းရေ။ အေလောက်ကျယ်ရေ အခန်းမှာ အိပ်ရဗျာယ်။ အိပ်မရလို့မဟိ။ အထက်တန်းကျောင်းတစ်ကျောင်းလုံးမှာ မိသားစု သုံးယောက်တည်း အိပ်ရစွာရာမနား။ အပြင်မှာလေ့ အဖော်နှစ်ယောက်သုံးယောက် စောင့်လို့အိပ်သိရေပါ။ ဇာကိုကြောက်ဖို့လေ့။ ညဦးက သတိမထားမိကေလေ့ အဂုမှရာဝဲယာကြည့်မိရေ။ ကျောင်းကြီးရေ မြို့ထဲမှာဟိကေလေ့ အိမ်တိနန့် သင့်ရောင်လောက်ဝီးယင့်။ ပေသုံးဆယ်ပတ်လည်လောက်ကျယ်ရေအခန်းမှာ အိပ်ရစွာဖြစ်လို့ 'တပျင်း' ကျယ်ပါယင့်လို့ ဝန်ခံရဖို့။ ခေါင်းရင်းက ပိတောက်ပင်ကြီးထက်မှာ အိပ်နီကတ်တေငှက်တိ ညည့်ခါလန့်လို့ ကျွီးကတ်လို့ရာ သူအိပ်မရစွာဟိဖို့။ ကျောင်းအောက်ထပ်ကို ဆင်းလာရေခါ ဟောခန်းကြီးကို တွီရရေ။ ယင်းအခန်းမှာ မနားယေ 'မြို့က ဝါဆိုကျောင်းသားတိနန့် နယ်ပြောင်းကျားတိ'ကို စာမေးပွဲဖြေခိုင်းစွာ ယင်းအခန်းထဲကယေ ဆယ်တန်းကျောင်းသားဘဝကျွတ်ခရေ၊ လွတ်ခရေ။

အစစအရာရာ စီစဉ်ပြီးသားဖြစ်တေအတွက် ဘုရားထက်ကို တက်ကတ်ဖို့ လားခေါ်ကတ်ဗျာယ်။ အယင်ခါဆိုကေ ကူးတို့တစ်တန်၊ လောင်းတစ်တန်ကူးရရေ။ အဂုတော့ခါ ယင်းပိုင်ကူးဖို့မလို။ ကြိုးတံတားက ဖြတ်ကေ ရဗျာယ်။ ဦးရာဇ်တောင်ဘုရားတန်ခိုးနန့် ပုဏ္ဏားကျွန်းသားရို့ ကံကောင်းစွာဗျာယ်ယေ။ ကိုအောင်ထွန်းသိန်း တစ်ယောက် ဒေတံတားဖြစ်လာရခြင်းအကြောင်းကို အသေးစိတ်ရှင်းပြရေခါ စိတ်ဝင်စားဖို့ ကောင်းပါရေ။ အတူတူလိုက်ပါလာရေ ကိုမောင်ကျော်ဦး၊ ကိုမောင်လှဦးနန့် မဂ္ဂဇင်းကော်မတီဝင်တိကလေ့ အများကြီး။ ဆရာစောတင်မောင်တစ်ယောက်တော့ ဝတ္ထုရှီးဖို့ရှီးကွက် ရှာနီလာမသိ။

ဘုရားထက်ကကြည့်ကေ တစ်မြို့လုံးတည်ဆောက်ပုံကို မြင်ရရေပိုင် အသစ်ဖောက်နီရေ စစ်တွေ-ရန်ကုန်လမ်းကြောင်းကိုလေ့ မြင်ရရေ။ အရှေ့ဘက်၊ မြောက်ဘက်၊ တောင်ဘက်ရို့ရေ မြစ်ပြင်တိဖြစ်လို့ ပတ်ပတ်လည် ရီပြင်မှာလားနီကတ်တေ လောင်းသမ္ဗာန်တိ လှုပ်ရှားမှုရေ ပန်းချီကားတစ်ချပ်နန့်တူနီရေ။ အယင့်အယင်က ရွှီရောင်လွှမ်းရေ ဦးရာဇ်တောင်စေတီမြတ်ရေ အယင်ခါလောက်မဟုတ်ကေတောင်၊ ထုံးဖြူမက ရွှေရောင်ဖြစ်နီဗျာယ်။ ဘုရားပတ်ပတ်လည်မှာ ပြုပြင်နီကတ်စွာတိကို မြင်ရလို့ ဝမ်းသာပီတိဖြစ်မိပါရေ။ ဘုရားတကာ ကျောင်းတကာရို့ ကြိုးစားရေထဲက ဘုရားထက်ကို ရီရောက်အောင် ကြိုးစားနီစွာကို မချီးကျူးပဲ မနီနိုင်။ သံဃာငါးပါးနန့်၊ လူတစ်ရာလောက်ကို ဆွမ်းကျွေးဖို့စွာရာလို့ဆိုကေလေ့ တောင်ထက်ဘုရားရင်ပြင်မှာ စီစဉ်ရစွာဖြစ်လို့ ခက်ခက်ခဲခဲဟိလီဖို့။ အချိန်တန်လို့ ဆွမ်းကပ်တေခါတော့ ချို့ယွင်းချက်မဟိလောက်အောင် ဒေါင့်စိစီစဉ်ထားပါရေကာ။

ညစာသုံးနာရီလောက်မှ ဘုရားထက်က ဆင်းလာကေလေ့ နီမဝင်ခင် စစ်တွေရောက်ချင်ရေဆိုရေ ဆန္ဒကို ကိုအောင်စောမြတစ်ယောက် အပြင်းစီစဉ်ပေးစွာကို ကျေးဇူးတင်ပါယင့်။

* * *

## အခန်း(၃)

မြစ်ပြင်ထက်မှာ အကျိုင်လိုက် အကျိုင်လိုက် ထ,ဗျာယ်၊ ထဗျာယ်ပျံနီကတ်တေ ဘဲအုပ်တိထဲမှာ ငှက်မျိုးစုံရောပါနီပိုင် ရီပြင်ထက်မှာလေ့ ငှက်တိအများကြီး။ ပင်လယ်ဝကို ရောက်လာလို့လားမသိ ကုလားတန်မြစ်ရေပိုလို့ ကျယ်လာရေ။ အလယ်မှာ ငပြီကျွန်းတစ်ကျွန်းဟိနီလို့။ မဟုတ်ကေ ဒေမြစ်ပြင်ရေ ထိုဘက်ဒေဘက် မျက်စိတဆုံး။ ထပျံနီရေငှက်အုပ်တိထက်က ဒေါင်းရန်ငှက်ကြီးတိ တခါတခါ တစ်ကောင်နှစ်ကောင်။ တခါတခါလေ့ တစ်ကောင့်တရီရာဟိရေ။ ဒေပိုင်ငှက်မျိုးက အုပ်နန့်ချီလို့ဟိဖို့မလို။ တစ်ကောင်နှစ်ကောင်လောက်ဆိုကေ တော်ဗျာယ်။ ယင်းပိုင်မြင်ကွင်းမျိုးကို ပုဏ္ဏားကျွန်းကနီ စစ်တွေမြို့ကို လားရေလမ်းမှာ မြင်နီကျမြင်ကွင်း. . . . .။

ရှိုးမလှု

၁၉၉၈၊ ဧပြီလ (၉)ရက်။

ဦးရာဇ်မြေ ၂၀၀၀ ပြည့်နှစ် မဂ္ဂဇင်းမှ---

# မေယှအားမာန်

အရှေ့တောင်အာရှ ကာယဗလပွဲတိမှာ မြန်မာပြည်က ပထမဆုံး ရွှေတံဆိပ်ရခဖူးရေလူရေ ရခိုင်အမျိုးသား ကာယဗလမောင် ကိုခိုင်လင်းဖြစ်တေအတွက် ကျွန်တော် ၁၉၉၆ မှာ တစ်ကြိမ် တွိဆုံဗျာယ် အင်တာဗျူးလုပ်ဖူးပါရေ။ ဂုတစ်ခါ ဆုံတွိရေအတွက် ပြည့်စုံအောင် ထပ်ပနာ မိန်းကြည့်မိပါရေ။

မိန်း။ ။ ကိုခိုင်လင်း ဇာတိ ဇာကပါလဲ။

ဖြေ။ ။ ကျွန်တော် ရသေ့တောင်မြို့နယ် နဂါးမောက်အောက်ရွာ ဇာတိပါ။

မိန်း။ ။ ကိုယ်ရေးအကျဉ်းနန့် ကာယဗလမောင်ဖြစ်လာစွာ ပြောပြပါ။

ဖြေ။ ။ ကျွန်တော့်နာမည်ရင်းကတော့ ထွန်းသာညိုပါ။ ကျွန်တော့်ကို ၁၉-၉-၁၉၆၆ မှာ အဖ ဦးစံသာအောင်နန့် အမိ ဒေါ်မငယ်ရို့ဘားက မွီးဖွားရေ စတုတ္ထသားပါ။ ညီအစ်ကိုမောင်နှမ (၈)ယောက်ဟိပါရေ။ အသျှေကပင် ဘောလုံးနန့် ကျင်ကို ဝါသနာပါပါရေ။ ကျွန်တော့်ဝရီးရေ ကျင်သန်ပါ။ သူ့နာမည်က ဦးကျော်လှပါ။ ကျွန်တော်ရို့နယ်မှာ သူ့ကိုမသိသူမဟိပါ။ ဝရီးခန္ဓာလှစွာကို အားကျလို့ ဆီမန်းခဲကို ဝိတ်ပြားလုပ်ဗျာယ် ခန္ဓာလှအောင် ကစပ်ခပါရေ။ ကျွန်တော်ရို့ညီအစ်ကို မောင်နှမထဲမှာတော့ အားကစား ထူးချွန်သူ မဟိပါ။ ၁၉၉၁ ခုမှာ ဗိုလ်တထောင်မြို့နယ် ကီလို ၉၀ တန်းမှာ ကာယဗလမောင် ဝင်ပြိုင်ပါရေ။ ယင်းပွဲမှာ ပထမရလို့ ရန်ကုန်တိုင်းမှာ ဝင်ပြိုင်ခွင့်ရပါရေ။ ‘ရန်ကုန်မောင်’ ဖြစ်လာဗျာယ် ယင်းနှစ်ပြည်နယ်နန့် တိုင်းမှာ ဝင်ရောက်ပြိုင်ခွင့်ရရေခါလေ့ ပထမရရှိပါရေ။

မိန်း။ ။ ဒေပိုင် ပထမရဖို့ ဇာသူရို့က နည်းပြပါလဲ။

ဖြေ။ ။ အစကတော့ ကိုယ့်စွာကို တတ်သမျှ မှတ်သမျှနန့် ကစပ်စွာပါရာ။ ဆုရပြီးခါ တပ်မတော်ရေက ဒုအရာခံဗိုလ် စံစီအေးက နည်းပြပါရေ။

မိန်း။ ။ ပြိုင်ပွဲတိနန့် ဆုတိအကြောင်းကို ပြောပြပါ။

ဖြေ။ ။ ၁၉၉၁ ခုမှာ တိုင်းနန့်ပြည်နယ် ကီလို ၉၀ တန်းမှာ ပထမပါ။
၁၉၉၂ ခုမှ တံခွန်စိုက်ဒိုင်း တပ်မတော်ရေက ဝင်ပြိုင်ပါရေ။ ပထမရပါရေ။ ဒေပွဲကစဗျာယ် ကီလို ၉၀တန်းမှာ ‘မောင်မြန်မာ’ ဖြစ်လာစွာ၊ ‘မြန်မာ့လက်ရွေးစင်’ ဖြစ်လာစွာပါ။
၁၉၉၂ ခု ပထမအကြိမ် အမျိုးသားအားကစားပွဲကစဗျာယ် ကီလို ၉၀ တန်းမှာ ပထမရလာပါရေ။
၁၉၉၃ ခုမှာ တပ်မတော်ကြည်း၊ ရေ၊ လေ ကီလို ၉၀ တန်းမှာ ပထမပါ။
၁၉၉၄ ခု ပက်(ပ)စီကိုလာ ကာယဗလမောင်မှာ ပထမနန့် အကောင်းဆုံးဆုပါ။
၁၉၉၄ ခု ဒုတိယအကြိမ် တပ်မတော်ကြည်း၊ ရေ၊ လေ မှာ ပထမနန့် အကောင်းဆုံးဆုပါ။
၁၉၉၄ခု ဒုတိယအကြိမ် အမျိုးသားအားကစားပွဲမှာ ရွှေတံဆိပ်ဆုကို ရပါရေ။
၁၉၉၅ ခုမှာ တပ်မတော် ကြည်း၊ ရေ၊ လေ ပထမနန့် အကောင်းဆုံးဆုပါ။
၁၉၉၅ ခု ပထမအကြိမ် အရှေ့တောင်အာရှ ကာယဗလတံခွန်စိုက် ကီလို ၈၀ တန်းမှာ ပထမပါ။ ဒေပွဲရေ စင်္ကာပူနိုင်ငံမှာ လုပ်တေပွဲ ဖြစ်ပါရေ။
၁၉၉၅ ခု အိုလံပစ်နေ့အထိမ်းအမှတ်မှာ ပထမရဗျာယ် “အိုလံပစ်မောင်”ဖြစ်ပါရေ။ ၁၉၉၅မှာမှရာ “မောင်မြန်မာဘွဲ့”ကို ရဟိပါရေ။ ၁၉၉၄ မှာ မောင်မြန်မာဘွဲ့ပီးစွာ မဟိခပါ။
၁၉၉၆ ခု အရှေ့တောင်အာရှ မြန်မာပြည်မှာ လုပ်တေပွဲပါ။ ယင်းပွဲမှာ ကီလို ၉၀ တန်းမှာ မြန်မာတစ်ပြည်လုံး ကျွန်တော်တစ်ယောက်တည်း ဝင်ပြိုင်ရပါရေ။ ပထမအကြိမ် အရှေ့တောင်အာရှ (စင်္ကာပူပွဲ)မှာ ကျွန်တော်ဘက်မှာ ရှုံးခဖူးရေ ဗီယက်နမ်မောင်က ပထမရလားဗျာယ် ကျွန်တော်က ဒုတိယရာ ရလိုက်ပါရေ။
၁၉၉၆ ခု ဒုတိယအကြိမ် အမျိုးသားအားကစားပွဲမှာ ရွှေတံဆိပ်ရပါရေ။ ဒေနှစ်မှာ မောင်မြန်မာပြိုင်ပွဲ မဟိပါ။
၁၉၉၇ ခု အရှေ့တောင်အာရှ(SEA Game)ပွဲမှာ ကျွန်တော် တတိယ ရဗျာယ် အင်ဒိုနီးရှားက ပထမ ရလားပါရေ။
၁၉၉၇ ခုမှာလည်း မောင်မြန်မာဘွဲ့ကို ထပ်လို့ရပါရေ။ တပ်မတော် ကြည်း ရေ လေ ပြိုင်ပွဲမှာ ရွှေတံဆိပ်နန့် အကောင်းဆုံးဆု ရပါသိရေ။

မိန်း။ ။ ဒေပိုင်ဆုတိအမျာႀကီး ရဖူးရေအတွက် ငွေကြေးလည်း အမျာႀကီးရပါဖို့နန့်ရာ။ ဇာလောက်စီရရေလဲ ပြောနိုင်ကေ ပြောပြပါ။

ဖြေ။ ။ မြန်မာပြည်မှာ ငွေကြေးအမြင့်ဆုံးပီးရေပွဲက ပက်(ပ)စီကိုလာပွဲနန့် မောင်မြန်မာပွဲပါ။ ပက်(ပ)စီကိုလာမှာ ငါးသောင်းရဗျာယ် မောင်မြန်မာမျာ တစ်သိန်းခွဲရဖူးပါရေ။

မိန်း ။ လေ့ကျင့်ခန်းလုပ်တေခါ ဇာတိစားရပြီးကေ ဇာနှစ်ချိန်လောက် လေ့ကျင့်ရပါလဲ။

ဖြေ ။ လေ့ကျင့်ရေအချိန်က မိုးထတစ်ချိန်၊ ညစာတစ်ချိန် နှစ်ကြိမ်တည်းပါ။ အစားအသောက်က ကြက်သား၊ အမဲသား၊ ငါးနန့် အသီးအနှံရို့ကို စားရပါရေ။ လုံးဝမစားသင့်ရေမစားရရေ အစာက ဝက်သား၊ ဆား၊ အချို၊ အဆီ၊ အဆိမ့်တိဖြစ်ပါရေ။ လေ့ကျင့်နီခါ အစာကို ခြောက်ကြိမ်လောက် စားရပါရေ။ မိုးထ (၇)နာရီ၊ (၁၀)နာရီ၊ (၁၂)နာရီမှာ ထမင်း၊ (၂)နာရီ၊ (၆)နာရီမှာ ထမင်း၊ ညည့် (၈)နာရီမှာအသီး အနှံနန့် အသားပြုတ်၊ အသားကင်၊ ငါးကင်၊ ငါးပြုတ်ရို့ စားရပါရေ။ ကြက်ဥပြုတ်စားကေအနှစ်လုံးဝ မစားရပါ။ အကာကိုရာ စားပါရေ။ ဆားနန့် လုံးဝမစားရပါ။

မိန်း ။ လေ့ကျင့်ချိန်နန့် ပြိုင်ပွဲဝင်ချိန်မှာ ကောင်းကောင်းပင်ပန်းပါဖို့ကာ။

ဖြေ ။ လေ့ကျင့်ချိန်မှာ ထင်သလောက် မပင်ပန်းပါ။ ပြိုင်ပွဲဝင်ချိန်မှာ ပိုလို့ ပင်ပန်းပါရေ။ လိုအပ်ကေ ပြိုင်ဖက်နန့် ပြိုင်နိုင်ဖို့အတွက် (၁၀)ပေါင်လောက် အတက်အကျ လုပ်ရပါရေ။ ယင်းခါ ခန္ဓာထဲမှာ အရည်၊အဆီ မပတိရအောင် နီလှမ်းစွာရို့၊ ညည့်အိပ်ပျက်ခံရစွာရို့ ပတိရေအတွက် စိတ်ပင်ပန်းမှုတိ မျာပါရေ။

မိန်း ။ ကျွန်တော်ရို့ ရခိုင်သားသျှေတိကို ဇာမည်သည် မှာချင်ပါလဲ။

ဖြေ ။ ကျွန်တော်ပြောချင်စွာက ဝိတ်မလို့ပတိကေ အရပ်တိုလားရေလို့ ကျွန်တော်ရို့ဘက်က လူတိ ယူဆလို့ ပတိပါရေ။ ယင်းအယူအဆရေ မှားပါရေ။ ကျွန်တော်ရေ အစက (၅ပေ ၇ လက်မ)ရာပတိပါရေ။ အဂု(၅ပေ ၁၀ လက်မ)နန့် ကိုယ်အလီးချိန်ပေါင်(၂၀၀)လောက် ပတိပါရေ။ ရခိုင်သား လူငယ်တိကို အားကစားတစ်ခုခုနန့် ထူးချွန်အောင်လုပ်ကတ်ဖို့ ကိုယ့်လူမျိုးဂုဏ်ကို မြှင့်တင်ဖို့ တိုက်တွန်းချင်ပါရေ။ ကာယအလှ ကစပ်ချင်ကေ ကျွန်တော်ကူညီပါမေ။ ကြိုးစားကေ အားလုံးဖြစ်ပါရေ။ လုံးလပတိကေ အောင်မြင်ပါရေ။ ကျွန်တော်နန့် ဆက်သွယ်ချင်ကေ။ ကိုခိုင်လင်း၊ ဒု-အရာခံဗိုလ် (ကာယဗလမောင်)၊ တပ်မတော်ရေ သံလျက်စွန်း၊ ရန်ကုန်မြို့ ဖြစ်ပါရေ။

မိန်း ။ ကိုခိုင်လင်း အိမ်ထောင်မရှိပါသိနှမ်း။

ဖြေ ။ ဟုတ်ပါရေ။ ကျွန်တော်လူပျိုပါ။

မိန်း ။ မိန်းသမျှကို ဖြေကြားပီးရေ ကိုခိုင်လင်းကို ကျေးဇူးတင်ပါရေ။

ဖြေ ။ ကျွန်တော်လေ့ လာရောက်မိန်းမြန်းစွာကို အထူးကျေးဇူးတင်ပါရေ။
ရသေ့တောင်မြို့နယ်က ထူးချွန်ရေလူတိနန့် အင်တာဗျူးလုပ် တွိဆုံစွာ အဂုနန့်ဆိုကေ နှစ်ကြိမ်ကျပါဗျာယ်။ ပထမတစ်ခါက ကျွန်တော်ရေ ရခိုင်အဆိုတော် ဦးမောင်သိန်းကို မိန်းမြန်းဖူးပါရေ။ ဒေနှစ်ယောက်စလုံးရေ မေယုအားမာန်တိ မဟုတ်ပါလား။

## အခန်း(၂)

မေယုမဂ္ဂဇင်း ထုတ်ဝီဖြန့်ချီနိုင်ရေး ဆွေးနွေးပွဲရေ (၂၇-၃-၁၉၉၈ နိန့်) နိန့်ခင်း(၂)နာရီက စ,ကေလေ့ ညစာ(၅)နာရီ ကျော်မှရာ ပြီးရေ။ ကော်မတီဝင်တိကလေ့စုံ လူစုံတက်စုံဖြစ်တေအတွက် ဆွေးနွေးစွာတိလေ့ စုံပါရေ။ မြို့နယ်ဥက္ကဋ္ဌကလေ့ အားရပါးရဗျာယ်။ ဒေပိုင်အားနန့်မာန်နန့် အားမာန်အပြည့်နန့် မြို့နယ်မျိုးတစ်ခါတောင်မတွိဖူးလို့ အံ့ဩမိပါယင့်။ ဆွေးနွေးပွဲပြီးစွာနန့် ရသေ့တောင်ဘုရားထက်ကို မဂ္ဂဇင်းကော်မတီဝင်တိနန့်အတူ ဖူးကတ်တေခါ ဒေရသေ့တောင်စေတီရေ အယင်ခေါက်က ဦးရာဇ်တောင်စေတီနန့် ပုံစံတူရေ ရခိုင်ဘုရင် သူရိယစက္ကမင်း တည်ထားခရေ စေတီတော်တစ်ဆူပါ။ ဒုတိယကမ္ဘာစစ်မှာ ခေါင်းလောင်းမှောက်ကို ဗုံးကျလို့ ပျက်စီးလားခရေအတွက် စစ်ပြီးလို့ ပြန်ပြင်ခါတော့ ဂုပိုင်ပုံစံ ဖြစ်လားခရေလတ်။ ဂျာမန်လူမျိုး သုတေသီဖော်ချမ်မာက 'သဗ္ဗဒါန ပါကာရနကျမ်း'မှာ ရသေ့တောင်ရေ ဦးကင်းတော်ခာတ်လို့ ရီးထားပါရေ။ ရမ်းဗြဲတောင်ကျောင်း ဆရာတော် အသျှင်စန္ဒာမာလာလင်္ကာရက ဦးကင်းတော်ခာတ် ရေ မူစဲကျွန်းမှာရာပတိရေလို့ ရခိုင်ရာဇဝင်သစ်ကျမ်းမှာ ရီးသားဖူးပါရေ။

အယင်ခေါက်က ဒေမြို့ရေ ကိန်းသာမြို့ ၁၈၆၃ ခုနှစ်မှာ အင်္ဂလိပ်တိ မြို့မွီးနိန့်လုပ်ဗျာယ် ရသေ့တောင် ရွာသျှေကိုရသေ့တောင်မြို့လို့ ကင်းပွန်းတပ်လို့ ကိန်းသာမြို့ကိုလည်း ပေါင်းထည့်ထားလိုက်တေလတ်။ ဒေမြို့နန့် အနောက်ဘက် (၄)မိုင်

လောက်မှာ ရခိုင်ဘုရင် မင်းဗာကြီး ဘင်္ဂလားကို စစ်ချီရေခါ တပ်စွဲခရေ 'အောင်သာမြို့ကို' အဂုမှာရာ ရှာတွိကတ်တေလတ်။ အောင်သာမြို့တော်ဟောင်းမှာ ဝေသာလီခေတ်က ဒင်္ဂါးဖြစ်တေ 'ဟာရိကေလ'ဒင်္ဂါးကို တွိရေအတွက် ဝေသာလီခေတ်ကပင် ဟိရေမြို့လို့လေ့ တစ်ချို့က ထင်ကြေးပီးကတ်ပြန်ရေ။ မှန်ကန်ရေသမိုင်းတစ်ခုဖြစ်ဖို့ သုတေသနလုပ်ကတ်ရပြန်ဖို့သိမ့်လို့ ဆိုကတ်ပါရေ။

နီလုံးကြီးရေ မယူတောင်ထက်မှာ မိတ်တင်ဗျာယ် အိပ်တန်းဝင်ဖို့ ပျင်နီဗျာယ်။ တစ်ရက်လုံးပင်ပန်းခစွာကို အတိုးချအနားယူဖို့ ပျင်နီစွာဖြစ်လို့ နီရောင်က ပျော့ပျော့သျှေ။ နီရောင်အောက်မှာ ဖြားရီအသင့်၊ လီအသင့် လားနီကတ်တေလောင်း၊ သမ္ဗာန်၊ ဘုတ်သျှေတိ အပြီးပြိုင်နီကတ်ယင့်။ မေယုမြစ်ရေ မယူတောင်နန့်အပြိုင် စီးဆင်းလာယင်း ဘင်္ဂလားပင်လယ်ထဲကို စီးဝင်ဖို့ခါ မယူကမ်းနန့် မူစဲကမ်းကို အမွီအဖြစ် ထားခပြန်ရေ။ မယူကမ်းရေ မယူတောင်ခြီရင်းမှာဝပ်စင်းနီရေ။ ယင်းဒေသမှာ လောင်းချောင်း၊ ရန်အောင်ပြင်၊ စေတီပြင်ရို့ ရွာကြီးရွာသျှေအသွယ်သွယ်နန့် ဟိနီကေလေ့ကျိုးကုလားရို့ရေ ဒေမယူကမ်းဘက်မှာ မူစဲကမ်းထက် ပိုများနီရေ။ မြို့ထက်မှာ ရပ်ကွက်(၄)ရပ်ကွက်နန့် ကျေးရွာအုပ်စုပေါင်း (၉၂)စုရို့နန့် ဖွဲ့ဆိုထားရေ မြို့ဖြစ်လို့ စည်စည်ကားကား ဟိနီပါရေ။ ရသေ့တောင်မြို့မှာ ၁၉၄၇ ခု လွတ်လပ်ရေးမရခင်က ဖဆပလညီလာခံတစ်ခု လုပ်ခဖူးရေ။ မြန်မာပြည်ဘက်မှာ ကွန်မြူနစ်ပါတီကို ဖဆပလထဲက ထုတ်ပယ်ထားစွာကြာကေလေ့ ရခိုင်ဘက်မှာ ရသေ့တောင် ဖဆပလညီလာခံပြီးမှရာ ကွန်မြူနစ်တိကို ဖဆပလထဲက ထုတ်ပစ်လီရေအတွက်ရခိုင်နိုင်ငံရေးမှာ အရေးပါရေ ညီလာခံတစ်ခုလေ့ ဖြစ်ဖူးရေ။ လွတ်လပ်ရေးခေတ်က ရတည သခင်ဘစိန်၊ မျိုးချစ်ကျော်ဦး၊ ဗိုလ်ကြီးကြာလှအောင်၊ ဖက်လိပ်ထွန်းအောင်ဖြူ ဦးစောထွန်းအောင်၊ ဦးမြတ်လှအောင်၊ ဦးမြထွန်းအောင်၊ ခိုင်မိုးလင်း၊ မောင်ကျော်လှိုင်နန့် ကျွန်တော့်ဘာဘာရို့ မွီးဖွားရာ ဇာတိမြေလေ့ ဖြစ်တေ။

မူစဲကမ်းဘက်က ကူတောင်ရွာရေ ရခိုင်သမိုင်းမှာ အရေးပါရေ ရွာဖြစ်တေ။ ဇာကြောင့်လေ့ဆိုကေ အင်္ဂလိပ်နယ်ချဲ့သမားတိကို တော်လှန်ခရေ နယ်ချဲ့ဆန့်ကျင်ရေးခေါင်းဆောင် မင်းလောင်း မောင်ဖော်အောင်နန့် သူ့တပည့် ဦးပေါ်တင်ရို့မွီးရာဇာတိဖြစ်လို့။ ဒေမယူမြစ်ကို ရဲအောင်တိုင်၊ ရဲပန်ဇင်းရို့ နတ်ညီနောင် ပိုင်စိုးရေ မြစ်လေ့ဖြစ်တေ။ ရသေ့တောင်ထက်ကကြည့်ကေ ငလပြားပွွန်ကို အထင်းသားမြင်ရရေ။ ယင်းပွွန်ရေ မယူမြစ်နန့် မူစဲမြစ်ကို ဒုတိယကမ္ဘာစစ်အပြီးမှာ အင်္ဂလိပ်တိ ဖောက်ဗျာယ် မြစ်နှစ်ခုကို အောင်သွယ်ပီးခလို့ ဒေနိန့်ထိ သင်္ဘောကြီးငယ် အသွယ်သွယ်လားလို့လာလို့ ရနီရေလတ်။ ထိုးအဝီးကြီးက ရိရိသျှေမြင်နီရစွာရေ ရန်ကုန်-စစ်တွေ ကားလမ်းမကြီးဟိရာ ဖြစ်တေ။ ယင်းလမ်းရေ ရသေ့တောင်မြို့နန့် (၂၁)မိုင်လောက်အဝီးမှာ ဟိရေလတ်။ ရသေ့တောင်ဘုရားထက်မှာ စာပီကော်မတီဝင်တိ ရှင်းပြစွာ နားထောင်ရင်းနီဝင်လားခလို့ တောင်အောက်ကို မနည်းဆင်းခရလီရေ။

ညစာစားပွဲရေ ပိုလို့စည်ကားရေ လူပေါင်း(၄၀)ကျော်လောက် တက်ရောက်တေအတွက် မြို့တော်ခမ်းမထဲမှာ သိုက်သိုက်ဝန်းဝန်း ကျင်းပကတ်ရရေ။ ပြောစရာဆိုစရာတိကလေ့စုံလို့ မေယုမဂ္ဂဇင်းအတွက် မေယုအားမာန်ဗျာယ်။

တစ်စီးတည်း သင်္ဘောထက်မှာ စီးရောင်းနီကတ်စွာဖြစ်လို့ ရောင်းကောင်းထမန်း။ ဘူးသီးတောင်-စစ်တွေလမ်းထက်မှာ သင်္ဘောတစ်နားတစ်တွေ အညောင်းအညာဖြေနီရေအချိန်မှာ ရသေ့တောင် မြို့သူမြို့သားရို့က အားပါးတရ စီးပွားရှာကတ်စွာဗျာယ်။ နောက်တစ်ခေါက် နောက်တစ်ရက်မှာ ပြန်လာဖို့သိမ့်ဖြစ်လို့ သံယောဇဉ်တိ ထားပုံမပေါ်။ ကြိုးကိုချက်ချင်းဖြုတ်လို့ထွက်ခါမှ သံယောဇဉ်မကုန်နိုင်သိမ့်ရေ လောင်း၊ သမ္ဗာန်တိက အမျှင်တန်းလို့ လိုက်ပါလာသိမ့်ရေ။ လက်တပြပြနန့်ကျန်လိုက်ကတ်တေ မိတ်ဆွေတိကတော့ မျက်စိတစ်ဆုံး။ သင်္ဘောရေ ငလပြားပွွန်ကို ဖြတ်တေခါ ၁၉၇၀ ခုလောက်ကပြင်သစ်ကုမ္ပဏီတစ်ခု ဖက်စပ်ရေနံတူးခဖူးရေ ကူတောင်ရွာသျှေကို မျက်မှန်းတန်းမိပါယင့်။ အယင့်အယင်က မြစ်ကမ်းနားတစ်လျှောက်မှာ ပြားပင်၊ ပြာပင်တိက အများကြီး အဂုတော့ ကမ်းပိုင်တိက မကန်။ ကမ်းပိုင်စီးပွားရေးက ကောင့်ယင့်လား မပြောတတ်။ တဖြည်းဖြည်း စစ်တွေဘက်ကို နီးလာလီ၊ ကမ်းပိုင်တိက ပိုများလီ။ ရန်ကုန်-စစ်တွေ ကမ်းလမ်းမကြီးထက်က ကွမ်းတောင်နန့် အမြင့်ကျွန်းကို ထိုးထားရေတံတားက ကျွန်တော့်ကို ရယ်ပြလိုက်ပါယင့်။ ကောင်းကောင်းမကြာခင်မှာစပါးထားကိုရောက်တေ။ ဒေရွာရေ ရခိုင်ဘုရင်လက်ထက်က နိုင်ငံခြားကို စပါးရောင်းဖို့ စပါးတိကို လှောင်ထားရေနီရာဖြစ်လို့ စပါးထားလို့ ခေါ်ရေလတ်။ ထိုဘက်က ဝါပိုကတော့ နိုင်ငံခြားကို ဝါရောင်းဖို့ ပိုနန့်လှောင်ထားလို့လားမပြောတတ်။ တောင်မြောက်လေးပါးကိုတွေးရင်း မူစဲမြစ်က ကုလားတန်မြစ်နန့် နီးလာရေ။ ထိုးအဝီးကြီးမှာဟိရေ စစ်တွေမြို့ဘက်က မိုက်ခရိုတိုင်ရေ မမြင်တစ်ချက် မြင်တစ်ချက်နန့် လက်ယပ်ခေါ်နီရေပိုင်။

* * *

ရခိုင်စာပီတာဝန်ကို နိုင်သလောက်ထမ်းဆောင်ဖို့ မေယုမဂ္ဂဇင်းရေ တစ်လှမ်းချင်းလှမ်းဗျာယ် အားမာန်အပြည့်နန့်ဝင်လာလတ်ဗျာယ်ကာ။

ရှိုးမလှ

၁၉၉၈၊ မတ် ၂၈

**ရခိုင်သားကြီးစာပေ** 📖 မေယုမဂ္ဂဇင်းအမှတ်(၁) မှ---

# တံခါးဝက မြို့

နိန်ခင်းက စည်ကားသယောင်ယောင် ရှိနိကေလေ့၊ ညဥ့်(၉)နာရီတောင် မတီးသိမ့်။ အလားအလာ မရှိကတ်ဗျာယ်။ တခါတခါအုပ်စုလိုက် စက်သီးစီးဗျာယ် တေးခြင်းဆိုလို့ လားကတ်ကေလေ့ စည်းကျနည်းကျကမဟုတ်။ တစ်ယောက်တစ်ပေါက်စီဗျာလ်။ စိစိတွေးလို့ကြည့်ကေ အားရစရာမကောင်း။ တောင်နန့်မြောက်ကို သွယ်ထားရေ လမ်းမကြီးက ဖြောင့်နီရေ။ ယေကေလေ့ လမ်းမကြီးကို အုပ်ချုပ်နီရေ နာရီစင်နှစ်လုံးက တစ်ယောက်နန့်တစ်ယောက် ညှိနှိုင်းလို့ ရဟန်မတူ။ ယင်းနာရီတိကို "နာရီ"လို့ ခေါ်ဖို့အစား နားနီစွာ ကြာဗျာယ်ဖြစ်လို့ "နားရီ"လို့ ခေါ်ကေရဖို့ကာ။

မင်းကြီးကျောက်တန်းရေ ညဥ့်ပိုနက်လာလီ ပိုလို့ပီပြင်လာလီဗျာယ်။ ထိုးအဝီးကြီးက လာရေ လှိုင်းလုံးကြီးတိ အနားကိုရောက်လာလီ၊ မာန်လျှော့လို့ အညံ့ခံလာလီဗျာယ်။ မြစ်ပြင်ထက်က ပိုက်လောင်းတိ အလင်းရောင်ကြောင့်လားမသိ တခါတခါ ဝါကျွတ်မီးထွန်းစွာနန့် တူရေ။ တမြို့လုံးရေတတီမိုက်လို့ အမှောင်ပုဆိုးကို ခြုံဗျာယ်အိပ်နီရေ။

မိုးထစောစော သင်္ဘောဆိပ်ကို ဆင်းလိုက်စွာနန့် စိုင်လာမပျက် တန်းစီဗျာယ်။ တိုးတန်းအိပ်တန်း ကစပ်နီကတ်တေပိုင် တန်းစီရေ လူတန်းအရှည်ကြီးကို တွိရရေ။ ပွဲတော်အကျ ဝေဘာဂီရေ အသက်ကြီးစွာကတကြောင်း၊ ဖျားရီမသင့်စွာကတစ်ကြောင်း ပင်ပန်းကြီးစွာနန့် ညဇာလေးနာရီကျော်မှ ဘူးသီးတောင်မြို့ကို ရောက်တေ။ (၁၆)မိုင်ကို နှစ်နာရီခွဲလောက်ကြာအောင် မောင်းရရေ။ ကားလမ်းခရီးကလည်း လမ်းမှာအညောင်းအညာပြေအောင် သုံးခါလောက် လမ်းဆင်းလျှောက်ခရသိမ့်ယင့်။ ခြောက်နာရီကျော်မှာ အိမ်ကိုရောက်တေ။ နီမင်းကြီးတောင် အိပ်ရာဝင်လားခဗျာယ်။

* * *

**အခန်း(၂)**

ဒေမြို့ကို မောင်တောမြို့လို့ ခေါ်ရေ။ နတ်မြစ်ကမ်းနဖူးမှာတည်လို့ ဟိပါရေ။ မြန်မာပြည် အနောက်ဘက်ဆုံးမြို့လည်းဖြစ်တေအတွက် အနောက်တံခါးမြို့၊ တံခါးဝကမြို့လို့ တင်စားကတ်တေ၊ ဒေမြို့အရှိဘက်မှာ ဘူးသီးတောင်မြို့၊ အနောက်ဘက်မှာ လူဦးရေ ပြည့်လျှံရေ ဘင်္ဂလားဒေ့ချ်နိုင်ငံ။ ယင်းနိုင်ငံမှာ လူဦးရေသန်း (၁၅၀)တောင် ကျော်နီဗျာယ်။ နိုင်ငံနန့်လူဦးရေက မတန်တဆ။ တောင်ဘက်မှာ ဘင်္ဂလားပင်လယ်နန့် မြောက်ဘက်မှာ ဘင်္ဂလားဒေ့ချ်နိုင်ငံနန့် အိန္ဒိယနိုင်ငံရို့ဟိကတ်တေ။ ဒေမြို့ရေ မြို့နယ်ဧရိယာစတုရန်းမိုင်ပေါင်း (၅၈၅. ၉၂)ဟိရေ။ ရွာပေါင်း (၉၆)ရွာ၊ မြို့ပေါ်(၆)ရပ်ကွက်နန့်လူဦးရေပေါင်း (၃၂၆၈၆၁)နီထိုင်ကတ်တေ။ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်း (၅၂)ကျောင်းနန့် ဗလီ(၆၆၂)ခု၊ ခရစ်ယာန်ဘုရားရှစ်ခိုးကျောင်း(၁)ကျောင်း၊ ဟိန္ဒူဘုရားရှိခိုးကျောင်း (၂)ကျောင်းဟိရေ။ ဒေမြို့နယ်တစ်ခုလုံးမှာ ရခိုင်လူဦးရေ(၂၈၆၇၄)ယောက်ရာဟိရေ။ ရခိုင်ရွာ (၃၈)ရွာ။ ကျန်စွာရွာတိနန့် လူဦးရေရို့ရေ လူမျိုးခြား၊ ဘာသာခြားတိ၊ လျှံကျတိဖြစ်တေ။ ခရစ်ယာန်နန့် ဟိန္ဒူက အနည်းသျှေရာ။

မိုးထစောစော အနောက်ဘက်ကို လှည့်ကြည့်လိုက်စွာနန့် နတ်မြစ်တစ်ဘက်ကမ်းက "နတ်တောင်ကို မြင်ရရေ။ အင်္ဂလိပ်တိ ခွဲတမ်းချပြီးထားခလို့ ထိုနီရာကစ ပါကစ္စတန်နိုင်ငံ၊ ယင်းကတဆင့် ရာထူးတိုးဗျာယ် ဘင်္ဂလားဒေ့ချ်နိုင်ငံဖြစ်လားစွာ။ အယင့်အယင်ကဆိုကေ ရခိုင်ပြည်ဗျာယ်။ အဂုထက်တိ ရခိုင်ရွာကြီး ရွာသျှေဆယ်ပြတ်ဆယ်ကျော် ဟိနီသိမ့်ယင့်။ အိမ်နောက်က စီးဆင်းနီရေ မောင်တောချောင်းရေ တဖြည်းဖြည်း တိမ်လို့လာဗျာယ်။ ချောင်းထဲကို ဆင်းဗျာယ် ကုလားအိမ်တိက ဆောက်ထားစွာ မကန်။ ခြံမဟိပိုင်ဖြစ်တေ အိမ်ကို ဝင်ချင်ပိုင်ဝင်၊ ထွက်ချင်ပိုင်ထွက် ဖြစ်နီကတ်ဗျာယ် မနားယေ။ အယင်က မဟိခရေး ကျီးကန်းတိတောင် အုပ်နန့်ကျင်းနန့် ဖြစ်ဗျာယ်။ လူကိုတောင် အားမနာဖြစ်နီဗျာယ်။

မြို့ထဲကို စဝင်စွာနန့် မြို့မပရိယတ္တိ စာသင်တိုက်ကို အယင်လားဗျာယ် ဘုရားဖူးရေ။ ဆိုက်ဆိုက်မြိုက်မြိုက် အသျှင်ဘုရားဦးကေတုကို ဖူးတွိရပါရေ။ ခါတိုင်းဖူးနီကျ မဟာကျန်ဘုရားကို ဖူးယင်းတစ်ခါလေ့ မမိန်းဖူးရေ ဘုရားသမိုင်းကိုမိန်းကြည့်မိပါယင့်။

**အသျှင်ဘုရား၊ ဒေဘုရားရေ ဥက္ကာတော် ဇာလောက်ဟိပါလဲ။**

ဥက္ကာတော်က ၁၀နှိုလက္ခ၊ အလေး၊ အလေးချိန်က (၂)ပိဿာ(၄၀)ကျပ်သား၊ ဦးသျှောင်ပါကေ(၂)ပိဿာ(၅၅)ကျပ်သားဟိရေ။

**ထူးခြားချက် တိဟိကေ ပြောပြပါဘုရား**

သတိထားမိရေ ထူးခြားချက်တိက ဦးကင်းတော်ပါဟိရေ၊ ရောင်ပျံတော်ပါ ဟိရေ၊ ဆံကျစ်တော်ပါ ဟိရေ၊ မျက်လုံး

တော်မှာ ပကတိမံသစက္ခုအသား မျက်ကြည်လွှာပါရေ၊ မျက်နှာတော်ရေ အမြဲတမ်းပြုံးနီရေ ပုံတော်ဖြစ်တေ။ လိုင်ပင်းတော်မှာ လိုင်ရစ်သုံးရစ်ပါရေ။ ပါးလွှာရေကြောသက်န်းပါရေ။ သားမြတ်တော်အစုံပါရေ။ ချက်တော်ပါရေ။ အတ္တမုဒြာ (တင်ပျဉ်ခွိ) ဖြစ်နီရေ။ လက်ယာဘက်ခြေမတော်မှာ ဓညဝတီရခိုင်ဘုရင် စန္ဒသူရိယ တံဆိပ်တော်ပါရေ။ ရောင်တော်ဖွင့်စွာ မရှိဘဲနန့် အမြဲတမ်း ရောင်တော်ပွင့်နီရေ။

**ဒေဘုရားကို ဇာဘုရားလို့ ခေါ်ပါလဲ။**

ညီတော်ဘုရားလို့လည်း ခေါ်ရေ။ မဟာကျန်ဘုရားလို့လည်းခေါ်ရေ။

**ဒေဘုရားသမိုင်းကို ပြောပြပါအသျှင်ဘုရား။**

ဒေဘုရားရေ ကိုယ်တော်ရို့ ဘိုးစဉ်ဘောင်ဆက် ကိုးကွယ်လာစွာဘုရားပါ။ ကိုယ်တော်က မောင်တောမြို့နယ်၊ စံပယ်ပင်ရင်းကျေးရွာ ဇာတိဖြစ်တေ။ တိုင်းပြည်ပျက်ပြီးလို့ စစ်တွေကို ရောက်တေအခါ အိမ်မှာကိုးကွယ်ထားရင်း တန်ခိုးကျောင်းက ဆရာတော် အသျှင်အာလောကရေ ကိုးကွယ်ချင်ရေ၊ ပူဇော်ချင်ရေဆိုလို့ ဆရာတော်ဘုရားကြီး တစ်သက်ကိုးကွယ်ပါလီ။ အသျှင်ဘုရားမဟိရေခါ တပည့်တော်ရို့ ပြန်ယူပါဖို့ ဆိုရေကတိနန့် ကျောင်းမှာကိုးကွယ်ဘို့ အပ်ထားလိုက်တေ။ ဆရာတော်ကြီးရေ ၁၉၆၂ ခုနှစ်မှာ ပြန်လွန်တော်မူရေ။ ယေပြီးကေ ဦးပဒုမဆရာတော်ဘုရားက ကျောင်းထိုင်ရေ။ ယင်းဆရာတော် ၁၉၇၀ ခုနှစ်မှာ လူထွက်လားခရေ။ နောက်ထပ် ဦးနာရဒဆိုရေ ဆရာတော်ကျောင်းထိုင်ရေ။ ယင်းအသျှင် ဦးနာရဒရေ ဒေဘုရားကို လက်ပြောင်းလက်လွှဲလုပ်ဖို့ ကြိုးစားရေအတွက် ကိုယ်တော်အစ်ကိုတိလည်းဖြစ်၊ ဘုရားမူလဒါယကာတိလည်းဖြစ်တေ အစ်ကိုကြီး ဦးသာကျော်ဦးနန့် ဦးထွန်းစံညိုရို့က ပြန်တောင်းဗျာယ် အိမ်မှာ ကိုးကွယ်ထားရေ။ ယင်းကတဆင့် ကိုယ်တော်ကို ထိန်းသိမ်းကိုးကွယ်ထားပါလို့ ၁၉၇၁ ခုနှစ်မှာ အပ်စွာဒေနိန့်ထိပါ။

**အသျှင်ဘုရား အမြဲတမ်း ထိမ်းသိမ်းကိုးကွယ်ထားဖို့ဆိုလို့ အသျှင်ဘုရားလားရေ နီရာတိုင်းကို ပင့်လားပါဖို့လား။**

ယင်းပိုင်တော့ ပင့်ဆောင်မလား။ ဒေဘုရားရေ မြို့မ ပရိယတ္တိစာသင်တိုက်၊ မောင်တောမြို့မှာ အမြဲတမ်းကိန်းဝပ်လို့ ဟိပါဖို့။ တစ်ခါတစ်လီမှာတော့ အများလူတိဖူးဖို့၊ ကုသိုလ်ပွားဖို့အတွက် နီရာအသီးသီးကို ပင့်ဆောင်ရေခါ ဟိဖို့ရာ။

**ဒေဘုရားနန့်ပတ်သက်တေ ဖြစ်ရပ်ဆန်းတိ ဟိပါလား။**

သုံးကြိမ်လောက်ဟိဖူးရေ။ ၁၉၇၅ ခုနှစ်လောက်မှာ မောင်တောမြို့အလယ်ရွာ ဦးစံအောင်ကျော်အိမ်မှာ ယာယီသီတင်းသုံးနေခါက ဦးမြင့်အောင် အမိ ဒေါ်သန်းရွှေရေ ညဥ့်အခါ မီး မီး မီး လို့အော်ရေ။ လူတိလေ့ လန့်နိုးလာရေ။ ဘုရားသီတင်းသုံးနီရေ ကျောင်းဆောင်းဘက်ကို ပြီးလာရေခါ မီးလောင်စွာကမဟုတ်။ ဘုရားရောင်တော်လွှတ်စွာဖြစ်လို့ ကြုံဖူးရေ။

ဒုတိယအကြိမ်မှာလေ့ မောင်တောမှာဗျာယ်။ ၁၉၇၆ ခုနှစ်လောက် ဟိပါဖို့။ ကိုယ်တော်ရို့ သီတင်းသုံးနီရေ ကျောင်းနားက ဦးငနီသန်ရေ ဆိုရေ လူရေ ညဥ့်(၁၂)နာရီ (၁)နာရီလောက်မှာ အဝတ်ဖြူဝတ်တေ လူသုံးလေးဆယ်ကျောင်းနားမှာလားနီစွာကို မြင်ရေအတွက် သူကိုယ်တိုင်ဆင်းလို့ ကျောင်းနားကိုလာရေအခါ တစ်ယောက်လေ့မတွိ။ သူတော်စင်တိဘုရားဖူးဖို့ လာစွာရာဟိဖို့လို့ ပြောဖူးရေ။

၁၉၈၁ ခုမှာတော့ ကိုယ်တော်ကိုယ်တွိ အဖြစ်တစ်ခုက ယင်းနှစ်ဧပြီလလောက်မှာ ဦးမောင်မောင်ညွှန့်၊ ဒေါ်အေးအေးမူ၊ ပို့ဆောင်ရေးရုံး၊ ရန်ကုန်မြို့မှာ ဖြစ်တေကိစ္စပါ။ ဦးမောင်မောင်ညွှန့်က ဘုရားကို အိမ်ပင့်ဗျာယ် ပူဇော်ပါရေ၊ ညဥ့်(၁၀)နာရီခွဲလောက်မှာ ဘုရားသီတင်းသုံးနီရေ အခန်းတစ်ခုလုံး ဝါရာက စိမ်းလားခရေ။ မူလက ယင်းအခန်းရေ အဝါရောင်သုတ်ထားရေ။ တစ်အိမ်လုံး အဝါရောင်ဗျာယ်။ ယင်းနိန့် ဘုရားဖူးပရိတ်သတ်လေ့ (၅၀)လောက် ဟိဖို့ထင်ရေ။ ကိုယ်တော်အပြင် ဦးပညိန္ဒြယ မောင်တော(အောင်ဗလဆရာတော်)၊ ဦးဥာဏ(ပိန္နဲကျောင်းဆရာတော်၊ ဗားကရာတိုက်၊ ရန်ကုန်) ရို့လေ့ဟိကတ်တေ။ (၁၅)မိနစ်လောက်မှာ ပျောက်လားခရေ။ နဂိုအတိုင်း အဝါရောင် ဖြစ်လားခရေ။

**ဇာကြောင့် ဒေဘုရားကို ညီတော်ဘုရား၊ မဟာကျန်ဘုရားလို့ ခေါ်ပါလဲ။**

ငါရို့ရခိုင်မှာ (၁)မဟာမုနိ(၂) မဟာဇိန၊ (၃)မဟာကျန်(၄)မဟာကျိ (၅)မဟာကျိန် တန်ခိုးတော် ကြီးမားရေဘုရားတိဟိရေမနား။ ယင်းထက်ပိုလို့ ရှင်းအောင်ပြောရဖို့ ဆိုကေ(၁)ဘုရားရှင် ကိုယ်တော်တိုင် ရင်ငွေ့နန့်သွန်းလုပ်တော်မူရေဘုရား ကို မဟာမုနိ။ (၂)ယင်းမဟာမုနိရုပ်ပွားတော်ကို မသွန်းခင် နမူနာအဖြစ် သွန်းလုပ်တော်မူစွာကို မဟာဇိနလို့လေ့ခေါ်ရေ။ မဟာမုနိဘုရားထက်ကြီးရေအတွက် သျှင်ကျော်လို့လည်း ခေါ်ရေ။ (၃)မဟာမုနိရုပ်ပွားတော်ကို သွန်းလုပ်လို့ပြီးရေခါ ကြွင်းကျန်ရေ ရတနာတိနန့် ဆက်လက်သွန်းလုပ်ရေဘုရားကို သမိုင်းရာဇဝင် အသုံးအနှုံးအရ

ညီတော်ဘုရားလို့လေ့ခေါ်ရေ။ မဟာကျန်ဘုရားလို့လေ့ခေါ်ရေ။ ယင်းပိုင် မဟာမုနိဘုရားကို သွန်းလုပ်လို့ကျန်ရေ ရတနာတိနန့် သွန်းရေဘုရား ထဲမှာ ဒေဘုရားလေ့ပါရေ။ မဟာကျနန် ဆင်းတုတော်တိကို သွန်းပြီးရေခါ ရတနာအစ အနတိကျန်ခသိရေ။ ယင်းပိုင် ရတနာကျန်တိကို အပြီးသတ် အကုန်အကျီ သွန်းလုပ်ထားရေ ဘုရားတိကို "မဟာကျီ" ဘုရားလို့ ခေါ်ရေ။ "မဟာကျိန်" ဘုရားဆိုစွာက ရှေးရခိုင်ဘုရင်မင်းရို့ရေ ရာဇဘိသေက မင်္ဂလာပွဲတော်လုပ်တေခါ ဦးထိပ်ရွက်ပန်ဆင်ပြီး သစ္စာကျိန်ဖို့ ခေတ်ကာလအလျောက် အထူးစီမံ သွန်းလုပ်တေဘုရားဖြစ်တေ။

**မှန်ပါဘုရား၊ တပည့်တော် သေသေချာချာ မှတ်ထားပါမေဘုရား၊ တစ်ဆက်တည်း မြို့မ ပရိယတ္တိစာသင်တိုက် အကြောင်းကိုပါ သိချင်ပါရေဘုရား။**

ဒေပရိယတ္တိစာသင်တိုက်ကို ၁၉၇၅ ခုနှစ်မှာ စလို့ ထူထောင်ရေ။ စခါစက သံဃာအပါး (၂၀)နန့် စစွာ။ အဂုတော့်ခါ နှစ်စဉ်(၄၅)ပါးလောက်စီ လက်ခံရေ။

**ဒေမြို့ဒေရွာမှာ ပရိယတ္တိစာသင်တိုက် ဖွင့်နိုင်စွာအံ့ဖို့ ကောင်းပါရေဘုရား။**

အမျိုး၊ ဘာသာ၊ သာသနာအတွက် ဒေမြို့ဒေရပ်တိမှာ ပိုလို့အရေးကြီးရေမနား။

**ရန်ကုန်မှာလေ့ တစ်ကျောင်းဖွင့်ဖို့ ကြားပါရေ၊**

ဟုတ်တေ။ ရန်ကုန်မြို့ ရွှေတိဂုံအရှိဘက် မင်္ဂလာကန်ယုံကျောင်းတိုက် သာသနာလင်္ကာရ ပရိယတ္တိစာသင်တိုက်လို့ နာမည်ပီးထားရေ။ ယင်းကျောင်းကို ၁၉၉၇ ခု၊ ဇန်နဝါရီလ (၈)ရက်နိန့်မှာ ရန်ကုန်မြို့တော်ဝန် ဦးကိုလေးနန့် အဖွဲ့က တာဝန်ယူဆောက်တေ နိုင်ငံတော်က တာဝန်ယူတည်ဆောက်တေအတွက် တစ်ခုလေ့ အခက်အခဲမဟိ။ ကျောင်းပြီးကေ စည်းနန့်၊ ကမ်းနန့်၊ မူနန့် လက်ခံဗျာယ်။ စာသင်တိုက်ကို စဖွင့်ဖို့ဗျာယ်။ တကာ အမိအဘရို့ နီကောင်းကတ်တေမနား။ မောင်တောကို မလာစွာလေ့ကြာဗျာယ်။ အဂုဇာလုပ်ဖို့ လာစွာလေ။

**တပည့်တော် အမိအဘရို့ နီကောင်းပါရေဘုရား။**

**တပည့်တော် မောင်တောကို မရောက်စွာ သုံးနှစ်တောင် ကြာပါဗျာယ်၊ အဂုအိမ်မိုးဖို့ခြံကာဖို့ လာစွာ ပါ အသျှင်ဘုရား**

ခြံဇာလောက်ပင်ကာကာ၊ လူဟိဖို့လိုရေယေ၊ လူမဟိကေ ခြံကာစွာ အလကားဗျာယ်။ "ကိုယ့်လူမဟိကေ ပရံလူတိချင်ရေဆီ" ဗျာယ်ယေ။

**မှန်ပါဘုရား။ ကုန်ခရေ (၂)နှစ်က ဘာဘာလာလို့ ခြံကာပါရေ၊ ယင်းခြံပျက်လားလို့ အဂုတစ်ခုလေ့ မဟိ ဖြစ်နီပါဗျာယ်။**

အေး အေး၊ တစ်သဘောတည်းဗျာယ်ယေ။

အရှင်ဘုရားကို ဦးချဗျာယ် ကျောင်းထက်က ဆင်းလာရေအခါ စိတ်နှလုံးရေ လီးလံလာရေ။ မြင်မြင်သမျှကို ထူးခြားနီရေ။ အယင်ခါ ဒေနီရာတိမှ အိမ်တိရာ။ အခုတော့ မိုးဦးကျမှာ ပေါက်တေအပင် တိပိုင် မိုးကိုထိုးလို့ တိုက်တိဖြစ်နီကတ်ဗျာယ်။ မြို့လို့ခေါ်ရေ လမ်းမကြီးထက်တိမှာ အိမ်အားလုံး တိုက်အိမ်တိဗျာယ်။

ခင်ကတ်မင်ကတ်တေ အပေါင်းအသင်းတိက "တိုက်တော့ဖြစ်လားစွာကိုမြင်ဆို့ ထပ်တိုးဖို့ ကားမဟိဗျာယ်" လို့ ညည်းပြကတ်တေ။

နောက်တစ်ရက်မှာ အသျှင်ဘုရား စက္ကိန္ဒ သီတင်းသုံးရေ မြို့ဦးကျောင်းကို လားဗျာယ်ဖူးယင်း၊ ဆွမ်းကပ်တေခါ ရောက်လာရေ သူငယ်ချင်းတိနန့်လေ့ အားရပါးရ တွိကတ်ရရေ။ ဇာသူဇာပင် ပြောပြော ဒေမြို့ဒေအရပ်မှာ တံခါးဝကို စောင့်ဗျာယ် ကျန်နီခရေ လူတိလို့ ချီးကျူးရဖို့။ ဒေလူတိရေ အနာဂတ်ကို မျှော်လင့်နီရေလူတိ။ တစ်လက်မလေ့ အလျော့မခံပဲ ဘဝနန့်သမိုင်းကို ထပ်တူထပ်မျှ ထားကတ်တေ။ တစ်ဝမ်းတစ်ခါး လှုဖို့အတွက် ရီကြိုင်ကိုလေ့မလို၊ မြက်နုကို မကြိုက်၊ တီဖြစ်ကေလေ့ အစ်ကို ဦးလှုစောပြောရေပိုင်"သောတာပန်တီ" ဖြစ်ကတ်ဖို့ လူတိရာ။ တံခါးဆိုလို့ ဒေတံခါးရေသမိုင်းမှာ "အပြင်က အတွင်းကို တိုးလို့ဝင်ရေတံခါး" တစ်ချပ်ရာဖြစ်နီဖူးစွာများရေ။ အတွင်းက အပြင်ကို တစ်ခါလေ့ တိုးမထွက်လီဖူး၊ လားခါ တစ်ယောက် လာခါဆယ်ယောက်၊ ပိုးပရွက်ပိုင် ပွားလာရေ၊

သုံးလေးရက်နီလို့ပြန်ရေခါ အသျှင်ဘုရား ဦးကေတု ပြောလိုက်ရေစကားက နားထဲကမထွက်။ "ခြံကာစွာထက် လူလိုရေဝေး၊ လူလိုရေ"လတ်။ တစ်လမ်းလုံး စိတ်တိ တောင်ရောက် မြောက်ရောက်ဗျာယ်။

ဘူးသီးတောင် မောင်တော လမ်းထက်က သုံးမိုင်ရေ အယင်ကနန့်မတူ။ တစ်ခါတစ်လီ မြို့ထဲမှာ အင်္ဂလိပ်လူမျိုးတိ၊ ဥရောပတိ၊ ဂျပန်လူမျိုးတိ ချင်ရေပိုင်လားနီကတ်စွာကို မြင်ခရရေ။ အားကြီးကေ အာပတ်မလာရေ သဘောလားမပြောတတ်။ သူရို့က ကယ်ဆယ်ရေးလုပ်တေဆိုယင့်။ ရခိုင်သားနန့်တော့ အစီးကြီးဖြစ်နီရေ။ ယင်းသူရို့ ဌာနချုပ်ရှိမှာတော့ စည်းကမ်းတကျ တန်းစီလို့ လားခရစွာတော့ ဝမ်းသာကောင်းထမန်း၊ ဘိုင်စကုတ်ကားမှာ ပိုင်ဗျာယ်။

တောင်ခေါင်းကြီးနန့် တောင်ခေါင်းချေရေ ထုံးဖြူဝတ်လို့ လှုကွန်ဆောင်နီယင့်။ အသျှေခါ ဝါဆိုဖို့ဗျာယ်ဆိုကေ ဝါဆိုပန်းဆွတ်ယင်း၊ ရီးချိုးခရေ စမ်းချောင်းတိလေ့ တိမ်နီဗျာယ်။ ကကြီးကွေ့ကိုရောက်လို့ အယင်ခါမြင်နီကျ မီးရထားသံ

လမ်းပျောက်နီရေ ကာလို့ အနားမှာ ဟိရေ ဒရိုင်ဘာကို မိန်းကြည့်ရေအခါ ဘူးသီးတောင်က တစ်ယောက် ယင်းသံလမ်းကို သိန်း(၂၀)ချီးမြှင့်ဗျာယ် အနောက်ဘက်ကို ခရီးလားလီယင့်လတ်။ အမှန်ဆိုကေ ဒေမြန်မာပြည်မှာ မီးရထားဆိုစွာ ဒေနီရာက သန္တေတည်စွာရာမနား။ အခုတော့ ရခိုင်ပြည်မှာ မီးရထား မျိုးတုံးလားခစွာကြာဗျာယ် မနားယေ။ ကံကောင်းလို့ တောင်ခေါင်းကြီး၊ တောင်ခေါင်းချေကတော့ အင်္ဂလိပ်အမွီအဖြစ် ကျန်နီသိမ့်ယင်။ ဒေနီရာဒေမြို့က လူတိရေ၊ သမုဒ္ဒရာဝမ်းတစ်ထွာအတွက် နိန့်စိုင်းကူးခတ် ဘ၀ဆက်နီကတ်ရရေ။

## အခန်း(၃)

တစ်ညဥ့်အိပ်လို့ မိုးလင်းစွာနန့် တန်းစီဗျာလ်တိုးလို့ ဆင်းလို့ ဘူးသီးတောင်မြို့ထက်က သင်္ဘောကိုရောက်တေ။ ကံမကုန်လို့ ပြန်ဆုံရေ ပွဲတော်အကျ "ဝေဘာဂီ"နန့် မိုးထ (၈)နာရီမှာ အပြန်ခရီးကို ဆက်လီရရေ။ တဖြည်းဖြည်း သိမ်တောင်၊ သပိတ်တောင်အထိ လွန်ဗျယ်လာရေအခါ စိုင်းတောင်ချောင်ကို ရောက်စွာနန့် စိုင်းတင်ဟိရေ နီရာကို မျှော်ကြည့်မိစွာမှာ စိုင်းတင်ရေ ကျွန်တော့်ကို အားကိုးတကြီးနန့် ကြည့်နီရေ။ သူ့ကိုမြှောက်ပင့်ထားစွာ ကြာဗျာယ်ကာလို့ တိုင်ချင်ပုံရရေ။ ကျွန်တော်ရေ ဇာတစ်ခုလေ့ တတ်နိုင်သူ မဟုတ်ဆိုစွာကို သူသိပုံမပေါ်။

ဒေခရီး၊ ဒေလမ်းကို "ရွှန်းထိုး"လို့လားနီကျ၊ အယင်ခါဆိုကေ သင်္ဘောထက်မှာ လူမကန်၊ ဘုတ်ထက်မှာ လေ့မကန်၊ အဂုကနည်းရေကာ။ လုပ်ကိုင်စီးပွား မဖြစ်လို့လား။ မဟုတ်တေ၊ ဇာအလုပ်ရုံမှာ မေသယ်အလုပ်လုပ်နီကတ်လေ။ အလုပ်ရုံလို့လေ့ ပြောပြရလောက်အောင်က မမြင်။ သကြားစက်တစ်လုံးတော့ ဟိယင့်။

မေယုမြစ်ကိုတောင် ရောက်နီဗျာယ်ဖြစ်လို့ "စိုင်းဒြားခွါ"တိကို သတိထားမိရေ။ ခါတိုင်းဆိုကေ သင်္ဘောလာတိုင်း သင်္ဘောနောက်ကို လိုက်နီကျ။ အစာတောင်းနီကျ။ ယင်းငှက်တိရေ ဒေနီရာ၊ ဒေ,ဒေသမှာ မွီးကတ်စွာတိ။ အစာကျွေးလိုက်ကေ အကြီးအငယ်အားလုံး ပျော်ပျော်ပါးပါး စားကတ်တေ။ တစ်ကောင်နန့်တစ်ကောင် ကစပ်ကတ်နန့် မြင်ရရေ လူတိတောင် ပျော်စရာဗျာယ်။ အဂုတစ်ကောင်လေ့ မမြင်ဗျာယ်ကာ၊ ဇာကိုလားကတ်လေ။ တခြားနီရာက ဝင်ရောက်လာရေ ဆိုက်ဘေးရီးယားငှက်တိကြောင့်လား။ ဘဲယောင်ယောင်၊ ငှက်ယောင်ယောင် စစ်စရီတိကြောင့်လား။ ယေမဟုတ်ကေ၊ ရီမြီသစ်ကိုရှာလို့လားခကတ်လား။ မျိုးတုံးလားခဗျာယ်လား။ ထိုးအဝီးက စိုင်းဒြားခွာတစ်ကောင်တော့ သင်္ဘောနားကို လာသယောင်ယောင် ဟိနီရေ။ သူရေတစ်ခုခုကို ပြောပြချင်နီလားမသိ။ အသူ့ကိုပြောကေ ကောင်းဖို့လေ့ စဉ်းစားဟန်တူရေ တောင်မြှောက်ကြည့်ဗျာယ် ကြောက်ကြောက်လန့်လန့်နန့် ပြန်လို့ပျံလားခရေ။ ထူးဖို့က မဟုတ်လို့ မပြောစွာလား။ တစ်ခါတစ်ခါ အုပ်လိုက်ထပျံလားကတ်တေ။ ဆိုက်ဘေးရီးယား ငှက်အုတ်နန့် ညပ်ပါလားခလို့ သူ့ကိုကား တစ်ယောက်လေ့ မမြင်နိုင်၊ ဆိုက်ဘေးရီးယားငှက်တိကိုရာ မြင်ရေ။ အမှန်မှာဆိုကေ ဒေ ဆိုက်ဘေးရီးယားငှက်တိရေ ဆောင်းကျဗျာယ်ဆိုကေ အစားအသောက် ပေါ်ရေ ဒေပြည်ကို ငတ်မွတ်လို့ ရောက်ကတ်စွာ။ အဂုတော့ ခပ်တည်တည်နန့် ဒေသခံပိုင်ပျင်နီကတ်တေ။

သင်္ဘောနန့်၊ မလှမ်းမကမ်းကလား နီကတ်တေ စပီးဘုတ်သျှေတိကြောင့် အယင်ခါမြင်နီကျမြင်ကွင်းနန့်မတူ။ ထူးနီရေ။ စိတ်ကူးကောင်းနီတုန်း အနားက ကုလားသျှေ တစ်ကောင်ငိုသံကြားလို့ အသိဝင်လာရေ။ ရသေ့တောင်ကို ရောက်နီဗျာယ်။ သင်္ဘောဆိုက်ကေ ဆင်းဖို့အတွက် အသင့်ပျင်ဖို့ဗျာယ်ကာ။

## အခန်း (၄)

ဆယ်စုတစ်စုနီလာခဖူးရေ။

"တံခါးဝမြို့"က အပြန်ခရီးမှာ---------------------------------------------------------------------

-------------------------------------------------------------------------------------------------------

ရိုးမလှု

မောင်တော၊ နတ်မြစ်မဂ္ဂဇင်း (၁၉၉၉)

နတ်မြစ် မောင်တောမြို့နယ် မဂ္ဂဇင်းမှ ------

# ပြန်လာလတ်ပါ

အသျှေခါက ကျောက်ဖြူ သံတွဲ၊ တောင်ကုတ်မြို့ရို့မှာ နီခဖူးလို့ စစ်တွေကို ပြန်လားဖျာယ်ဆိုကေ ဒေခရီးကို ဒေလမ်းက အကြိမ်ကြိမ် လားခဖူးပါရေ။ ယင်းခါ ဒေမြစ်၊ ဒေချောင်းတစ်ဖက်တစ်ချက်မှာ ဖြူးတောတိ၊ ပြာတောတိ သစ်တောတိအများကြီး၊ ယင်းအပင်ထက်တိက မျောက်သျှေတိကိုကြည့်လို့ ရင်ခုန်ရစွာကလေ့ မပြောကေ့။ ယင်းခါက ဒေချောင်းဒေမြစ်တိ အဂုထက်ပိုလို့ ပနာရရေလို့ ထင်မိပါယင့်။ အဂုက အပင်ဆိုလို့ ပင်ကြီး၊ ပင်ပျိုမတွေ့ရ။ ခြုံပုတ်သျှေတိ ကိုရာမြင်ရရေ။ 'ပုစွန်တာလုပ်ကတ်တေခါကပင် သစ်တောတိအားလုံး ပြုန်းလားခရေ၊ သီလားခရရေယေ'လို့ ကိုအောင်ကျော်ဝင်း တစ်ယောက် လက်တို့ဖျာယ်ပြောပြနီရေ။

ပေါက်တောမြို့ကိုလွန်လို့ ကျွဲကူးမြစ်အဆုံး အတ်ခွက်ချောင်းကို ရောက်ကေ မြေပုံနယ်ကို ရောက်ဖျာယ်ယေလတ်။ ဒေချောင်းရေ ပေါက်တော၊ မြေပုံ၊ မင်းပြား သုံးမြို့နယ်ဆုံရေ တြိဂံမြေလို့ပြောရေ။ ဒေကကြည့်လိုက်ကေ ငမန်းရဲကျွန်းက မျောက်ကြိမ်ဘုရားကို ရီရီသျှေမြင်ရရေလို့ လက်ညှိုးညွှန်ပြရာကို ကြည့်လိုက်တေခါ ဘုရားသိမ်ထီးတော်ကို ရီရီသျှေဖူးမြင်ရရေထော။ ဒေကျွန်းမှာ မနားဒေ(၁၉၆၈)ခု၊ မေလ(၁၀)ရက်နိက စစ်တွေမုန်တိုင်းတိုက်လို့ လူပေါင်း(၂၀၀)ကျော်တောင် သီလားရေလတ်။ ငမန်းရဲကျွန်းအထက်ကို ရီ(၁၈)တောင်ထိ မြုပ်ခရေလတ်။ ရခိုင်သားတိ ကံဆိုးရစွာဖျာယ်ယေ။ တစ်ခါတစ်ခါ ကိုအောင်ကျော်ဝင်း ရှင်းပြစွာကို မကြားတစ်ချက်၊ ကြားတစ်ချက်၊ ကိုဘသောင်းကတော့ ကိုအောင်ကျော်ဝင်း ပြောစကားကို စိတ်ဝင်စားနီယင့်။

'ထိုး. . . ကျွန်းကို ကျွန်းသာယာကျွန်းလို့ ခေါ်ရေ။ ယင်းကျွန်းထက်က ပြင်ချောင်းရွာမှာ ရခိုင်ဘုရင် မဟာသမ္မတ ရာဇာကို လက်ရဖမ်းမိစွာကိုး' ဆိုရေစကားကို ကြားမိရေခါ ရွာလို့ထင်ရရေ နီရာမှာ အပင်စိမ်းစိမ်းတိနန့်ကာ၊ ယင်းပိုင်ဆိုကေ ဒေမြို့နယ်ရေ ရခိုင်သမိုင်းမှာ အရေးပါရေမြို့နယ် တစ်ခုကာလို့ ကိုဘသောင်း တစ်ယောက် အံ့သြနီပြန်ရေ။

'ကျွန်တော်ရို့ မြေပုံမြို့စွာ ထိုး. . . အယင်းအယင့် ရခိုင်ဘုရင်လက်ထက်က ဂစ္ဆပနဒီ လက်ဝဲလက်ယာ (၉၉)မြို့စာရင်းထဲမှာ ပါရေမြို့တစ်မြို့၊ အရှင်စန္ဒမာလာ လင်္ကာရရီးရေ ရခိုင်ရာဇဝင်သစ်ကျမ်းထဲမှာလေ့ အတိအကျဖော်ပြထားယင့်။ ယင်းအတွက်နန့် မြေမြို့၊ မြေပူမြို့၊ မြေငူမြို့၊ မြေငုံမြို့၊ မြေပုံမြို့ ဆိုစွာ အတူတူဖျာယ်၊ အင်္ဂလိပ်ခေတ်ကို ရောက်တေခါ အင်္ဂလိပ်တိက (၁၈၆၃)ခုနှစ်မှာ မြေပုံမြို့လို့ မြို့အဖြစ် သတ်သတ်မှတ်မှတ် အသိအမှတ်ပြုခရေ။ ဒေမြို့သမိုင်းရေ ဂန္တဝင်သမိုင်း၊ ကျွန်တော်ရို့လက်ထက်ကို ရောက်တေခါ ရတနာမြေပုံမြို့. . . ကိုး။ အကို မယုံလာ၊ ထိုမှာ ကြည့်ထော မြေကို ဒူးဆစ်သျှေလောက်စုဖျာယ် ပုံထားရေ၊ ဆည်ထားရေ ကာရီနန့် မွီးစပ်စွာမှာတောင် တစ်ဧကမှာ ပုစွန်(၁၅)ပိဿာ၊ ပိဿာ(၂၀)အသာသျှေ။ အေပိုင် မွီးစပ်လို့ရရေ မြေနီရာတိ အများကြီး။ ကျွန်တော်ရို့ မြေပုံမြို့နယ်ကို ကျွန်းပေါင်း (၁၁၃)ကျွန်းနန့် ဖွဲ့စည်းထားရေ။ တောင်နန့်မြောက် အလျား(၃၈)မိုင်၊ အရှေ့အနောက်အလျား(၂၈)မိုင်၊ ဧရိယာစတုရန်းမိုင် (၈၈၆)မိုင် ဟိရေကိုး။ ရန်ကုန်-စစ်တွေ ကားလမ်းမကြီးစွာ ကျွန်တော်ရို့မြို့နယ်ကို (၄၃)မိုင် ကျော်ဖြတ်လို့ ဖောက်ထားရေ။ ဒေမြို့နယ်မှာ ကျေးရွာအုပ်စုပေါင်း (၅၂)လောက်နန့် မြို့ပေါ်ရပ်ကွက် (၉)ခုလောက် ဟိပြီးကေ တစ်မြို့နယ်လုံး လူဦးရေ (၁၀၇၀၀၀)ကျော် နီထိုင်ပါရေကိုး။ ဒေမြို့နယ်မှာ ငါးဖမ်းလုပ်ငန်းတေ၊ ပုဇွန်မွီးရေ၊ နီလှန်းဆားလုပ်တေ၊ လယ်လုပ်ကတ်တေ၊ အုန်း(ဓနိ)လုပ်တေ။ ဒေအလုပ်တိနန့် စီးပွားရှာကတ်တေ။ အဂုလက်ဟိ ပုဇွန်တာ ဧကပေါင်း (၇၀၀၀) ကျော်ဟိရေ။ အကိုရို့ မွီးစပ်ချင်ရေဆိုကေ လာလို့မွီးခလိုက်ကတ်။ တစ်ချို့ကလေ့ ကဏန်းမျှားဖျာယ် သူဌေးဖြစ်နီကတ်တေဝါ။ ရခိုင်ပြည်နယ်ထဲမှာ ကဏန်းအထွက်ဆုံးမြို့နယ်လို့ သတ်မှတ်ကေတောင် ရဖို့။ အကိုရို့ တစ်ခေါက်စဉ်းစားကြည့်ပလင်၊ ရခိုင်ရိုးမနန့် ဘင်္ဂလားပင်လယ်ကြားမှာ ရခိုင်သားဖြစ်လာရရေ ကျွန်တော်ရို့ ဘဝစွာ ဘလောက် ကုသိုလ်ကံကောင်းရေလဲ၊ ဇာလုပ်ချင်လဲ၊ လုပ်ချင်စွာလုပ်၊ လက်လှုပ်ကေ၊ ပါးစပ်လှုပ်လို့ရရေ။ တစ်ချို့ရခိုင်သားတိက ရခိုင်မြေကို စွန့်ဖျာယ် တစ်ခြားနီရာမှာ ကျောက်တူးဖို့၊ ဖေသာရှာဖို့၊ ဒေါ်လာရှာဖို့ဆိုဖျာယ် နိုင်ငံခြားကို လားကတ်ပြန်ရေ။ ကျောက်တူးရေဆိုဖိ တစ်ခါတစ်ရီမှ သိန်းကျော်၊ သန်းကျော်ကျောက်ကို ရစွာရာမနား၊ ဒေရခိုင်ပြည်မှာ ဒေချောင်းသျှေ တစ်ချောင်းကို ထိုဖက်ဒေဖက်ပိတ်ကန်းပိုင်သျှေလုပ်ပျာယ် တစ်ဖြားစောင့် ဖေသာဆယ်ကိုးသိန်း အသာသျှေ။ ပင်လယ်ပြင်က ရီကို ကုန်းခေါင်ထက်မှာတင်ဖျာယ် နီလှန်းကြည့်စမ် မရာလားဖေသာ၊ နွီခါ ရီမှာမျှောလာရေ ရီခူကို ဆယ်ဖျာယ်ရောင်း၊ ဟချောင်းလောင်း ဒေါ်လာကိုး. . . ဒေါ်လာ။ ပင်လယ်ထဲက ပုဇွန်တိ ရခိုင်ရိုးမက စီးလာရေ မြီဆီမြီသြဇာတိကိုစားဖို့ ဝင်လာကတ်တေပိုင် ကျွန်တော်ရို့ အစီးရောက် ရခိုင်သားတိ ဒေရတနာရွှေမြီကို ပြန်လာကတ်ဖို့ ကျွန်တော်ခေါ်ချင်ထော။ ကျွန်တော်ရို့စိတ်ထဲမှာ ကျွန်တော်ရို့ ရင်ထဲမှာ အေပိုင်ခံစားရလို့ ကျွန်တော်ရို့ မြေပုံမဂ္ဂဇင်းကို ရတနာမြေပုံလို့ နာမေပီးလိုက်စွာယေကိုး။

* * *

ဟံတာမြစ်က လီနန့်ရီရေ သင်္ဘောကို လာဗျာယ် နှုတ်ဆက်တေ၊ သင်္ဘောရေ လှိုင်းကြက်ခွပ်တိကြားမှာ လူးဗျာယ် ရွှန့်လို့၊ ပင်လယ်လီရေ မျက်နှာကိုလာလို့ နှုတ်ဆက်စွာကို အီးလို့လန်းလို့ ခံစားလိုက်ရရေ၊ အမှန်မှာ မြေပုံမြို့ဘက်ကို လာဖို့ အစီအစဉ်မဟိ၊ စစ်တွေမြို့ကို ရောက်တေနိန့်မှာပင် ကိုအောင်ကျော်ဝင်းက ကျွန်တော်ရို့ မြေပုံမြို့ကို လိုက်လတ် ပလင်လို့ ဖိတ်တေအတွက်နန့် ကိုဘသောင်းကိုလေ့ အဖော်ရလို့လာဖြစ်စွာရာ။ စကားပြောယင်းလာကတ်လို့ လားမသိ မြေပုံမြို့ကိုတောင် ရောက်မှန်းမသိ ရောက်ပါလတ်ပျာယ်၊ အသျှေခါ တွိခဖူးရေ မြေပုံမြို့ဆိပ်ကမ်းနန့် အဂုမြေပုံမြို့ဆိပ်ကမ်း က အတူတူကာ၊ ကိုအောင်ကျော်ဝင်း ပြောစွာက ဂန္တဝင်မြို့ဆို။

ကိုအောင်ကျော်ဝင်း ချက်ချင်းစီစဉ်လိုက်စွာနန့် တစ်စီးတည်းဟိရေ ဂျစ်ကားရောက်ပါလတ်ပျာယ်ထော။ မဂ္ဂဇင်းကော် မတီတိ စုံစွာနန့်လားကတ်မေ။ လားကတ်မေလို့ ပြောလိုက်စွာနန့် ဇလာပဗ္ဗတောင်ထက်က ရင်ရိုးတော်ခာတ်ကို ဖူးခွင့်ရ ပြန်ရေ။ ဒေတောင်ထက်ကနီဗျာယ် မြစ်ပြင်အောက်ကို ငုပ်ပင်နီရေ နီမင်းကြီးကို ကြည့်ရစွာ ရင်ထဲမှာ ခံစားချက်တစ်မျိုး၊ ကိုဘသောင်းတစ်ယောက် သူစိတ်ဝင်စားနီရေ ဘုရားသမိုင်းကို ခေါင်းတညိတ်ညိတ်နိန့် မှတ်နီပြန်ရေ။ အစ်ကိုရို့ကို ပြစ ရာဆိုလို့ မြို့ဦးဘုရားနန့် ကန်တော်ကြီးရာ ဟိရေလတ်။ ဒေကန်တော်ကြီးက ရီကိုသောက်ဖို့ ကျွန်တော်ရို့ မြေပုံသားတိ စောင့်နီစွာကြာဗျာယ်လို့ ပြောယင်းပြုံးရေ အပြုံးကရင်ကိုဆောင့်လို့ ထိုးလိုက်တေပိုင်ကာ။ ညစာသုံးနာရီလေက်က လိုက်ပြစွာ ငါးနာရီလောက်မှာ ပြန်ကတ်ဖို့ဗျာယ်လတ်။ ‘ဆရာ. . . အိုးဖုတ်စွာကို တစ်ခေါက်ပြကတ်မေ’လို့ ကိုလှမြင့် သတိပီးခါမှ အရှင်ဘုရား ဣန္ဒစာရက ဟုတ်တေ၊ ဟုတ်တေလို့ ထောက်ခံရေအတွက် အိုးဖုတ်လုပ်ငန်းကို လေ့လာခွင့်ရခရေ။ အိုးတစ်လုံး ဖြစ်ဖို့အတွက် အဆင့်ဇာနှစ်ဆင့် ဖြတ်သန်းရရေဆိုစွာကို အိုးဖိုပိုင်ရှင်မှ အသေးစိတ် ရှင်းပြပါရေ။ အိုးလုပ်သားတိကလေ့ ဖုံသောသောနန့် မွဲလို့ပြာလို့ကာ။

ကိုဘသောင်းက မြေပုံညီလာခံလုပ်တေ နေရာကို တစ်ခေါက်ပြပလင်လို့ တောင်းဆိုလိုက်တေအခါ ယင်းနေရာက ရွာဖြစ်လားခဗျာယ်ကာလတ်။ ဒေမြေပုံမြို့နယ်မှာဗျာယ် ကြာအင်းတောင်ညီလာခံကို ကြီးကြီးကျယ်ကျယ်လုပ်ဖူးခရေမနား။ ဒေမြို့ ဒေရွာက ဇာတိဖြစ်တေ ရခိုင်အမျိုးသားခေါင်းဆောင်တိကို စာရင်းချကြည့်ဖို့ဆိုကေ ဆရာတော် ဦးစိန္တာ၊ ဦးကျော် ဇံရှိ၊ ဦးညိုလှအောင်တို့ကိုလေ့ သတိရပြန်ရေထော။ ၁၉၄၀ ခုနှစ်လောက်က ဒေမြေပုံမြို့နယ် ချောင်းကြီးရွာကစဗျာယ် ကျီးကန်းနန့် လင်းယုန်ရန်ဖြစ်ကတ်တေလတ်။ ဒေမြို့ရေ ရခိုင့်နိုင်ငံရေးသမိုင်းမှာ အရေးပါဆုံးမြို့တစ်မြို့၊ လွတ်လပ်ရေး ကြိုးပမ်းမှုခေတ်က ကိုယ့်ဖဲ ကိုယ်ချိုး၊ ကိုယ်ထိုးခြင်းကို ခံရရေမြို့တစ်မြို့၊ ဇာပင်ပြောပြော ကျွန်တော်ကတော့ သခင်အောင် လင်းကို သတိရနီရေထော။

ညစာဖက် လီချမ်းချမ်းသျှေနန့် တည်းခိုခန်းကို ပြရေလမ်းမှာ အုတ်နန့်ဆောက်ထားရေ အဆောက်အဦးသျှေတစ်ခုကို မြင့်လို့‘ဇာလေ့ချင့်ဆရာ’လို့ မိန်းရေခါ ဆရာရွှေနီက ‘မူလတန်းကျောင်းပါ၊ အယင်ခါက ချင်းမကျောင်းလို့ ခေါ်ပါရေ’လတ်။ အော်. . . ဆရာကြီးမောင်စံဖော် အသျှေခါက မြေပုံမြို့က ချင်းမကျောင်းမှာ မူလတန်းပညာကို သင်ခဖူးရေလို့ ဆိုစွာ ဒေကျောင်းရာမနားဒေလို့ တအံ့တသြနန့် ကြည့်ယင်း၊ ဆရာကြီးမောင်စံဖော်ကို ကျွန်တော်သတိရမိပြန်သိရေ။ ဆရာရေ ရခိုင်နိုင်ငံရေးသမိုင်းမှာ ပါဝင်ခရေပိုင်။ ရခိုင်စာပီသမိုင်းကိုလေ့ အသျှေကပင် ကျရေနီရာက တာဝန်ထမ်းဆောင်ခရေ။ နောက်ဆုံးဒေနိအထိ ရခိုင်ရိုးမ မဂ္ဂဇင်းကို မားမားမတ်မတ်ရပ်တည်နိုင်အောင် ကြိုးပမ်းနီယင်း (၇. ၃. ၂၀၀၁)ခုနိန့်မှာ ကွယ်လွန်အနိစ္စရောက်လားခစွာရာမနား။ ဆရာ့ကို ဒေကျောင်းကိုမြင်မှ ပိုလို့သတိရလာရေ။

အစီအရီ၊ အပြိုင်အဆိုင်ရောင်းနီကတ်တေ အရက်ဆိုင်သျှေတိမှာ အမြည်းအိုးသျှေတိကလေ့ အပြိုင်အဆိုင်ဗျာယ် ‘ကျွန်တော်ရို့မြို့ စီးပွားရေးကောင်းရေကိုး’လို့ ကိုအောင်ကျော်ဝင်း ပြောခစွာကို ငြင်းစရာမဟိဗျာယ်ကာနန်း။ အသံကျယ် ကြီးနန့် အားမနာတမ်း ခပ်လှည့်မပီးပြောဗျာယ် ရယ်နီကတ်တေ။ တစ်ယောက်နန့်တစ်ယောက် အထွာတိုင်း၊ ဇာသူပြောပြီး မှ ဇာသူပြောပါမယ်လို့ စနစ်တကျမဟိ၊ ခေါင်းဆောင်မတင်၊ ဗိုလ်မထား၊ အားလုံးကို အတူတူလို့ သဘောထားဗျာယ်။ အဟိကို အဟိအတိုင်း ပရိယာယ်လေ့ လုံးဝမဟိ၊ ပရိယာယ်လေ့ မသုံးတတ်၊ ရိုးသားခြင်း ပြင်ထွက်ဥအပြည့် နန့်ကာလို့ အလိမ္မာသုံးတတ်တေ ရခိုင်သားတိကို ကြည့်ယင်း အားမလို၊ အားမရဖြစ်မိရေထော။ မီးခွက်သျှေတိထွန်းလို့ ရောင်းနီရေ ဆိုင်တန်းကို သုံးလေးခါဖြတ်လျှောက်ပြီးမှ ‘အမြည်းစားကြည့်ကတ်မေ’လို့ ကိုဘသောင်း အဖော်ညှိစွာကို ခေါင်းညိတ်ပျာယ် သဘောတူလိုက်တေ။ ဒေါင်းပြောက်၊ ဂဏန်း၊ ဂုံး၊ မရွှတ်၊ ကယု၊ ဆီးဖုဒ်တိ တပျင်းစားစွာမှ နှစ်ရာတောင် မကျလတ်။ သူငယ်ချင်း သင်္ဘောသား စံရွှေမောင် စင်္ကာပူမှာ ဒေါ်လာငါးဆယ်ဖိုး ဆီးဖူးလ်ဝယ်ကေ တပျင်းစားလို့ စားမကုန်ဆိုဗျာယ် အားရပါးရ ပြောရေစကားကို ပြန်ကြားမိရေထော။

ကိုအောင်ကျော်ဝင်း မိသားစုကျွေးရေ ညဇာထမင်းကို စားပြီးခါမှ တည်းခိုခန်းထက်မှာ ငယ်က ကောလိပ်အတူတက်ဖူး ရေ သူငယ်ချင်းတိနန့် ရတနာမြေပုံမဂ္ဂဇင်း ကော်မတီဝင်တိနန့် စာအကြောင်းပီအကြောင်း မဂ္ဂဇင်းအကြောင်းတိကို အားရပါးရ ဆွေးနွေးဖြစ်ကတ်တေ။ အမှန်ဆိုကေ ဒေမြို့နယ်မဂ္ဂဇင်းရေ ရခိုင်ပြည်နယ်(၁၇)မြို့နယ်မှာ နောက်တကာ့

နောက်ဆုံးသားထွီးသျှေအဖြစ် နောက်ဆုံးထွက်လာရေ မဂ္ဂဇင်းဖြစ်တေ။ ယကေလေ့ အစဉ်အလာကြီးရေ မြို့ဖြစ်လို့လားမသိ ဒေနိမဂ္ဂဇင်းထုတ်ဖို့အတွက် ရံပုံငွေအလုံလောက်ထက် ပိုလို့ဟိရေလတ်။ 'ကျွန်တော်ရို့က တစ်နှစ်မှာ နှစ်အုပ်လောက် ထွက်ချင်ရေ၊ ကြိုးစားပီးပလင်'လတ်။ ဘုရား. . . ဘုရား တစ်နှစ်မှာ တစ်အုပ်ထွက်ဖို့တောင် ကြိုးစားနီကတ်ရရေမြို့တိ မဂ္ဂဇင်းတစ်အုပ်ထွက်ပြီးကေ နောက်ထပ်မဂ္ဂဇင်း မထွက်နိုင်လို့ ပူဆွေးနီကတ်ရရေမြို့တိက မဂ္ဂဇင်းကော်မတီတိ ကြားကေ တော့ ဒုက္ခဗျာယ်။

ဆွေးနွေးပွဲရေ ညဉ့်နက်လာလီ အားရစရာဖြစ်လီ၊ အကြောင်းအရာတိ ပိုစုံလီ၊ တစ်မြို့လုံး လျှပ်စစ်မီးမရကေလေ့ ဗွီဒီယိုပြရေနီရာက မီးကို သွယ်ထားစွာဖြစ်လို့ လင်းလင်းကြင်းကြင်း အားရပါးရ ပြောခွင့်ရကတ်တေ။ အာဂန္တုကို အားနာ လို့ ညဉ့်(၁၁)ချက်တိကျော်မှ ပြန်လားခကတ်ကေလေ့ ကိုဘသောင်းနန့် ကျွန်တော်က ကုတင်တစ်ယောက်တစ်လုံးစီနန့် တောင်တွေး၊ မြောက်တွေး။

* * *

'ဒေသဘော်ာနန့် လိုက်လားခဖို့ဆိုကေ မင်းပြားကို (၁၁)နာရီမထိုးခင် ရောက်လိမ့်မေ။ ညစာက ကျွန်တော်ပြောစွာ အကိုမှတ်မိလား၊ ကျွန်တော်က အဝီးရောက် ရခိုင်သားတိကို ဒေအဖရခိုင် ရတနာမြေကို ပြန်လာကတ်ဖို့ ဖိတ်ခေါ်ရေပိုင်၊ နောက်တစ်ခေါက် ကျွန်တော်ရို့ မြေပုံမြို့ကို အကိုရောက်အောင် ပြန်လာလတ်ပါလို့ ကျွန်တော်ဖိတ်ခေါ်ပါရစီ. . . လို့ ကိုအောင်ကျော်ဝင်းတစ်ယောက် ပြောဖြစ်အောင် ပြောလိုက်ပါသိရေနှန်း။

ရိုးမလူ

(၁၈.၆.၂၀၀၁)

ရတနာမြေပုံ အမှတ် (၃) မဂ္ဂဇင်းမှ----

# စီးရာစီးလီ

ဇာရော်အိုင်၊ မီးဝရို့အထက်ကို တက်လားလီ ကုလားတန်ဘားဘာကို တွိရလီဗျာယ်။ ဒေချောင်းသျှေစွာ ထိုး--အာသံနယ် မြောင်းသျှေဘဝက စီးဆင်းလာစွာ ရီတိမ်တစ်ခါ၊ နက်တစ်ခေါက် ကွေ့လီကောက်လောက်သျှေ စီးလာပြီးခါမှ ဒေမြို့အနားက ဖြတ်လားခစွာရာမနား။ ကြည့်စမ်ချက် ကြိုင်နီလိုက်တေရီ။ မြရောင်တောက်လို့ ထိုဖက်ဒေဖက် ဖောက်မြင်ရယင့်။

စစ်တွေဖက်ကလာကတ်ဖို့ဆိုကေ ပုဏ္ဏားကျွန်း၊ သဲတက်၊ ပေါက်လယ်ဝ၊ အပေါက်ဝပြီးမှ ဒေမြို့ကို ရောက်တေ။ သဲတက်ရေ ပုဏ္ဏားကျွန်းနန့် ကျောက်တော်မြို့ရို့ နယ်ခြားမှတ်တိုင်ချင့်။ သဲတက်မှာ မိုးခါဆိုကေ ရီချိုဗျာယ်၊ နွီခါဆိုကေ ရီငန်ရေ။ အပေါက်ဝလောက်ရောက်မှ မိုးပါနွီပါရီချိုရေ။ ဒေနယ်မြေမှာ သူတစ်ယောက်တည်း စီးဆင်းစွာမဟုတ်၊ ယိုးချောင်း၊ ရန်းချောင်း၊ သရီချောင်းရို့ပါ အဖော်ပြုလို့ စီးနီကတ်စွာရာ။

ဒေကုလားတန်မြစ်ရေ မြစ်ဝကိုရောက်လာလီ ကျောက်ဆောင်ကျောက်တုံးတိလေ့ များလာလီဖြစ်တေ။ ယင်းကျောက်ဆောင်ကျောက်တုံးတိရေ လိပ်နောက်ကုန်းနန့် ကောင်းကောင်းတူလို့ ပါဠိဘာသာစကားနန့် ‘ဂစ္ဆပနဒီ’၊ ‘ဂစ္ဆပမြစ်’လို့ နာမည်အလှပသျှေတစ်ခု ခေါ်ကတ်ပြန်ရေထော။ ဒေမြစ်ဒေမြီကမ်းတစ်လျှောက်မှာ ရခိုင်ဘုရင်ရို့လက်ထက်က လက်ဝဲကိုးဆယ့်ကိုးမြို့၊ လက်ယာကိုးဆယ့်ကိုးမြို့စီ တည်ထားခရေလတ်။ ယင်းခါက ဒေနီရာ ဒေ,ဒေသရို့ရေ ဇာလောက်စည်ကားလီဖို့လဲ။

ကျောက်တော်သားတိက သူရို့ရေ ကုလားတန်ဘားဘာကို ပိုင်ထားရေပိုင် မောရပဗ္ဗတတောင်နန့် မဟာမုနိဘုရား၊ ဓညဝတီနယ်မြေရို့ကိုလေ့ ပိုင်ရေမနား။ ယေပြီးကေ အနားမှာဟိရေ ဝေသာလီကိုလေ့ အမွီရထားလိုက်စွာဖြစ်လို့ ဂုဏ်ယူချင်တိုင်း ယူနီကတ်စွာဗျာယ်။ အပေါက်ဝကိုရောက်ကေ ကျောက်တော်တောင်ကို အဝီးကပင် မမြင်တစ်ချက်၊ မြင်တစ်ချက် မြင်ရရေဆိုကေလေ့ တစ်ခါတစ်ခါ ခေတ်တော်တောက်လို့ ကောင်းကောင်းအလှပမြင်ရယင့်။

သဘော်က ကျောက်တော်ဖက်ကမ်းမှာ ကပ်စွာဖြစ်လို့ လမ်းမတော်ဖက်ကို တစ်ခါ ကူးရဖို့သိမ့်။ မြစ်ပြင်မှာ ရွက်သျှေတိနန့် လားချင်ပိုင်လားနီကတ်တေ လောင်းလှီသျှေတိက ချစ်ကောင်းထမန်းပါကာ။ ဒေလမ်းမတော်ဖက်ကမ်းမှာ ရခိုင်တစ်ပြည်လုံးက ဂုဏ်ယူဖို့ကောင်းရေ သကြားစက်တစ်စက်ဟိနီပါယင့်။ လမ်းမတော်ကို ရောက်ဗျာယ်ဆိုကေ ငါးမိုင်လောက်ဝီးရေခရီးဖြစ်လို့ ဆိုက္ကားနန့်တစ်ခါ လားရပြန်ဖို့သိမ့်။ လမ်းရေ လမ်းကောင်းလည်းမဟုတ်၊ လမ်းဆိုးလည်း မဟုတ်၊ လမ်းညံ့ရာ။ “ဒေပိုင်လမ်းမျိုးမှာ ဆိုက္ကားနင်းရကေတော်ဗျာယ် ကိုး“လတ်ထော။ လမ်းမဘေးဝဲယာမှာ စစ်တေပ်တိ အစီအရီဖြစ်လို့ သူခိုး၊ ဓားပြရန်ကတော့ ကင်းလီကတ်ဖို့ရာ။ ဒေနယ်မှာ တပ်မတစ်ခုနန့် တပ်ရင်း( ) ရို့ဟိကတ်တေမနား။ တောင်ပေါက်ကြီးနားကိုလေ့ ရောက်ဗျာယ်ထော။ ဆိုက္ကားထက်ကဆင်းဗျာယ် လမ်းလျှောက်ရပြန်သိမ့်ရေ။ ဒေတောင်ပေါက်ကြီးနားကမနားဒေ ကျောက်စာတစ်ချပ်ရစွာ။ ယင်းကျောက်စာမှာ ပြဟ္မီအက္ခရာနန့် ရီးထားစွာဖြစ်လို့ ရခိုင်စာပီသမိုင်းမှာ အရေးအကြီးဆုံးသော ကျောက်စာဖြစ်တေ။ ဒုတိယကမ္ဘာစစ်ကြီးဖြစ်တေအခါ ယင်းကျောက်စာကို ဇာသူဖျက်ဆီးလိုက်လေမသိ၊ ပျက်စီးပျောက်ပျက်လားခရေ။ အေးလေ--အားလုံးသော အားလုံးသော အရာတိတောင် ပျက်စီးလားခဗျာယ်ကာ။

မဟာမြတ်မုနိဘုရားရေ သရက်တစ်ပင်နန့် အင်တန်သျှေဝီးသိမ့်ရေ။ ယေကေလေ့ ‘ရွာမပြင်’ကို အယင်ဝင်ရဖို့သိမ့်။

* * *

ကိုဘသောင်းတစ်ယောက် တစ်ညည့်လုံးရွာသားတိနန့်အတူ ချက်ပြုတ်နီရလို့ စကားပြောဖော်တောင်မရ။ မိုးထစောစော ချက်ပြီးသားဆွမ်းတိကို လောင်းထက်ကို အဆင့်ဆင့်တင်ရပြန်ရေ။ ရွာသားသုံးလေးဆယ်လောက် ဝိုင်းလုပ်စွာတောင်မလွယ်၊ လောင်းနန့်သရီချောင်းကို ဆန်ဗျာယ် မဟာမြတ်မုနိဘုရားကို ရောက်နိုင်သလောက်ရောက်အောင် လားရပြန်သိမ့်ရေ။ ယင်းလောင်းဆိပ်က ဘုရားထက်ကိုတစ်ခါ ဆိုက်ကားနန့် ပြောင်းကတ်ရပြန်ရေ။ ဒေသရီချောင်းကမနား မဟာမြတ်မုနိဘုရားကို ပင့်လားခကတ်စွာ။ ဒေချောင်းအတိုင်းလာခကေ သျှင်ကျော်ဘုရားကိုလေ့ ရောက်တေ။ ဒေါက်တာသန်းထွန်း ရီးသားရေ‘ဘုရားလမ်းမ’ ဆောင်းပါးမှာတော့ ဖောင်ထက်ကိုရောက်လို့ နှစ်ရက်နီကေ ‘အမ်း’ကို ရောက်တေလတ်။ ဇာဖက်က ဇာပိုင်လားလီခကတ်လေဂု။ မဟုတ်ကေ လူအင်အားအင်တန်သုံးခလီလာ။ ဘုရားထက်မှာ ဒေါက်တာထွန်းအေး၊ ကိုဘသိန်း၊ ကိုစောမောင်၊ ကိုလပြည့်အောင်ရို့နန့်အတူ စာပီအသိုင်းအဝိုင်းတိ အင်တန်စုံရေဝါ။ သံဃာတိကို ဆွမ်းကျွေးရေခါလေ့ ထင်ထားရေထက် ဟင်းမျိုးစုံပါယင့်။ ဖိတ်ကြားထားရေလူတိ စုံအောင် မရောက်နိုင်လို့ ကိုဘသောင်းတစ်ယောက် စိတ်မကောင်း။ “လူတစ်ရာဝန်းကျင်ရောက်တေဆိုကေ ကျေနပ်ပါဗျာယ် ကိုဘသောင်း”။

ဒေမဟာမြတ်မုနိဘုရားကို မဟာသက္ကရာဇ် ၁၂၃ ခုနှစ်မှာ ဓညဝတီပြည့်သျှင် ရခိုင်ဘုရင် စန္ဒာသူရိယမင်း သွန်းလုပ်ခရေ။ ဘုရားသျှင်ကိုယ်တိုင်လာရောက်ဗျာယ် ရင်ငွိ့တော်ပီး၊ ဗျာဒိတ်တော်ထားခရေ ဘုရားရှင်လေ့ဖြစ်တေ။ ဗုဒ္ဓဘာသာဝင်တိုင်းက လေးစားကြည်ညို၊ လိုချက်တက်မက်ကတ်တေ။ ယင်းကြောင့် အနော်ရထာ၊ တပင်ရွှေထီး၊ ဘုရင့်နောင်နန့် ဘိုးတော်ဘုရားရို့ ခေတ်အဆက်ဆက် ကြိုးစားကတ်စွာ ဘိုးတော်ဘုရားလက်ထက်မှာမှ အောင်မြင်လားခရေယေ။ အရှိတိုင်းရင်းသားရို့ ဓလေ့ထုံးတမ်းစဉ်လာနန့် ယုံကြည်မှု၊ ဘာသာရေးအပေါ်မှာ အားထားတက်မက်မှု၊ တန်ခိုးအာဏာပိုင်ဆိုင်လိုမှုတိရေ အနောက်တိုင်းသားရို့ စိတ်ဆန္ဒာနန့် ကွဲပြားခြားနားပါရေကား။ အနောက်တိုင်းသားတိက သိပ္ပံနည်းပညာပိုင်ဆိုင်လိုမှုနန့် စီးပွားပိုင်ဆိုင်လိုမှုကိုရာ အဓိကထားကတ်တေ။ ဒေကုန်းတော်မှာဟိရေ ဘုရားကို ခေတ်အဆက်ဆက်ပြုပြထိန်းသိမ်းလားကတ်တေထဲက ဦးရွှေမှုံ၊ ဦးရဲကျော်သူရို့ရေ နာမည်ကြီးရေ ဘုရားဒါယကာတိဖြစ်တေ။ ဒေဖက်ခေတ်မှာတော့ ကုသိုလ်သျှင်၊ စေတနာသျှင်တိ အများကြီးဖြစ်လို့ ဘုရားကြီးရေ စလွယ်တော် သုံးကြိမ်အထိ ရဖူးရေ။ ဆွမ်းကျွေးတရားနာပြီးရေခါ ပြုပြုသမျှ ကုသိုလ်ကောင်းမှုအတွက် အမျှဝီသာစုခေါ်ကတ်ရပြန်ရေ။

ဒေကုလားတန်မြစ်ရိပြင်ရေ ပရိယာယ်ဇောင်ပင်လေ့မဟိကာ ရီအောက်က ကျောက်ဆောင်ကျောက်သားတိကို အတိုင်းသားမြင်နီရရေထော။ ဒေမြို့မှာ ၁၉၄၁ ခုနှစ်လောက်က ရခိုင်တိုင်းလုံးဆိုင်ရာညီလာခံ တတိယအကြိမ်မြောက်ကို ကျင်းပပြုလုပ်ခဖူးလီရေ။ ယင်းအခါက ဥက္ကဋ္ဌ ဦးသာဇံလှကို ဖောင်ကြီးဖောင်သျှေအသွယ်သွယ်နန့် တစ်ခန်းတစ်နားကြိုဆိုခကတ်လီစွာကို မှတ်မိပါသီယင့်။ ခမ်းခမ်းနားနား ဆောက်ထားရေ မဏ္ဍပ်ရေ လီလိုက်ဗျာယ် မိုးရွာလို့ အရာတစ်ခေါက်ပြန်ဆောက်ခကတ်ရရေဝါ။ ဒေညီလာခံပြီးလို့ ညီလာခံကဆုံးဖြတ်တေ ဆုံးဖြတ်ချက်တိကို အကောင်အထည်လေ့ မဖော်လိုက်ရ။ ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာလို့ ရခိုင်သားနိုင်ငံရေးရေ ရီစုန်မျှောခရလီပြန်ရေ။

ဒေမြို့ရေ ဦးအောင်ဇံဝေ၊ ဦးညိုထွန်းနန့် ရခိုင်ခေါင်းဆောင်ကြီးတစ်ချို့ မွီးဖွားရာမြီလေ့ဖြစ်တေပိုင်။ ဂျပန်တော်လှန်ရေးခေတ်က နာမည်ကြီး ဗိုလ်ချုပ်ကြာလှအောင်လေ့ ညောင်ပင်လှကျေးရွာမှာ ဘဝသမိုင်းကို ရီးယင်းရီးယင်း ခေါင်းချခရေ မြီလေ့ဖြစ်တေ။

ကျောက်တော်တောင်ထက်မှာ ဘုရားတိကို စောင့်ရှောက်ပြုပြင်နီစွာဖြစ်လို့ ဖူးမြော်ရရေလူတိုင်း ဝမ်းသာပီတိဖြစ်ရရေပိုင် ကျောက်တော်သားတိအတွက်လေ့ ဂုဏ်တက်နီယင့်။ ကိုယ်ပိုင်မီးစက် ဟိစွာဖြစ်လို့ ညဥ့်ခါတိုင်ကေ ထိုအဝီးကြီးကပင် ဘုရားမီးကို ဖူးကတ်ရရေလတ်။ ကစ္ဆပနဒီတံတားရေ ကျောက်တော်တောင်ခြီရင်းမှာ ဝပ်ဆင်းဖို့ ကြိုးစားနီရေ။ ဒေတံတားကြီးပြီးကေ 'ရခိုင်သားလေ၊ သာစွလေ 'ဗျာယ်။ ၁၉၉၉ ခု မကုန်ခင်မှာ ဒေတံတားပန်းဝင်ဖို့လို့ ထင်ကြေးပီးကတ်ပြန်ရေ။ ကျောက်တော်တောင်ထက်မှာ ဘေးမဲ့ပေးထားရေ မျောက်တိ အကျိုင်လိုက် အကျိုင်လိုက်၊ အရှိလိုက် အရှိလိုက်လတ်။ အဂုတော့ သေနတ်သမားကို ကြောက်လို့ တကောင်လေ့ မမြင်ရကာ။ အယင်ခါ ဘုရားဖူးတိပါးက အစာတောင်းစားကတ်ပြန်ရေဆို။ ကျောက်တော်တောင်ထက်က နီညိုညိုနန့် မြင်ကွင်းတိရေ ပိုလို့ပိုလို့ ကြည့်ကောင်းရေထော။ တောင်ခြီရင်းမှာဟိရေ လယ်ကွင်းတိထဲမှာ 'ဗျိုင်းတစ်ကောင်းလေ့ မမြင်ရကာကိုး' လို့ မိန်းကြည့်ဖြစ်တေခါ ဒေနိန်ရာ ဒေ,ဒေသကလူတိ၊ ဗျိုင်းသတ်ဆီးကျွေးဗျာယ် ဗျိုင်းတိကို သတ်စားပစ်ကတ်လို့ မျိုးတုံးသယောင်ယောင်ဖြစ်နီဗျာယ်လတ်။ ယော်. . . .

ဗျိုင်ရေ လယ်သမားအကျိုးကို ပြုရေဗျိုင်း၊ လယ်သမားအကျိုးကို ပြုရေ သတ္တဝါ၊ ယင်းပိုင်သတ်စားပစ်ကတ်တေ ရခိုင်လယ်သမားတိတော့ခါ ဒုက္ခဗျာယ်မနားယေ။

* * *

ဒေမြို့ကို အင်္ဂလိပ်တိ တည်ထောင်ပီးခစွာ အဂုဆိုကေ နှစ်ပေါင်း လောက်ဟိလီဗျာယ်။ တစ်မြို့နယ်လုံး၊ ဧရိယာစတုရန်းမိုင်ပေါင်း လောက်ဟိရေ။ တောင်ဖက်မှာ ပုဏ္ဏားကျွန်း၊ အနောက်ဘက်မှာ ဘူးသီးတောင်၊ အရှေ့ဘက်မှာ မြောက်ဦးရို့ ဟိကတ်တေ။ ဒေမြို့မှာ ထင်ရှားရေ မဟာမုနိဘုရားဟိစွာဖြစ်လို့ နှီပါ ဆောင်းပါ ဘုရားဖူး အာဂန္တုတိကန်ကမကန်၊ ယင်းအာဂန္တုတိရေ မဟာမုနိဘုရားကိုဖူးချင်ရေလူတိက မဟာမုနိဘုရားထက်က ညောင်ပင်ကြီးမှာ သားဆုတောင်း၊ ပြီးကေ မြောက်ဦးဘက်မှာဟိရေ ဝေသာလီဘုရားတိကို ဖူးဗျာယ်။ မြောက်ဦးကိုလေ့ ဆက်လို့ ဖူးဖို့လားလို့ရယင့်။ ကားလမ်းနန့် ရီလမ်း နှစ်လမ်းကို ပိုင်ထားရေ။ နီကောင်းနီဖွယ်မြို့သျှေ။

ဒေကုလားတန်မြစ်နန့် ယိုးချောင်း၊ ရန်းချောင်း၊ သရီချောင်းရို့မြစ်ဝမှာ တာတမံလုပ်ဗျာယ် ကမ်းပိုင်တိ၊ ကမ်းပိုင်တိ လုပ်ထားကတ်ပြန်ရေ။ တချို့ကလေ့ စိုက်ပျိုးရေးလုပ်ဖို့လို့ ချောင်းသျှေတိကို ဘောင်သျှေတိခတ်ဗျာယ်၊ ကန်သျှေ၊ တွင်းသျှေ လုပ်ထားကတ်ပြန်ရေ။ အေး. . . လေ. . . ၊ သူရို့ကို ဇာပိုင်ပင်ထားထား၊ ဇာသူပင်ဆီးဆီး တိမ်ချင်ကေရာစကေတိမ်လီဖို့။ ဒေမြစ်ဒေချောင်းရို့ရေ ရခိုင်သမိုင်း ရခိုင်သားရို့နန့်အတူ . . . .။ ။

ရှိုးမလှု

၁၉၉၈၊ ဧပြီလ(၃)ရက်

# ငွေတိုး

**နာမေက ငွေတိုး။**

**ဝက်သျှေတစ်ကောင် နာမေရာ။**

**အရောင်က အဖြူရောင်။**

သူ့အကြောင်းကို ပြောဖို့ဆိုကေ ဒေအကြောင်းသျှေတိကိုပါ တစိသျှေထည့်ပြောမှ ပိုလို့ပြည့်စုံဖို့ ထင်ပါရေ။ ၁၉၇၅-၇၆ လောက်က မြောက်ဦးမြို့နယ် တစ်ခုလုံးဟိ(၈)တန်းကျောင်းသားအားလုံးထဲမှာမှ ကျောင်းသူကျောင်းသား (၂၃)ယောက် တည်းရာ စာမေးပွဲအောင်ဖူးရေ။ ယင်းကျောင်းသား(၂၃)ယောက်ထဲမှာ သိပ္ပံဘာသာရပ်မာ(၂၁)ယောက်၊ ဝိဇ္ဇာဘာသာရပ်မာ (၂)ယောက်။ စုစုပေါင်း(၉)တန်းကျောင်းသား (၂၀)ကျော်ကျော်သျှေလောက်ရာ အထက်တန်းကျောင်းမာ ကျောင်းတက်လို့ဟိရေဆိုရဖို့။ ၁၉၇၆-၁၉၇၇ စာမိန်းပွဲစစ်တေခါ (၉)တန်းကျောင်းသား အားလုံးထဲက ကျောင်းသား(၃)ယောက် တည်းရာ စာမိန်းပွဲယှျုကျန်ခလို့ ငယ်ကရောင်းရင်းသူငယ်ချင်းတိက ဒေနိန်ထက်တိုင် ပြောနိန်တုန်းသိ။ အေထက်မက အတိအကျပြောရဖို့ဆိုကေ ယင်းနှစ်ရေ ဆရာကြီး ဦးအောင်လှဇံ အလုပ်ကထွက်တေနှစ်။

ယင်းပိုင်နန့် ၁၉၇၇-၇၈ ခုနှစ်မှာ မြောက်ဦး အထက,က ပြောင်းလို့ စစ်တွေအထက(၁)မာ တစ်ဝါဆိုကျောင်းသားဘဝနန့် (၉)တန်းပညာကို ဆက်လို့ ပညာသင်ကြားခွင့် ရခဖူးလီရေ။ ကျောင်းပိတ်လို့ မြောက်ဦးမြို့က အိမ်ကို ပြန်ဖြစ်တေခါ အိမ်မာဆိုက္ကားတစ်စီးတွိရရေ။ အမှန်ဆို ဒေမြောက်ဦးမာ ဆိုက္ကားမဟိ။ ၁၉၇၇ ခုနှစ်လောက်မာ မြောက်ဦးမြို့ကို ဆိုက္ကားရောက်လာစွာ။ ညောင်ပင်စျီးရပ်ကွက်က ကိုစံထွန်းရွှေဆိုသူကြောင့် ရာဖြစ်တေ။ သူတင်သွင်းလာလို့ မြောက်ဦးကို ဆိုက္ကားရောက်ဖူးလာစွာရာ။ အဂုအိမ်ကိုရောက်နီရေ ဆိုက္ကားကလေ့ ကိုစံထွန်းရွှေပါးက ဆိုက္ကား။ 'မင်းညီအလတ်ကောင်ကျော်မြင့်အောင် စာမသင်ဗျာယ်။ ဆိုက္ကားရာနင်းဖို့ဗျာယ်လို့ ပူဆာစွာ ရက်ပြတ်။ ငါနားပူမခံနိုင်လို့ အိမ်မာမွီးစပ်ထားရေနွားတိထဲက နွားမသျှေတစ်ကောင်နန့် ဖလိုက်စွာ။ အဂု မင်းညီစစ်သားဝင်ဖို့ အိမ်ကထွက်ပြီးလားခယင့်'လို့ ဘာဘာကပြောရေ။ ယင်းပိုင်ဆိုကေ မြောက်ဦးမြို့ကို ပထမဆုံးရောက်လာရေ ဆိုက္ကားလို့ မော်ကွန်းတင်ကေလေ့ ရနိုင်ဖို့ထင်ယင့်။ ဆိုက္ကားနံပါတ်က မဟ/၁၇။ အလျှင်ဆုံးရောက်လာရေ ဆိုကားလို့လဲပြောရေ၊ နံပါတ်က ၁၇။ ဇာကြောင့်လဲ၊ လိုင်စင်ဝင်ခါ နောက်ကျလားလို့ရာလတ်။ ယင်းခေက် ယင်းကာလက ဒေမြို့ကို မြို့ဟောင်းလို့ရာခေါ်ကတ်တေ။ ယင်းကြောင့် ဆိုက္ကားနံပါတ် မဟ/၁၇ဆိုစွာ 'မြို့ဟောင်းမြို့က ဆိုက္ကားနံပါတ် ၁၇' ကိုပြောစွာ။

စစ်တွေမြို့က ပညာတော်သင်ပြန်လာရေ ကျောင်းသားဖြစ်ကေလေ့ ဒေဆိုက္ကားကို နင်းဖြစ်တေ။ ဇာဖြစ်လို့လဲဆိုကေ မြောက်ဦးမြို့မှာ ဆိုက္ကားကျွမ်းကျွမ်းကျင်ကျင်နင်းတတ်တေ လူမဟိသိလို့။ ယင်းကြောင့်လေ့ ကိုယ်တိုင်နင်းဖြစ်တေ။ ဝင်ငွေကမဆိုး။ တစ်ရက်မှာ ဒင်္ဂါး ၁၀-၂၀လောက်တော့ အသာသျှေ။ ယင်းပိုင်ရလာရေ ဖေသာကိုစုဗျာယ်။ အထကကျောင်းဒရဝမ် ကိုသာလှအောင်ပါးက အေဝက်သျှေကို ငွေ(၅၀)နန့် ဝယ်ဖြစ်စွာ။ သူက သားခွဲခါစ။ သူနန့်အတူ ဖွားဖက်တိက ၁၀-၉ကောင် လောက်ဟိရေ။ သူက အလှဆုံး။ အကြီးဆုံး။ ဖြူဖြူဖွေးဖွေး သင်းပြီးသား ဝက်တောင်းသျှေတစ်ကောင်။

အမှန်ဆို ဘာဘာရေ သားသမီး(၈)ယောက်ကို ပညာသင်ကျွေးမွေးနိုင်ဖို့အတွက် တစ်နိုင်မွေးမြူရေးလုပ်ငန်းကို လုပ်ထားပြီးသားဖြစ်တေ။ အိမ်မာ နွား၊ ဝက်၊ ကြက်၊ ဆိတ်၊ ဘဲ၊ အားလုံးအစုံ မွီးစပ်ထားပြီးသားရာ။ ယေကေလေ့ ဘာဘာရေ သားကြီးစိတ်တိုင်းကျ၊ သားကြီးစိတ်ချမ်းသာဖို့ ဒေဝက်သျှေကို သီးခြားမွီးစပ်ခွင့်ပြုရေ။ ကန်ကြီးထဲမှာ ကန်သျှေတူစွာကို ဘာဘာခွင့်ပြုရေ။

သူ့အတွက် မိုးထဖက် ဆိုက္ကားနင်းရာက ပြန်လာဗျာယ်ဆိုကေ ကင်းစွန်းရွက် ၃-၄ စည်းလောက် ဝယ်ယူခရရေ။ သူရေ ကျွန်တော်အလာကို စောင့်နီရေ။ ဆိုက္ကားသံကြားကေ ခြံဝကိုထိ ထွက်ပြီးလာတတ်တေ။ ယူလာရေ ကင်းစွန်းဟင်းကို ကျွေးပြီးခါမှ အားရပါးရ စားပြီးကေ သူလားချင်စွာကို လားခရေ။

တစ်ခါတစ်ခါ ကျွန်တော်ရီချိုးနီဗျာယ်ဆိုကေ သူကိုပါ ရီချိုးပီးရရေ။ ကျွန်တော်အိမ်ကိုရောက်လို့ ထိုနားအေနားလားဗျာယ်ဆိုကေ ခွီးသျှေတစ်ကောင်ပါ တကောက်ကောက်လိုက်နီရေ။ ငွေတိုးလို့ သူ့နာမေကို ခေါ်လိုက်ကေ "ဂူးဂူး"ထူးရေ။ သူ့ကို ဇာကြောင့်ဒေနာမည် ပီးထားလေ သူမသိ။ သူရေ လူစကားတိကို နားလည်ရေ၊ ဂရုတစိုက်မွီးစပ်လို့လားမသိ။ ကောင်းကောင်းအကြီးယင်စွာမနား။ အိမ်မှာ မွီးစပ်ထားရေ တခြားဝက်တိနန့် နှိုင်းလိုက်ကေ အလိမ္မာ၊ နားလည်မှု၊ သံယောဇဉ်တိက တခြားစီရာ။ တစ်လခွဲ၊ နှစ်လမွီးစပ်လိုက်စွာနန့် ဝက်ကြီးတစ်ကောင် ဖြစ်လာရေထော။ ငွေတိုး။ အဟိတ်တိရိစ္ဆာန်ဖြစ်ကေလေ့ သံယောဇဉ်ကြီးတတ်ကေ ငွေတိုး။ ကျွန်တော် အိမ်အပြန်ကို တမျှော်မျှော်နန့် စောင့်နီတတ်တေ ငွေတိုး။ ကျွန်တော့်ကို ပွတ်သီးပွတ်သန့်နန့်စီ ကစပ်တတ်တေ ငွေတိုး။ ကျွန်တော် အိမ်ကို ဇာချိန်ပြန်လာလာ ကျွန်တော့်ကို

မြင်ဗျာယ်ဆိုကေ ပျော်တတ်တေငွေတိုး။ ကျွန်တော်ကလေ့ ကျွန်တော့်ရည်ရွယ်ချက်နန့် ကျွန်တော်။ သူ့ကိုအစဝအောင်ကျွေး၊ ရီမိုးချိုး၊ သန့်ယှင်းအောင်ထား။ စိတ်ချမ်းသာအောင်ထား။ သူအကြီးကြီး ကြီးလာဖို့က ကျွန်တော့်အဓိက ရည်ရွယ်ချက်။

ယင်းပိုင်နန့် စစ်တွေမြို့ကို ၁၀တန်းကျောင်းသားဘဝ ကျောင်းပြန်တက်ဖို့ဖြစ်တေခါ ငွေတိုးကို (၃၀၀)နန့်ရောင်းလိုက်ဗျာယ်။ ရောင်းပြီးမှ ငွေတိုးကို ရှာမရ။ တကြော်ကြော်နန့် အော်ကေလေ့ သူ့အသံကို မကြားရ။ သူ့ကို ရှာမရ။ သူပျောက်နီရေ။ လုံးဝရှာမရ။ နောက်ဆုံး အိမ်နန့်ဝီးရေနီရာ ခြုံပုတ်သျှေတစ်ခုအောက်မာ သူပုန်းနီစွာရာမနား။ အသံမထွက်အောင် ငြိမ်နီရေ။ ကြည့်စမ်း ငွေတိုး။ ငါခေါ်စွာ မကြားလား။ ငါကား ရှာရစွာ ညောင်းနီဗျာယ်။ မင်းက ဒေမှာ ဇာလုပ်နီစွာလေ။ လာစမ်း ငွေတိုး။ နားရွက်ကို အတင်းဆွဲခေါ်ပနာ။ ခေါ်ယူခပြီးကေ ဝက်ဝယ်သူ ဝတ်သတ်သမားရို့လက်ကို အပ်လိုက်တေ။

အစက သူသိပုံမပေါ်။ ငွေတိုးကိုကြိုးနန့်ချိုင်ဖို့ ကြိုးစားကတ်တေ။ သူ သဘောပေါက်လားဗျာယ်။ ငွေတိုး ရုန်းရေ။ ချိုင်လို့မရ။ လူတိအများကြီး လုံးဗျာယ်ထွီးဗျာယ် ချိုင်ကတ်တေ။ ငွေတိုးတအား ရုန်းရေ။ ရုန်းမရ။ ငွေတိုးအော်ရေ။ ကျွန်တော့်ကို ကြည့်ဗျာယ် အကူအညီတောင်းရေ။ ကျွန်တော် သူ့ကိုမကြည့်။ ယင်းအတွက် သူပိုအော်ရေ။ ကျွန်တော်လုံးဝ ဂရုမစိုက်။ ငွေတိုးပိုအော်လာရေ။ ကျွန်တော်လုံးဝလှည့်မကြည့်။ ကျွန်တော်ကြားအောင် သူကျွီးရေ။ ထိုအသံကို ကျွန်တော် မကြား။ ကြားကေလေ့ မကြားကွန်ဆောင်နီရေ။ ကျွန်တော်ဝက်ဝယ်သူရို့ ပီးရေဖေသာကိုကြည့်ပနာ ရွှီနီရေ။ ကျွန်တော်မျက်စိထဲမာ ဒေဖေသာရေ အရေးအကြီးဆုံး။ ဒေပိုင်ငွေ(၅၀)ကနီ ၃၀၀ ပြည့်အောင် စောင့်ခရစွာက အကြာကြီး။ ကျွန်တော့် ဘဝအတွက် ဒေဖေသာရာ အရေးကြီးရေ။ ဒေ ၃၀၀ ရေအများကြီး၊ ဒေပိုင် ကိုယ်ပိုင်ငွေ (၃၀၀)ဖြစ်လာဖို့ တစ်ခါတောင် မစဉ်စားမိ။ စစ်တွေမြို့ကို ရောက်ကေ စက်သီးတစ်စီးဝယ်ပနာ စီးပလိုက်ကေ ကောင်းဖို့လား။ ဒယောအင်္ကျီအသစ်တိ ဝယ်ပနာဝတ်ပစ်လိုက်ကေ ကောင်းဖို့လား။ ဇာလုပ်ကေ ကောင်းဖို့လဲ။ ဇာပိုင်သုံးပစ်ရဖို့လဲ။ ကျွန်တော်စိတ်ကူးယဉ်နီရေ။ ငွေတိုးအသံရေ ပိုမြင့်လာရေ။ ကျယ်လာရေ။ ကျွီးပနာ၊ အော်ပနာ၊ ငိုပနာ အကူအညီ တောင်းခံနီရေ။ ကျွန်တော်သူ့ကို မကူညီ၊ ကျွတ်ထွက်လာရေ ကြိုးတစ်ပင်ကို ဝက် ဝယ်သူရို့ဘက်က ဝင်ပနာကူလို့ ချိုင်ပီးလိုက်သိရေ။ ငွေတိုးကို ကြိုးအတန်တန်နန့် ချိုင်ထားဗျာယ်။ ငွေတိုး ရုန်းမရဗျာယ်။ ချိုင်ထားရေ ကြိုးတိနန့် အတင်းဆွဲဗျာယ် ခေါ်ယူလားကတ်တေ။ ငွေတိုးမလိုက်ချင်။ ငွေတိုးရုန်းရေ။ သူရို့ကဆွဲကတ်တေ။ ငွေတိုးနန့် အင်အားမမျှ။ ဆွဲရေဖက်ကို အသာ အသာလိုက်ပါလားခရရေ။ မျက်စိတဆုံး တစ်လမ်းလုံးမာ ငွေတိုးအော်သံကျွီးသံကိုကား ကြားနီရရေ။ ငွေတိုးကို မမြင်လိုက်ရဗျာယ်။ ငွေတိုးကျွီးသံကိုကား ကြားနီရတုန်းသိ။ သူ့အသံကို ကြားရကေလေ့ ကျွန်တော်က လုံးဝသံယောဇဉ်မဟိ၊ ကျွန်တော့်မာ ခံစားမှုမဟိ။ ကျွန်တော်က သူနန့်ပတ်သက်လာကေ ငွေလိုချင်စွာ တစ်ခုတည်း။ ယင်းပိုင်နန့် ငွေတိုးလားခရေလမ်းကို ကျွန်တော်တချက် ပျောကြည့်လိုက်ပနာ ကျန်ခရေ။ မိုးလင်းကေတော့ သူအသတ်ခံ လီရဖို့ဗျာယ်ယေ။

ငွေတိုးကို အသားဖျင်ရောင်းဖို့လို့ ဆွဲယူလားခကတ်စွာ ကြာဗျာယ်ဝါ။ အဂုမှ ငွေတိုးကို ရက်ပြတ်သတိရနီဗျာယ်။ တခါတလီငွေတိုးကျွီးသံ ကြားမိရေ။ ငွေတိုးအော်သံပိုင်လေ့ နိစဉ်ရက်ဆက်ကြားနီရရေပိုင် ခံစားရရေ။ ကျွန်တော့်ကို သံယောဇဉ်ဟိခရေ ငွေတိုးကို ကျွန်တော် အဂုမှ သံယောဇဉ်ဟိလာရေ။ နှစ်ပေါင်း(၂၅)နှစ်ကျော်ကြာဗျာယ်ဖြစ်လို့ ငွေတိုး ဘဝပေါင်း ဇာလောက်ပြောင်းခလလီဗျာယ်လေ။ သူသံယောဇဉ်ကြီးရေ ကျွန်တော့်အနားမာ ဘဝဖြစ်သံသရာ ဇာလောက်ရှည်နီဗျာယ်လေ။ အကြင်နာ တရားကင်းရေလူလို့ ဂလဲ့စားချေဖို့ သူအကြာကြီးစောင့်နီလား။ ကျွန်တော့်ကို စိတ်နာနာနန့် ဇာဘဝမှာမှ ရီစက်မဆုံရပါစီကေ့၊ မပတ်သက်ရပါစီကေ့လို့ ဆုတောင်းပနာ အဝီးကိုပြီးလားခလီလာ။ ကျွန်တော် တွေးယင်းတွေးယင်းနန့် တခါတရီ အိပ်မပျော်။ ကျွန်တော့်အတွေးတိ ကျွန်တော့်ကို ခြောက်လှန့်နီရေ။ နောင်တ တရားတိ ရနီရေ။ ငွေတိုးကိုလေ့ သတိရနီရေ။

ရိုးမလှ

၂၀၀၃ ခု မတ်လ ရခိုင်ရိုးမ မဂ္ဂဇင်းအမှတ် (၄)မှ----

# ရွာအလွမ်း

ငါရို့မှာ ညီအစ်ကို(၄)ယောက်ဟိရေ။ အီးယောင်နန့်ဘားဘာပါဆိုကေ ငါရို့မိသားစုရေ စုစုပေါင်း(၆)ယောက်။ ဂိုးကြီးက မင်းကျွန်။ မင်းကျွန်ဖြစ်လို့လေ့ ရိစုန်တပ်သားအဖြစ် မြောက်ဦးမြို့မှာ တာဝန်ထမ်းဆောင်နီရစွာလတ်။ ဂိုးလတ်နန့်ဂိုးသျှေက ဘားဘာနန့်အတူ ရွာမှာလယ်လုပ်တေ။ ငါရို့တိနန့်အတူ နီရေလေ။

ဘားဘာက အယင်နှစ်တိနန့်စာကေ အေနှစ် ကျန်းမာရေးညံ့ရေလတ်။ ယက်အတွက်နန့်လေ့ လယ်အလုပ်ကို ဂိုးလတ်နန့်ဂိုးသျှေရို့က ပိုလို့လုပ်ကတ်ရရေ။ အီးယောင်တစ်ယောက်က ကျန်းမာရေးကောင်းလို့ တော်ပါသိယက်။ ငါနန့် ဂိုးသျှေ အသက်(၁၀)နှစ်ကျော် ကွာရေ။ ငါက အသျှေဖြစ်လို့ အလုပ်တစ်ခုလေ့ မလုပ်ရ။ ရွာဦးကရွာကျောင်းမှာ ဘားဘာအပ်ထားလို့ ဆရာတော်ဘားမှာ စာသင်ရရေ၊ ကျောင်းဝေယျာဝစ္စ စကေသျှေလုပ်ပြီးကေ သူငယ်ချင်းတိနန့် ကစပ်နီလို့ရယာ။ တစ်ခါတစ်ရီ ဆွမ်းခံထွက်ပြီးကေ ဆွမ်းပြင်၊ ဆရာတော်ရို့စားပြီးလို့ကျန်ရေ ဆွမ်းကျန်ကို စားချင်ကေစား။ မစားချင်ကေ နီးရာအမျိုးအိမ်မှာစားရေ။ စာသင်ရစွာက မိုးထဆွမ်းခံမထွက်ခင် နာရီဝက် တစ်နာရီသင်၊ ညစာ နာရီဝက်တစ်နာရီသင်၊ ပြီးကေပြီးယာ။ ကစပ်လို့ရယာ။ ငါက အသျှေဖြစ်လို့ တစ်ယောက်လေ့ ပြောဖို့လူမဟိ။ ဂိုးကြီး၊ဂိုးလတ်၊ဂိုးသျှေရို့က ငါ့ကိုချစ်အားကြီးလို့ နာမည်တောင်မခေါ်။ အစိတ်ကေလို့ရာ ခေါ်ကတ်တေ။ ငါရို့မိသားစုရာ အစိတ်ကေခေါ်စွာမဟုတ်၊ တစ်ရွာလုံးကလေ့ မောင်ထွီးယေလို့ မခေါ်ကတ်၊ အစိတ်ကေသျှေလို့ရာ ခေါ်ကတ်တေကာ။

ဒေရွာမှာ ဘားဘာရို့အမျိုးနန့် အီးယောင်ရို့အမျိုးချည်းယာ။ ဘားဘာနန့်အီးယောင်နန့် မျိုးစပ်ဆွီစပ်လတ်။ ယင်းကြောင့်လေ့ နှစ်ဖက်အမျိုးတော်ရေ။ ရွာကျောင်းက အသျှင်ဘုရားတောင်မှ ဘားဘာရို့နန့်အမျိုး။ အသျှင်ဘုရားက ဘားဘာကို ဂိုးသျှေလတ်။ အီးယောင်ကိုတော့ မေးမေလို့ခေါ်ယင့်။ ငါရို့ရွာကို ‘ငမောက်ချောင်းရွာ’လို့ခေါ်ရေ။ အိမ်ခြေ(၂၀၀-၃၀၀)လောက်ရာဟိဖို့။ သိရေမနား ငါရို့ရွာကို။ တောင်ကုတ်မြို့နယ် ပုတင်းကျွန်းက ငမောက်ချောင်းရွာကိုလေ။

အစက ငါ တစ်ခုကိုပင်လေ့ သတိမထားမိ။ သူငယ်ချင်း ဂိုးဂိုယက်သဲ့အောင်ပြောခါမှ ငါသတိထားမိရေထော။ ရွာဇရပ် မှာ လူကြီးတိ စုကတ်၊ပြောကတ်၊တိုင်ပင်ကတ်နန့် အစွာလုပ်နီကတ်ရောင်။ မျက်စိမျက်နှာတိလေ့ မကောင်း။ လူပျိုတိကလေ့ ဓါးသွီးလှံသွီးနန့် အစွာလုပ်နီကတ်လေမသိ။ အလုပ်ယှုပ်နီကတ်တေလို့ မြင်ယက်။ ငါရို့ သူငယ်ချင်းတိက ငြင်းကတ် ခုန်ကတ် ကစပ်ကတ်နန့် တစ်ရက်တစ်ရက်ကို အစွာပိုင်ကုန်လားမှန်းတောင်မသိ။

အစွာဖြစ်ရောင်။ ဘုန်းကြီးကျောင်းက တုန်းခေါင်းခေါက်သံ အရှည်ကြီးကြားနီရေဂါ။ အယင်ခါ ဒေပိုင်ကားတစ်ခါမခေါက်။ ‘အစိတ်ကေ အစိတ်ကေ ထဖိ၊ မျက်နှာသစ်။ အယင်လုပ် ခရီးလားဖို့လိုရေ’ အီးယောင်က ပြောရေ။ ငါလေ့ အစွာလုပ်ရမှန်း မသိ။ မျက်နှာသစ်ပနာ ထိုင်နီရေ။ အီးယောင်က အိမ်ထက်တက်လိုက် အောက်ဆင်းလိုက်နန့် အစွာပျင်နီရောင်။ ငါမီးရေခါ ဘားဘာက ‘စကားမများကေ့ဝေ အစိတ်ကေ။ လူကြီးတိ စိတ်ညစ်နီရေကြားထဲမှာ မတ်ကလေ့ တမျိုး’လတ်။ ဟောက်တေ။ ငါ မမိန်းယာ။ လုပ်ချင်စွာကိုလုပ်ကတ်ဖိ။ ငါကြည့်နီရေ။ အိမ်ထက်က တောင်းတိပလုံးတိကိုလေ့ချရေ။ ရီအိုးကိုချရေ။ အိမ်မှာ ဟိဟိသမျှပစ္စည်းတိကို အိမ်အောက်ကိုချရေ။ ပြီးကေ ယူလားခရေ။ အစွာလုပ်နီကတ်တောင်။ ငါမိန်းကေ ငါ့ကိုဆဲဖို့။ ထိုင်ကြည့် နီစွာက ပိုကောင်းရေ။ လုပ်ချင်စွာကို လုပ်ကတ်ဖိ။ ယာ ဂိုးလတ်နန့် ဂိုးသျှေကိုလေ့ မတွီကာ။ ဂိုးကြီးမယား မရီးဖြူက ငါ့အနား မှာ လာထိုင်ရေ။ မရီးဖြူက ငါရို့အိမ်မှာ နီသူမဟုတ်။ ဂိုးကြီးမဟိခင်ကပင် သူ့အမိ အရီးသျှေအိမ်မှာနီဟာ။ ဒေနိန့်ခါ ငါရို့အိမ်ကို အစွာဖြစ်လို့ ရောက်နီရေမသိ။ သူ့မျက်နှာက ငိုထားရေမျက်နှာ။ ခါတိုင်းဆို သနပ်ခါးလိမ်း၊ ပန်းပန်လို့။ အလှပ ဆင်ထားရေ။ အေနိခါက တစ်ခုလေ့ မပျင်ဆင်ကာ။ ငါမိန်းကေ ငါ့ကိုဆဲဖို့ဟန်။  ငါ အစွာလုပ်ကေ ကောင်းဖို့ရောင်။ အိမ်ဘေးနားက ဂိုးဂို အောင်သာဦးကိုမိန်းကေ ကောင်းဖို့လားမသိ။ ယက်သူဘားကို လားကြည့်မေ။ မရီးဖြူ ငါ့လက်ကို ဆွဲထားရေ။ ‘အစွာလားဖို့ရောင် အစိတ်ကေ၊ မလားကေ့ ထိုင်နီ’လတ်။ သူရို့လေ့ မပြော။ ငါလည်း မိန်းဖို့မရ။ အိပ်လေ့ မအိပ်ရ။ အေနိ အစွာဖြစ်နီရောင်။

ငါ့လက်ကို မရီးဆွဲပနာ အတင်းခေါ်လားရေ။ အီးယောင်က ငါရို့ ရှိုက။ အစွာကိုလားမှန်းလေ့ မသိ။ ညဥ့်ကား မှောင်နီ ရေ။ ရွာကျောင်းက တုန်းခေါင်းခေါက်ဟာရေ မိုးလင်းလို့ခေါက်ဟာမဟုတ်မှန်း ငါသိယာ။ သူရို့ခေါ်လားရေအတိုင်း ငါလိုက်တေ။ ရွာတောင်ဖက် က မြောက်ဖက်ကို လားနီဟာချင့်။ လမ်းမှာ လူတိလေ့ လားနီကတ်တေ။ မီးခွက်ထွန်းသူထွန်း၊ မီးတုတ်ကိုင်သူက ကိုင်။ တစ်ခါ တစ်ခါ ပြီးသံတိ၊ ခေါ်သံတိကိုလေ့ ကြားရရေ။ အစွာဖြစ်နီကတ်တောင်၊ ငါသိချင်ရေ။ အသူ့ကို မိန်းရဖို့ရောင်၊ ငါမသိ။

ငါထင်ရေအတိုင်း ရွာမြောက်ဖက်က သမ္ဗာန်ဆိပ်ကို ရောက်ဖို့ယာ။ ယေ ရောက်ယာ။ အေဆိပ်ကို ညောင်ပင်ဆိပ်လို့ခေါ်ရေမနား။ ငါရို့ ရီကစပ်ကတ်နေနီရာ။ ကြည့်စမ်ချက်။ လောင်းတိ သမ္ဗာန်တိများရေနန့်၊ အစွာခါကပင် ရောက်နီကတ်လေ။ အီးယောင်လေ သမ္ဗာန်ကြီးတိလေ့ ကပ်ထားဟာမနား။ တစ်ရွာလုံးကလူတိ အေနားကိုရောက်နီကတ်တေ။ အေကူးတို့ဆိပ်မှာ စည်လိုက်တေပင်။ ငါရို့ရွာမှာ အေလောက်စည်ရေပွဲမျိုး တစ်ခါလေ့ မလုပ်ဖူး။ မြောက်ကျောင်းက ဘုန်းကြီးပျံခါတောင် ဒေလောက်မစည်။ ယေကေလေ့ အဂုဆိုင်သျှေ ကွန်သျှေ တစ်ခုပင်က ရောင်းလို့မဟိ။ လူတိက လားရေလာရေ၊ လားရေလာရေ နန့် အစွာလုပ်ကတ်စွာရောင်။ အီးယောင်က ငါ့ ကို ‘အေနားမှာထိုင်နီ’လတ်။ ငါနန့်မရီး ထိုင်နီရေ။ အီးယောင် အစွာလားရောင် မသိ။ ဘားဘာရောက်လာရေ။ ခြင်းတောင်းတစ်လုံးနန့် ထမင်းချက်တေ အိုးခွက်လောင်ပွန်းတိပါပါရေ။ ဘားဘာ ပြန်လားခရေ ပြန်လာရေ။ ယက်ပိုင်နန့် အချိန်အစွာလောက်တောင် ကြာနီယာလေမသိ။ အစိတ်ကေ လာဆိုပနာ ငါ့ကို မရီးဖြူရွက်တေ။ သမ္ဗာန်တိကိုကျော်ပနာ သမ္ဗာန်တစ်စီးထက်

ကိုတက်တေ။ ယက်သမ္ပာန်ထက်မှာ အီးယောင်ရောက်နီယာ။ မရီးဖြူမောင်ဖြစ် တေ ယောက်ဖလတ်နန့် ယောက်ဖသျှေရို့လေ့ သမ္ပာန်ထက်မှာ ဟိရေ။ သမ္ပာန်ကအကြီးကြီး။ ဝန်တိလေ့ များရေ။ ငါ့ကို ထိုင်ဖို့ နီရာပီးရေ။ အစွာဖြစ်နီကတ်စွာရောင်၊ အစွာကို လားကတ်ဖို့ရောင်။ ယောက်ဖသျှေလို့ ယောက်ဖသျှေကို ငါ မိန်းချင်ရေ။ မမိန်းဝံ့။

ငါရို့ဘေးနားက သမ္ပာန်တိလောင်းတိ ထွက်လားခစွာ ကြာယာ။ ငါရို့သမ္ပာန်သုံးလေးစီးနန့် ရွာသူကြီးသမ္ပာန် မထွက်သိ။ ရွာသူကြီး ဦးရွှေဖြူက 'ဝေး ဦးလှမောင်ဖ၊ ထွက်ကတ်ဖို့ယာ။ မိုးလင်းဖို့ယာကား'။ ဘားဘာ တစ်ခုလေ့ပြန်မပြော။ ယောက်ဖ သျှေက သူ့အစ်ကိုယောက်ဖလတ်ကိုပြောရေ။ 'ဂိုးဂို ငါရို့ရှိက ထွက်လားခရေ လောင်းသမ္ပာန် အစွာလောက်ဟိဖို့ရောင်'။ 'လေးငါးဆယ်လောက် မဟိပဲနီဖို့လား'။ 'ယက်ပိုင်ဆိုကေ လားရေလူ ကောင်းအများရာမနားယေ'။ 'များရေဆို ရွာလုံး ကျွတ်လားစွာကို'။ သူရို့ ပြောနီပုံကရွာလုံးကျွတ်လားကေ အစွာကိုလားရောင်။ ငါ မိန်းချင်ရေ။ မမိန်းဝံ့။ ဘားဘာက သူကြီးကို 'ဂိုးကြီးရို့ထွက်လီ။ ငါ နောက်က ထွက်လတ်မေ။ ငါ့သားတိတစ်ယောက်လေ့မရောက်သိ။ ယက်သူရို့မပါပဲနန့် ငါရို့ချည်းလားလို့ အစွာထူးဖို့ရောင်။ မဟုတ်ကေ ဂိုးကြီးရို့သမ္ပာန်ထက်မှာ ဦးလှမောင်အမိနန့် အစိတ်ကေရို့ကို ခေါ်ယူလီ။ ငါ နောက်က ကြုံရေလောင်းနန့်ဖြစ်စီ၊ သမ္ပာန်နန့်ဖြစ်စီ လိုက်လာလတ်မေ'။ 'အို အစွာဖြစ်ဖို့ရောင် ဦးလှမောင်ဖ။ ငါလေ့ သားတိမပါကေ မလားယာ။ ကျန်ခဖို့ယာ' လတ်။ အီးယောင်က သမ္ပာန်ထက်က ဆင်းဖို့ပျင်ရေ။ မရီးဖြူမိက 'ယောက်မ ယင်းပိုင်လေ့မဟုတ် လေ။ အားလုံးသူ အတူတူ လားကတ်ဖို့နှင့်ရာ။ တနားသျှေကြာကေ အစွာဖြစ်လေ'လတ်။ 'ဝေး ဦးလှမောင်ဖ။ မတ် ရှူးနီလာ။ ယင်းသူရို့ရောက်အောင် စောင့်နီဖို့ဆိုကေ မိုးလင်းဖို့ကား။ အစွာခါ ရောက်မေမှန်းလေ့မသိ။ ဖြားသင့်ရီသင့်ခါ ထွက်ကတ်မှရာ ကောင်းဖို့။ မဟုတ်ကေ ပြွန်ဝမှာ တင်နီဖို့ယာ။ ရွာမှာ လောင်းလေ့ လေးငါးစီးထားခစွာရာမနား။ ကြုံရေလောင်းနန့် လိုက်လတ်လိမ့်မေနှင့်ရာ။ ဂုရွာမှာ တစ်ယောက်လေ့မကျန်ယာ။ မတ်ရို့မိသားစုကိုထားခဖို့ ငါ စိတ်မချ'။ သူရို့တိ အစွာ ပြောနီကတ်တောင်။ သူရို့စကားကို ငါအဓိပ္ပါယ်ကောက်လို့မရ။ ဘားဘာ ငိုရေ။ အီးယောင်လေ့ ငိုရေ။ မရီးလေ့ ငိုရေ။ အရီးသျှေလေ့ ငိုရေ။ အခင်လေ့ ငိုရေ။ အားလုံးငိုလို့ ငါငိုရေ။

သူကြီးက 'လာကတ်ယာဝေး လာကတ်ယာ။ ထွက်ဖို့ပျင်ဖိ။ ထွက်ဖို့ ပျင်ဖိ'လို့ဆိုရေ။ တအောင့်တနားကြာရေခါ ဂိုးလတ် နန့်ဂိုးသျှေ ပြီးပနာလာကတ်တေ။

'ဘားဘာ ထွက်ဖိ ထွက်ဖိ။ ရွာသစ်ရွာမှာ ယင်းသူရို့ရောက်နီယာ။ ရွာကိုလေ့ မီးတိုက်ပလိုက်ယာ'လို့ပြောပနာ ဆင်းလာကတ်တေ။ သဗ္ဗာန်ထက်ကိုရောက်စွာနန့် သမ္ပာန်ချိုင်ထားရေကြိုးကို ဓါးမနန့်ခွတ်ပနာ ထွက်လိုက်တေ။ သူကြီးသမ္ပာန်နန့် ငါရို့ သမ္ပာန် ပြိုင်တူထွက်လာယာ။

'ချောင်းကျယ်ကေ မြစ်၊ မြစ်ကျယ်ကေ ပင်လယ်၊ ပင်လယ်ကျယ်ကေ . . . ' လို့ အီးယောင်က ပြောရေ။ ကလိန်တောင်မြစ်ကိုရောက်ယာ။ ရီပြင်ကျယ်လာလီ၊ လှိုင်းတိနန့် တွိလီ။ ယေတောင်မှ ဘားဘာက ရာသီဥတုကောင်းရေလတ်။ မြစ်ပြင်မှာ ငါရို့ပိုင်လောင်းတိသမ္ပာန်တိ အများကြီးကို တွိရေ။ အစွာခါကပင် အီးယောင် ကြိုတင်လို့ စီစဉ်ထားလေမသိ။ ထမင်းချက်ပြီး သားပါလာရေ။ နောက်နိတိအတွက် ထမင်းချက်ဖို့ မီးခွင်၊ ဆန်၊ ဆီ၊ ဆား၊ သောက်ရီ၊ ဟင်းသီးဟင်းရွက်၊ ငါးပိငါးခြောက်တိကို ပါ နီပူလှန်းလို့ ယူခစွာရာမနား။ အေပိုင်ကြိုတင်စီစဉ် နီဟာကိုတောင် ငါ မသိခထော။

ငါရို့သမ္ပာန်မှာ လူတစ်ဆယ်ကျော်ပါရေ။ ငါရို့မိသားစုနန့် ဘားဘာညီမ အရီးသျှေရို့မိသားစု။ အရီးသျှေရို့မိသားစုမှာ သားနှစ်ယောက် သမီးတစ်ယောက်ဟိရေ။ သမီးကြီး မရီးဖြူကို ငါရို့ဂိုးကြီးနန့် ပီးစပ်ထားစွာ။ ယောက်ဖညိုနန့် ယောက်ဖသျှေရို့က ဂိုးလတ် ဂိုးသျှေရို့နန့် ရွယ်တူ။

နှစ်ရက်သုံးရက် ရှိယာ။ သမ္ပာန်တစ်စီးလုံးက မျက်နှာမကောင်း။ တစ်ယောက်နန့်တစ်ယောက် စကားမပြောကတ်။ ငါ အသူနန့် စကားပြောရဖို့ရောင်။ တစ်ခါတစ်ခါ အီးယောင်ကို မိန်းကြည့်ချင်ရေ။ သူလေ့ မျက်နှာမကောင်းလို့ ငါမမိန်းဝံ့။ ဘားဘာ က ကျန်းမာရေးကောင်းနီရေ။ ဘားဘာနန့်အခင်က တက်ပဲ့ကိုင်ပနာ မာဇီလုပ်တေ။ ဂိုးလတ်ဂိုးသျှေ၊ ယောက်ဖညို၊ ယောက်ဖ သျှေရို့က လှော်တက်နန့်ခတ်ပနာ ရွက်ထောင်လို့ ဖြားသင့်လီသင့် လားနီကတ်လီယက်။

လေးရက်လွန်လို့ ငါးရက်မြောက်တေနိမှာ စေတီတစ်ဆူကို အဝီးကြီးက ဖူးမြင်ရရေ။ အားလုံးသူ လက်အုပ်ချီပနာ ရှိခိုး ကတ်တေ။ ငါလေ့ ရှိခိုးရေ။ ဘားဘာက သူ့သားကြီးနန့်ပြန်တွိဖို့ ပါးစပ်က ဘုရားစာရွတ်ပနာ လူကြားသူကြား ဆုတောင်းရေ။ မရီးဖြူက သူ့လင်ကိုတမ်းတပနာ ငိုရေ။ အားလုံးသူက ငိုရေ။ ငါလေ့ ငိုရေ။

အီးယောင်ကို ငါမိန်းရေ။ 'ဒိုးဒိုရို့ဖိုးဖိုရို့ဝါ။ ရွာမှာကျန်ခါလာ'။ 'မကျန်။ မန်းကြီးမန်းမန်ရို့လောင်းနန့် ပါလားခယာ'။ ယေကေ ရွာမှာအသူဟိဖို့ရောင်။ 'ဆရာတော်ကြီးဝါ'။ 'ဆရာတော်လေ့ အခြားလောင်းတစ်စီးနန့် ပါလီဖို့နှင့်ရာ'။ ယေကေ တစ်ယောက်ပင်လေ့ ရွာမှာမကျန်ခလားဂု။

ဘားဘာနန့် အခင်ရို့က ရီကြောင်း ကျွမ်းကျင်ရေ။ အယင်ခါလေ့ ဒေလမ်းက မြောက်ဦးမြို့ကို လားဖူးရေလတ်။ ဂိုးလတ် ရို့ဂိုးသျှေရို့တောင် တစ်ခါတစ်လီ လိုက်လားဖူးဆိုဝါ။ ယင်းကြောင့်လေ့ ငါရို့သမ္ပာန်နောက်က တခြားလောင်းတိ သမ္ပာန်တိ လိုက်လာကတ်စွာမနားယေ။ ငါရို့ အဂုမြင်နီရရေ စေတီက ဆံတော်ရှင်စေတီလတ်။ 'ယင်းစေတီနားကိုရောက်ကေ စိတ်အီးယာ လို့မှတ်'လို့ ဘားဘာပြောသံ ကြားရရေ။

နီချမ်းချမ်းသျှေနန့် မြစ်ပြင်လီရေ အီးလာယာ။ ထမင်းစားဖို့ အဆင်သင့်ဖြစ်နီယာ။ ရာဟုထောင့်က လီတိုက်နီယာ။ သတိထားကတ်'လို့ ဘားဘာက နောက်က လောင်းသမ္ပာန်ရို့ကို ပြောရေ။ သမ္ပာန်မှာထောင်ထားရေ ရွက်တိုင်တိကို ဂိုးလတ် ရို့က

ဖြုတ်နီရေ။ စားဖို့ပျင်နီရေထမင်းပွဲကို သိမ်းပလိုက်တေ။ ကြင်းလို့လင်းလို့ဖြစ်နီရေ အာကာပြင်မှာ မည်းပနာမှောင်တက် လာရေ။ တိုက်နီရေလီ ရပ်လားခရေ။ လှိုင်းလုံးကြီးတိ အစွာကလာရောင်မသိ။ တစ်လုံးပြီးကေတစ်လုံး တက်လာရေ။ မိုးသီးပေါက် တိလေ့ ကျလာရေ။ လီအစွာလောက်ပြင်းလေဆိုစွာ မပြောတတ်။ သမ္ဗာန်မှောက်ဖို့ အခါခါပျင်ရေ။ ကမ်းနန့်နီးနီဟာကနီ ကမ်းကို မမြင်လိုက်ယာ။. ကမ်းနန့် ပိုလို့ဝီးလားယာ။ လှိုင်းတိကြီးလာရေ။ ပိုလို့ကြီးလာရေ။ ပိုလို့ပိုလို့ ကြီးလာရေ။ တောင်ကြီးတိလောက် ကြီးလာရေ။ ပြီးကေ နိမ့်ဆင်းရေ။ အရာလေ့ နိမ့်ဆင်းရေ။ လှိုင်းနှစ်လုံးကြားကိုရောက်လားခယာ။ သမ္ဗာန်မှောက်ဖို့ပျင်နီယာ။. မှောက်ယာ။ မှောက်ယာ။ သီဖို့ယာ။ ငါ့ရို့အားလုံး သီရဖို့ယာ။ မမှောက်လိုက်။ ပြန်လို့ လှိုင်းလုံးထက်ကို သမ္ဗာန်တက်လားရေ။ ထိုးအတက်ကို တက်လာရေ။ ထိုးအထက်ကြီးကို ရောက်လားယာ။ ပြန်ဆင်းလာယာ။ မှောက်ဖို့ပျင်နီယာ။ မှောက်ယာ။ သီရဖို့ယာ။ အီးယောင် ငါ့ကိုဖက်ထားရေ။ ဘုရားစာတိ ရွတ်နီရေ။ မရီးဖြူက ငါ့ကို လာဖက်တေ။ ငါ့ကိုဖက်ပနာ မရီးဖြူ ငိုရေ။ ငါလေ့ ငိုရေ။ အီးယောင်အော်ရေ။ မရီးကျွီးရေ။ ငါ ငိုရေ။ တစ်ယောက်ကိုတစ်ယောက် မမြင်ရယာ။ အားလုံးမှောင်လားခယာ။ ငါ ငိုနီယာ။

ငါ သတိပြန်ရလာခါ မရီးရင်ခွင်ထက်မှာ အိပ်လို့ကာ။ အစွာဖြစ်ရောင်။ တစ်ယောက်ကိုလေ့ မမြင်ရကာ။ အီးယောင် ကိုလေ့ မမြင်ရကာ။ အီးယောင် အီးယောင်လို့ခေါ်မိရေ။ မရီးဖြူက အီးယောင်အိပ်နီရေ၊ အစိတ်ကေ အိပ်ပလိုက်လတ်။

ပင်လယ်ပြင်က ညက သူ တစ်ခုလေ့မလုပ်လိုက်ပိုင်ကာ။ ကြည့်လိုက်စမ်ချက်။ ပင်လယ်ထဲက ရီစိမ်းစိမ်းမှာ ငါရို့သမ္ဗာန် ငြိမ်နီစွာကို။ ငါရို့သမ္ဗာန်နားမှာ လောင်းတစ်စီးနှစ်စီးရာတွိရယာ။ ကျန်ရေ လောင်းတိသမ္ဗာန်တိ အစွာကိုရောက်လားခရောင်။ ထိုးအဝီးကြီး မှာလေ့ သမ္ဗာန်တိလောင်းတိ တစ်စီးနှစ်စီးမြင်ရယင့်။ ယင်းသူရို့ဝါ ညက ငါရို့ပိုင် လှိုင်းဒဏ်လီဒဏ်ခံလီရဖို့ဟန်။ ကမ်းက အစွာနားမှာရောင်။ သမ္ဗာန်မှာပါရေ အိုးခွက်လောင်ပွန်း သောက်ရီအိုးတိ တစ်လုံးလေ့မကျန်လိုက်ယာ။ အားလုံး ပင်လယ်ထဲကို ရောက်လားယာထင်ယင့်။ ငါရို့ ဒုက္ခရောက်နီယာ။ ကံကောင်းလို့ လူတစ်ယောက်လေ့ ပင်လယ်ထဲကိုမရောက် လားလီ။

အစာစားချင်စိတ် တစ်ခုလေ့မဟိ။ ရီရာ စကေသျှေသောက်ချင်ရေ။ ညက ညစာကပင်အစာမစားရကေလေ့ ဝမ်းမဆာ။ လူကရာ ပင်ပန်းလာရေ။ အမိုးလေ့မဟိ၊ အကာလေ့မဟိ။ နီပူပြင်ထက်မှာ ငါရို့မိသားစု ဒုက္ခရောက်နီယာ။ ရီသောက်ချင်ရေလို့ ငါ ငိုရေ။ ငါ့ကို ရီမပီး။ ရီကမဟိ အစိတ်ကေ’လတ်။ ပင်လယ်ကရီကို ငါသောက်ဖို့။ ပင်လယ်ရီကိုမသောက်ရ။ ဝမ်းလားလိမေ။ ယေကေ အစွာကိုသောက်ဖို့ရောင်။ ညက မိုးရွာထားလို့ တင်ကျန်လိုက်တေ။ သမ္ဗာန်ထက်ကရီကိုသောက်။ ရီကလေ့ မည်း လို့။ သောက်ကြည့်ကေ ငန်နီရေ။ ငါ မသောက်ချင်။ ငါရီမသောက်ရ။ ငါ ရီငတ်နီယာ။ ငါ စကားမပြောချင်။

အေပင်လယ်ပြင်မှာ အစွာနှစ်ရက်ဟိလားယာ မပြောတတ်။ တစ်ခါတစ်ခါ မျက်စိဖွင့်ကြည့်ကေ ဂိုးလတ်ဂိုးသျှေရို့ လှော် တက်နန့် လှော်နီကတ်တေ။ ‘ကမ်းကိုလေ့ မမြင်ရကာအခင်။ အစွာဖက်ကို လှော်ရဖို့ရောင်’။ ဂိုးလတ်မိန်းသံကိုကြားရရေ။ ‘လှော်ချင်ဖက်ကို လှော်ဖိဝေ။ ငါလေ့ မပြောတတ်ယာ’လို့ စိတ်ပျက်လက်ပျက် အခင်ပြောသံ ကြားရယင့်။ အစွာဖြစ်လို့ရောင်။ ‘အဝေး ပင်လယ်ငှက်သျှေပင် တစ်ကောင်မမြင်ရ။ ကမ်းနန့် အစွာလောက်ဝီးနီစွာကို မပြောတတ်။ ပင်လယ်ပြင်မှာ ငှက်ကိုမြင် ကေ ကမ်းနန့် နီးနီယာ’လတ်။ ‘အဂုကား အစွာလောက် ဝီးနီလေကားမသိ။ ဟိုဖက် အေဖက် မျက်စိတဆုံး တစ်ခုကိုပင် လေ့မမြင်ရ’။

တစ်ခါတစ်ခါ သမ္ဗာန်အောက်မှာ ငါးတိလားနီစွာကို မြင်နီရရေလတ်။ ယေကေလေ့ မဖမ်းဝံ့။ ပင်လယ်ထဲကို မဆင်းဝံ့။ တစ်ခါတစ်လီ ငါးတိ သမ္ဗာန်ထက်ကို ခုန်တက်ကတ်တေလတ်။ ငါ့ကိုနှိုးပနာ အစိတ်ကေ အစိတ်ကေ ငါးစားဖို့လားလတ်။ ငါ မစား၊ ငါ ရွံရေ။ ဂိုးသျှေက အားရပါးရ စားနီရေ။ ကောင်းရေလို့ပြောမှ ကျန်ရေလူတိစားကတ်တေ။ ငါ စားချင်လာယာ။ ငါ စား ကြည့်ရေ။ ကောင်းရေထော။ ရီးရီက မစား။ မရီးလေ့မစား။ အီးယောင်လေ့ မစား။ အိပ်နီရေ။

ဘားဘာ သီယာ။ အခင်ပြောသံ ကြားရရေ။ ငါ ထကြည့်ရေခါ အီးယောင်ငိုနီရေ။ ဘားဘာအလောင်းကို ပင်လယ်ထဲ ဝေး ချဖို့ အခင်ကပြောရေ။ အီးယောင်က ဆွဲထားရေ။ ငါလေ့ ဆွဲထားရေ။ ဂိုးလတ်ငိုရေ။ ဂိုးသျှေ ငိုရေ။ ငါ ငိုရေ။ အီးယောင် သတိ မရယာ။ ငါ ဘားဘာအလောင်းကိုဆွဲထားရေ။ ‘အစိတ်ကေ မတ်အဖသီစွာ နှစ်ရက်ဟိယာ။ ကြာကေ ပုတ်ဖို့ဒေ။ မတ်ဆွဲမထား ကေ့ အစိတ်ကေ။ လွှတ်လိုက်ဖိ’။ ဘားဘာသီဟာ ပင်လယ်ထဲမှာ အစွာနှစ်ရက်မြောက်တေနိလဲ ငါမမှတ်မိ။

ပင်လယ်ထဲမှာ ညဥ့်ခါ ပိုအီးရေ။ ခြုံစရာ မဟိ။ တစ်ယောက်ကိုတစ်ယောက် ပူးပနာကပ်ပနာနီမှရာ အအီးစကေ သက် သာရေ။ ကောင်းကင်ထက်က ကြယ်တိကိုမြင်ရရေ။ သမ္ဗာန်က စကေပင်မလှုပ်။ မုန်တိုင်းမဟိကေ ပင်လယ်စွာ ကြောက်စရာ မကောင်း။ ကုန်းခေါင်ပိုင် ငြိမ်နီရေ။ အေပိုင် အစွာနှစ်ညဥ့်ဟိယာလေ ငါမသိ။

‘ဂိုးလတ် သမ္ဗာန်တင်နီယာ။ သမ္ဗာန်တင်နီယာ’လို့ ပြောသံကြားရေ။ ဟုတ်တေ။ ငါရို့သမ္ဗာန် ကမ်းနားရောက်နီယာ။ ကမ်း နားမှာလေ့ လူတိကာ။ အားလုံးက ရခိုင်သားတိ။ ငါရို့သမ္ဗာန်ကို ဆွဲလားကတ်ယာ။ ငါရို့အမိကိုထမ်းပနာ ကမ်းနားကို ယူလား ခယာ။ မရီးကိုလေ့ ယူရေ။ ငါ့ကိုလေ့ ထမ်းပနာယူရေ။ ငါရို့ ကမ်းထက်ကိုရောက်ယာ။ ငါရို့ကမ်းထက်ကိုရောက်တေနိရေ ၁၁၄၆-ခု၊ တပေါင်းလဆုတ် (၁၃)ရက်လတ်။ ပင်လယ်ထဲမှာချည်း ငါရို့ကြာနီခစွာ (၁၄)ရက်တောင်ဟိရေလို့ အီးယောင်က ပြော ရေ။ အစွာအီးယောင် အေနီရာကို ဘင်္ဂလားအဝကျွန်းခေါ်ရေ ဟုတ်လာ။ အေလူတိဟာ ငါရို့ပိုင် လောင်းနန့်သမ္ဗာန်နန့် ထွက်ပြီးလာ ကတ်တေလူတိလား၊ ငါရို့ထက်အယင် လားခကတ်တေ လူတိလား။ အစွာခါကပင် လားခကတ်တောင်။ ငါရို့ပိုင် မုန်တိုင်းမိ ခံခရလာဂု။ ဟုတ်တေ။ အနည်းနန့်အများ မုန်တိုင်းဒဏ်ကိုခံပြီးမှ ဒေနီရာကိုရောက်ဟာ။ ငါရို့နောက်ကလည်း တဖြည်းဖြည်း လူတိ ရောက်လာကတ်သိရေနှန်း။ ချက်ကြည့်စမ်။ ‘တစ်ရွာနန့်တစ်ရွာ စကားပြောဟာလေ့ မတူ၊ လီသံကလေ့ကွဲ။ တစ်ခါ တစ်ခါ ယင်းသူရို့စကားပြောဟာကို နားမလည်ကာ အီးယောင်’လို့ ငါမိန်းရေခါ ‘ဟုတ်တေ၊ ရခိုင်သားတိမှာ ရမ်းဗြဲသား၊ ချောင်းသား၊

တောင်သား၊ မရိုးသား၊ မာန်အောင်သား၊ ရီကြိုင်သား၊ တောင်ကုတ်သားလို့ နေရာဒေသကွဲပြားရေပိုင် စကား လီသံတိလေ့ ကွဲပြားရေ’လို့ ပြောရေ။

ငါရို့နန့်အတူ မရိုးရို့မိသားစု အေနီရာမှာစုပနာနီကတ်တေ။ ငါရို့နီရေရွာသစ်ကို ‘လိပ်သျှေခုံရွာ’လို့ ခေါ်ရေ။ ရွာသစ်ဖြစ်လို့ အပင်အခက်အလက်တိကား မဟိ။ နီပူပြင်ထဲမှာ ဆောက်ထားရေရွာမှာဖြစ်လို့ ငါမပျော်။ ငါ ဘားဘာကိုလွမ်းရေ။ ဂိုးကြီးကို လွမ်းရေ။ သူငယ်ချင်းတိကို လွမ်းရေ။ ငမောက်ချောင်းရွာကို လွမ်းရေ။ ငါကြီးလာကေ ငမောက်ချောင်းရွာကို ဖြစ်အောင်ပြန်ဖို့ သိ။

××××××××××××××××××

အေမှတ်တမ်းကို အယင်ကခါ တစ်ခါလေ့ မဖတ်ဖူး။ အရီးကြီးဒေါ်အောင်မြစိန်က ‘ဘားဘာမသီခင် အေစာအုပ်ဟောင်းတိကို နင့်ကိုပီးလီ’လို့ မှာထားခရေလတ်။ ယင်းစာအုပ်ဟောင်းတိကို ကျွန်တော်ရေ စစ်တွေမြို့ ကန်တော်ကြီးရပ်ကွက်ကနီ မောင်တောအိမ်ကို အထုပ်နန့်ထည့်ပနာ ပြောင်းယူလာရေ။ မောင်တောအိမ်ကိုရောက်လို့ စာအုပ်ထုပ်ကိုဖွင့်လို့ကြည့်ရေခါ ဆီးကျမ်း၊ ဗေဒင်ကျမ်း၊ သိုက်ကျမ်းတိနန့်အတူ အေမှတ်တမ်းမှတ်ရာကို တွိရပါရေ။ ယေခါမှ စစ်တွေမြို့ သလုံးတော်ခါတ်မှာ သီလသျှင်အဖြစ် သီတင်းသုံးနီရေ အဘောင်ကို မိန်းကြည့်ရေခါ အဘောင်က ‘ဟုတ်တေ။ ယင်းမှတ်တမ်းစွာ ငါရို့ အဘိုးမှာအဘိုး မှတ်ခရေ မှတ်တမ်းလတ်’။ ‘ယေကေ ယင်းမှတ်တမ်းပိုင်ရှင်ရေ တောင်ကုတ်နယ်က ငမောက်ချောင်းရွာကို ပြန်ရောက်လီခလာ’။ ‘သူ ရောက်မရောက်ကိုတော့ခါ ငါ မပြောတတ်။ ငါရို့အဘိုးကတော့ ယင်းငမောက်ချောင်းရွာကို လားခီရေ’လတ်။ ‘ယေကေအဘောင်၊ ဘင်္ဂလားပင်လယ်ကိုဖြတ် လို့ ပြီးလာရေလူတိုင်းရေ ဒေအဝကျွန်းကိုရောက်စွာလာ။ အရှိုတောင်၊ အနောက်တောင်၊ အရှိုမြောက်၊ အနောက်မြောက်လီရို့ တိုက်ပနာ မလေးရှား၊ စကာ်ပူ၊ ယိုးဒယား၊ မြိတ်၊ ကော့သောင်း၊ ဟိုင်းကြီးကျွန်း၊ ကိုကိုးကျွန်းရို့ကိုဝါ မရောက်နိုင်လာ’လို့ မိန်း ရေခါ ‘ယင်းဖက်တိကိုလေ့ ရောက်လားရေလူတိ အများကြီးလို့ ကြားဖူးရေဝါ’လတ်။

အဝကျွန်းရာဇဝင်နန့်ပတ်သက်ကေ ကျွန်တော် ဘဝင်မကျ။ မှတ်တမ်းမှတ်ရာတိနန့် ဦးစိန်လှအောင်ရီးဗျာယ် အမှတ် (၇၅)၊ ၁၂-လမ်း၊ ဗမာအမျိုးသမီးပုံနှိပ်တိုက်က ၁၀-၄-၁၉၅၆ ခုနှစ်ကထုတ်တေ ‘အဝကျွန်း ရာဇဝင်’ဝတ္ထုကို ဖတ်မိရေခါ ကံဆိပ်ကျွန်းမှာ အိမ်ခြေ ၆၀၊ ဘိုးကျိကျွန်းမှာ ၁၀၀၊ ဘော်ဒုတ်ပီကျွန်းမှာ ၁၅၊ လက်ယာတက်ကျွန်းနန့် မပြူးချစ်ကျွန်းမှာ ၅၅-ဆောင်၊ စုစုပေါင်းအိမ်ခြေ(၂၃၀)လို့ ပါရေ။ အဝကျွန်းမှာနီထိုင်ရေ ရခိုင်သား စုစုပေါင်းလူဦးရေက (၃၀၀၀၀)လောက်ဟိဖို့လတ်။ ရွာတိအကြောင်းကို တိတိ ကျကျမဖော်ပြ။ ဘာဘာကိုမိန်းရေခါလေ့ ‘ငါကမသိ။ ငါရို့က အသျှေကပင် လာစွာ’လို့ ဆိုရေ။ ‘အရီးကြီးဝါ အဝကျွန်းကပြောင်းလာခါ အသက်ဇာလောက်ဟိဗျာယ်လေ’။ ငါ့အသက် (၃၅)နှစ်လောက်မှာ ရခိုင်ပြည်နယ်ကို ပြောင်းစွာ’လတ်။ နင့်မရီးကြီး၊ ယောက်ဖကြီးနန့် မောင်သိန်းထွန်းရို့ကိုတောင် ငါ အဝကျွန်းမှာ မွီးခစွာ။ ငါ အဂု အသက်(၇၅)နှစ်ဆိုခါ လွန်ခရေ နှစ်ပေါင်း(၄၀)လောက်က မနားယေ။ ယင်းပိုင်ဆိုကေ အဝကျွန်းမှာ ရခိုင်ရွာစုစုပေါင်း ဇာလောက်ဟိလေ။ အဂု ဝါ ဇာလောက် ဟိသိလေ’လို့ မိန်းရေခါ . . . . . . . . . .

**<u>ကန်ဆိပ်ကျွန်း (Kuyakata)</u>**

| | | | |
|---|---|---|---|
| ၁။ | ကန်ဆိပ်ရွာမ | အိမ်ခြေ (၃၀) | အဂု (×) |
| ၂။ | ငှက်ပျောတောရွာ | အိမ်ခြေ (၅၀) | အဂု (×) |
| ၃။ | ကရင်နီရွာ | အိမ်ခြေ (၄၀) | အဂု (×) |
| ၄။ | သုန္ဒရရွာ | အိမ်ခြေ (၂၀) | အဂု (×) |
| ၅။ | ဘိလပ်ရွာ | အိမ်ခြေ (၂၅) | အဂု (×) |
| ၆။ | ကျီးကန်းတောရွာ | အိမ်ခြေ (၃၅) | အဂု (×) |
| ၇။ | ဖန်သီးရွာ | အိမ်ခြေ (၂၅) | အဂု (×) |
| ၈။ | မောင်ထွန်းရွာ | အိမ်ခြေ (၃၀) | အဂု (×) |
| ၉။ | ကုလားယေရွာ | အိမ်ခြေ (၂၀) | အဂု (×) |
| ၁၀။ | ညိုဘအောင်ရွာ | အိမ်ခြေ (၁၅) | အဂု (×) |
| ၁၁။ | ခါခလီဘုန်းညာ | အိမ်ခြေ (၃၅) | အဂု (၁၅) |
| ၁၂။ | စံထွန်းအောင်ရွာ | အိမ်ခြေ (၁၀) | အဂု (×) |
| ၁၃။ | ဂန်တရွာ | အိမ်ခြေ (၃၀) | အဂု (၂၀) |
| ၁၄။ | အောင်ချမ်းသာရွာသစ် | အိမ်ခြေ (၃၀) | အဂု (၃) |
| ၁၅။ | ဖြူသျှေရွာ | အိမ်ခြေ (၁၀) | အဂု (×) |
| ၁၆။ | ပြွန်ဝရွာ | အိမ်ခြေ (၂၀) | အဂု (၁၀) |
| ၁၇။ | ထွန်းကျော်ကုန်းရွာ | အိမ်ခြေ (၁၅) | အဂု (၁၅) |
| ၁၈။ | ကုန်းသရက်ချောင်းရွာ | အိမ်ခြေ (၃၀) | အဂု (၁၅) |
| ၁၉။ | နဖားရွာ | အိမ်ခြေ (၂၅) | အဂု (×) |

| | | | |
|---|---|---|---|
| ၂၀။ | အုန်းလှချောင်းရွာ | အိမ်ခြေ (၃၅) | အဂု (၁၅) |
| ၂၁။ | ငှက်သွေ့ကုန်းရွာ | အိမ်ခြေ (၁၀၀) | အဂု (၁၅) |
| ၂၂။ | တည်ခမချောင်ရွာ | အိမ်ခြေ (၁၅) | အဂု (×) |
| ၂၃။ | တည်ခမချောင်သွေ့ရွာ | အိမ်ခြေ (၁၅) | အဂု (×) |
| ၂၄။ | ပြင်ကြီးရွာ | အိမ်ခြေ (၅၀) | အဂု (၃) |
| ၂၅။ | ဒိုးကုန်းရွာ | အိမ်ခြေ (၂၅) | အဂု (×) |
| ၂၆။ | ဒွတ်ပေါင်ရွာသစ် | အိမ်ခြေ (၁၅) | အဂု (×) |
| ၂၇။ | ဒွတ်ပေါင်ရွာဟောင်း | အိမ်ခြေ (၂၅) | အဂု (×) |
| ၂၈။ | မောင်အိမ်ရွာ | အိမ်ခြေ (၁၀) | အဂု (×) |
| ၂၉။ | အာသလောင်ခါးရွာ | အိမ်ခြေ (၃၀) | အဂု (×) |
| ၃၀။ | အာသလောင်ခါးရွာသစ် | အိမ်ခြေ (၂၀) | အဂု (×) |
| ၃၁။ | ပုဏ္ဏားမရွာ | အိမ်ခြေ (၂၅) | အဂု (×) |
| ၃၂။ | ငှက်သွေ့ကုန်းရွာ | အိမ်ခြေ (၂၅) | အဂု (×) |
| ၃၃။ | မောင်ဖြူဦးရွာ | အိမ်ခြေ (၁၅) | အဂု (×) |
| ၃၄။ | ချောင်းချာဆိပ်ရွာ | အိမ်ခြေ (၂၅) | အဂု (×) |
| ၃၅။ | ဖားအိပ်သွေ့ရွာ | အိမ်ခြေ (၂၀) | အဂု (×) |
| ၃၆။ | ပြားသရက်ချောင်းရွာ | အိမ်ခြေ (၅၀) | အဂု (၂၀) |
| ၃၇။ | ကုန်းကြီးရွာ | အိမ်ခြေ (၁၅၀) | အဂု (×) |
| ၃၈။ | ကုန်းပြတ်ရွာ | အိမ်ခြေ (၂၀) | အဂု (×) |
| ၃၉။ | သာစည်ရွာ | အိမ်ခြေ (၃၀) | အဂု (×) |
| ၄၀။ | ကုန်းသွေ့ရွာ | အိမ်ခြေ (၃၀) | အဂု (၅) |
| ၄၁။ | မြသာသော်ဒလီရွာ | အိမ်ခြေ (၁၀၀) | အဂု (×) |
| ၄၂။ | မောင်းနီချိတ်ရွာ | အိမ်ခြေ (၂၀) | အဂု (×) |
| ၄၃။ | တုန်းတက်ချောင်းရွာ | အိမ်ခြေ (၁၅) | အဂု (×) |
| ၄၄။ | ရွှေဖောင်ရွာ | အိမ်ခြေ (၂၀) | အဂု (×) |
| ၄၅။ | ပြွန်ချောင်းရွာ | အိမ်ခြေ (၂၀) | အဂု (၁၀) |
| ၄၆။ | ကန်ဆိပ်ကုလားယေရွာ | အိမ်ခြေ (၃၀) | အဂု (×) |
| ၄၇။ | ထောင်ကျောကုန်းရွာ | အိမ်ခြေ (၂၀) | အဂု (×) |
| ၄၈။ | နေပူခံရွာ | အိမ်ခြေ (၃၅) | အဂု (×) |
| ၄၉။ | လက်ပံချောင်းရွာ | အိမ်ခြေ (၄၀) | အဂု (×) |
| ၅၀။ | ကဝါသောင်ရွာ | အိမ်ခြေ (၃၀) | အဂု (×) |
| ၅၁။ | ဘော်ဒလီရွာ | အိမ်ခြေ (၄၀) | အဂု (၂၀) |
| ၅၂။ | ကြိမ်ခွတ်ချောင်းရွာ | အိမ်ခြေ (၄၀) | အဂု (၂၅) |
| ၅၃။ | ပြွန်ခေါင်ကုန်းရွာ | အိမ်ခြေ (၂၀) | အဂု (×) |
| ၅၄။ | ကျွဲပြိုရွာ | အိမ်ခြေ (၂၀) | အဂု (×) |
| ၅၅။ | ငါးယက်သွေ့ရွာ | အိမ်ခြေ (၂၀) | အဂု (×) |

**တေယက်ခလီကျွန်း (Teayeakhaly)**

| | | | |
|---|---|---|---|
| ၁။ | ချမ်းသာခလီကျွန်းရွာ | အိမ်ခြေ (၈၀) | အဂု (×) |
| ၂။ | နီအောင်ရွာ | အိမ်ခြေ (၂၀) | အဂု (×) |
| ၃။ | ဘေးမဂိုင်းရွာ | အိမ်ခြေ (၅၀) | အဂု (×) |
| ၄။ | ခြောက်စရာတန်ရွာ | အိမ်ခြေ (၃၅) | အဂု (၅) |
| ၅။ | နွားမကုန်းရွာ | အိမ်ခြေ (၃၀) | အဂု (×) |
| ၆။ | သာလှရွာ | အိမ်ခြေ (၂၀) | အဂု (×) |
| ၇။ | ရွှေသာဦးရွာ | အိမ်ခြေ (၂၅) | အဂု (×) |
| ၈။ | ပန်းဇင်းရွာ | အိမ်ခြေ (၂၅) | အဂု (×) |

| | | | |
|---|---|---|---|
| ၉။ | လှမျိုးအောင်ရွာ | အိမ်ခြေ (၂၀) | အဝု (×) |
| ၁၀။ | အိုးစားရွာ | အိမ်ခြေ (၂၀) | အဝု (×) |
| ၁၁။ | ဒုန်းမချောင်းကြီးရွာ | အိမ်ခြေ (၂၅) | အဝု (×) |
| ၁၂။ | ဒုန်းမချောင်းသျှေရွာ | အိမ်ခြေ (၂၀) | အဝု (၅) |
| ၁၃။ | မြစ်နားရွာ | အိမ်ခြေ (၁၅) | အဝု (×) |
| ၁၄။ | အလယ်သံကျော်ရွာ | အိမ်ခြေ (၃၀) | အဝု (×) |
| ၁၅။ | ညိုဘန်းအောင်ရွာ | အိမ်ခြေ (၂၀) | အဝု (×) |
| ၁၆။ | မျောက်သျှေရရွာ | အိမ်ခြေ (၁၀၀) | အဝု (×) |
| ၁၇။ | ကွန်ညို့အောင်ရွာ | အိမ်ခြေ (၄၀) | အဝု (×) |
| ၁၈။ | ကပိုင်ချောင်းရွာ | အိမ်ခြေ (၃၀) | အဝု (×) |
| ၁၉။ | သောကြာဖြူရွာ | အိမ်ခြေ (၂၀) | အဝု (၅) |
| ၂၀။ | ကျီးကန်းတောရွာ | အိမ်ခြေ (၂၅) | အဝု (×) |
| ၂၁။ | ညိုလှဖြူရွာ | အိမ်ခြေ (၂၀) | အဝု (၂၀) |
| ၂၂။ | စိန်ကရီရွာ | အိမ်ခြေ (၂၅) | အဝု (၅) |
| ၂၃။ | ဘဲဘီဒါရွာ | အိမ်ခြေ (၃၀) | အဝု (×) |
| ၂၄။ | ဒေါက်ချောင်းရွာ | အိမ်ခြေ (၃၀) | အဝု (×) |
| ၂၅။ | ရွာသစ်ကေရွာ | အိမ်ခြေ (၂၀) | အဝု (×) |
| ၂၆။ | မရိတ်ဘုန်းညာရွာ | အိမ်ခြေ (၂၅) | အဝု (×) |
| ၂၇။ | နီချားပါရီရွာ | အိမ်ခြေ (၃၀) | အဝု (×) |
| ၂၈။ | ကန်းပိုင်သျှေရွာ | အိမ်ခြေ (၂၀) | အဝု (×) |
| ၂၉။ | သတရစ်ကုန်းရွာ | အိမ်ခြေ (၂၀) | အဝု (×) |
| ၃၀။ | ခဲမဖြူရွာ | အိမ်ခြေ (၈၀) | အဝု (မြို့) |
| ၃၁။ | အစ်ကိုလတ်ရွာ | အိမ်ခြေ (၅၀) | အဝု (×) |

**ဘက်ယာတုလီကျွန်း (Baliytali)**

| | | | |
|---|---|---|---|
| ၁။ | ပြွန်သျှေရွာ | အိမ်ခြေ (၄၀) | အဝု (၂၀) |
| ၂။ | အဝရွာ | အိမ်ခြေ (၁၅) | အဝု (×) |
| ၃။ | မောင်မဲရွာ | အိမ်ခြေ (၂၀) | အဝု (×) |
| ၄။ | ဘော်လီရွာ | အိမ်ခြေ (၃၅) | အဝု (×) |
| ၅။ | နီမချောင်းရွာဟောင်းရွာ | အိမ်ခြေ (၄၀) | အဝု (×) |
| ၆။ | နွားထိုးအောင်ရွာ | အိမ်ခြေ (၂၀) | အဝု (×) |
| ၇။ | ကွမ်းတောချောင်းရွာ | အိမ်ခြေ (၄၀) | အဝု (၁၀) |
| ၈။ | ကွမ်းတောချောင်းရွာသစ် | အိမ်ခြေ (၂၀) | အဝု (၅) |
| ၉။ | အုတ်တောင်ရွာ | အိမ်ခြေ (၂၀) | အဝု (၅) |
| ၁၀။ | ကင်ကော်နီရွာ | အိမ်ခြေ (၅၀) | အဝု (×) |
| ၁၁။ | ပြိုင်ရီခွတ်ရွာ | အိမ်ခြေ (၂၀) | အဝု (×) |
| ၁၂။ | အပါဒီရောက်မချောင်းရွာ | အိမ်ခြေ (၈၀) | အဝု (၅) |
| ၁၃။ | ကံပြင်သျှေရွာ | အိမ်ခြေ (၁၅) | အဝု (×) |
| ၁၄။ | အပါကောင်စိုးရွာ | အိမ်ခြေ (၁၅) | အဝု (၅) |
| ၁၅။ | မဖြူချောင်းရွာ | အိမ်ခြေ (၈၀) | အဝု (၁၅) |
| ၁၆။ | ကံပါနီရွာ | အိမ်ခြေ (၃၀) | အဝု (၁၀) |
| ၁၇။ | ငမဲရွာ | အိမ်ခြေ (၁၀) | အဝု (×) |
| ၁၈။ | လက်ယာတက်ရွာမရွာ | အိမ်ခြေ (၈၀) | အဝု (၁၀) |
| ၁၉။ | လက်ယာတက်ရွာသစ် | အိမ်ခြေ (၂၅) | အဝု (×) |
| ၂၀။ | ဖာလာကုန်းရွာ | အိမ်ခြေ (၂၀) | အဝု (×) |
| ၂၁။ | လိပ်သျှေခုံရွာ | အိမ်ခြေ (၂၅) | အဝု (×) |

| | | | |
|---|---|---|---|
| ၂၂။ | ဒပြုကုန်းရွာ | အိမ်ခြေ (၂၀) | အဝု (×) |
| ၂၃။ | ချောင်းဝရွာ | အိမ်ခြေ (၂၅) | အဝု (×) |
| ၂၄။ | ရုပ်ပုံရွာ | အိမ်ခြေ (၂၅) | အဝု (×) |

**ဘော်ဒုတ်ပီကျွန်း (Barobaliyeatoly)**

| | | | |
|---|---|---|---|
| ၁။ | ကပိုင်ရွာ | အိမ်ခြေ (၂၅) | အဝု (၅) |
| ၂။ | က်ကော်ရွာ | အိမ်ခြေ (၄၀) | အဝု (၈) |
| ၃။ | သာထွန်းချစ်ရွာ | အိမ်ခြေ (၃၀) | အဝု (×) |
| ၄။ | ကားရကလီရွာ | အိမ်ခြေ (၃၀) | အဝု (×) |
| ၅။ | မောင်ဖြူချစ်ရွာ | အိမ်ခြေ (၂၀) | အဝု (×) |
| ၆။ | မော်ထွန်းရွာ | အိမ်ခြေ (၂၀) | အဝု (×) |
| ၇။ | ဖယ်လာဘုန်းညာရွာ | အိမ်ခြေ (၃၀) | အဝု (×) |
| ၈။ | ရင်ဂါဘာလီရွာ | အိမ်ခြေ (၅၀) | အဝု (×) |
| ၉။ | ဂန်ဒရံကျွန်း | အိမ်ခြေ (၂၅) | အဝု (×) |

**ဘိုးကျီကျွန်း (Boge)**

| | | | |
|---|---|---|---|
| ၁။ | ဆိုကီနာရွာ | အိမ်ခြေ (၃၅) | အဝု (×) |
| ၂။ | ရွှေမောင်ရွာ | အိမ်ခြေ (၂၅) | အဝု (×) |
| ၃။ | ညောင်တန်းရွာ (ညောင်ပင်လှရွာ) | အိမ်ခြေ (၂၀) | အဝု (×) |
| ၄။ | ဗောဓိကုန်းရွာ | အိမ်ခြေ (၃၀) | အဝု (၅) |
| ၅။ | ချရာကုန်းရွာ | အိမ်ခြေ (၄၀) | အဝု (၃၀) |
| ၆။ | တာတေရွာ | အိမ်ခြေ (၄၅) | အဝု (၅) |
| ၇။ | ဆတ်ရိုးကျရွာ | အိမ်ခြေ (၂၅) | အဝု (×) |
| ၈။ | နွားလဘုန်းရွာ | အိမ်ခြေ (၄၀) | အဝု (×) |
| ၉။ | ခွီးတောင်ချောင်းရွာ | အိမ်ခြေ (၅၀) | အဝု (၅) |
| ၁၀။ | မော်ရာဘီရွာ | အိမ်ခြေ (၂၅) | အဝု (×) |
| ၁၁။ | ဘုတ်ထီးရွာ | အိမ်ခြေ (၃၀) | အဝု (×) |
| ၁၂။ | သံသာသျှေရွာ | အိမ်ခြေ (၂၅) | အဝု (×) |
| ၁၃။ | ဘေတလီယာရွာ | အိမ်ခြေ (၄၀) | အဝု (၃၀) |
| ၁၄။ | ဂန္ဓမာရွာ | အိမ်ခြေ (၈၀) | အဝု (၂၀) |
| ၁၅။ | မောင်နှမကြီးရွာ | အိမ်ခြေ (၂၅) | အဝု (၅) |
| ၁၆။ | မောင်နှမသျှေရွာ | အိမ်ခြေ (၂၀) | အဝု (×) |
| ၁၇။ | မဖြူသျှေရွာ | အိမ်ခြေ (၂၅) | အဝု (၁၀) |
| ၁၈။ | မောင်မည်းသျှေရွာ | အိမ်ခြေ (၃၀) | အဝု (×) |
| ၁၉။ | လောင်းပျက်ချောင်းရွာ | အိမ်ခြေ (၂၀) | အဝု (×) |
| ၂၀။ | နွားထိုးအောင်ရွာ | အိမ်ခြေ (၂၀) | အဝု (×) |
| ၂၁။ | နွားထိုးရီရွာ | အိမ်ခြေ (၁၅) | အဝု (×) |
| ၂၂။ | သုံးဆောင်ရွာ | အိမ်ခြေ (၄၀) | အဝု (၂၅) |
| ၂၃။ | ကာဇီခါလာရွာသစ် | အိမ်ခြေ (၃၀) | အဝု (×) |
| ၂၄။ | ကာဇီခါလာရွာဟောင်း | အိမ်ခြေ (၁၅)အဝု(×) | |
| ၂၅။ | နီဦးရွာ | အိမ်ခြေ(၂၅)အဝု(×) | |
| ၂၆။ | ဖြူသျှေရွာ | အိမ်ခြေ(၂၅)အဝု(×) | |
| ၂၇။ | ကိန္နရီရွာ | အိမ်ခြေ (၂၅)အဝု(×) | |
| ၂၈။ | မြစ်နားရွာ | အိမ်ခြေ (၂၅)အဝု(×) | |
| ၂၉။ | ဘတ်ဇူရွာ | အိမ်ခြေ (၃၅)အဝု (×) | |

| | | |
|---|---|---|
| ၃၀။ | တာတလီရွာ | အိမ်ခြေ (၅၀)အငုံ (၅၀) |
| ၃၁။ | သိမ်တောင်ရွာ | အိမ်ခြေ (၈၀)အငုံ (၂၅) |
| ၃၂။ | တောကျွန်း ရောက်မချောင်းရွာ | အိမ်ခြေ (၃၀)အငုံ (၁၅) |
| ၃၃။ | ကန်းစောက်ရွာ | အိမ်ခြေ (၂၅)အငုံ (×) |
| ၃၄။ | တိုက်လာရွာ | အိမ်ခြေ (၄၀)အငုံ (၂၅) |
| ၃၅။ | အေးတက်ကေရွာ | အိမ်ခြေ (၂၀)အငုံ (×) |
| ၃၆။ | ဘန်ဒလီရွာ | အိမ်ခြေ (၂၀)အငုံ (×) |
| ၃၇။ | ဖုန်စက်ခါလာရွာ | အိမ်ခြေ (၄၀)အငုံ (×) |
| ၃၈။ | သဝင်ချောင်းရွာ | အိမ်ခြေ (၂၀)အငုံ (×) |
| ၃၉။ | ပျူဝရွာ | အိမ်ခြေ (၂၅)အငုံ (×) |
| ၄၀။ | ပါဒလာဘန်ဂါရွာ | အိမ်ခြေ (၂၅)အငုံ (×) |
| ၄၁။ | သျှီသျှေရွာ | အိမ်ခြေ (၂၀)အငုံ (×) |

အရီးကြီးမှတ်ထားရေ ရွာစာရင်းတိကို အတည်ပြုနိုင်ဖို့အတွက် ၂၀၀၂-ခုနှစ်ခါမှရာ အဝကျွန်းကပြောင်းလာကတ်တေ ဦးမောင်ထွန်းစိန်၊ ဒေါ်လှမိုးရို့လင်မယားကို မိန်းကြည့်ရေခါ အငုံထိနီထိုင်ကတ်တေ ရခိုင်အိမ်ခြေ(၅၁၉)နန့် အယင့်အယင်ကဟိ ခရေ ရခိုင်ရွာစာရင်းတိကိုပါ ဖော်ပြနိုင်ရေအတွက် အခင်မောင်ထွန်းစိန်နန့် အရီးဒေါ်လှမိုးရို့ကို ကျေးဇူးတင်ရှိပါကြောင်းနန့် ဒေမှတ်တမ်းကိုရီးသားခရေ အဖူ-အဇာရို့နန့်အတူ ဘာဘာ၏အဖ အဖိုးသျှင် ဦးမောင်စောလှ (၁-၁-၁၉၈၆-ကွယ်လွန်)နန့် အမိ အဘောင်သျှင် ဒေါ်မွှီးသူ(သီလသျှင် ဒေါ်စန္ဒာ) (၁၂-၇-၁၉၉၆-ကွယ်လွန်)ရို့ကို အေစာစုနန့် ရှိခိုးကန်တော့လိုက်ပါယင့်။

**ရိုးမလူ**

**၁၀-၂-၂၀၀၃**

**ရိုးမ(၅)မဂ္ဂဇင်းမှ--**

# အမင်ရွာ

ကျီးကန်းသံကြောင့် လန့်နိုးလားခရေဆိုကေ လွန် ဖို့ဟန်။ ဒေပြည်၊ဒေရွာက ကျီးကန်းတိ ငါရို့ပါးက ကျီးကန်းတိထက် အသံပိုလို့ ကျယ်ရေထော။ လူနီထူ ထပ်ပျာယ် စည်းမဟိ၊ကမ်းမဟိ ပစ်ထားရေ အမှိုက်သ ရိုက်ကြောင့် ကျီးကန်းတိ ဒေအရပ်ဒေသမှာ ပိုပျော်လာ မသိ။ ကျီးကန်း ကောင်းကောင်းများရေကာနှန်း။

ညစာက ပင်ပန်းလာလို့ ညဥ့်တစ်ရီးပင် မနိုးလိုက်၊ ကျီးကန်းသံကြောင့် နိုးလာစွာရာ။ ဘဝင်းရှင်က 'အစ်ကိုကြီး၊ လူတိ ရောက်နီကတ်ယင့်ထော'လတ်။ မျက်နှာ ပင် မသစ်ရသိ၊ အသူရို့ပင် ရောက်နီကတ်လေချင်လို့ အိမ်အောက်ကို ဆင်းကြည့်လိုက်တေခါ 'အစ်ကိုကြီး၊ ထိုင်ပါ'လို့ ပြောပနာ တစ်ယောက်စီတစ်ယောက်စီလာ ယင်းရှိခိုးလိုက်ကတ်စွာ၊ နည်းရေလူတိကား မဟုတ်။ နှစ်ဆယ်၊သုံးဆယ်ထက်ပင် ပိုများဖို့ဟန်။ အေလူတိလေ ငါရို့အမိမှာ မောင်သား၊ မောင်သမီးတိ၊ နှမသား၊ နှမ သမီးတိနန့် တစ်ဝမ်းကွဲ၊နှစ်ဝမ်းကွဲ ဆွေမျိုးသားသမီးတိ အားလုံးမဟုတ်သိချင့်။ တချို့လေ့ သားနန့်မယားနန့်၊ လင်နန့်သားနန့် အသျှေတစ်ယောက်နှစ်ယောက်စီ ပါ ကတ်သိယင့်။ 'နီကောင်းရေမဟုတ်ပါလား အစ်ကိုကြီး၊ နီကောင်းရေမဟုတ်ပါလား ယောက်ဖကြီး၊ နီကောင်းရေ မဟုတ်ပါလား အခင်ကြီး'လို့ နှုတ်ဆက်ကတ်တေလူတိ က မနည်းကာနှန်း။ 'ဩော် - ငါကိုယ်တိုင်က အသက် လေးဆယ် ပြည့်လားခဗျာယ် မနားယေ'။

တနားလောက်ရာ ကြာရေ။ အရီးကြီး၊အရီးသျှေ၊ အခင်လတ်၊ အခင်ကြီး၊ အယွေကြီး၊ အယွေလတ်၊ အ ဘေကြီး၊ အဘေသျှေ၊ အခင်သျှေ၊ အခင်ကြီး၊ အဘိုး လတ်၊ အဘိုးသျှေရို့ ရောက်လာပနာ သတင်းမိန်းကတ် လို့ ဦးချရှိခိုးလိုက်ရရေခါ 'ဝိဒထူပ'ဇာတ်လမ်းထဲက သာ ကီဝင်ရို့ဓလေ့ကိုလေ့ သတိရမိပါသိရေ။

ဒေမြို့၊ဒေရွာ၊ဒေအရပ်ဒေသကို အဂုတစ်ခါရာ ရောက်ဖူးစွာကား မဟုတ်။ အယင့်အယင်ကခါ အခေါက်ခေါက်အခါခါ ရောက်ဖူးရေဝါ။ အယင်ခေါက်ခါ က မောင်တောမှာနီရေခါ မိုးထထမင်းကို မောင်တော မှာစား၊ ညစာထမင်းကို ဒေမှာစား။ ညစာထမင်းကို ဒေ မှာ စားပနာ မိုးထလက်ဖက်ရည်ကို မောင်တောမှာ သောက်တေ။ အေပိုင်ရင်းနှီးခရေ အရပ်ဒေသရာ၊ အဂု လေ့ သတင်းမိန်းလူကမိန်း၊ ရှိဟောင်းနှောင်းဖြစ်ကို ပြော သူကပြော။ 'မင်းမိဝါ နီကောင်းလာ၊ မင်းမှာ အသျှေဇာ နှစ်ယောက် ရဗျာယ်လေ'။ ဒေမိန်းခွန်းတိက လူတိုင်းလို လို မိန်းဖြစ်ကတ်တေ။ ဇာပိုင်ဖြစ်လို့ နိခင်းတစ်နာရီထိုး လားခလေဂု။ အလာ ဟောနီဗျာယ်လတ်။ 'ထမင်းစားဖို့ လာလတ်ဖိ'လို့ အယွေလတ်ခေါ်ခါမှ ပရုန်းနရုန်း ရီချိုး ဖြစ်တေ။

သုံးလေးရက် ကြာလားခကေလေ့ ထိုအိမ်မှာ တနား၊ ဒေအိမ်မှာတနားနန့် ဆွေမျိုးလည်ယင်း ဇာပိုင်အချိန်ကုန်လားခလေချင့်။ 'နင် မဟားဇိုး၊ သော်ဒီဂျာက ဆွေမျိုးတိပါးကိုဝါ လားဖို့သိလားလတ်'။ အယွေလတ် က မိန်းရေ။ ယင်းမိန်းခွန်ကို မဖြေဖြစ်။ တစ်ညဥ့်လုံး အိပ်မပျော်။ ဒေမြို့ဒေရွာ အကြောင်းတိ၊ ဒေဒေသက အသျှေတိ ရခိုင်စာနန့် မြန်မာစာကို စိတ်မဝင်စားလို့ မသင်ကတ်ပျာယ်ဆိုရေ အကြောင်းတိကို စဉ်းစားယက် ပင်းသန်းခေါင်သန်းလွဲ ဖြစ်လားခလီယင့်။

ဒေမြို့ဒေရပ်စွာ ငါရို့မေမေ မွီးရပ်မြေဖြစ်တေ။ ဒေမြို့အကြောင်းတိကို အသျှေကပင် မေမေပြောလို့ကြားဖူးရေ။ မေမေကပြောရေ။ 'ငါရို့ ကိုးနှစ်၊ဆယ်နှစ် သမီးလောက်ခါ ဖလောင်းချိတ်ဝန်းကျင်မှာ ကုလားမဟိ၊ ကုလားကို ငါရို့မမြင်ဖူးခ။ ကုလားကိုမြင်ချင်လို့ ငါရို့တိ မြစ်နားကိုလားပနာ ထင်းကောက်တေကုလားတိကို လားကြည့်ကတ်တေ။ ယင်းပိုင်ဖြစ်ခစွာ ဇာကြာသိ လို့လဲ။ ငါ အဂု(၆၀)ပြည့်ဆိုကေ ကုန်ခရေ နှစ်(၅၀) လောက်က မနားယေ'လတ်။ အဂု ဒေမြို့မှာ ကုလား ဆယ်သန်းထက်ပင် ကျော်ဖို့ဟန်။ အားလုံး ယင်းသူရို့ တိရာကာ။ ငါရို့အသျှေခါ သင်္ကြန်ကျလို့ ဘုရားရီချိုး ကတ်ပျာယ်ဆိုကေ ဒေဖလောင်းချိတ်မှာဟိရေ ရွာ(၁၃) ရွာက စီတန်းလှည့်လည်စွာ အနည်းစည်စွာကား မဟုတ်။ ပြီးကေ ဘုန်းကြီးကျောင်းလေ့ (၉)ကျောင်း ဟိရေ မနား။ ဇာဖြစ်တေ။ မြစ်နားကျောင်း၊ ပိဋကတ် ကျောင်း၊ မျောက် ချေကျောင်း၊ တောကျောင်း၊ တိဿ ကျောင်း၊ အကာမေစကျောင်း၊ ဝိမာသာရကျောင်း၊ ငါးခူဆောင်တန်းကျောင်း၊ မေတိရင်းကျောင်းရို့ ဟိရေလတ်။ မေမေရေ သူ့မွီးရပ်မြေအကြောင်းကို ပြောရကေ ထမင်းမိ၊ဟင်းမိ။ အဂုက ပေါင်းစုတန်း၊ ပန်း စားဖစု၊ ခွင်စသျှေစု၊ မော် ဆိုရေ ရွာတိကိုဖြတ်ပနာ လမ်းမကြီးတိ

ဖောက်ထားလီယင့်။ လမ်းဘေးဝဲယာ တစ်ဖက်တစ်ချက်မှာလေ့ ဆိုင်ကြီးကွန်ကြီးနန့် အယင် ခါ ဖလောင်းချိတ်နန့်က မတူဗျာယ်ကာ။ ကျောင်းကန် ဘုရား ပတ်ဝန်းကျင်တိလေ့ ငယ်လားခရေ။ ယင်း ကျောင်းကန်နားက ဝတ္တကမြေမှာလေ့ ယင်းသူရို့ အိမ် ကြီးယာကြီးဆောက်ပနာ ပိုင်စိုးနီကတ်ယင့်။ အော် - အယင်ခေါက်ဟိခရေ ကန်ကြီးကန်သျှေနန့် ဇရပ်ကြီး၊ ဇရပ်သျှေတိ မဟိဗျာယ်မနားယေ'လို့ မေမေ ညည်းသံ တိကိုလေ့ ကြားရပါယင့်။

အေအရပ်၊အေဒေသမှာလေ အမိကို မေမေလို့ ခေါ်စွာထက် အမင်လို့ခေါ်စွာက ပိုများရေနှန်း။ ရခိုင် ရို့မှာ အမိကို အီးယောင်၊ အီးယေ၊ မေမေ၊ အမင်လို့ ခေါ်ကတ်စွာ ကွဲပြားခြားနားကတ်ကေလေ့ အတွင်းအ နှစ်သာရက တူတူပါရာ။

အဘေသျှေ ကျော်လှအောင်က ပြောခရေ။ ငါရို့ အေမြေမှာ ခေါင်းချလီဖို့ဗျာယ်ဝေ။ တစ်ရွာမပြောင်းလို့ သူကောင်းမဖြစ်ကေလေ့ နီလီဖိ။ အမင်ရို့၊အဘာရို့ ခေါင်းချရေမြီမှာ သမိုင်းမပြောင်းလီရအောင် ငါရို့နီစွာ ရာ။ ထမင်းတစ်လုပ်စားဖို့အတွက် ဖြစ်တေပိုင် အလုပ် လုပ်ကတ်ရဖို့ဗျာယ်။ မင်းရို့ရာ ကြီးပွားလီကတ်၊ ချမ်း သာလီကတ်၊ ကျန်းကျန်းမာမာနန့် လိုရာဆန္ဒပြည့်လီ ကတ်လတ်။ အဘေသျှေ ကျော်လှအောင်ရို့ပိုင် လူတိ ကြောင့်လေ ဒေမြီမှာ 'ရခိုင်'လို့ ဟိနီကတ်သိစွာရာမနား ယေ။ ငါရို့အဘာရို့မျိုးက ဒေကမဟုတ်။ မြောက်ဦးက လတ်။ ငါရို့အဖိုးသျှင်က ပြောခရေ။ ပြည်ပျက်လို့ ပြီး လာယင်း ဒေပြည်ကိုရောက်လာစွာလတ်။ အမင်ရို့မျိုး ကတော့ ဒေပြည်ဒေနီရာက 'ဆည်ကြီး'ဇာတိလို့ ပြော ရေ။ ဒေမြေစွာ အယင့်အယင် ရခိုင်ဘုရင်ရို့လက်ထက် က ရခိုင်မြေမနားယေ။ မဂိုရို့ပါးမှာ စစ်ယှုံးလို့ လက်လွှတ် ခရစွာ။ ယင်းခါကပင်ဟိရေ ရခိုင်တိစွာ ဒေပြည်ပေါက် ဖွားဗျာယ်မနား။ ဟုတ်တေ။ ဒေအရပ်မှာ ဗုဒ္ဓဘာသာ တိနီခကြောင်းကို ဗုဒ္ဓဘာသာစေတီတိကို တူးဖော်တွိ ဟိရပါရေလို့ သမိုင်းသုတေသီတိက ဆိုထားရေဝါ။ အ ဂုလေ့ ရခိုင်တိ ကန်ကမကန်။ တစ်ခါတစ်ခါ ပွဲကျကေ ဇာကဇာက ထွက်လာမှန်းမသိ။ ရခိုင်တိ အများကြီး ရောက်လာရေ။ ဒေပြည်၊ဒေအရပ်မှာ ရခိုင် လေးငါး သိန်းထက်မက ဟိဖို့ဝေလို့ အခင်သျှေကပြောရေ။ မင်း ငါပြောစွာကို မယုံလား။ သက်ထောင်၊ဖလံထောင်၊ဘို မင်းထောင်ရို့မှာလေ့ မကန်ဟိသိရေ။ ယင်းကစာရင်း တိကိုပါချကေ ပိုလို့များဖို့ ထင်ယင့်။ ဒေ ဘင်္ဂလားဒေ့ချ် ဖက်မှာ သက်ထောင်၊ဘိုမင်းထောင်နန့် ဖလံထောင် တ ချို့အရပ်ဒေသရာ ပါရေ။ အိန္ဒိယထဲမှာလေ့ ဖလံထောင် တချို့ ဟိသိယင့်။ မင်း သိချင်ရေဆိုလို့ ဖလောင်းချိတ် အကြောင်းကို ငါသိသလောက်ပြောမေကားလတ်။ ဒေ ဖလောင်းချိတ်စွာ ထိုးအယင်က 'အောင်ချမ်းသာရွာ'လို့ ဆိုရေ။ ဒေအရပ်ကို အင်္ဂလိပ်တို့သိမ်းပြီးခါမှ မစ္စတာ ကော့(စ်) (Mr.Cox)ဆိုသူက အုပ်ချုပ်တေခါ ရွာက ပိုလို့ စည်လာရေ။ ယင်းခါ မစ္စတာကော့စ်က စီးတစ်ခုကိုထူ ထောင်ပနာ ယင်းခါကပင်စလို့ ကော့စ်ဘဇာ(Cox's Bazar)လို့ နာမည်ကြီးလာစွာ။ ငါရို့ရခိုင်တိက အင်္ဂလိပ် ကို 'ဖလောင်း'လို့ ခေါ်ရေမနား။ မြေသျှင်ငွေသျှင်ဖြစ် လို့လေ့ သူ့ကို 'ချိတ်သျှင်'လို့လေ့ ခေါ်ကတ်တေ။ ယင်း ကြောင့်လေ့ ရခိုင်သားတိက ဒေအရပ်၊ဒေဒေသကို 'ဖလောင်းချိတ်'လို့ နာမည်တွင် ခေါ်ကတ်လီယင့်။

ဒေမြို့ကို ရွာ(၁၃)ရွာနန့် ထူထောင်ခဖူးရေ။ မင်း သိချင်ကေ ငါပြုစုထားရေ သက်ထောင်၊ ဘိုမင်းထောင်၊ ဖလံထောင်နန့် ဖလောင်းချိတ်တခွင်မှာဟိရေ ရပ်ရွာ စာရင်း၊ အိမ်ခြေစာရင်းတိကိုပါ မင်းတစ်ခေါက် ဖတ် ကြည့်လီဖိလတ်။

**ဖလောင်းချိတ်နယ်ဟိ ရခိုင်ရွာစာရင်း**

| ရွာနာမည် | အယင်ခေါက်အိမ်ခြေ | အဂုလက်ဟိ အိမ်ခြေ | အဂုလက်ဟိ လူဦးရေ |
|---|---|---|---|
| ၁။ မော် | ၁၀၀ | - | - |
| ၂။ ပင်စသျှေစု (ခွင်စချေစု) | ၇၀ | ၄ | ၂၀ |
| ၃။ ပန်းစားဖစု | ၆၀ | ၃ | ၂၀ |
| ၄။ ငါးစီးတန်း | ၁၂၀ | ၇၀ | |
| ၅။ ဟင်းစီးတန်း | ၅၀ | ၄ | |
| ၆။ သရက်တန်း | ၅၀ | ၁၅ | |
| ၇။ ရွှေဘုံတန်း | ၇၀ | ၄ | |
| ၈။ ကျော်ဦးတန်း | ၈၀ | ၄၀ | |
| ၉။ ခေါ်ပဇာတန်း | ၁၀၀ | ၅ | |

| | | |
|---|---|---|
| ၁၀။ ကုလားစု | ၅၀ | ၈ |
| ၁၁။ ဝင်းဦးတန်း | ၅၀ | ၁၅ |
| ၁၂။ ပေါင်းစုတန်း | ၈၀ | ၃ |
| ၁၃။ ငါးခူဇောင်တန်း | ၈၀ | - |

**ဖလောင်းချိတ်မြို့ဟိ ဘုန်းတော်ကြီးကျောင်းစာရင်း**

၁။ မြစ်နားကျောင်း ၂။ ပိဋကတ်ကျောင်း
၃။ မျှောက်ချေကျောင်း ၄။တောကျောင်း
၅။ တိဿကျောင်း ၆။အကာမေဓကျောင်း
၇။ ဝိမာသာရကျောင်း ၈။ငါးခူဆောင်တန်းကျောင်း
၉။ မေတိရင်းကျောင်း

**သော်ဒီဂျာနယ်ဟိ ရခိုင်ရွာစာရင်း**

| ရွာနာမည် | အယင်ခေါက်အိမ်ခြေ | အဂုလက်ဟိ အိမ်ခြေ | အဂုလက်ဟိ လူဦးရေ |
|---|---|---|---|
| ၁။ ကျောင်းနားရွာ | ၇၀ | | |
| ၂။ မော်ရွာ | ၆၀ | | |
| ၃။ အထက်ရွာ | ၇၀ | | |

**ကုလားချုပ်နယ်ဟိ ရခိုင်ရွာစာရင်း**

| ရွာနာမည် | အယင်ခေါက်အိမ်ခြေ | အဂုလက်ဟိ အိမ်ခြေ | အဂုလက်ဟိ လူဦးရေ |
|---|---|---|---|
| ၁။ ကြက်စားရွာ | မသိ | မဟိ | |
| ၂။ မောင်ဇံရွာ | မသိ | ၄၀ | |
| ၃။ မုရိုးတော်ရွာ | မသိ | ၂ | |
| ၄။ ရွာသစ်ရွာ | မသိ | ၃ | |
| ၅။ ဆည်ကြီးရွာ | မသိ | မဟိ | |
| ၆။ လေးဆောင်ရွာ | | ၄ | |
| ၇။ ဦးဒေါင်းပြင်ရွာ | | | |
| ၈။ ပတ်တလီရွာ | | ၂ | |
| ၉။ နွားရုံတောင် | | ၃၅ | |
| ၁၀။ စိုင်းဒါး | | ၂ | |
| ၁၁။ မန်းဇာစျိး (မန်းဇရီပင်စျိး) | မသိ | မဟိ | |

**မဟားစိုးနယ်ဟိ ရခိုင်ရွာများစာရင်း**

| ရွာနာမည် | အယင်ခေါက်အိမ်ခြေ | အဂုလက်ဟိ အိမ်ခြေ | အဂုလက်ဟိ လူဦးရေ |
|---|---|---|---|
| ၁။ ရွာကြီး | ၆၀ | မသိ | |
| ၂။ အထက်ရွာ | | | |
| ၃။ အောက်ရွာ | | | |
| ၄။ ဘောဒကူရွာ | | | |
| ၅။ တန်းထားဒကူရွာ | | | |
| ၆။ မဒီချောင်း | | | |
| ၇။ ဟာလဘင်း (ငသံဒေဖတည်ရွာ) | ၁၇၀ | | |
| ၈။ စုတ်ကရာ | ၃၀ | | |
| ၉။ မာလဖုံ | | | |
| ၁၀။ လေးဆောင်ရွာ | | | |

**ဖလောင်းချိတ်နန့် ကယုချောင်းကြားဟိ ရခိုင်ရွာစရင်း**

| ရွာနာမည် | အယင်ခေါက်အိမ်ခြေ | အဂုလက်ဟိ အိမ်ခြေ | အဂုလက်ဟိ လူဦးရေ |
|---|---|---|---|
| ၁။ ထမ်းချောင်း | ၄၀ | မရှိ | |
| ၂။ ဝါးခွပ်ချောင်း | ၃၀ | ၅၀ | |
| ၃။ ရှောက်ချောင်း | ၄၀ | ၁၀ | |

| | | |
|---|---|---|
| ၄။ ပန်းမော် | ၄၀ | ၅၀ |
| ၅။ ခိုင်မရှိဖရွာ | ၅၀ | ၈၀ |
| ၆။ သင်ပုန်းချောင်း | ၅၀ | ၁၀၀ |
| ၇။ ခြံချောင်း | ၆၀ | ၁၀၀ |
| ၈။ နခေါင်းချောင်း | ၅၀ | ၅ |
| ၉။ ညလား | ၃၀၀ | ၂၀ |
| ၁၀။ မိုးပန်းဖရွာ(မိုးဖြူရွာ) | ၆၀ | မရှိ |
| ၁၁။ မြစ်နားရွာ | ၅၀၀ | ၁၅၀ |
| ၁၂။ အလယ်ချောင်း | ၄၀ | မရှိ |
| ၁၃။ ပေါက်ဆိန်ခေါင်း | ၂၀ | ၅ |
| ၁၄။ ညောင်ပင်လှ | ၃၀ | မရှိ |
| ၁၅။ သူကြီးရွာ | ၃၀ | မရှိ |
| ၁၆။ ရွာသစ် | ၃၀ | ၁၀ |
| ၁၇။ ထပ်တောင်ရွာ | ၁၀ | မရှိ |
| ၁၈။ ညောင်ကြပ်ပင်ရွာ | ၁၀ | မရှိ |
| ၁၉။ ကယုချောင်း | ၅၀၀ | ၃၀ |
| ၂၀။ ကင်းဂုတ်ရွာ | ၄၀ | မရှိ |
| ၂၁။ ဆားပြင် | ၆၀ | ၁၂ |
| ၂၂။ မောင်ဦးရွာ | ၂၀ | မရှိ |
| ၂၃။ ကုန်တန်းသျှေ | ၃၀ | မရှိ |
| ၂၄။ ရှင်မဖြူ | ၂၀ | မရှိ |
| ၂၅။ ရှင်မညို | ၃၀ | မရှိ |

**<u>ပင်းဝါနယ်ဟိ ရခိုင်ရွာစာရင်း</u>**

| ရွာနာမည် | အယင်ခေါက်အိမ်ခြေ | အဂုလက်ဟိ အိမ်ခြေ | အဂုလက်ဟိ လူဦးရေ |
|---|---|---|---|
| ၁။ ရွာကြီးဖက်ရွာ | ၁၂၀ | ၃၀ | |
| ၂။ မြောင်းနားဖက်ရွာ | ၅၀ | ၁၀ | |
| ၃။ ကျောင်းနားရွာ | ၃၀ | ၂၀ | |
| ၄။ ထုံးသယ်ရွာ | ၄၀ | - | |
| ၅။ လက်ပံပင်ရင်းရွာ | ၄၀ | ၂ | |
| ၆။ အောက်သားဖရွာ | မသိ | မဟိ | |
| ၇။ ရာဇာဖက်ရွာ | မသိ | မဟိ | |
| ၈။ တောင်သျှေရွာ | မသိ | ၂ | |

ခါးခရားဆော်ရီ တောင်တန်းဒေသ၊ မနီဆော်ရီမြို့နယ်ဟိ ရခိုင်အိမ်ခြေစာရင်းနန့် ရခိုင်လူဦးရေစာရင်း။

| ရွာနာမည် | အိမ်ခြီပေါင်း | လူဦးရေ |
|---|---|---|
| ၁။ မာချေးရီရွာ | ၁၁၀ | ၅၉၀ |
| ၂။ မာနီဆော်ရီရွာ | ၁၀၀ | ၄၂၀ |
| ၃။ ဇော်ဆော်လောရွာ | ၉၀ | ၂၈၀ |
| ၄။ ကာလာပါနီရွာ | ၈၀ | ၃၃၀ |
| ၅။ ရင်ဂါပါနီရွာ | ၉၀ | ၃၇၀ |
| ၆။ ဘာယောင်းဆော်ရီရွာ | ၇၀ | ၂၉၀ |
| ၇။ ပင်းလယာဆော်ရာရွာ | ၁၀၀ | ၅၈၀ |
| ၈။ မာချောရီရွာ | ၁၀၀ | ၄၉၀ |
| ၉။ မင်းဘင်သျှေရွာ | ၁၂၀ | ၆၀၀ |

| | | |
|---|---|---|
| ၁၀။ ခါးခရားဆော်ရီမြို့ | ၁၅၀ | ၇၃၀ |

စုစုပေါင်းအိမ်ခြေ = ၁၀၁၀

စုစုပေါင်း လူဦးရေ = ၄၆၈၀

ရင်ဂါမတီတောင်တန်းဒေသ၊ ကာတိုက်မြို့နယ်ဟိ ရခိုင်အိမ်ခြေစာရင်းနန့် ရခိုင်လူဦးရေစာရင်း။

| **ရွာနာမည်** | **အိမ်ခြေပေါင်း** | **လူဦးရေ** |
|---|---|---|
| ၁။ စိန်မြောင်ရွာကြီး | ၁၂၀ | ၅၀၀ |
| ၂။ ဟကက်မန်ရွာ | ၁၀၀ | ၄၀၀ |
| ၃။ ဆောင်းရဆော်ရီရွာ | ၁၀၀ | ၄၅၀ |
| ၄။ အင်တမာရွာ | ၁၀၀ | ၄၀၀ |
| ၅။ အာကာရွာ | ၉၀ | ၂၈၀ |
| ၆။ ဘင်ဟီးရွာ | ၁၁၀ | ၄၃၀ |
| ၇။ ကာလူဘော်ရှီးဘာရွာ | ၆၀ | ၂၅၀ |
| ၈။ ပေကိုဝါရွာ | ၁၅၀ | ၆၀၀ |
| ၉။ ပုဏ္ဏားဘချောင်းရွာ | ၈၀ | ၃၅၀ |
| ၁၀။ စိန်လောင်ရွာ | ၇၀ | ၂၈၀ |
| ၁၁။ အာရဆော်ရီရွာ | ၁၀၀ | ၄၀၀ |
| ၁၂။ ကိုတာဆော်ရီရွာ | ၉၀ | ၂၉၀ |
| ၁၃။ ဟူကောင်ဆော်ရီရွာ | ၈၀ | ၃၅၀ |
| ၁၄။ မှိုယိုင်တောင်းရွာ | ၁၀၀ | ၄၂၀ |
| ၁၅။ ဘောရိတ်ဆော်ရီရွာ | ၁၅၀ | ၆၅၀ |
| ၁၆။ ဘန်ဆော်ရီရွာ | ၁၂၀ | ၄၅၀ |
| ၁၇။ အော်ရိန်ဆော်ရွာ | ၁၀၀ | ၃၂၀ |
| ၁၈။ ဇာဘော်ရီရွာ | ၈၀ | ၃၃၀ |
| ၁၉။ နူဘော်ရီရွာ | ၁၀၀ | ၃၅၀ |
| ၂၀။ နာဘော်ရီရွာ | ၁၁၀ | ၅၀၀ |
| ၂၁။ နာဝါရွာ | ၁၁၀ | ၆၀၀ |
| ၂၂။ မိုရာလီရွာ | ၁၀၀ | ၄၁၀ |
| ၂၃။ ဘော်ဘူရွာ | ၉၀ | ၃၇၀ |
| ၂၄။ စိန်မြောင်အလယ်ရွာ | ၆၀ | ၂၅၀ |

စုစုပေါင်းအိမ်ခြေ = ၂၃၇၀

စုစုပေါင်း လူဦးရေ = ၉၆၃၀

**ရင်ဂါမတီတောင်တန်းဒေသ၊ ဘီလာဆော်ရီမြို့နယ်ဟိ ရခိုင်အိမ်ခြေစာရင်းနန့် ရခိုင်လူဦးရေစာရင်း**

| ရွာနာမည် | အိမ်ခြေပေါင်း | လူဦးရေ |
|---|---|---|
| ၁။ အီချားဘော်ရီရွာ | ၁၀၀ | ၄၀၀ |
| ၂။ ဂီကျောင်းဘော်ရီရွာ | ၈၀ | ၃၀၀ |
| ၃။ နာရစ်ဆော်ရီရွာ | ၁၀၀ | ၃၅၀ |
| ၄။ ဘော်တော်လာရွာ | ၇၀ | ၂၅၀ |
| ၅။ ဘင်ဂါကာတာရွာ | ၈၀ | ၃၁၀ |
| ၆။ ပေဂူဝါရွာ | ၇၀ | ၂၈၀ |
| ၇။ တိန်တာနာလာရွာ | ၁၀၀ | ၄၀၀ |
| ၈။ လော်တာဘာအားရွာ | ၈၀ | ၂၅၀ |
| ၉။ ဖော်ရိုဝါရွာ | ၁၀၀ | ၃၈၀ |
| ၁၀။ ဒေါင်းရွာ | ၈၀ | ၃၂၀ |
| ၁၁။ တိန်ကိုနီလာရွာ | ၉၀ | ၃၀၀ |
| ၁၂။ ဟားဇားဆော်ရီရွာ | ၈၀ | ၂၆၀ |
| ၁၃။ ဘေရိုဆော်ရီရွာ | ၉၀ | ၂၇၀ |
| ၁၄။ အာဇာချီရီရွာ | ၆၀ | ၁၈၀ |
| ၁၅။ အော်ရာဘော်ရီ | ၁၀၀ | ၃၀၀ |

စုစုပေါင်းအိမ်ခြေ = ၁၃၆၀

စုစုပေါင်း လူဦးရေ = ၄၅၅၀

**ကာအိုနာလီခရိုင်၊ ဘေဘိုနီယာမြို့နယ်ဟိ ရခိုင်အိမ်ခြေစာရင်းနန့် ရခိုင်လူဦးရေစာရင်း**

| ရွာနာမည် | အိမ်ခြေပေါင်း | လူဦးရေ |
|---|---|---|
| ၁။ ဟတ်မာန်ရွာ | ၁၁၀ | ၄၂၀ |
| ၂။ မာယားဆင်ရွာ | ၁၀၀ | ၄၂၀ |
| ၃။ အင်ဆော်ရီရွာ | ၉၀ | ၂၈၀ |
| ၄။ ဂါရီဘော်ရရွာ | ၁၀၀ | ၄၃၀ |
| ၅။ ဘင်နင်ဆော်ရရွာ | ၈၀ | ၃၃၀ |
| ၆။ မိုဒေါင်းရွာ (အလယ်ရွာ) | ၉၀ | ၃၀၀ |
| ၇။ အိုင်မာရာရွာ | ၁၀၀ | ၅၀၀ |
| ၈။ လိုင်လာဆော်ရီရွာ | ၉၀ | ၃၀၀ |
| ၉။ ဂါနာဆူရွာ | ၈၀ | ၃၅၀ |
| ၁၀။ တာရာဘော်နာရွာ | ၁၀၀ | ၄၅၀ |

| | | |
|---|---|---|
| ၁၁။ ဂီယာဘော်နာရွာ | ၁၀၀ | ၄၈၀ |
| ၁၂။ ဂေါ်ဂါရွာ | ၈၀ | ၃၁၀ |
| ၁၃။ ဟတ်မင်ရွာ | ၁၀၀ | ၄၂၀ |
| ၁၄။ မင်နီရွာ | ၉၀ | ၂၉၀ |
| ၁၅။ ပူရီရွာ | ၉၀ | ၃၇၀ |
| ၁၆။ လုံးဂေရွာ | ၁၀၀ | ၃၉၀ |
| ၁၇။ မာစတာရွာ | ၁၁၀ | ၄၁၀ |
| ၁၈။ ကာလာကာဆီရွာ | ၈၀ | ၃၄၀ |
| ၁၉။ ရာဟူဇာရွာ | ၉၀ | ၃၇၀ |
| ၂၀။ ဘော်ရော်စီးရွာ | ၈၀ | ၃၁၀ |
| ၂၁။ ချစ်လောက်ဆော်ရာရွာ | ၇၀ | ၂၁၀ |

၂၀၀၀ ဧပြီလ-၆-ရက်နိန့် အမင်ရွာသို့ အလည်ခရီးအမှတ်တရ-

**ရိုးမလူ**

၂၆-၁၁-၂၀၀၃

# ၉၂၊ ၉၃၊ ၉၄၊ ၉၅၊ ၉၆
# ရခိုင်ညွှန့်ပူးတိနန့် တွိဆုံခြင်း

ဒေနိန့်မြန်မာပြည်မှာ ဆေးတက္ကသိုလ် ၄-ခုဟိပါရေ။ ယင်းဆေးတက္ကသိုလ်တိမှာ ဆေးတက္ကသိုလ်(၁) ရန်ကုန်၊ ဆေးတက္ကသိုလ်(၂)ရန်ကုန်၊ ဆေးတက္ကသိုလ် မန္တလေးနန့် တပ်မတော်ဆေးတက္ကသိုလ်ရို့ ဖြစ်ကတ်ပါရေ။ ယင်းလေးခုထဲမှာ တပ်မတော်ဆေးတက္ကသိုလ်ရေ တစ်နှစ်မှာ ကျောင်းသား ၅၀-လောက်ခေါ်ယူဗျာယ် ကျန်ဆေးတက္ကသိုလ်သုံးခုက တစ်နှစ်မှာ ၅၅၀ လောက်ခေါ်ယူလေ့ဟိပါရေ။ ဆေးတက္ကသိုလ်မှာ အတန်းငါးတန်းဟိရေ။ ယင်းအတန်းငါးတန်းကို ခြောက်နှစ်ခွဲသင်ရပါရေ။ ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ နောက်ဆုံးနှစ်အပိုင်း(က)၊ နောက်ဆုံးနှစ်အပိုင်း(ခ)ရို့ ဖြစ်ကတ်ပါရေ။ ပေါင်းလေးနှစ်ခွဲကျရေ။ တတိယနှစ်နန့် နောက်ဆုံးနှစ်အပိုင်း(က)ရို့စွာ တစ်နှစ်စီ။ စုစုပေါင်း ခြောက်နှစ်ခွဲကြာရေခါ [illegible] ဆိုရေ ဘွဲ့ကိုရဗျာယ်။ ံသျုန-ကမါနသည အလုပ်သင်ဆရာဝန် တစ်နှစ်ဆင်းပြီးမှ ဆေးကုသခွင့်'ဆမ'ကို ရရှိပါရေ။

**၆၀၀ မှာ**

တစ်နှစ်ကို ဆေးတက္ကသိုလ်လေးခုမှာ ဆေးကျောင်းသား ခြောက်ရာစီလောက်ခေါ်ပါရေ။ ယင်းအထဲမှာ ရခိုင်ပြည်က ရခိုင်သားဇာနှစ်ယောက်စီပါရေလဲ။

-၁၉၈၈ စာသင်နှစ်မှာ ရခိုင်ပြည်နယ်က ယောကျ်ားသျှေ (၁)ကလေမေ့သျှေ(၄)ယောက်။

-၁၉၉၀ စာသင်နှစ်မှာ ရခိုင်ပြည်နယ်က ယောကျ်ားသျှေ (၅)ကလေမေ့သျှေ(၄)ယောက်။

-၁၉၉၂ မှာ ယောကျ်ားသျှေ (၁)ကလေမေ့သျှေ(၃)ယောက်။

-၁၉၉၃ မှာ ယောကျ်ားသျှေ (၂)ကလေမေ့သျှေ(၁)ယောက်။

-၁၉၉၄ မှာ ယောကျ်ားသျှေ (၂)ကလေမေ့သျှေ(၃)ယောက်။

-၁၉၉၅ ဖေဖော်ဝါရီမှာ ယောကျ်ားသျှေ (၄)ကလေမေ့သျှေ(၃)ယောက်။

-၁၉၉၅ နိုဝင်ဘာမှာ ယောကျ်ားသျှေ (၂)ကလေမေ့သျှေ(၄)ယောက်။

၁၉၈၉ ပညာသင်နှစ်ပိတ်ထားရေ။ ၁၉၉၁ စာသင်နှစ်လည်း လွတ်ကျန်ခပါရေ။ ယင်းပိုင်ရခိုင်ပြည်နယ်က အောင်ရေကျောင်းသားတိရေ၊ ဆေးတက္ကသိုလ်(၂)မှာရာ ပညာသင်ကြားခွင့်ရဖို့လို့ တရသီပြောလို့မရ။ ရန်ကုန်ကျောင်းသားတိ ဆေးတက္ကသိုလ်ဝင်ခွင့်ရဟိမှုပါးမှာ မူတည်ရေ။ ရန်ကုန်ကလူတိ ဆေးတက္ကသိုလ်ရောက်မှုနည်းကေ ရခိုင်ပြည်နယ်က အောင်ကေလေ့ ဆေးတက္ကသိုလ်(၁)မှာ တက်ခွင့်ရနိုင်ရေ။ ယင်းပိုင်တက်ခွင့်ရခရေနှစ်တိလေ့ဟိရေ။ တစ်ခုပြောနိုင်စွာက ရခိုင်ပြည်နယ်က ဆေးတက္ကသိုလ်ဝင်ခွင့်ရရေ ကျောင်းသားတိရေ ဆေးတက္ကသိုလ်မန္တလေးကိုတော့ မရောက်နိုင်။ ဒေနိန့်ထက်တိုင် တစ်ခါလေ့မရောက်ဖူးကတ်ပါသို့။

**ဆေးတက္ကသိုလ်(၂)မှာ–**

ဒေနိန့်ဆေးတက္ကသိုလ်(၂)မှာ ရခိုင်ပြည်က ကျောင်းသား(၃၉)ယောက်ရာဟိရေ။ ၁၉၈၈ ခုနှစ်ကပင် ၁၉၉၆ ခုနှစ်ထိ ပညာသင်နှစ်ခုနှစ်မှာ ရခိုင်ကျောင်းသားတိကို ဆေးတက္ကသိုလ်(၂)ရန်ကုန်နန့် ဆေးတက္ကသိုလ်မန္တလေး၊ တပ်မတော်ဆေးတက္ကသိုလ်(၂)ရန်ကုန်နန့် ဆေးတက္ကသိုလ်မန္တလေး၊ တပ်မတော်ဆေးတက္ကသိုလ်ကို ဖက်ဗျာယ်တွက်ကြည့်ကေ ဒေသုံးဆယ့်ကိုးယောက်ရာဟိရေ။ ဆေးတက္ကသိုလ်မန္တလေးမှာ တစ်ယောက်တစ်လီ ရခိုင်သားဟိလီဖို့လား မပြောတတ်။ ဆေးတက္ကသိုလ်(၁)ရန်ကုန်မှာတော့ ၁၀ ယောက်လောက်ဟိနိုင်ဖို့ထင်ပါရေ။

**တော်ရေကျောင်းသား**

နှစ်စဉ် ဆယ်တန်းအောင်စာရင်းထွက်ကေ တော်ရေကျောင်းသားတိရာ ဆေးတက္ကသိုလ်ကို ဝင်ကတ်ပါရေ။ ရခိုင်ပြည်နယ်က ၁၀ယောက်လောက်ဝင်ရေနှစ်ဆိုစွာ တစ်ခါလေ့မဟိဖူးလို့ဆိုကတ်တေ။ ဇာပင်ဖြစ်ဖြစ် ဒေနိန့်ရခိုင်ပြည်ရေ ပညာရေးတိုးတက်တေလို့ ပြောကတ်တေ။ ၉၀နှစ်ရေ ရခိုင်ပြည်နယ်က ဆေးကျောင်းသားအများဆုံးနှစ်လို့ပြောရဖို့ပိုင်ဗျာယ်။

### ၁၉၉၂ ခုနှစ် အတော်ဆုံးကျောင်းသား

ယင်းနှစ်မှာ ရခိုင်ပြည်နယ်က အမှတ်အများဆုံးရ ကျောင်းသားရေ မောင်ကျော်စိုးနိုင်ဖြစ်တေ။ စုစုပေါင်းအမှတ်က ၅၁၉ မှတ်၊ ဂုဏ်ထူးက ငါးဘာသာ(မြန်မာစာ)ကလွဲလို့ ဂုဏ်ထူးရဟိရေ။ ၁၉၉၄ ခု မြန်မာတစ်နိုင်ငံလုံး ဆေးတက္ကသိုလ် အားလုံး၏ဝင်ခွင့်အမှတ်စဉ် ၈၁ ဝင်ခွင့်ရဗျာယ်။ အခုဆေးတက္ကသိုလ်(၂)ရန်ကုန်မှာ တတိယနှစ်တောင်ရောက်နီဗျာယ်။

### ၁၉၉၂ ရခိုင်ညွန့်ဖူး

ကျွန်တော်ရေ ၁၉၉၂ ခုမှာ ရခိုင်ပြည်နယ်က အမှတ်အများဆုံးရကျောင်းသား ကျော်စိုးနိုင်ကို ချီးကျူးရှင်ရေစိတ်ကြောင့် သူနိရေ ဉက္ကလာဆောင်ကိုလားဗျာယ် သိရှင်စော်တိကို မိန်းကြည့်မိပါရေ။ ကိုကျော်စိုးနိုင်အဖရေ ဦးကျော်ခိုင်၊ အမိ ဒေါ်နှင်းအေးပါ။ ပဥ္စမမြောက်သားဖြစ်ပါရေ။ အမှတ် ၃၃၃၊ မေယုလမ်း၊ ဘောလုံးကွင်းရပ်ကွက်၊ စစ်တွေမြို့မှာ နီထိုင်ပါရေ။ သူ့ကို ၉-၆-၁၉၇၅မှာ မွီးဖွားပါရေ။ အသျှေကပင် စာတော်ရေလူတစ်ယောက်ပါ။ စတုတ္ထတန်းမှာ တတိယ၊ ဆဋ္ဌမတန်းမှာ ဂုဏ်ထူး ၃-ဘာသာနန့်အောင်ဗျာယ်။ စစ်တွေမြို့မှာ ပညာရေးအားပီးမှုကြောင့် ဖြစ်လာရေ Top (10) ရွီးချယ်မှုမှာ ကိုးတန်း၊ ဆယ်တန်းနှစ်တန်းလုံးမှာ ပထမရဖူးပါရေသူပါ။ ယင်းပိုင်ဆုရဟိဖို့အတွက် တစ်ယောက်တိုက်တွန်းမှုလဲ မရှိဘဲ မိမိအသိစိတ်နန့် ကြိုးစားစွာဖြစ်တေ။ စာဖတ်တေခါ အချိန်စာရင်းနန့် ဖတ်စွာလေ့တစ်ခါလေ့မရှိပါ။ သန်းခေါင်သန်းလွဲတစ်ခါတောင် မဖတ်ဘူးလို့ဆိုပါရေ။

နိန့်စိုင်ညဥ့် ၁၀ နာရီဆိုကေ အိပ်ရာဝင်ပါရေ။ စာဖတ်ချိန်ကို ၈နာရီ၊ ၈နာရီခွဲမှရာ စဖတ်တေ၊ စနီ၊ တနင်္ဂနွေနိန့်တိမှာတော့ ပိုမိုဖတ်ချိန်ရရေ။ ကျောင်းစာအပြင် တခြားစာတိကိုလေ့ လေ့လာလိုက်စားပါရေ။ ယင်းပိုင်စာဖတ်ခါ စာအုပ်တိကို ရခိုင်ပြည်နယ်စာကြည့်တိုက်က ငှားဖတ်ပါရေ။ ကျောင်းစာဘာသာရပ်ထဲမှာ သင်္ချာ(Math)စိတ်ဝင်စားဆုံး၊ စိုးရိမ်စိတ်များစွာက အင်္ဂလိပ်စာနန့် မြန်မာစာပါလို့ဆိုပြန်ရေ။ ဘာသာအားလုံးကို ကျူရှင်ယူပါရေ။ မြန်မာစာမှာ စာစီစာကုံးကို ပိုမိုအလေးအထားလေ့လာဗျာယ် အင်္ဂလိပ်စာမှာ Essay နန့် Letter Writing ကို အထူးလေ့ကျင့်ပါရေ။ အင်္ဂလိပ်စာတစ်ချို့စာပိုဒ်တိကို အလွတ်ကျက်ထားပါရေ။

အသျှေကပင် အတန်းထဲမှာ ယှဉ်ပြိုင်ဘက်ထား ကြိုးစားပါရေ။ ကြိုးစားမှုကြောင့် အောင်မြင်မှုရလာစွာလို့ ဆိုပါရေ။ ယေကေလေ့ဘဝမှာ ဆေးတက္ကသိုလ်ကို ရောက်ကိုရောက်ရဖို့လို့ ရည်ရွယ်ချက်မထားဖူးပါ။ မထားခပါ။ သူ့စွာသူရောက်လားခစွာပါရာ၊ ဇာပိုင်ပင်ဖြစ်ဖြစ် အခုသင်နီရေ ဆေးပညာနန့် ဆရာဝန်ဘဝကို ခုံမင်နှစ်သက်လာပါဗျာယ်လို့ ပြောပါရေ၊ အောင်မြင်မှုရရှိထားရေ လူတစ်ယောက်အနေနန့် ဇာပြောရှင်လေလို့ မိန်းကြည့်ရေခါ **ကြိုးစားရေကျောင်းသား တစ်ယောက်အဖို့ အောင်မြင်မှုရစွာ မခက်ခဲပါ** လို့ ဖြေပါရေကာ။ အဂုသင်ကြားထားရေပညာနန့် **အဖရခိုင်ကို အကျိုးပြုနိုင်ဖို့လားလို့ မိန်းရေခါ အဖရခိုင်ပြည်ကို အကျိုးပြုနိုင်ပါရေ။ ရခိုင်ပြည်အတွက် ဆရာဝန်တိအများကြီး လိုပါလိမ့်ရေလို့ ပြောပါရေ။** အထူးအထွေဇာယက်မေသာပြောပါဖို့လဲ မိန်းရေခါ ဒေနိန့်ဒေနီရာ ဒေကျောင်းကို ရောက်နိ စော် ကျွန်တော်ကြိုးစားမှုတစ်ခုတည်းကြောင့် မဟုတ်ပါ။ ဘာဘာ၊ မေမေနန့်ဆရာသမားရို့တိ ကြိုးစားပံ့ပိုးမှုကြောင့်ရာလို့ ဖြေပါယင့်။

### လောကကြီးမှာ

ဒေကမ္ဘာလောကကြီးမှာ လူတိရေ ကိုယ့်ကုသိုလ်နဲ့ကိုယ်စီပါ။ တချို့က ငှက်တိရေပျံရှင်းသီ၊ လူတိလည်း ကြိုးစားလို့ သီလားခရေ။ အောင်မြင်မှုတစ်စုံတစ်ခုလေ့ မရဟိရေ တစ်ချို့ကလေ့ အိပ်မြဲတမ်းအိပ် စားမြဲတမ်းစားရင်းနန့် အချိန်တန်ခါ ကိုယ်ဖြစ်ချင်စွာထက် အကောင်းဆုံးဖြစ်လာခရေ ကိုကျော်စိုးနိုင်ရေ ဒေအောင်မြင်မှုတိတောင်မက သူယှဉ်ပြိုင်ရေပွဲတိုင်းမှာ အောင်မြင်မှုတိ ရဟိလူဖြစ်တေ။ **၁၉၉၆ ခုနှစ် ရခိုင်သဟာယအသင်းက ကျင်းပရေ ရခိုင်သုတဘာသာပြန်ပြိုင်ပွဲမှာလေ့ အင်္ဂလိပ်ကမြန်မာပြန်စွာမှာ ပထမရဗျာယ်။ မြန်မာက အင်္ဂလိပ်ဘာသာပြန်စွာမှာလေ့ ဒုတိယဆုကိုရဟိရေ ကျောင်းသားတစ်ယောက်ဖြစ်ပါရေ။**

### ၁၉၉၃ ရခိုင်ညွန့်ဖူး

၁၉၉၃ ပညာသင်နှစ်မှာ ရခိုင်ပြည်နယ် အပထစာမေးပွဲ ခြောက်ဘာသာဂုဏ်ထူးရှင် အမှတ်အများဆုံးရရေ **မေကိုကိုသက်** ကို လားတွိပါရေ။ မေကိုကိုသက်ရေ အဖဦးကိုကိုကြီး(တိရစ္ဆာန်ဆေးကုဆရာဝန်)၊ အမိဒေါ်သက်အေးရို့က မွီးချင်းသုံးယောက်ထဲက အကြီးဆုံးသမီးကြီးဖြစ်ပါရေ။ ၁၉၇၅ ဧပြီ၁၃ ရက်နိန့်မှာ မွီးဖွားပါရေ။ ၁၉၉၃ ခုနှစ်

အပထ စာမေးပွဲမှာ ၅၃၄မှတ်နန့် အမှတ်အများဆုံးရခပါရေ။ အဂုလောလောဆယ် ၅၄ (E) အင်းယားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့မှာ နီထိုင်ပါရေ၊ ယင်း အပထစာမေးပွဲကို အထက(၄)စစ်တွေမြို့က အောင်ခစွာပါ။ အသျှေကပင် အဖက အစိုးရဝန်ထမ်းဖြစ်လို့ ကျောင်းပေါင်းစုံနီဖူးပါရေ။ စစ်တွေမြို့ကို ခုနှစ်တန်း(၁၉၈၇)ကစလို့ ရောက်ပါရေ။ ယင်းအတန်းကပင် အထက(၄)မှာ ပညာသင်စွာ ဆယ်တန်းအောင်ယောင်ထိပါ။ ယင်းမတိုင်ခင်က ဖခင်ဇာတိဖြစ်တေ သံတွဲမြို့မှာ သင်ကြားဖူးပါရေ။

ဆယ်တန်းနှစ်မှာ မြန်မာစွာကလွဲလို့ ကျူရှင်ယူပါရေ၊ Bio နန့် Mathကို အကြိုက်ဆုံးပါ။ မြန်မာစာကိုတော့ ကြောက်တေလို့ပြောပါရေ။ ယင်းကြောက်တေဘာသာမှာ သဒ္ဒါ၊ ခက်ဆစ်တိကို ပိုမိုဖတ်တေ။ စာစီစာကုံးကို ပိုမိုလေ့လာရေ။ တခြားလူတိရွီးရေ စာစီစာကုံးတိကို ဖတ်ပါရေ။ လေ့လာပါရေ။ ယေပြီးကေ ကိုယ်ပိုင်ဟန်နန့် ရွီးဖြစ်အောင်ရွီးလို့ လေ့ကျင့်ပါရေ။ ညဥ့် ၁၁ နာရီထိရာ ဖတ်ပါရေ။ ပိုမဖတ်ပါ။ သန်းခေါင်သန်းလွဲ စာတစ်ခါလေ့ မဖတ်လို့ပြောပါရေ။ စစ်တွေမြို့ Top 20 ကြောင့်လည်း စာဖတ်ချိန်ပိုပါရေ။ ယင်း Top 20 မှာ ကိုကျော်စိုးနိုင်က ပထမရဗျာယ်၊ သူက ဒုတိယရခပါရေ။ ယင်းပိုင် ဒုတိယရရေနှစ်ရေ ၁၉၉၂ ခုပါ၊ ယင်းနှစ်စာမေးပွဲကြီးမှာ Bio ဖြေရေနိန့် အမှတ်ခြောက်ဆယ်ဖိုးလောက်ဖြေပြီးခါမှ အားလုံးကို ခြစ်ပစ်လိုက်ပါရေ။ ဇာကြောင့်ယင်းပိုင်ခြစ်ရစွာလေ့လို့မေးရေခါ သူရေမြန်မာစာဂုဏ်ထူးမထွက်နိုင်လို့ ထင်မိပါရေ။ သူ့ကိုသူ ခြောက်ဘာသာဂုဏ်ထူးပါကိုပါရဖို့ ဆုံးဖြတ်ထားလို့ပါ။ ယင်းပိုင်ဘာသာစုံဂုဏ်ထူး မပါနိုင်ထင်လို့ ခြစ်ပခစွာပါလတ်။ ယေကေလေ့ ၁၉၉၃ ခုနှစ်မှာ ခြောက်ဘာသာဂုဏ်ထူးပါခရေခါ ၁၉၉၂ ခုနှစ် မြန်မာစာအမှတ်ရေ ၁၉၉၃ ခုနှစ်ထက်များပါရေ။ ၁၉၉၂ ခုနှစ်က မြန်မာစာရေ ၇၉မှတ်ရပါရေ။ ၁၉၉၃ ခုမှာ မြန်မာစာအမှတ်ရေ ၇၅မှတ်ရာရပါရေ။ မှန်းချက်နန့် နှမ်းထွက်မကိုက်လို့ရယ်ဗျာယ် ပြောပါရေ။ မြန်မာတစ်နိုင်ငံလုံး ဆေးကျောင်းအားလုံး ဝင်ခွင့်က အမှတ်စဥ်(၃၂)ဖြစ်ပြီးကေ ဆေး (၂)အမှတ်စဥ်က ၁၁ကျရေလို့ ပြောပါရေ။ မြန်မာတစ်နိုင်ငံလုံး တစ်ကတစ်ရာထိမှာပါယင့်လားလို့ မိန်းခါ “မသိပါ”လို့ ဖြေပါရေ။ အဂုပိုင် ခြောက်ဘာသာဂုဏ်ထူးပါရခြင်းရေ မိဘကျေးဇူးကြောင့်လို့ ပြောပါရေ။ ဇာကြောင့်ဆိုကေ ၁၉၉၂ ခုနှစ်မှာ Bio ဖြေရေနိန့်က ဖြစ်ပစွာကိုတစ်ခုလေ့ အပြစ်မတင်ရေအပြင် ၁၉၉၃ ခုနှစ်မှာ အားပီးမှုများရေအတွက်ကြောင့် ဒေပိုင် ဘာသာစုံဂုဏ်ထူးထွက်ခစွာပါ။

ဆရာဝန်တစ်ယောက်ဖြစ်ဖို့ အသျှေကပင် ရည်ရွယ်ချက်ရှိခလို့ ရည်ရွယ်ချက်ကို မဖြစ်မနီကြိုးစားလို့ အောင်မြင်စွာပါလို့ဆိုရေ၊ စာကိုကျောင်းမှာသင်သင်၊ ကျူရှင်မှာသင်သင် ဆရာပြရေခါ ဂရုတစိုက်နားထောင်ဗျာယ်။ အိမ်ကိုရောက်ကေ ရွီးဗျာယ်၊ ကျက်ပါရေ။ ရွီးကျက်ခြင်းရေ Phy, Che, Math, Bio အတွက် အများကြီးအထောက်အကူပြုပါရေ။ ပုံဆွဲခြင်းကို ဝါသနာရှိလို့ Bio မှာပိုပြီး အဆင်ပြေပါရေလတ်။ ကျက်မှတ်တေအချိန်မှာ စာကိုရအောင်ဖတ်တေ။ ရလေ့ရရေ၊ ယင်းကြောင့် စာပိုရပါရေ၊ ပိုရလို့ပိုဖတ်ဖြစ်ပါရေ၊ စာရွီးဖတ်ခြင်းရေ စာမေးပွဲအတွက် အများကြီးအထောက်အပံ့ဖြစ်ပါရေ။ ဇာကြောင့်ဆိုကေ အချိန်မီဖြေနိုင်ရေ။ အချိန်ကိုကိုက်ပြီးဖြေရေခါ ပိုလို့ကောင်းပါရေ၊ ရွီး၊ ဖတ်တေခါ ဇာလောက်ကြာတတ်တေဆိုစွာကို ကြိုတင်သိနီရေအတွက် စာမေးပွဲမေးခွန်းကို မြင်စွာနန့် အချိန်ဇာလောက်လိုဖို့ ဆိုစွာသိနိုင်ပါရေ။ စာမေးပွဲမှာ ပုစ္ဆာအားလုံးဖြေဆိုခြင်းရေ အချိန်နန့်လေ့ သက်ဆိုင်ပါရေ။ ယင်းကြောင့် စာရွီးဖတ်စွာ အကောင်းပါလတ်။ စစ်တွေမြို့က Top 20 ရေ အကျွန့်ဘဝကို စာတော်အောင်လုပ်ပီးစီရေ လုပ်ရပ်လို့ပြောချင်ပါရေလတ်။

**ဘဝမှာမိမိကိုယ်ရာ ယဥ်ပြိုင်ပါရေ။** ဝါသနာအပါဆုံးက စာဖတ်ခြင်းပါလို့ဆိုရေ။ အထူးသဖြင့် သမိုင်းကိုပိုစိတ်ဝင်စားပါရေ။ ယင်းကြောင့် ရခိုင်သမိုင်းကို ပိုလေ့လာဖြစ်ပါရေလို့ ပြောပါယင့်။ နောက်ထပ်ဇာပြောချင်ပါလေလို့ မိန်းရေခါ ဘဝမှာလူရာအဓိကပါ။ လူရာတော်ကေ ဇာနေရာပင်ဖြေဖြေ ဒေပိုင်ဂုဏ်ထူးခြောက်ဘာသာပါနိုင်ပါရေလို့ ဆိုပါရေ။ အထွေအထူးပြောချင်စွာက ဆယ်တန်းစာမေးပွဲနန့်ပတ်သက်ကေ အကူအညီတောင်းပါ။ အကြံဉာဏ်ပီးပါမေ။ ဇာသူ့ကိုမဆိုကူညီပါမေ။ အားတက်သရောစိတ်ပါလက်ပါ သွက်သွက်လက်လက်ဖြေလိုက်ပါရေ။

## ဒုတိယနန့်   ပထမရသူ

၁၉၉၃ ခုနှစ်ရေ ရခိုင်ပြည်နယ် အတန်းတင်စာမေးပွဲအောင်စာရင်းနန့်အတူ အဖြစ်ဆန်းကို စိတ်ဝင်စားမိပါရေ။ ယင်းဖြစ်ရပ်က မမေကိုကိုသက် ၅၃၄ မှတ်နန့် ရခိုင်ပြည်နယ်အမှတ်အများဆုံးဖြစ်ပါရေ၊ မနှင်းမြသန္တာရေ ၅၃၃ မှတ်နန့် ဒုတိယရလားခပါရေ။ ယေကေလေ့ မနှင်းမြသန္တာရေ နှစ်ချင်းပေါက် ဆယ်တန်းအောင်ရေအတွက် မြန်မာတစ်ပြည်လုံး အမှတ်စာရင်းထဲမှာ တစ်ကနီတစ်ရာထိအတွင်းမှာ ပါလားခရေ။ အမှတ် ၅၃၄ ရရေ မမေကိုကိုသက်ရေ တစ်နှစ်ကျဖြစ်လို့ ယင်းစာရင်းထဲမှာ မဝင်လီ၊ နှင်းမြသန္တာရေ ယင်းတစ်ကနီ တစ်ရာအတွင်းမှာ ဝင်ရေအတွက် ပညာထူးချွန်ဆု (Scholar ship) ဆုကို ရရှိရေ၊ ယင်းပိုင်ဆုမျိုးရရှိရေလူရေ ဒေနိန့်ရခိုင်ကျောင်းသူကျောင်းသားအားလုံးထဲမှာ နှင်းမြသန္တာတစ်ယောက်

တည်းရာ ဟိပါသိရေ။ အမှန်မှာဆိုကေ နှင်းမြသန္တာရေ ရခိုင်ပြည်နယ်မှာ ဒုတိယအမှတ်အများဆုံးနန့် ပထမရရှိလားသူ ဖြစ်ပါရေ။

နှင်းမြသန္တာကို အဖဦးအောင်ပြည့်စုံ(စာရင်းကိုင်အရာရှိ/မြန်မာ့ဆိပ်ကမ်းအာဏာပိုင်) အမိဒေါ်စိန်စိန်ရို့ဘားက မွီးရေ သမီးအကြီးဆုံးပါ၊ မောင်နှမနှစ်ယောက်တည်းရာဟိပါရေ။ သူ့ကို ၂၂-၃-၇၇နှစ်မှာ မွီးစွာပါ။ ဆယ်တန်းကို စစ်တွေ မြို့ အထက(၄)က အောင်မြင်စွာပါ။ ဆယ်တန်းမှာ ဘာသာစုံဂုဏ်ထူးထွက်ဗျာယ်။ ရရှိမှတ်စုစုပေါင်း ၅၃၃မှတ်ဖြစ်ပါရေ။ အဂုလောလောဆယ်မှာ အမှတ်၁၆/၂၀၊ ၄၃လမ်း၊ ဗိုလ်တထောင်မြို့နယ် ရန်ကုန်မှာ မိဘတိနန့် နီထိုင်ပါရေ။ မမေကိုကို သက်ရေ သင်္ချာမှာ ၉၈မှတ်ရဗျာယ်၊ အကျွန်က ၉၁ မှတ်တည်းရာ သင်္ချာမှာရပါရေ။ ယင်းသင်္ချာမှတ်ကြောင့် အမှတ်စုစုပေါင်း ရေခါ တစ်မှတ်ကွာလားခစွာပါ။

အကျွန်ရေ ခုနစ်တန်းမှာမှရာ စစ်တွေအထက(၄)ကို ပြောင်းလာစွာပါ။ ယင်းမတိုင်ခင်က မြိတ်မြို့မှာ ကျောင်းနီပါရေ။ ဘာဘာက ဝန်ထမ်းဖြစ်လို့ မြန်မာပြည်ဘက်မှာ အနီများခပါရေ။ မူလတန်းကို ဒဂုံ(၂)မြို့မကျောင်း၊ရန်ကုန်မြို့မှာနိန်ခပါရေ။ နှစ်တန်းကျောင်းသူအရွယ်ခါ ပညာတန်ဆောင်စာစောင်မှာ မြန်မာတစ်နိုင်ငံလုံးမှာ မမြရတနာစိုးရေ ဆယ်တန်းစာမေးပွဲ အမှတ်အများဆုံးဆိုရေအကြောင်းကို ဖတ်ရပါရေ။ ယင်းအချိန်ကပင် မမြရတနာစိုးကို အားကျပါရေ။ ပိုလို့အားကျဖို့ကောင်း စွာက ကျူရှင်မယူဘဲ ပထမကျရေဆိုရေအကြောင်းပါဗျာယ်။ အခု ယင်းမမြရတနာစိုးရေဆေး(၁)မှာဆရာမဖြစ်နိန်ပါဗျာယ်။ ယင်းဆရာမကို အားကျဗျာယ် ကြိုးစားလို့ဒေပိုင်ဖြစ်လာစွာပါ။ အကျွန်တော့ကာ ရှစ်တန်းနှစ်ကပင် ကျူရှင်ယူခပါရေ။

စာဖတ်တေနည်းစနစ်က စာမဖတ်ခင် အနန္တောအနန္တငါးပါးကို ရှိခိုးပါရေ။ ပြီးကေ ဇယစက္ကော အစရှိရေဂါထာကို ကိုးခေါက်ဖတ်ပါရေ။ ပြီးမှရာ စာကိုဖတ်ပါရေ။

ယင်းဂါထာက-ဇယစက္ကော ဇယဒ္ဓေယော

ဇယီတဗ္ဗေ ဇယာသနေ

ဇယာပေသိ ဇယေသိန်

ဇယံ ဒေတု ဇယုတ္တရေ ဖြစ်ပါရေ။

အဓိပ္ပါယ်က ဘုရားရှင်ရေ မာန်ငါးပါးကို အောင်မြင်တော်မူရေ။ ဘုရားရှင်ကို ကိုးကွယ်ရေ အကျွန့်လေ့အရာရာကို အောင်မြင်မူရေ။ ဘုရားရှင်ကို ကိုးကွယ်ရေ အကျွန်လေ့အရာရာကို အောင်မြင်မှုသရဖူဆောင်းလိုပါရေဘုရားလို့ အဓိပ္ပါယ် ရပါရေ။ ယင်းဂါထာကို ယုံယုံကြည်ကြည်နန့်ဆိုရေအတွက် ဒေပိုင်အောင်မြင်မှုကို ရစွာပါလို့လုံးဝပြောဝံ့ပါရေ။ မယုံယေ စမ်းကြည့်ပါလတ်။

စာဖတ်တေခါ ညဦး ၁၀း၃၀ဆိုကေ အိပ်ပါဗျာယ်။ မိုးထ ၄း၃၀မှာ ထဖတ်ပါရေ။ ဂါထာတော်ကို ကိုးခေါက်ဆိုပါရေ။ နိန့်စဉ်ပုံမှန်ဖတ်ပါရေ။ စာမေးပွဲနီးကေလေ့ ပိုမဖတ်ပါ။ ကျောင်းမှာသင်ခါ ပိုဂရုစိုက်ပါရေ။ ကျောင်းကပင် လေးပုံသုံးပုံလောက်အရ မှတ်မိအောင်ကြိုးစားပါရေ။ တစ်ခါတစ်လီ ညဦးပိုင်းမှာ မရလိုက်တေစာကို မိုးထမှာ အရဖတ်ပါ ရေ။ ဒါတောင် လုံးဝမရှိပါ။ အကြောက်ဆုံးဘာသာက Bio ပါ။ အကြိုက်ဆုံးက မြန်မာစာပါ။ အသျှေကပင် အင်္ဂလိပ်စာကို ဘာသာပြပြီးကေ မေမေကမြန်မာစာကို ပြပီးပါရေ။ မြန်မာမှာ စာစီစာကုံးကို ပိုနှစ်သက်ပါရေ။ ကျောင်းအားရက်တိမှာ နိန့်ခင်းစာဖတ်တေ။ အတွက်တိကို လေ့တွက်ပါရေ။ လစဉ်ရရေအမှတ်စာရင်းကို စာဖတ်ခုံမှာ မြင်သာအောင်ရွီးထားဗျာယ် ကိုယ့်စွာကို အမြဲမပြတ် သတိပီးရေပိုင် လုပ်ထားစွာပါ။ ကျောင်းစာအပြင် အားကစားနန့် စာရွီးခြင်းကိုလေ့ ဝါသနာပါပါ ရေ။ စစ်တွေမှာ ကရာတေးသခင်ခလို့ ခါးပတ်အစိမ်းရခဖူးပါရေ။ ကဗျာစပ်ပါရေ၊ စာစီစာကုံးရွီးပါရေ။ မင်္ဂလာမောင်မယ် စာစောင်များ စာစီစာကုံးဝင်ပြိုင်လို့ ပထမသုံးကြိမ်ရဖူးပါရေ။ ကဗျာက ဖြစ်ဖြစ်မြောက်မြောက် မရွီးပါသိမ့်။

အကျွန့်ဘဝမှာ ပညာရေးနန့်ပြောရဖို့ဆိုပါကေ စစ်တွေမှာလုပ်တေ မြို့နယ်လုံးကျွတ် Top 20 ကို မပြောလို့မဖြစ်ပါ။ ယင်းTop 20 ကြောင့် ဘဝမှာ ဒေပိုင်အောင်မြင်မှုကို ရစွာပါ။ ယင်းTop 20 ကို စစ်တွေမြို့နယ် ပညာရေးမှူးဆရာကြီး ဦးအောင်သိန်းစပြီးကေ လုပ်စွာပါ။ Top 20 ကြောင့် စစ်တွေမြို့နယ် ပညာရေးကို မြှင့်တင်စီခစွာလို့ ပြောလို့ရပါဖို့။ Top 20 ကြောင့် စာကျီဗျာယ် စာမေးပွဲအတွက် အဆင်သင့်ဖြစ်နီပါရေ။ အကျွန်အသျှေကပင် စာဖတ်ခြင်းကို စိတ်ဝင်စားပါရေ။ ယင်းကြောင့်လေ့ စာတော်စွာပါ။ အသျှေကပင် ဆုအမြဲတမ်းရပါရေ။ ရှစ်တန်းမှာ ငါးဘာသာဂုဏ်ထူးနန့် ရခိုင်တစ်ပြည်လုံး ပထမရခပါရေ။

ဒေပိုင်အောင်မြင်မှုရလာစွာ ရခိုင်ပြည်က ဆရာ ဆရာမစေတနာကောင်းမှု စိတ်ကောင်းမှု၊ တပည့်သားသမီးအပေါ် မှာ အောင်မြင်မှုရစီလိုမှုတိကြောင့် သင်ပြရေနီရာမှာ အစွမ်းကုန်သင်ပြပီးလို့ရာ အကျွန်ဘာသာစုံဂုဏ်ထူးထွက်စွာပါ။ အကျွန့်ဘဝမှာ ဒေဆရာသမားတိ ကျေးဇူးကိုလုံးဝမိန့်လီဖို့မဟုတ်ပါ။

ဟုတ်ပါရေ မြန်မာတစ်နိုင်ငံလုံး ဆေးတက္ကသိုလ်အားလုံး ဝင်ခွင့်အမှတ်စဉ် ၃၄ ပါ။ အသျှေကပင် ဆရာဝန်ဘဝကို

အားကျပြီးကြိုးစားသူပါ။ စိတ်ထဲမှာ ခံစားမှုတစ်ခုရှိပါရေ။ ယင်းချင့်က **"လူနန့်ပြိုင်ကေ သူ့ထက်သာရုံရာရှိဖို့ ကိုယ့်စွာကို ပြိုင်မှ အမြဲတိုးတက်ပြီးကေ လူကောင်းလူတော်ဖြစ်ဖို့"** ဆိုစွာပါ။ ဇာယက်မေသေပြောချင်ပါသိမ့်လေလို့ မိန်းရေခါ အကျွန်ရို့ရခိုင်တိရေ ခေတ်အဆက်ဆက်မှာ တော်ခပါရေ။ ယင်းဂုဏ်ကို အကျွန်ရို့တိ ဆက်ထိမ်းဖို့နန့် လူတော်တိအများကြီး ရှိလာပြီးကေ အဖရခိုင်ပြည်ကို ကောင်းအောင်လုပ်နိုင်မှ ရခိုင်ပြည်ကြီးလှပပါဖို့လို့ အကျွန့်အမြင်ကို ပြောပါရစီ၊ ရည်ရွယ်ချက်၊ ရည်မှန်းချက်ရှိရေလူဖို့ အောင်မြင်မှုစွာမလွဲပါလို့ ပြောရှင်ပါရေလို့ပြောရှင်ပါရေလို့ ပြောပါယင့်။

## ၁၉၉၄ ရခိုင်ညွန့်ဖူး

၁၉၉၄ ပညာသင်နှစ်မှာ ရခိုင်ပြည်နယ် အပထ အမှတ်အများဆုံးရ ကျောင်းသူမမြမြသန်းနန့် ဆေးတက္ကသိုလ်(၂) သီတာဆောင်မှာ ၂၄-၇-၉၆ နိန့်မှာလားတွိပါရေ။ မြမြသန်းရေ အဖ(ဦးအောင်ချမ်းသာ)၊ အမိ ဒေါ်သောင်းစိန်ရို့က မွီးဖွားရေ။ သားသမီးငါးယောက်ထဲက ပဥ္စမမြောက် ၁-၉-၇၆ မွီးဖွားသူဖြစ်ရေ။ အမှတ်က ၄၉၂ မှန်နန့် ရခိုင်ပြည်နယ် အမှတ်အများဆုံးရဟိသူဖြစ်တေ။ အဂုလက်ဟိ သ၈/၁၀၅ ဦးသာဇံလှလမ်း၊ အိုးတန်းရပ် စစ်တွေမြို့မှာ နီထိုင်သူပါ။ ဆယ်တန်းကို မြန်မာစာကလွဲလို့ ဂုဏ်ထူးငါးဘာသာရဟိသူပါ။ အဂုအသျှေကပင် ပညာတော်သူပါ။ တတိယတန်းမှာ ပထမတစ်ခါရဗျာယ်။ သတ္တမတန်းနန့် အဋ္ဌမတန်းရို့မှာ အဆင့်၁-၂ဆိုပိုင်ကျဖူးသူပါ။ အကျွန်က စနစ်တကျကြိုးစားခပါရေ။ **တရက်စာကို တစ်ရက်အပြတ်ဖြတ်ပါရေ၊ အိမ်စာအဖြစ်ပီးလိုက်တေ လေ့ကျင့်ခန်းတိကိုလေ့ ဒါတောင်မထားတတ် ပါ။** မူလတန်းကိုတော့ အမက(၅)အိုးတန်းနန့် အထက်တန်းကို အထက(၂)မှာ ပညာသင်ခရေ။ ဆယ်တန်းကို အထက(၂) စစ်တွေက နှစ်ချင်းပေါက် ငါးဘာသာဂုဏ်ထူးနန့် အောင်စွာပါ။ အကျွန်က ကံကောင်းသူပါ။ အကျွန်ရို့နှစ်ခါ ရခိုင်ပြည်နယ်မှာ ကျောင်းသားအားကစား ကျင်းပပါရေ။ ယင်းအတွက် ကျောင်းပိတ်ရက်များပါရေ။ ထိုကျောင်းပိတ်ရက်တိကို ကျူရှင်တက်ရေ။ စာလေ့တပျင်းဖတ်ခွင့်ရဗျာယ်။ ဒေပိုင်အောင်စွာပါလို့ ပြောပြန်ရေထော။

## စံယူသူ

အသျှေကပင် စံနမူနာယူရေ လူတစ်ယောက်ဟိခဖူးပါရေ။ အကျွန်ငါးတန်းနှစ်မှာ မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံး ရဖူးခသူ၊ ရခိုင်သမ ဒေါက်တာလှချမ်းဖြူအကြောင်းကိုး ချယ်ရီမဂ္ဂဇင်းမှာ ဖတ်ရလို့ ငါလေ့ဒေပိုင်ဖြစ်ရစီမေလို့ သံမိဌာန်ချဗျာယ်။ ကြိုးစားခသူပါ။ ယင်းကြောင့်လဲ ဒေဆေးကျောင်းကို ရောက်လာစွာပါ။ စာဖတ်တေခါ သန်းခေါင်သန်းလွှဲဖတ်တေ။ စာကိုမရမချင်းဖတ်ပါရေ။ တစ်ရက်ကို စာဖတ်ချိန်အနည်းဆုံးငါးနာရီထားပါရေ။ မြန်မာစာကို အကြောက်ဆုံးပါ။ အသျှေကပင် ယှဉ်ပြိုင်ရေစိတ်ကြောင့် အောင်မြင်စွာပါ။ ၈ တန်းနှစ်ကပင် နံပါတ်တစ်နီရာကို ရခသူပါလို့ မမြမြသန်းက ပြောပါရေ။ တကယ်လို့ ရန်ကုန်မှာ ပညာသင်ကြားခွင့်ရကေ ဒေထက်အမှတ်များဖို့လားလို့ မိန်းရေခါ သင်ကြားမှုမှာ စစ်တွေမြို့က ဆရာတိလေ့ကောင်းကောင်းပါရေ။ **တစ်ခုပြောနိုင်စွာက စစ်တွေမြို့ရေ ရန်ကုန်ပိုင် လျှပ်စစ်မီး မိုးတလင်းအလှပလှရကေ အကျွန်ဒေထက်အမှတ်များဖို့စွာ သေချာပါရေ** လို့ ဆိုပါယင့်။ ရခိုင်ပြည်မှာ ပညာသင်ရေ အသျှေတိကို ဇာပြောချင်လေလို့ မိန်းရေခါ **အဖရခိုင်ပြည်တိုးတက်ဖို့အတွက် ဒေနိန့်အကျွန်ရို့မှာ တာဝန်ဟိရေ။** ပြည်ချစ်ပညာတတ်တိများဖို့ လိုရေ။ စာကြိုးစားကတ်ပါလို့ ပြောချင်ပါရေလတ်။

## ၁၉၉၅ ရခိုင်ညွန့်ဖူး

၁၉၉၅ ခုနှစ်၊ အပထအောင် ကျောင်းသားတိထဲက ဆေးတက္ကသိုလ်ဝင်ခွင့်ရ ကျောင်းသားတိကို ၁၉၉၆ ခု၊ စက်တင်ဘာလ(၄)ရက်နိန့်မှာ ဆေးတက္ကသိုလ်စလို့ တက်ခွင့်ရပါရေ။ ယေအတွက် ဥက္ကလာဆောင်ကို လားဗျာယ်။ ၁၉၉၅ ခုနှစ်က ရခိုင်ပြည်မှာ အောင်မှတ်အများဆုံး ကျောင်းသားနန့်တွိပါရေ။ ၁၉၉၅ ခုအောင် ကျောင်းသားတိအတွက် ဆေးတက္ကသိုလ်ဝင်ခွင့်ကို (၃၉၃)အမှတ်နန့် သတ်မှတ်ပါရေလတ်။ ရခိုင်ပြည်က ခြောက်ယောက်ဝင်ခွင့်ရပါရေ။ ယင်းကျောင်းသားတိက စစ်တွေမြို့က သုံးယောက်၊ မောင်တောမြို့က တစ်ယောက် ပုဏ္ဏားကျွန်းမြို့က တစ်ယောက်၊ ကျောက်တော်မြို့ကတစ်ယောက်လို့ပြောပါရေ။ ထူးခြားစွာက ကလေသျှေသုံးယောက်နန့် ကလေ့မေသျှေ သုံးယောက်ဖြစ်ပါရေ။

၁၉၉၅ ခုမှာ မောင်တင်ဟိန်းဇော်ရေ ၄၁၆ မှတ်နန့် ရခိုင်ပြည်နယ် အမှတ်အများဆုံးဖြစ်လာပါရေ။ မောင်တင်ဟိန်းဇော်ရေ ဆရာဦးကျော်အေး အထကပြ (အငြိမ်းစား)နန့် ဆရာမ ဒေါ်မြင့်မြင့်ရီ(အထပြ အထက-၅)စစ်တွေရို့၏ ရင်သွီးနှစ်ယောက်ထဲက အငယ်ဆုံးဖြစ်ပါရေ။ လက်ဟိအမှတ် ၈ပ ၁၇၀၊ ၈ပိန်လမ်း၊ ရှုပမြောက် စစ်တွေမြို့မှာ နီထိုင်ပါရေ။ မွီးသက္ကရာဇ်က ၂၂-၈-၇၈ ဖြစ်ပါရေလတ်။ ဆယ်တန်းကို စစ်တွေမြို့ အထက(၂)က အောင်မြင်စွာပါ။ သချာင်္သိပ္ပံနန့်

လူမှုဘာသာရပ်ရို့ ဂုဏ်ထူးရဟိပါရေ။ အမှတ်စာရင်းကို မိန်းကြည့်ရေခါ သင်္ချာ ၉၃ မှတ်၊ မြန်မာစာ ၇၂ မှတ်၊ အင်္ဂလိပ်စာ ၆၇ မှတ်၊ သိပ္ပံ ၉၂ မှတ်ရရေလို့ ဆိုပါရေ။ မောင်တင်ဟိန်းဇော်နန့်တွိ့ဗျာယ် စာဖတ်ပုံဖတ်နည်းနန့် ဘဝရည်ရွယ်ချက်တိကို သိနိုင်ဖို့မိန်းကြည့်ရေခါ။

ကျွန်တော်အသျှေက ကျန်းမာရေးမကောင်းပါ။ ယင်းကြောင့် ဆရာဝန်ဘဝကို နှစ်သက်ခုံမင်အားကျမိပါရေ။ ယင်းပိုင်ရည်မှန်းချက်ဟိလို့ ကြိုးစားမှုကို ထာဝရပုံမှန် အားစိုက်ခပါရေ။ ယင်းပိုင်ကြောင့်လေ့ ဒေပိုင်အောင်မှတ်ကောင်းလာစွာပါ။ ကျွန်တော်တစ်ပွဲထိုးကြိုးစားခစွာမဟုတ်ပါ။ အသျှေကပင် အတန်းတိုင်းမှာ ပထမရခပါရေ။ သူငယ်တန်းကပင် ဆယ်တန်းထိအထိအထဲမှာ ငါးတန်းနှစ်တစ်နှစ်ထဲရာ ဒုတိယအဆင့်ကိုရောက်လားခပါရေ။ ယင်းဒုတိယရေ ကျွန်တော့်အတွက် ထပ်လို့ကြိုးစားရဖို့ဆိုရေ အားပီးမှုတစ်ခု ဖြစ်လာရေဆိုကေ မမှားပါ။

စစ်တွေမြို့မှာ Top 10 ကို ခုနစ်တန်း၊ ရှစ်တန်းနန့် ဆယ်တန်းသုံးကြိမ်ဖြေခဖူးပါရေ။ သုံးကြိမ်လုံး ပထမရခပါရေ။ ကြိုးစားမှုအထူးအထွေ မဟိပါ။ ကျောင်းမှာ ဆရာသင်ရေခါ အားလုံးနီးပါးရနိုင်အောင် ဂရုစိုက်မှတ်သားပါရေ။ ကျူရှင်မှာ သင်ရေခါလေ့ ယင်းအတိုင်း ဂရုစိုက်ပါရေ။ ညဥ့်ဆိုကေ နိမ့်စိုင်ခုနစ်နာရီက ဆယ့်တစ်နာရီခွဲထိ ပုံမှန်ဖတ်ပါရေ။ မိုးထစောစောထဗျာယ်။ ဖတ်တေအကျင့်မဟိပါ။ စာဖတ်ရေအခါ အသံထွက်ဖတ်စွာရေ ပိုကောင်းပါရေ။ မှတ်မိလွယ်ပါရေ။ ဘေးကနားလည်တတ်ကျွမ်းရေ လူဟိကေလေ့ပြင်လို့ ပီးနိုင်ပါရေ။ ညဥ့်ခါ စာမဖတ်ခင် နိန့်တိုင်း ပုံမှန်ဘုရားရှိခိုးပါရေ။ အနန္တတောအနန္တငါးပါးဂုဏ်ကို အမြဲတမ်းသတိရ နှလုံးသွင်းပါရေ။ သင်္ချာဘာသာကို အကြိမ်ကြိမ်လေ့ကျင့်ပါရေ။ အင်္ဂလိပ်စာကိုလေ့ ဆရာသင်ပြပီးရေ လေ့ကျင့်ခန်းနန့် အိမ်စာတိကိုလေ့ မပြတ်လေ့ကျင့်ပါရေ။ အခြားဘာသာတိကိုလေ့ ပုံမှန်လေ့ကျင့်ပါရေ။ ယင်းပိုင်ကြိုးစားရင်း ဒေအောင်မြင်မှုကို ရလာခစွာပါလို့ပြောပါရေ။

တခြားအထွေအထူးပြောဖို့ဟိပါလဲလို့ မိန်းကြည့်ရေခါ ဘဝရည်မှန်းချက်လေ့ဟိ၊ ပါရမီလေ့ဟိကေ ဖြစ်လားစွာပါဗျာယ်။ ပုံမှန်ကြိုးစားမှုရေ အလေ့တကြီး ကြိုးစားစွာထက် အကျိုးသက်ရောက်မှုဟိပါရေလို့ ပြောချင်ပါရေလတ်။

၁၉၉၅ ခုနှစ်၊ အပထစာမေးပွဲမှာ ဧရာဝတီတိုင်းမှာ ရခိုင်သားတစ်ယောက် ပထမရရေဆိုရေ သတင်းရေ ရခိုင်သားတိုင်း စိတ်ဝင်စားကတ်ရေ။ ကျွန်တော်ကိုယ်တိုင် ယင်းကျောင်းသားကို တွိဖို့မျှော်လင့်နီခပါရေ။

မောင်တင်ဟိန်းဇော်ကို တွိရေနိန့်မှာပင် ဧရာဝတီတိုင်းမှာ ပထမရရေ မောင်သူရိန်ကျော်ကို တွိခပါရေ။ မောင်သူရိန်ကျော်ရေ အဖဒေါက်တာဦးကျော်ဇော၊ အမိဒေါက်တာတင်အေးစံရို့ သားသမီးသုံးယောက်ထဲက ဒုတိယသားဖြစ်တေလို့သိရပါရေ။ လက်ဟိအမှတ် ၃၄၊ မြစ်ကွေ့ကျောင်းလမ်း၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်းမှာ နီထိုင်ပါရေလတ်။ မွီးသက္ကရာဇ်က ၂၆-၄-၇၈ ဖြစ်တေလို့ပြောပါရေ။ အပထအောင်မှတ် ၄၃၀နန့် ဧရာဝတီတစ်တိုင်းလုံးမှာ ပထမပါ။ ယင်းဧရာဝတီတိုင်းမှာ ၁၉၉၄ နှစ်ကတော့ အထက်တန်းကျောင်းပေါင်း ၁၀၆ကျောင်း ဟိပါရေလို့ပြောပါရေ။ အမှတ်စာရင်းတိကို သိချင်လို့မိန်းကြည့်ရေခါ မြန်မာစာ ၇၇မှတ်၊ သင်္ချာ ၁၀၀မှတ်၊ အင်္ဂလိပ်စာ ၇၀မှတ်၊ သိပ္ပံ ၉၆ မှတ်၊ လူမှု ၈၇ မှတ်ရို့ ရဟိပါရေ။ ဂုဏ်ထူးသုံးဘာသာပါ,ပါရေ။

ဆေးကျောင်းဝင်ခွင့်အမှတ်စဉ် ၁၇ပါ။ ဒေပိုင်အောင်မြင်ဖို့အတွက် စာကိုဇာပိုင်ဖတ်တေလို့ မိန်းကြည့်ရေခါ ကျောင်းစာတိကို ပုံမှန်ဖတ်ပါရေ။ ပုံမှန်လေ့ကျင့်ပါရေ။ ကျောင်းဖွင့်စ ဇွန်၊ ဇူလိုင်တိမှာ တစ်ရက်မှာ အနည်းဆုံး၄နာရီဖတ်ပါရေ။ ဇန်နဝါရီ၊ ဖေဖော်ဝါရီလတိကိုရောက်စွာနန့် တစ်ရက်မှာ ၇နာရီအထိ ဖတ်ပါရေ။ ဒေအောင်မြင်မှုအတွက်ကြိုးစားလို့လပြုခရပါရေ။ ဘာသာရပ်အားလုံးကို သုံးကြိမ်လောက် အပြန်အလှန်လေ့ကျင့်ပါရေ။ စာဖတ်တေခါ အသံထွက်အသံတိတ်ရှိုး ဒေသုံးမျိုးကို လုပ်ပါရေ။ အင်္ဂလိပ်စာပိုင်က ဘာသာရပ်တွေကို အသံထွက်ဗျာယ် ဖတ်ပါရေ။ သင်္ချာ၊ သိပ္ပံပိုင် ဘာသာရပ်တိကို ရှိုးဗျာယ်လေ့ကျင့်ပါရေ။ မြန်မာစာ၊ ကဗျာတိကို အသံထွက်ဗျာယ် ဖတ်ပါရေ။ စာစီစာကုံးကိုတော့ရှိုးဖတ်ပါရေ။ စာဖတ်တေခါ မိုးထညဇာမျှ ဖတ်ပါရေ။ ညဇာဘက်မှာ ပုံဆွဲစွာနန့် သင်္ချာကိုပိုလုပ်ပါရေ။ မိုးထမှာ သင်ခန်းစာသစ်တိကို ဖတ်ပါရေ။ အတွက်တိကို တွက်ပါရေ။ ကျောင်းဖွင့်ကေတော့ ကျူရှင်မယူပါ။ ကျွန်တော်ဘဝမှာ ကြိုးစားယင်းဆရာဝန်ဖြစ်လာစွာပါ။ ဆရာဝန်ဖြစ်အောင် ကြိုးစားစွာမဟုတ်ပါ။ ကျွန်တော်က ကျောင်းစာအပြင် အားကစား၊ စာပီနန့်တခြားသောကိစ္စကို လေ့လာမှတ်သားပါရေ။ မင်္ဂလာမောင်မယ်စာစောင် မြန်မာစာ စာစီစာကုံးမှာ ၅ခါလောက် ပထမရဖူးပါရေ။ ဒို့ကျောင်းသားစာစောင်မှာ အင်္ဂလိပ်စာကဏ္ဍမှာ Essay တစ်ခါ ပထမရဖူးပါရေလတ်။

ရခိုင်ပိုင်ကောင်းကောင်း ပြောနိုင်ရေကာလို့ မိန်းကြည့်ရေခါ ကျွန်တော်အသျှေခါရာ တစ်ခါ ရခိုင်ပြည်ကို ရောက်ဖူးပါရေ။ သုံးတန်းကျောင်းသားဘဝကပင် ဟင်္သာတမြို့ကိုရောက်စွာပါ။ ယေကေ့လေ အိမ်မှာ ရခိုင်စကားပြောကတ်ပါရေ။ ကျွန်တော့်စွာ ကျွန်တော်လေ့ ရခိုင်သားလို့သိနီပါရေ။ ယင်းအသိကြောင့် ကျွန်တော်ရခိုင်စကားကို ပြောဖြစ်အောင်ပြောစွာပါ။ တစ်အိမ်သားလုံးမမရို့၊ နှမသျှေရို့ပါ ပြောတတ်ပါရေ။ ရခိုင်သားဖြစ်ပြီးကေ ရခိုင်စကားမပြောတတ်စွာ စိတ်ခါတ်ပျော့ညံ့ရေ လူတိ အမျိုးသားစိတ်မရှိရေလူတိ ဖြစ်တတ်စွာပါ။ ရခိုင်သားရှိကေ ရခိုင်စကားရှိရပါဖို့ ရခိုင်စကားရှိလို့ ရခိုင်သားရှိနီ

ရေလို့ပြောကေလေ့ရရေ မဟုတ်ပါလားလတ်။ ဒေနှစ်ဆယ်တန်းဖြေဖို့ ညီသျှေ၊ နှမသျှေကို ဇာပြောဖို့လဲလို့ မိန်းကြည့်ရေခါ-

ကျွန်တော်ပြောချင်စွာက ဆန္ဒရှိကေ နည်းလမ်းဟိပါရေ။ မဖြစ်သိစွာရာဟိပါရေ။ မဖြစ်နိုင်စွာ မဟိပါ။ ဖြစ်ချင်စွာ ဖြစ်ဖို့ ဆန္ဒအဓိကပါ။ ယင်းချင့်ကို အခြေခံဗျာယ် အပျော်အပါးအလေအလွင့်ကို ဆင်ခြင်ဗျာယ်။ ပုံမှန်ကြိုးစားပါကေ အောင်မြင်ဖို့ ကျိန်းသီပါလို့ပြောချင်ပါရေလတ်။

## ၁၉၉၆ ရခိုင်ညွှန့်ဖူး

၁၉၉၆ ရခိုင်ညွှန့်ဖူးရေ မကြည်ကြည်သာရေ အဖဦးမောင်သာနိုး (ဌာနခွဲစာရေးကြီး၊ သမ စစ်တွေ) အမိ ဒေါ်မြမြ ရွှေ (မူလတန်းပြ အငြိမ်းစား)ရို့ သားသမီးသုံးယောက်ထဲက သမီးလတ်ပါ။ မွီးသက္ကရာဇ်က ၈-၁၀-၇၉ အထက(၂)စစ်တွေ က အောင်မြင်လာစွာပါ။ အောင်မှတ် စုစုပေါင်း ၄၀၃ မှတ်ရပါရေ။ အင်္ဂလိပ်စာကလွဲကေ ကျန်ရေဘာသာအားလုံး ဂုဏ်ထူးထွက်ပါရေလတ်။ အမှတ် ၁၅၂ ပန်းခြံလမ်း၊ စစ်တွေမြို့မှာ နီထိုင်ပါရေလို့ပြောပါရေ။

အသျှေတိအတုယူလို့ရအောင် စာဖတ်ပုံဖတ်နည်းကို တစ်ခေါက်သျှေပြောပြပါလို့ပြောရေခါ အကျွန် အသျှေကပင် ကြိုးစားစွာပါ။ ယင်းကြောင့်လေ့ ပထမတန်း၊ ဒုတိယတန်းရို့မှာ ပထမရခပါရေ။ တတိယတန်းနန့် စတုတ္ထတန်းမှာ ဒုတိယ ရဗျာယ်။ အဋ္ဌမတန်းမှာ ကျောင်းပေါင်းစုံ Top-၁၀ မှာ ပထမရဗျာယ်။ နဝမတန်းမှာ တတိယရပါရေ။ ဆယ်တန်းမှာ Top-၂၀ မှာ ပထမရရှိပါရေ။ အကျွန့်ဘဝမှာ ဆရာဝန်ဖြစ်ရဖို့ဆိုရေ သံဓိဋ္ဌာန်ချထားပါရေ။ ယင်းကြောင့် မဖြစ်မနီကြိုးစား စွာပါ။ ယင်းပိုင်ကြိုးစားရင်း ၁၉၉၄၊ မတ်လမှာ အရိုးကင်ဆာဖြစ်လို့ ဘယ်ဘက်ပေါင်အလယ်လောက်က ဖြတ်လိုက်ရပါရေ။ ယင်းပိုင်ဖြတ်ပလိုက်ရရေခါ အကျွန်သံဓိဋ္ဌာန်ရေ ပိုလို့ခိုင်မာလာလတ်ပါရေ။ ယင်းကြောင့် မဖြစ်မနီကြိုးစားလာစွာပါဗျာယ်။

အကျွန်စာဖတ်စွာက အချိန်စာရင်းနန့် မဟုတ်ပါ။ အားတိုင်းစာဖတ်ပါရေ။ စာဖတ်ခြင်းရေ အကျွန်အတွက် အကောင်းဆုံးအဖော်ပါဗျာယ်။ မိုးထညဇာ၂ချိန်လုံးကို စာဖတ်ပါရေ။ ညဥ့်ခါဆိုကေ ၉နာရီက ၁၂နာရီထိ ဖတ်ပါရေ။ ညကျောင်း(ကျူရှင်)က လွှတ်လာကေ အနားယူပါရေ။ တစ်ခါတစ်ရီ တရေးတမော အိပ်ပလိုက်ပါရေ။ ၉နာရီလောက်ခါမှ စလို့ စာဖတ်ပါရေ။ မိုးထဆိုကေ ၅ နာရီခွဲလောက်မှာထဗျာယ် ရနာရီထိ ဖတ်ပါရေ။ ဘာသာရပ်ထဲမှာ သင်္ချာကို စိတ်ဝင်စား ဆုံးပါ။ ကျန်ရေဘာသာရပ်အားလုံးကိုလေ့ စိတ်ဝင်စားမှုမလျော့ပါ။ ယှဉ်ပြိုင်ဖက်ကို အမြဲမပြတ်လေ့လာပါရေ။ အမြဲတန်း အနိုင်ရဖို့ကြိုးစားပါရေ။

ယင်းပိုင် အနိုင်ရဖို့အတွက် ပုံမှန်ကြိုးစားစွာပါ။ ပင်ပန်းဆင်းရဲခံဗျာယ် မကြိုးစားပါ။ စာဖတ်တေခါ ရွီးလို့ဖတ်ပါရေ။ အင်္ဂလိပ်စာမှာ Essayကို ရွီးလို့ဖတ်ပါရေ။ ယင်းပိုင်ဖတ်ခြင်းဖြင့် (MEANING) အမှားကို တွီ့နိုင်ပါဆေရ။ ရွီးလို့ဖတ်ရေ နည်းစနစ်ရေ ကောင်းကောင်း၊ ကောင်းရေနည်းစနစ်လို့ ဆိုချင်ပါရေ။

ဒေနှစ်ဆယ်တန်းက မောင်သျှေ၊ နှမသျှေတိကို ဇာပြောချင်လေလို့ မိန်းရေခါ အစကောင်းကေ အနှောင်းသေချာပါ ရေ။ တစ်ရက်စာကို တစ်ရက်၊ တစ်ပတ်စာကို တစ်ပတ်၊ ဖတ်ဗျာယ် တစ်လစာကိုတစ်လ ဖတ်ဖို့ဆိုပါကေ တစ်နှစ်စာရေ တစ်နှစ်အတွင်း ကျေညက်နိုင်ပါဖို့ ယင်းပိုင်ဆိုကေ အောင်မြင်မှုသရဖူမုချရကတ်ပါဖို့၊ **အကျွန့်ပိုင် လူတောင်မှ အေအောင်မြင် မှုကို ရနိုင်ကေ** ဇာသူမဆို ရနိုင်ပါဖို့ကာလို့ ရဲရဲဝံ့ဝံ့တက်တက်ကြွကြွဖြေလိုက်ပါရေ။

၁၉၉၂ ကပင် ၁၉၉၆အထိ လေးနှစ်ဆက်တိုက် စစ်တွေမြို့ကဗျာယ် ရနီရေအတွက် ထူးခြားရေလို့ပြောရဖို့၊ ယင်းပိုင် ဇာကြောင့်ထူးခြားလေလို့ဆိုပါကေTop ဆိုရေစကားလုံးကို တွီ့မိပါရေ။ ဒေTop-စကားရပ်ကို ၁၉၉၀ခုကပင် စရေလို့သိရပါ ရေ။ ယင်းနှစ်မှာ ဆရာကြီးဦးအောင်သိန်းရေ မြို့နယ်ပညာရေးမှူးတာဝန် ထမ်းဆောင်တုန်းဖြစ်ပါရေ။ Topဆိုရေစကားက ကျောင်းမှာအတန်းထဲက အတော်ဆုံးတစ်ဆယ်ကို ဆိုပါရေလတ်။ ဥပမာ စစ်တွေမြို့အထက(၂)မှာ ဆယ်တန်း(၄)ခန်းဟိရေ ဆိုပါကေ။ ယင်း(၄)ခန်းထဲက အတော်ဆုံးကျောင်းသား၊ တစ်နည်းဆိုကေ အထက(၂)တစ်ကျောင်းလုံးရှိ ဆယ်တန်းအတော် ဆုံးကျောင်းသား ဆယ်ယောက်ကို တခြား အထက(၁)၊ အထက(၃)၊ အထက(၄)၊အထက(၅)၊ အထက(၆) စရေစစ်တွေမြို့မှာ ဟိရေအထက်တန်းကျောင်း ခြောက်ကျောင်းကိုစုပြီးကေ အတော်ဆုံးခြောက်ဆယ်ကို ရွီးဗျာယ် စာမေးပွဲစစ်လိုက်တေခါ ပထမ၊ ဒုတိယဆိုပြီးကေ ဆုပီးစွာပါ။ ယင်းကို Topလို့ ခေါ်ပါရေလတ်။ ယင်းပိုင်ယှဉ်ပြိုင်စီရေအတွက် စာမေးပွဲကြီးအတွက် အားလုံးအဆင်သင့်ဖြစ်စီရေလို့ ရခိုင်ညွှန့်ဖူးတိက ဆိုကတ်ပါရေ၊

ယေကေလေ့ တစ်နှစ်နန့်တစ်နှစ်မတူပါ။ ၁၉၉၀မှာပါရေ။ ယင်းနှစ်မှာ Top-10 ၊၁၉၉၂ခုနှစ်မှာ Top-20ဖြစ်ဗျာယ်။ ၁၉၉၄ ခုနှစ်မှာ Top-40 ဖြစ်တေလို့ ကျောင်းသားတိပြောကြားချက်ကို သိရပါရေ။ ယင်းTop ကိုဝိုင်းဝန်းဗျာယ်ကြိုးစားကတ် တေ ဆရာ၊ ဆရာမတိ ကျေးဇူးကိုတော့ ဆပ်မကုန်ပါလို့ ပြောကတ်ပါရေ။ တခြားတခြားသော မြို့တိရွာတိမှာလေ့ ဒေပိုင် ပြုပြင်နိုင်ကေ ကောင်းပါဖို့လို့ ရင်ထဲကဆန္ဒကို ထုတ်ဖော်ရွီးသားမိပါရေ။ ရခိုင်ပြည်ကြီး တိုးတက်ပါစီ။

(၉၂ ရှိပိုင်းနှစ်တိက ရခိုင်ညွှန့်ဖူးတိကို အကြောင်းအမျိုးမျိုးကြောင့် မတွီ့ဆုံဖြစ်ပါ။)

ရိုးမလင်းယုန်

# ဘုရားဖူးတစ်ခေါက်

"ခတက်ခေါက်သံ" မကြားတစ်ချက်ကြားတစ်ချက်မှာ နိုးသံနန့်အတူ နှိုးသံငေါက်သံတိကို ကြားရလို့ လန့်နိုးလာရေ။ မိုးထစောစောသျှေဖြစ်လို့ နှင်းတိလည်း ကျနီတုံးသိမ့်။ မြစ်ပြင်ဖြစ်လို့ ပိုအီးရေလို့ထင်ရေ။ ဂစ္ဆပမြစ်ရီက ဖောင်အောက်မှာ လားနီရေ ငါးသျှေတိကိုတောင်ထိုးဖောက်မြင်နီရယင့်။ ဖောင်ကိုကြိုးဖြုတ်ဖို့ ကြိုးစားနီကတ်တေလူတိ ရောင်းရောင်းခတ်သံ ကြောင့် အနားမှာဟိရေ တောထဲက ငှက်တိတောင် ထပျံ့သံတိကို အတိုင်းသားကြားနီရရေ။ ရှိမှာလဲ ဖောင်တိမျက်စိတဆုံး၊ အနောက်ကလဲအများကြီး။ ဖောင်တိရှိမှာ လောင်းတိဖောင်ကို လောင်းနန့်ဆွဲအဖြစ်လို့ ရီစီးထက်ပိုလို့ ဖောင်ကလားစွာယင် နီရေ။ ဖောင်ချိုင်ကြိုးတိကို တင်ဗျာယ်။ ဖောင်ဘေးမှာဟိရေ "ပင်းထန်း"ကို ကိုင်ဗျာယ်လှေ်လိုက်စွာနန့်၊ ချွေးတိက ဆောင်းခါတိုင်တိုင် ဘယ်စီးညာစီးလို့။

ယင်းနိန့်ရေ ဇန်နဝါရီလ ၂၄ ရက် သက္ကရာဇ်ပြောရဖို့ဆိုကေ ၁၇၈၅ ခုနှစ်ကျရေ။

ထိုတစ်ရက်နိန့်ကပင် ဒေဖောင်ထက်ကို တင်ထားစွာ။ ဖြားရီအထက်အကျဟိကေလေ့ သတိမထားနိုင်။ လမ်းတစ်ဖက် တစ်ချက်မှာ အပင်တိက တရိပ်ရိပ်နန့် ကျန်ခလီဗျာယ်။ လမ်းခရီးမှာ တညဥ့်အိပ်ခရရေဆိုကေလေ့ လူအိပ်ဖို့စွာမရခ။ အပြင်းခတ်ဗျာလ်။ လာလတ်စွာမနား။ အခုရောက်စွာက "ဒလက်"မြို့ဆိုလား၊ နောက်ထပ် အမ်းနန့်တန်းလွဲ၊ ပဒင်းဆိုရေမြို့ တိကို တစ်မြို့ပြီးတစ်မြို့ ဖြတ်လာစွာဗျာယ်၊ ခရီးဒေ့ါခါမဆုံးနိုင်။ စုန်လီအားကလေ့ ကောင်းလို့ခရီးတွင်ရေ။

ပြေယင်းနန့် ဇန်နဝါရီ ၃၀ ရက်မှာ တောင်ကုတ်ကိုရောက်ဗျာယ်။ ရီလမ်းဆုံးဗျာယ်လို့ ဆိုပြီးကေ ဖောင်ထက်က ဘုရားကို ကုန်းထက်တင်ကတ်တေ။ ယင့်ယူခါထက် အခက်ခဲများရေ။ မိုးသက်လီပြင်းတိ တိုက်လီရေ။ မိုးကြိုးလီကြိုးတိ ရွာလီရေ။ ကြာလဲကြာရေ။ ကြာစွာကို မပြောကေဖိ။ ရှစ်ရက်တိုင်တိုင်နိန့်ပါ ညဥ့်ပါမပြတ်တမ်းလောင်းလှေ်၊ လာရစွာ တစ်ရက်လေ့မနားခရ။ ကုန်းထက်ကိုပင့်ယူရစွာလဲ မလွယ်။

ကုန်းကိုရောက်ပြန်ကေလေ့ ခရီးဆက်ဖို့ပြင်ရဆင်ရပြန်ရေ။

ပြင်ဆင်လို့ ၅ရက်မြောက် ဖေဖော်ဝါရီလ ၆ရက်နိန့်မှာ တောင်ကုတ်ရိုးမခရီးကို စကတ်တေ။

ဘင်္ဂလားပင်လယ်အော်က မုတ်သုန်လီလဲ တဖြည်းဖြည်းနန့် ဝီးလာရေပိုင် ရခိုင်ရိုးမတောကြီးလဲ တဖြည်းဖြည်းထက် ကောင်းကင်ကို မြင်လို့လာလတ်ပါရေကား။ ယင်းနိန့်မှာ ချင်းရွာတောင်တော်မှာ ညဥ့်အိပ်တေ။ ကျွဲကျွန်၊ ဒုန်သရောရို့မှာလေ တစ်ညဥ့်စီအိပ်တေ၊ ကြိုးကြာတောင်မှာ နားဖြစ်တေ။ အဖရိုးမတောင်ကြီးက အအီးဓာတ်လည်းလက်လှမ်းကြိုဆိုနီရေ။ မောလတောင်ကိုဖြတ်၊ ဝါမြို့တောင်မှာနား။ နောက်တစ်ရက် စိုင်သေတောင်ကိုဖြတ်၊ ဝက်ထိုးတောင်မှာနား၊ စူပါတောင်ကို ဖြတ်၊ ဝသေတောင်မှာနား။ ကျွန်းတိုးတောင်ကိုဖြတ်။ ဝေလုတောင်မှာနား။ တောင်တစ်တောင်ကိုဖြတ် ယင်းပိုင်ယင်းပိုင် တစ်ညဥ့်စီနားဗျာလ်။ နိန့်တိုင်း၊ ရက်ဆက်ခရီးဆက်စွာ ခြီဖဝါးတီမြီကို မချနိုင်အောင် နာလာရေကား။

အဖရခိုင်ရိုးမတောင်အကြောင်းကို သိရေအတိုင်း ညဥ့်ဆိုကေ ပိုလို့အီးလာရေ၊ ခြုံစရာပုဆိုး၊ စောင်တစ်ခုလေ့ မပါဘဲ ချမ်းစွာကလည်း မပြောကေ့၊ တစ်ခါတစ်ခါ ညောင်းလို့ထမင်းတောင်မစားနိုင်။ နားလို့ဆိုစွာနန့် သီလားခရေလားလို့ တောင်ထင်ရရေ။ အိပ်စွာကလေ့လေ နှိုးမှုနိုးရေ၊ နိန်ခင်းကြောင်တောင် ဂျီပေါက်သံ၊ ကျားဟိန်းသံ၊ ဆင်အော်သံ မျောက်မြည် သံရို့ကိုလေ့ အတိုင်းသားကြားရရေ။

ရှိမှာက လူဘလောက်၊ နောက်မှာကလူဘလောက် ရှိလီရေကား မပြောတတ်။ တစ်အုန်းအုန်း ကြားနီရရေ။ တစ်ခါ တစ်ခါ လူတိကိုလဲလို့ တွိခယင့်။ ကိုယ့်အလုပ်မဟုတ်လို့ အရေးတစိုက်၊ မကြည့်ဖြစ်ခ။ ကြွက်တိလေ့ လူကိုမြင်စွာနန့် ပြီးလားလတ်စွာဗျာလ်။ သွီးစုပ်ကတ်စွာလေ့ မပြောကေ့ဖိ။ ခရီးတွင်ဖို့လိုရေ။ တစ်ခုကိုလေ့ ဂရုမစိုက်နိုင်။

ဒေဖေဖော်ဝါရီလထဲမှာ ကျွဲနွယ်တောင်ကို ဖြတ်တေနိန့်က ၁၈ရက်နိန့်။

ယင်းနိန့်နွားထိုးတောင်မှာ နားပြန်ရေ။ ယင်းကတစ်ဆင့် ဟသ်ာတောကိုဖြတ်၊ စင်းပွင့်န်းတောင်မှာနား။ ဒရယ်တောင် ကိုဖြတ်တေ။ ရန်လိုတောင်မှာနားရေ။ နာမေကြီးနီပူတောင်ကို ၂၄ရက်နိဖြစ်တေ။ ကလေးတောင်မှာနားရေ။ ညောင်နီတောင် ကို ဖြတ်တေ၊ ဆင်မကျယ်တောင်မှာနားပြန်ရေ။ နားရေလို့ဆိုစွာက ခေါင်းချရုံတစ်ချက်သျှေ။

မိုးမလင်းခင် ခြီရာတော်တောင်ကို ဖြတ်တေနိန့်က ဖေဖော်ဝါရီ နှစ်ဆယ်ရက်နိန့်။

ယင်းနိန့်မြေနီတောင်မှာ နားခရေ။ ယင်းကဆက်ဗျာလ်။ ခိုမင်းတောင်ကိုဖြတ်တေ၊ ကျောက်ကျပ်တောင်မှာနားရေ၊

ဖေဖော်ဝါရီလကုန်မှာ ကျောင်းတန်းတောင်ကို ဖြတ်စွာကိုတော့ ကောင်းကောင်းမှတ်မိရေ။

နားလို့ဆိုရေအခါက ခြီတစ်ခုလုံးထွတ်ထွတ်ကြွီလီဗျာလ်။ ပုခုံးလေ့ ထွတ်ထွတ်ကြွီနီဗျာလ်။ တစ်ညဥ့်လုံးလဲမအိပ်နိုင်။ ချမ်းကလေ့ချမ်း၊ ခြီကလေ့ ကိုက်စွာ မိုးတလင်းဗျာလ်။

နောက်နိန့်မတ်လ ၂ ရက်နိန့်မှာ သဘော်တောင်ကိုဖြတ်တေ။

စောဖြူတောင်မှာ နားရေ၊ ဆက်တိုက်ဗျာလ် တစ်တောင်ကိုဖြတ်၊ တစ်နီရာမှာစီနားရေ။ မှတ်မိသလောက် တစ်ခေါက်အတွက် ချကြည့်မေချက် ခရာတောင်ကိုဖြတ်၊ ခရမ်းတောင်မှာနား။ ဝသန်တောင်ကိုဖြတ်၊ တောင်ကျွန်းတောင်မှာနား။ တောင်ခမောက်မှာနား။ လေသာတောင်ကိုဖြတ်ကျော် ချင်တောင်မှာနားရေ။

ယင်းပိုင်နန့် တောင်နီသာတောင်ကို ဖြတ်တေနိန့်မှာ ရွာလိုက်တေမိုး၊ အဖရိုးမ နှုတ်ဆက်မိုးလို့ထင်ယင့်။ တောင်ထက်မှလီကလဲ ကောင်းကောင်းထရေကား၊ မိုးကလေ့ရွာ၊ လီကလေ့တိုက်၊ တောင်ကလဲပြို၊ ခရီးကလားသလောက် မတွင်၊ သနားလို့လား မပြောတတ်။ ယာမာတောင်မှာနိန့်က စောစောနားခွင့်ပီးစွာကိုတော့ တစ်သက်လုံးမှာ အပျော်ဆုံးနိန့်ဗျာလ်။ နောက်နိန့်တိအတွက် အိပ်ရေးဝလားခရေ။

နောက်တစ်ရက် ရီလွဲတောင်ကိုဖြတ်တေ။ တောင်ဖီလာတောင်မှာ နားကတ်တေ။ ကျွဲစခန်းတောင်၊ ကျွဲတိုးတောင်၊ တောင်ပန်းတောင်တို့တိကို ဖြတ်တေ၊ တောင်နီမှာနားပြန်ရေ။ လမ်းခရီးမှာ အစားကိုထက် အအိပ်မက်လာရေ။

ရိုးမတောင်အရှိဖက်ကို ရောက်လီ လီပူတိုက်လို့ ပူလိုက်စွာကလေ့ မပြောကေဖိ။ ကျော်ရဲတောင်၊ လက်ထုတ်တောင်တိကိုဖြတ်တေ။ လက်တုတ်တောင်ဖြတ်၊ စကြာမင်းတောင်မှာ နားရေ။ နဝေတောင်၊ ညောင်လှတောင်ကိုဖြတ်၊ ဝါတောင်မှာနားရေ။ ကုက္ကိုပ်ချောတောင်၊ သနားတောင်၊ ထင်းဝါတောင်တိကိုဖြတ်တေ၊ မြင်းဝါတောင်မှာနားရေ။ နားရေလို့ဆိုစွာရာရက်ဆုံးနီဝင် နားရေလို့မဟိ၊ တစ်ရက်လေ့ နားရက်မဟိ၊ ညဥ့်ဆိုကေ တစ်ချက်သျှေနား၊ မိုးလင်းစွာနန့် ခရီးဆက်စွာဗျာလ်။

မတ်လ ၁၄ ရက်မှာ မင်းပုတ်တောင်၊ မတ်တောင်၊ ဆင်တောင်တိကို ဖြတ်တေ၊ နတ်သမီးတောင်မှာ နားရေ၊ စွန့်ပေါင်းတောင်၊ ချင်းခူးတောင်၊ ဆင်ဦးတောင်တိကို ဖြတ်၊ နတ်တလင်းတောင်မှာ နားပြန်ရေ။ ဆိတ်ဖြူတောင်ဖြတ်၊ ပြောင်နို့စခန်းတောင်မှာနား။ ဖန်ခါးတောင်ကိုဖြတ်၊ သရက်ချောင်းတောင်မှာနား။ ထပ်ယုတ်တောင်ကိုဖြတ်၊ ကျောင်းဆင်းတောင်မှာနား။ရက်ကလဲကြာလာဗျာလ်။ အာဟာရကလည်းမပြည့်။ အားကလဲမဟိဗျာလ်။ လူတိလဲ လမ်းပင်မလားနိုင်ဗျာလ်။

မတ်လ ၁၉ ရက်နိန့်ကပင် တစ်မိုးထစီလား၊ နိန့်ခင်းကပင်နားရေ။

၁၉ ရက်နိန့်မှာ ပြဆွဲတောင်မှာနားရေ။

၂၀ မှာ ဆင်လန်တောင်နားရေ။

တောင်ညိုထက်မှာ နားရေ။ ကျော်ဘုတောင်မှာ နားပြန်ရေ။ ပေါက်နတ်စခန်းမှာ နားရေ။

၂၅ ရက်နိန့်ကပင် ခရီးနှင်ပြန်ဗျာလ်။ အင်ပင်လုတောင်ကို ဖြတ်တေ။ ပြင်လန်တောင်မှာနားရေ။ မြွေလိမ်တောင်ကိုဖြတ်တေ။ လက်ပံလှတောင်နားရေ။ ချောင်ဂူတောင်၊ ရမြာတောင်၊ ကုလားတောင်တိကို ကျော်ဗျာလ်။ ဖျောက်ဆိတ်တောင်မှာ နားရေ။ သမင်တောင်၊ တပ်ဆိတ်တောင်၊ ဂျင်းတောင်၊ ကျွန်းလှတောင်တိကိုကျော်ဗျာလ်။ ကြိုးပင်မော်တောင်မှာနားရေ။ နီပစီကြီးတောင်၊ မိုးကောင်းတောင်၊ သတော်နီးတောင်၊ တော်ရှာတောင်ကိုဖြတ်ဗျာလ်။ ကုက္ကိုလ်ပင်တောင်မှာနားရေ။

မှတ်မှတ်ရရ၊ ကျီပြင်စခန်း နန့်ချောင်းခွစခန်းကိုဖြတ်တေနိန့်မှာ ပန်းတောင်းဆိုရေ မြို့တစ်မြို့ကိုရောက်တေ။ ယင်းနိန့်ပင် မြစ်တစ်မြစ်ကို ဖောင်နန့်ဖြတ်ဗျာလ်။ ပြည်ဆိုရေမြို့ကိုရောက်ဗျာလ် နားကတ်တေ။

ပြည်ဆိုရေမြို့မှာ ဧပြီလ ၁ ရက်နိန့်ကပင် ဧပြီ ၆ရက်ထိ နားဗျာလ်။ ခရီးဆက်ဖို့ပြင်ဆင်ပြန်ရေ။

ဇာခါခရီးဆုံးကို ရောက်ဖို့လဲ မပြောနိုင်ဗျာလ်။ လူတိလဲ ဝါးခြမ်းပြားလောက်ရာ ကျန်ကတ်တေဗျာလ်။

ပြောယင်းဆိုယင်း ခုနစ်ရက်နိန့်မိုးထမှာ ဖောင်နန့်ခရီးဆက်ပြန်ရေ။ မြစ်ကလေ့ အတက်အကျမရှိဘဲ အကျတစ်မျိုးတည်းရာရှိရေ၊ မြစ်ရီကတော့ ချိုယင့်၊ တိမ်စွာကလေ့ မပြောကေ့၊ တစ်ခါတစ်ခါ ဒြီနန့်ဆွဲလို့လားရရေ။ ရှိမှာလေ့ ဖောင်ကြီး၊ ဖောင်သျှေအသွယ်သွယ်က မျက်စိတဆုံး၊ မြို့တိရွာတိကတော့ ကမ်းနားမှာမြင်ယင့်။ ကိုယ်နန့်မဆိုင်လို့ မစပ်စုဝံ့။

ဧပြီလ ၂၇ရက်နိန့်မှာရာ အမရပူရကို အပြင်းနပြင်းရောက်တေ။ ဒေခရီးအစအဆုံးက ၉၅ ရက်တောင်ကြာရေ။ အိမ်ကထွက်လာစွာက လေးလကျော်ဗျာလ်ယေ။

## အခန်း(၂)

ဒြီကိုလှူပ်ဗျာလ်၊ အတင်းနိုးလို့ လန့်နိုးလာရေ။ ဟုတ်ကား ဟုတ်ယင့်၊ မိုးထစောစောငါးနာရီမှာ လားဖို့ပြောထားစွာ ငါးနာရီးဆယ့်ငါးမှ နိုးရေ။ အားလုံးလူတိ အဆင်သင့်ဖြစ်နီဗျာလ်။ ကိုင်း-လားကတ်မေ၊ တက်ဆိုဗျာလ် ကားကိုမောင်းလိုက်စွာ ဆယ်နာရီမှာ ရွှေနတ်တောင်အဝင်ကို ရောက်ကေလေ့ ရွှေဘုံသာမုနိကို အယင်ဖူးခလီပါရေ။ **ရွှေဘုံသာမုနိဆိုရေ စေတီကြီးထဲမှာ ရခိုင်ဘုရားတစ်ဆူ ဌာပနာဟိပါရေလတ်။** အခုတစ်ခါ စေတီတော်ကြီးကို ပြုပြင်နီရေအထဲမှာ ဟိနီရေဘုရား

ရှင်ကိုကား ဖူးမြော်ခွင့်မရ။ ဂေါပကအဖွဲ့က ဖြန့်ချိရေသမိုင်းကို ဖတ်ကြည့်ရေခါ-

## ပဲခူးတိုင်း၊ ပန်းတောင်းမြို့နယ် သမိုင်းဝင် ရွှေဘုံသာရုပ်ရှင်တော်မြတ်ကြီး ကိန်းဝပ်တော်မူရာ ရွှေဘုံသာဆုတောင်းပြည့်စေတီတော်မြတ်ကြီးသမိုင်းအကျဉ်း

မဟာသက္ကရာဇ် ၉၇ ခုနှစ်တွင် ရက္ခပူရဓညဝတီ ရခိုင်ပြည်ကြီးကို စန္ဒသူရိယမင်းမြတ် ထီးဖြူအုပ်ချုပ်မင်းလုပ်တော်မူ၏။ ထိုစဉ် မဇ္ဈိမဒေသမဂစ၌ သုံးလောကထွဋ်ထား ရှင်တော်ဘုရား ပွင့်တော်မူလျက် လူနတ်ဗြဟ္မာသတ္တဝါတို့အား တရားဒေသနာ ဟောပြည့်နှန်ကြားသည်ကို ကြားသိတော်မူ၏။ ဘုရင်မင်းမြတ်သည် ဖူးမြင်လိုသော သဒ္ဒါဖြစ်လွန်းသဖြင့် မြတ်စွာဘုရားအား ဓညဝတီရခိုင်ပြည်သို့ ကိုယ်တော်တိုင် ကြွရောက်တော်မူပါမည့်အကြောင်း နံ့သာဆီမီး၊ တံခွန်ထီးနှင့် လှူဘွယ်ရေချမ်း၊ ပေါက်ပေါက်ပန်းတို့ဖြင့် ပူဇော်ရည်မှန်း၍ ပင့်လျှောက်ကာ ဆုတောင်းပတ္တနာပြုတော်မူ၏။

မြတ်စွာဘုရားရှင်သည် ဇေတဝန်ကျောင်းတော်မှ သဗ္ဗညုတရွှေဉာဏ်တော်ဖြင့် ဆင်ခြင်တော်မူသောအခါ ငါမသွားမူကား ထိုမင်းသည် အကျိုးမဲ့စုတေ ပျက်စီးရာ၏။ ငါ့အားဖူးမြင်ရသော လူအပေါင်းတို့မှာလည်း ကောင်းကျိုးချမ်းသာမင်္ဂလာတိုးပွားရာ၏။ ငါ၏ကိုယ်စား၊ ကိုယ်တော်ပွားထားသည့် ရိုက်ရာသာသနာလည်း ကာလရှည်မြင့်စွာ တည်လတ္တံ့။ ရဟန်းရှင်လူပြည်သူအများလည်း သရဏဂုံသီလ တည်ကြလတ္တံ့ဟု အနာဂတံသဉာဏ်တော်ဖြင့် ဆင်ခြင်တော်မူ၍ ဓညဝတီရခိုင်ပြည်သေလာဂီရိတောင်သို့ ကြွရောက်တော်မူ၏။

မဟာသက္ကရာဇ် ၁၂၃ ခုနှစ်၊ တပို့တွဲလပြည့်နေ့၌ မြတ်စွာဘုရားသည် ဓညဝတီမြို့ကြီး၏ အနောက်မျက်နှာ ကစ္ဆပနဒီ (ကုလားတန်မြစ်)အရှေ့ဘက်ကမ်း၊ သေလာဂီရိကျောက်တောင်ထိပ်၌ ကြွရောက်တော်မူသောအခါ စန္ဒသူရိယမင်းကြီးသည် ဝမ်းသာအားရဖြစ်တော်မူလျက် မြတ်စွာဘုရားသခင်အား ဆွမ်း၊ ရေချမ်း၊ ဆီမီး၊ မွှေးနံ့သာတို့ဖြင့် လေးပါးသောပစ္စည်း ပူဇော်၍ လုပ်ကျွေးဆည်းကပ်တော်မူ၏။ (၃)လစေ့သောအခါ စန္ဒသူရိယမင်းသည် မြတ်စွာဘုရားသခင်အား ကိုယ်စားတော်ပွားထားခဲ့ပါမည့်အကြောင်း ပင့်လျှောက်သည်တွင် မြတ်စွာဘုရားသခင်မှ ခွင့်ပြုသဖြင့် ကြေးသွန်းသမားများဖြင့် ရတနာအမျိုးပေါင်း (၁၂၆)မျိုး၊ ထင်းပေါင်း (၅၀)တို့ဖြင့် မုနိတော်များ သွန်းလောင်းတော်မူပါသည်။

ထိုအခါ မြတ်စွာဘုရားသခင်မှ မုနိတော်များအား ရွှေရင်တော်ငွေ့ ခုနစ်လက်ပွေ့ကို ဦးခေါင်းတော်၌ တည်တော်မူသောအခါ မုနိတော်မြတ်သည် ပလ္လင်တော်မှဆင်းသက်ပြီးလျှင် မြတ်စွာဘုရားအပါးတော်မှ လိုက်လိုကြောင်း ခွင့်တောင်း၏။ မြတ်စွာဘုရားသည် ညီတော်မဟာမုနိ ငါ၏ကိုယ်စား လူနတ်များ၏ စီးပွားချမ်းသာဆောင်ရစ်ပါလော့ဟု မိန့်တော်မူ၏။

မဟာမုနိရုပ်ရှင်တော်ကို သွန်းလောင်းဖန်ဆင်း၍ ပိုလျှံသော ရတနာတို့အား အသို့ပြုရအံ့နည်းဟု လျှောက်ထားသောအခါ မဟာမုနိ၏ညီတော်များအဖြစ် သွန်းလုပ်ရန်ခွင့်ပြုသဖြင့်-၁။ ရှင်ကျော်မုနိ (ရခိုင်ကျောက်တော်မြို့)၊ ၂။ ရွှေဘုံသာမုနိ (ယခုမွမ်းမံပြုပြင်မည့် ဆင်းတုတော်)၊ ၃။ မာန်အောင်မြင်မုနိ (ပြည်တော်ပြန်ဘုရား၊ ဇလွန်မြို့)ဟူ၍ မဟာမုနိ (၃)ဆူနှင့် ပထမသွန်းလောင်းသော မဟာမြတ်မုနိ (မန္တလေး)အပါအဝင် မုနိ(၄)ဆူ သွန်းလုပ်တော်မူပါသည်။

မဟာမြတ်မုနိအစ မာန်အောင်မြင်အဆုံးရှိသော မုနိတော် (၄)ဆူသွန်းလောင်းတိုင်း လွင့်စင်ကုန်သော ရတနာများမှာလည်း ပကတိအလိုအလျောက် မုနိငယ်များပွင့်ထွန်း ပေါ်ပေါက်တော်မူကြပါသည်။

၁၁၄၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၄)ရက်နေ့၊ စနေနေ့၌ အမရပူရ ပထမမြို့တည် ဆင်ဖြူများသခင် ဘဝရှင်မင်းတြား ဘိုးတော်ဘုရားမင်းကြီးက အိမ်ရှေ့ဥပရာဇာသည် မုနိတော်များအား ပင့်ဆောင်တော်မူလို၍ ၁၁၄၆ခု၊ ပြာသိုလပြည့်ကျော် (၁၁)ရက်၊ အင်္ဂါနေ့၌ အိမ်ရှေ့မင်းကိုယ်တော်တိုင် မဟာမုနိဘုရားများထံ သွားရောက်၍ ပင့်ဆောင်စေရာ၊ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ပလ္လင်အောက်၌ ငါ၏ဆရာ မုနိဘဂဝါကို မည်သို့သော မင်းအပေါင်းတို့မှ ပင့်ချီ၍ မရစေသတည်း။ နောင်အခါ ဘုန်းကံကြီးမား ငါကား ဖြစ်ချေသော် ငါသာလျှင်ပင့်ဆောင်ကိုးကွယ်ခြင်းငှာ ရပါစေသတည်းဟု စန္ဒသူရိယမင်း၏ ဆုတောင်းရွှေပေချပ်ကို တွေ့ရပါသည်။

ပင့်ဆောင်ကြည့်ရာ ပင့်ဆောင်၍ရသဖြင့် ရခိုင်ရိုးမအတိုင်း(ပျားတောင်ထိပ်)သို့ ပင့်ဆောင်တော်မူပါသည်။ အောင်မြင်စွာပင့်ဆောင်တော်မူနိုင်ခဲ့ပြီး ပြည်မြို့အနောက်ဘက်ကမ်း ရွှေဘုံသာအရပ်တွင် စခန်းချစဉ်၊ ရခိုင်လူမျိုးများ၏ တောင်းပန်ချက်အရ ၎င်းတို့တိုင်းနိုင်ငံမှလည်း လာရောက်ဖူးမြော်နိုင်ရန်နှင့် ယခုပတ်ဝန်းကျင်နေ ရဟန်းရှင်လူအပေါင်းများပါဖူးမြော်နိုင်စေရန် ပြည်မြို့အနောက်ဘက်ကမ်း“ရွှေဘုံသာရွာ”တွင် ရုပ်ရှင်တော်မြတ်ကြီးအား ကိန်းဝပ်တော်မူစေ၍ စေတီပေါက်သော အုဋ္ဌဂန္ဓကုဋိတန်ဆောင်းတော်ကြီးဖြင့် “ရွှေဘုံသာမုနိ”ဆုတောင်းပြည့်စေတီတော်မြတ်ကြီးကို တည်ထားကိုးကွယ်ခဲ့ပါသည်။

ဘုရားသိမ်မှာတော့ ပန်းချီပုံရှစ်ပုံတောင် တွိရရေ။ ပုံတစ်ခုမျာဆိုကေ စန္ဒသူရိယဘုရင်ဝင်စားရေ ဘိုးတော်ဘုရားရေ

အသျှောခါ၊ မဟာမုနိဟိရေ အနောက်ဖက်ကိုလှည့်ဗျာလ် ငိုရေလို့ ရှီးထားရေ။ စန္ဒသူရိယဘုရင်က မဟာသက္ကရာဇ် ၁၂၃ခုနှစ် မှာတည်စွာ ဘိုးတော်ဘုရားက ၁၁၄၆ ခုနှစ်မှာ မဟာမုနိကိုပင့်စွာ နှစ်ပေါင်းတစ်ထောင်ကျော်လောက်ကွာပြီးမှ လူဝင်စားရေ ဆိုစွာ၊ ဖြစ်တေ့ဖြစ်နိုင်ပါဖို့ရာ။ ဘုရားကိုဌာပနာထည့်ဗျာလ် တည်ထားခရေ စေတီတော်မြတ်ကြီး လက်ယာ ရစ်သုံးပတ်လှည့်ဗျာလ်။ ဦးချလို့ပြန်ထွက်လာရေ။ ပြိုပျက်နီရေ စေတီလိုတေ့ ပြုပြင်ဖို့ ကြိုးစားနီကတ်ပါယင့်။

* * * * * * * * *

## အခန်း(၃)

ရွှေနတ်တောင်ဘုရားကိုတေ့ နိန့်ခင်းတစ်နာရီမှာ ရောက်တေခါ အသျှင်ဦးအာစိက္ခဏနန့် တွိဗျာလ်။ ဘုရားကြီးကို အနီးကပ်ဖူးခွင့်၊ ရွှေကပ်ခွင့်တိရခပါရေ။ ဘုရားသမိုင်းဆိုရေ စာအုပ်သျှောတစ်အုပ်ကို ဖတ်ကြည့်ရေခါ-

ပဲခူးတိုင်း ရွှေတောင်မြို့ ရှင်ကျော်မုနိရုပ်ရှင်တော်မြတ်ဘုရားသမိုင်း အကျဉ်းချုပ်ကား-

အမရပူရ မင်းနေပြည်တော်ဘုရားကြီး ဘိုးတော်ဘုရား(၁၇၈၂-၁၈၁၉)နန်းစံနေစဉ်အတွင်း သူ၏သားတော် အိမ်ရှေ့မင်းသား (ဥပရာဇာ သီဟသူရ) မင်းသည် ပဲခူးတိုင်းရွှေတောင်မြို့တွင် မြို့စားမင်းဖြစ်၍ ရွှေတောင်ဟုခေါ်တွင်ပါသည်။ ဘိုးတော်ဘုရား ပဒုံမင်းလက်ထက်တွင် မြို့အဆင့်မှ ဒိုင်းအဆင့်သို့ လျော့ကျဖွဲ့စည်းပြီးနောက်ပိုင်းတွင် မောင်အင်္ဂါအား မြို့ဝန်ခန့်အပ်၍ အခွန်ကောက်စေပါသည်။ အိမ်ရှေ့မင်းသား စကုမင်း၊ ကာမမင်းတို့ကို ဦးဆောင်ကွပ်ကဲကာ ဓညဝတီသို့ စစ်သည်အင်အား သုံးသိန်းဖြင့် ချီတက်တိုက်ခိုက်ပါသည်။

ဓညဝတီကို အောင်မြင်ပြီးနောက် ခရုသင်းပုံသဏ္ဍာန်ရှိသော သီတိုဂုတ္တတောင်(ခေါ်) ဦးရာဇ်တောင်ပေါ်သို့ တက်ရောက်၍ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးကို ဖူးမြော်ဆုတောင်းကန်တော့ကာ ၁၁၄၆ ခု၊ တပိုတွဲလဆန်း (၁၃)ရက်နေ့တွင် ဈေးချောင်းဆိပ်ကမ်းသို့ မဟာမြတ်မုနိဘုရားကြီးအပြင် ကျန်မုနိ(သုံးဆူ)ကိုပါ တစ်ပါတည်း ပင့်ဆောင်ရှိလာပါသည်။

မုနိ(၄)ဆူအား ဖောင်ဖြင့်တင်ဆောင်၍ သံတွဲမြို့အထိ ပင့်ဆောင်ခဲ့ပြီး ထိုမှတဆင့် ကြည်းကြောင်းခရီးနှင့် တောင်ကြား လမ်းအတိုင်း ပြည်တစ်ဖက်ကမ်း ပန်းတောင်းမြို့သို့ ပင့်ဆောင်လာခဲ့ပါသည်။

ဓညဝတီပြည်သူပြည်သားများ၏ လျှောက်ထားချက်အရ “ရွှေဘုံသာကျေးရွာ”တွင် “ရွှေဘုံသာမုနိ”ကိုယ်တော်မြတ်အား ကိန်းဝပ်စံပယ်ရန် တစ်ဆူထားရှိခဲ့ပါသည်။ ပန်းတောင်းမြို့ ဆိပ်ကမ်းသို့ မင်းသားကြီးရောက်ရှိလာသောအခါ မင်းသားကြီး သဘည် သူတစ်ချိန်က မြို့စားမင်းအဖြစ် စိုးစံခဲ့ဖူးသော ရွှေတောင်မြို့ကို လွမ်းဆွတ်သတိရသည့်အပြင် မင်းကြီး၏စိတ်ထဲ၌ ရွှေတောင်မြို့နှင့် ၄ မိုင်ကွာဝေးသော “ရွှေနတ်တောင်” စေတီတော်ကြီးသို့ သွားရောက်ကြည်ညိုလိုစိတ်များ ပြင်းထန်လျှက်ရှိ ခဲ့ပါသည်။

သို့အတွက် မင်းကြီးသည် ရွှေနတ်တောင်စေတီတော်သို့ သွားရောက်၍ ဖူးမြော်ကြည်ညိုကန်တော့ပြီးနောက် အတိုင်း မသိကြည်ညိုတော်မူသဖြင့် ဘုရားကြီးကို ရွှေသင်္ကန်းကပ်လှူတော်မူပါသည်။ ကုန်းတော်ရင်ပြင်ပေါ်တွင် ထူးဆန်းသော ခြူးပန်းခြူးနွယ်အသွယ်သွယ်သော ရတနာတို့ဖြင့် ခြယ်လှယ်သော အာရုံခံတန်ဆောင်းများ ဆောက်လုပ်ခြင်း၊ စောင်းတန်း လှေကားများ ဆောက်လုပ်ခြင်းဖြင့် ကြီးမားသော လှူဒါန်းပူဇော်မှုများ ပြုလုပ်ခဲ့ပါသည်။

ဘုရားကုန်းတော်တွင် (၇)ရက်ပတ်လုံး အမျိုးမျိုးသော ပွဲလမ်းသဘင်တို့ကို ကျင်းပ၍ သာခုအနုမောဒနာပြုသော အခမ်းအနား၌ အိမ်ရှေ့မင်းသားကြီးသည် ဘုရားဆုကို ပန်တော်မူခဲ့ပါသည်။

သူ၏ကောင်းမှုတော်များကို မသမာသူများ ရယူဖျက်ဆီးခြင်းမပြုစေရေးအတွက် ရွှေနတ်တောင်စေတီတော်နှင့်တကွ ငါ၏ကောင်းမှုတော်အရပ်ရပ်တို့ကို မည်သူဆက်လက်စောင့်ရှောက်သတ္တံနည်းဟု သုံးကြိမ်သုံးခါမေးသောအခါ တစ်ယောက် သောလက်စွဲတော်သား တစ်ပါးက အရှင့်သား၊ ကျွန်တော်မျိုးစောင့်ရှောက်ပါအံ့ဟု လျှောက်တင်ပါသည်။ ထိုအခါ အိမ်ရှေ့ မင်းသားကြီးက (ငါအရှင် ကြောင့်ကြ၍တောင့်တရာ ရပေသည်။) ဤနေ့မှစ၍ ထိုလက်စွဲတော်သားငယ်၏ အမည်ပျောက်၍ “ငတေ”ဟူသော အမည်တွင်စေဟု မိန့်ကြားတော်မူပြီး ရွှေ၊ ငွေ၊ ရတနာနှင့် များစွာသော သက်မဲ့ပစ္စည်းတို့ကို ချီးမြှောက်ပေးကမ်းပါသည်။

ဘုရားရှင်၏ ဝေယျာဝစ္စများကို ပြုစိမ့်သောငှာ ထို“ငတေ”ကို ကျောက်စီခေါင်းလောင်း လှူခဲ့ပြီးနောက် အိမ်ရှေ့မင်းသား ကြီးသည် မဟာမြတ်မုနိဘုရားကြီးနှင့်တကွ ကျန်မုနိ(၃)ဆူကိုပါ ပင့်ဆောင်ကာ မင်းနေပြည်တော် အမရပူရသို့ ဆန်တက် တော်မူပါသည်။

ယခုအခါ (၁၈၀၈-ခရစ်နှစ်)တွင် အနိစ္စရောက်ခဲ့သော အိမ်ရှေ့မင်းသားကြီး ဥပရာဇာဘုရင် အမရပူရမင်းနေပြည် တော်သို့ ပင့်ဆောင်ရာတွင် ပါရှိသော ရှင်ကျော်မုနိရုပ်ရှင်တော်မြတ်ကြီးသည် သီပေါဘုရင်ပါတော်မူသည့် (၁၈၈၅)ခုနှစ် မှစ၍ မဟာမြိုင်တော၌ ပျောက်ကွယ်နေခဲ့ပါသည်။ နတ်ပြဟ္မာတို့က ကွယ်ပျောက်ထားခဲ့ပါသည်။

အညာမဟာမြိုင်တော်ဆိုသည့် စစ်ကိုင်းတိုင်း တန့်ဆည်မြို့နယ်နှင့် ကလေးဝမြို့နယ်အတွင်းရှိ လူသူအရောက်

အပေါက်နည်းသော တောကြီးဒေသတစ်ခုဖြစ်ပါသည်။ မဟာမြိုင်တောကြီးသည် ထိုစဉ်က ဘာမှမသိကြရသော်လည်းယခုနောက်ပိုင်းတွင် အထွက်စခန်းဝင် ဝိဇ္ဇာဓိုရ်ကြီးများသာ ကျင့်ကြံအားထုတ်ရာ သာသနာဒေသထူးဖြစ်ကြောင်း သိရပါသည်။

ယခုအခါ ရှင်ကျော်မုနိမြတ်စွာဘုရားသည် ပဲခူးတိုင်း၊ ရွှေတောင်မြို့၊ ရွှေနတ်တောင် စေတီတော်ကြီးအနောက်ဘက်မုခ်မဟာစကြ်ပါဒ နန်းဦးစေတီတော်ဝင်းအတွင်း ဂန္ဓကုဋိတိုက်အတွင်း၌ ကိန်းဝပ်စံပယ်တော်မူခဲ့ပါသည်။ မဟာမြိုင်တောကြီးအတွင်းမှ ခဲရာခဲဆစ်ပင့်ဆောင်လာသူမှာ မအူပင်၊ ငပိအိုင်၊ ဆင်တောင်၊ မိတ္ထီလာ၊ မိန်းမလှကျွန်း၊ ရွှေနတ်တောင်အနီး၊ မဟာစကြ်ပါဒ စသည်တို့တွင် သာသနာပြုနေသော မဟာစကြ်ပါဒနေလ ဓမ္မသာသနာဟိတ“ဦးအာဒိက္ခဏ”ဆရာတော်ပင်ဖြစ်ပါသည်။

ရှင်ကျော်မုနိဘုရားကြီး၏ ထူးခြားသောလက္ခဏာတော်များကို ဖော်ပြရသော်-

မကိုဋ်တော်ဆောင်းထားခြင်း၊ စလွယ်တော်တပ်ဆင်ထားခြင်း၊ ထက်ဝယ်ဖွဲ့ ခွေထိုင်တော်မူဟန်ရှိခြင်း၊ ဘူမိဖဿမုဒြာရှိခြင်းနှင့် ဝိရာသနမြေကိုထား၍ ထိုင်တော်မူဟန်ရှိခြင်းတို့ပင်ဖြစ်သည်။ ထို့အပြင် မျက်နှာတော်သည် စေတနာပွားများဟန်ပြုံးတော်မူဟန် ပါရှိခြင်းတို့ဖြစ်ပါသည်။

ဒေရှင်ကျော်မုနိဘုရားကြီးကို နိန့်စဉ်မိုးထ (၅)နာရီတိတိအချိန်မှာ မျက်နှာတော်သစ် မင်္ဂလာအခမ်းအနားကို ကပ်လှူရေညဇာ(၄)နာရီတိတိအချိန်မှာ သက်န်းတော်ဝတ်ရုံလဲရေ၊ အမှုကိစ္စကုသိုလ်ပြုရေလို့ သိရပါရေ။

ကျောင်းရှင် အာစိက္ခဏနန့်တွိဗျာလ် ဘုရားသမိုင်းကို မိန်းကြည့်ရေခါ ဒေဘုရားကြီးကို **မန္တလေးမြို့ ဝွေးချိုတိုက်၊** မုံရွာအုတ်ကျောင်းက ၁၉၈၁ခုနှစ်မှာမှရာ ဒေရွှေတောင်မြို့ကို ပင့်လာစွာဖြစ်တေလို့သိရရေ။ ရခိုင်သားရို့မှာ မဟာမုနိနန့်ပတ်သက်လို့ ပထမနမူနာအဖြစ် သွန်းစွာကို မဟာဇိန်ဘုရားလို့လဲခေါ်ရေ။ ရှင်ကျော်ဘုရားလို့လဲ ခေါ်ရေ။ နမူနာအတိုင်းသွန်းဗျာလ်၊ မြတ်ဗုဒ္ဓကိုယ်တိုင် ရင်ငွေ့သွင်းပီးစွာကို “မဟာမုနိ”လို့ခေါ်ရေ။ သွန်းလို့ ကျန်ရေ ရတနာနန့်သွန်းစွာကို “မဟာကျန်”လို့ခေါ်ရေ။ အပြီးသတ်သွန်းစွာ၊ အကျီသွန်းစွာယကို “မဟာကျီ” လို့ခေါ်ရေ။ ရခိုင်ဘုရင်ရို့နန်းတက်ပွဲမှာ ခေါင်းထက်တင်ဗျာလ်၊ ကတိသစ္စာဆိုစွာ၊ ကျိန်စာဆိုစွာ၊ ကျိန်ဖို့အတွက် သွန်းရေဘုရားကို “မဟာကျိန်” လို့ခေါ်ရေလို့ မှတ်သားဖူးယင့်။ ဒေဘုရား ဉာဏ်တော်က လေးထောင့်နန့် ၈လက်မလတ်။ မန္တလေးရောက်မဟာမုနိဘုရားက ခြောက်ထောင်နန့် တစ်မိုက်ဆိုကေ၊ ဇာဖြစ်လို့ ရှင်ကျော်ဘုရားဖြစ်နီလေမသိ။ ဇာပင်ဖြစ်ဖြစ် ဒေဘုရားကြီးရေ ရခိုင်ဘုရားဖြစ်တေလို့ ကျောင်းရှင်က အတိအကျထွက်ဆိုနီဗျာလ်။ ဘုရားကြီးကို မကိုဋ်ထီးမဆောင်းခင်က ခေတ်ပုံကိုမြင်ရစွာ မြောက်ဦးမှာရှိနီရေ စန္ဒမုနိဘုရားကြီးနန့် တထေရာတည်းဗျာလ်။ ဘုရားကြီးကို အားရပါးရဖူးမြော်ကြည်ညိုဗျာလ်။ ညဇာ သုံးနာရီလောက်မှာ ပြန်ထွက်ပါလတ်တေ။

အပြန်ခရီးမှာ ဇလွန်ပြည်တော်ပြန် ရခိုင်ဘုရားကြီးအကြောင်းကို တစ်လမ်းလုံးစဉ်းစားလာမိရေ။ ပြည်တော်ပြန်ဘုရားဂေါပကအဖွဲ့က ထုတ်တေ“ဓမ္မခဏ်ဂါထာတော်၏ ဂုဏ်ကျေးဇူးများ” (ဘိုးမင်းဖြူ-ဥပဒေ)ဆိုရေ စာအုပ်မှာ ဒေဘုရားကြီးရေမူလက ရခိုင်ပြည်ကဖြစ်တေ။ ဘိုးတော်ဘုရားလက်ထက် ရခိုင်ကိုသိမ်းပိုက်တေခါ ဒေဘုရားကြီးနန့်အတူ မင်းဆွေမင်းမျိုးနန့်အတူ အမြောက်ပေါင်းနှစ်ထောင်ကျော်၊ စိန်ပြောင်းတစ်ထောင်ကျော်၊ သေနတ်တစ်သောင်းကျော် သုဒ္ဓိယပုဏ္ဏားမျိုး ၅၀၀ကျော်၊ ဗြဟ္မာမျိုး၊ ဘိသျှမျိုး၊ ဆတ္တာဂန္တာပုဏ္ဏားမျိုးတိနန့် အတတ်ပညာရှင်ဟူသမျှ ဆင်မြင်းနန့် လူပေါင်းသုံးသောင်းကျော်ရို့ကို ပင်လယ်ဖက်ကတချို့၊ ရိုးမကိုဖြတ်လို့တချို့ ယူခရေလို့ဆိုထားပါရေ။ အမရပူရရောက်တေခါ ဒေဘုရားကို နန်းဦးမှာထားဗျာလ် ကိုးကွယ်လို့ နန်းဦးဘုရားလို့ နာမည်တွင်ခရေ။

ဇလွန်မြို့သူကြီး ဦးရွှေပွင့်ရေ အခွန်ဘဏ္ဍာတိဆက်သမှုမှာ နာမည်ရရေလူတစ်ယောက်ဖြစ်တေ။ အမရပူရကိုရောက်တိုင်း နန်းဦးဘုရားကို ဖူးမြော်ကြည်ညိုလေ့ရှိရေ။ ဘုရားကို ကြည်ညိုသဒ္ဒါလွန်းရေအတွက် နန်းဦးဘုရားနန့်ပုံတူရုပ်ပွားတော်တစ်ဆူကို အမရပူရမှာသွန်းလုပ်ဖို့ ကြိုးစားလီရေ။ ယင်းအချိန်မှာ အင်္ဂလိပ်-မြန်မာပထမစစ်ပွဲ ဖြစ်လာရေအတွက် မသွန်းလုပ်နိုင်ခပဲ **နန်းဦးဘုရားကို မိဖုရားခွင့်ပြုချက်အရ ဇလွန်မြို့သို့ ပင့်ဆောင်ပူဇော်ခွင့်ရရေ။**

၁၈၅၅ခုနှစ် ဘုရားကြီးကို ကြေးလက်နက်ပစ္စည်းလုပ်ဖို့အတွက် အိန္ဒိယနိုင်ငံဘုံဘေမြို့ကို အင်္ဂလိပ်တိ ယူလားခကတ်တေ။ ဘုံဘေမြို့ရောက်လို့ ဘုရားကြီးကို အရည်ဖျော်ခါ အရည်မပျော်ရေအပြင် မိုးမှောင်တိကျဗျာလ် ဗျာဒိတ်တိပြရေ။ ဘုရားကို အရည်ဖျော်ဖို့ကြိုးစားရေ လူတိလေ့ သီကတ်တေ။

၁၈၅၇ ခုနှစ်မှာ ဝိတိုရိယဘုရင်မ အိန္ဒိယကိုရောက်တေခါ ရောဂါဝေဒနာတိ ခံစားရပြီး အိပ်မက်တိအမျိုးမျိုးမြင်ရေအတွက် ဘုရားကိုပြန်ပို့ရရေ။ ယင်းအတွက် ဇလွန်မြို့ကို ၁၈၅၇ ခုမှာ ဒုတိယအကြိမ်ပြန်ရောက်ရှိပြီး ပြည်တော်ပြန်ဘုရားလို့ခေါ်တွင်လီရေ ဆိုရေသမိုင်းဆိုင်ရာ ရှိုးသားတင်ပြချက်တိကို တွေးဗျာလ်စဉ်းစားရင်း ပင်ပန်းနွမ်းနယ်မှုနန့် ဘုရားဖူးတစ်ခေါက်ပြန်ခရီးကို ဆက်ခလီပါရေ။

********

Dr. THAN HTUN, PAYA LAMA ဆောင်းပါးကို မှီငြမ်းရှိုးသားပါသည်။

**ရခိုင်သားကြီးစာပေ** 📖 ရိုးမလူ

၁၉၉၇၊ နိုဝင်ဘာလ ၅ နိန့်

## အဝီးကရာ လွှမ်းနီမေ

### အခန်း(၁)

အမင် အမင်. . . . .
ချောင်းဖျားမြုံးကြီးထောင်ထားယင့်
အလယ်ကွန်ရှာ ပစ်နီယင့်
အမင်ချောင်းဝပြီးပါလီ. . .
(လိပ်ကမ္ဘာမဝတ္ထု)

### အခန်း(၂)

ရခိုင်သားတိထူထောင်ခရေ ရခိုင်ပညာသင်ထောက်ပံ့ရေးသမိုင်းကို လေ့လာကြည့်ဖို့ဆိုကေ ပထမကမ္ဘာစစ်မဖြစ်ခင် ၁၉၀၁ ခုနှစ်ကပင် ARAKANESE SCHOLARSHIP SOCIETY ‘ရခိုင်လူမျိုးပညာသင်ထောက်ပံ့ရေးအသင်း’ကို စစ်တွေမြို့မှာ ထူထောင်ခဖူးလီရေလို့ ရှိမှီနောက်မှီလူကြီးတိက ပြောကတ်ပါရေ။

ယင်းအသင်းရေ ဒေနိန့်ထိ စက်ရှင်တရားသူကြီးဟောင်း ရှေ့နေဦးမောင်သာဇံက ဥက္ကဌလုပ်ဗျာယ်ဟိသိရေအကြောင်း အားပါကောင်းထမန်းကြားသိရပါရေ။ ယင်းအသင်းကြီးက ပညာသင်ထောက်ပံ့ကြေးပိးရေပိုင် တစ်သီးပုဂ္ဂလတိကလေ့ ပီးစွာတိဟိရေလို့ သိရပါရေ။

ယေပြီးမှ ၁၉၅၇-၁၉၅၈-မှာ ရန်ကုန်ရောက် ရခိုင်အငြိမ်းစားတိ၊ ကုန်သည်ကြီးတိ၊ ကျောင်းသားတိစုပေါင်းဗျာယ် “ရခိုင်ကျောင်းသားကျောင်းသူ စတိုင်ပင်ပီးရေးအဖွဲ့”ကို ပူးပေါင်းထူထောင်ခပြီးကေ ရန်ကုန်တက္ကသိုလ်နန့်ကျောက်ဖြူကောလိပ်က ရခိုင်ကျောင်းသူကျောင်းသားလေးငါးယောက်လောက်ကို (၂)နှစ်လောက် ပီးခဖူးပါရေလတ်။ ၁၉၆၂ ခုနှစ်လောက်မှာ ယင်းအသင်းရေ အဆုံးသတ်ပျောက်ကွယ်ခရေလို့ အသင်းမှာပါဝင်ဖူးခရေ လူတိကပြောပါရေ။

၁၉၆၉-၇၀ ခုနှစ်လောက်မှာ ပုသိမ်ကောလိပ်ကစဗျာယ်‘စစ်တွေမြို့နယ် ပညာသင်ထောက်ပံ့ကြေးအသင်း(ပုသိမ်ကောလိပ်)’လို့ ပေါ်လာရေ။ ယင်းအသင်းကြီးရေ ရန်ကုန်တက္ကသိုလ်ရောက် ရခိုင်သားတိနန့်ပေါင်းဗျာယ် ၁၉၇၀-၇၁ခုနှစ်မှာ ‘စစ်တွေမြို့နယ် ပညာသင်ထောက်ပံ့ရေးကော်မတီ၊ တက္ကသိုလ်များ(ရန်ကုန်)’ကို ထူထောင်ပြန်ရေလတ်။

၁၉၇၂-ခုကို ရောက်တေခါ စစ်တွေမြို့နယ် ပညာသင်ထောက်ပံ့ကြေးကော်မတီ (စစ်တွေကောလိပ်)ကို တွိလာပါရေ။ ယင်းအသင်းရေ ရန်ကုန်ကောလိပ်ခေတ်က မြစ်ဖျားခံလာစွာလို့ဆိုကတ်ပါရေ။ ၁၉၇၄ ခုကို ရောက်တေအခါ စစ်တွေမြို့နယ် ပညာသင်ထောက်ပံ့ရေးကော်မီတီရေ ဘွဲ့ရလူငယ်တိနန့် တိုးချဲ့ဖွဲ့စည်းဗျာယ် ဒေနိန့်ထက်တိုင် စစ်တွေမြို့မှာ သက်ဝင်လှုပ်ရှားဟိနီပါယင့်။

ယင်းပိုင်ဗျာယ် သံတွဲခရိုင်အသင်းနန့် ကျောက်ဖြူခရိုင်အသင်းရို့လေ့ ၁၉၇၀ ဝန်းကျင်မှာ ပညာသင်ထောက်ပံ့ရေးတိ ပီးခဖူးလီရေလို့ သိရပြန်ပါရေ။ ၁၉၇၁-ခုမှာတော့ ရသေ့တောင်မြို့နယ် သာရေးနာရေးအသင်းရေ ရသေ့တောင်မြို့နယ် ပညာသင်ထောက်ပံ့ရေးကော်မီတီကို ဖွဲ့ဗျာယ်။ လှုပ်ရှားဖူးခလီစွာ ၁၉၇၉- ခုမှာ အပြီးသတ်တေလို့ ပါဝင်လှုပ်ရှားဖူးရေ လူတိဘားက သိရပါရေ။ (ရခိုင်ပြည်နယ်၊ ပညာသင်ထောက်ပံ့ရေးအသင်းများသမိုင်း’တစ်စောင်ကို လေ့လာထားရေလူ၊ မှီလိုက်တွိလိုက်တေလူတိ ပြည့်စုံအောင် ရှီးပီးကတ်ပါလို့ တိုက်တွန်းချင်ပါရေ။) ဒေနိန့်ခေတ်မှာတော့ ရန်ကုန်မြို့မှာ ရခိုင်ပြည်နယ်က မြို့နယ်အသင်းပေါင်း(၃၀)ကျော်ရှိရေအထဲက ရခိုင်သဟာယအသင်းရေ ပညာသင်ဆု၊ ပညာထူးချွန်ဆုလို့ ပီးလာစွာကြာဗျာယ်။ ပီးစွာမှာလေ့ ရခိုင်ပြည်နယ်တစ်ခုတည်းကမဟုတ် မြန်မာပြည်အနှံ့မှာဟိရေ ရခိုင်သားတို့ကို ပီးစွာဖြစ်လို့ ပိုလို့အားရဖို့ကောင်းရေ။ နောင်လာနောက်သားတိနန့်အတူ တခြားတခြားသော အသင်းအဖွဲ့အစည်းထဲကပါ နမူနာယူလို့ရအောင်၊ အတုယူဖို့ရအောင် တွိဗျာယ်မိန်းကြည့်ချင်နီစွာကြာဗျာယ်။ အေနိမ့်မှာရာ မိန်းဖြစ်လီပါရေ။

### အခန်း(၃)

မိန်း။ ။ ဆရာ့ကို ရခိုင်သဟာယမှာ အတွင်းရေးမှူးသက်တမ်းအရှည်ဆုံးလို့ ပြောကတ်ပါရေ။ အသင်းနန့် ပတ်သက်လို့ သိသလောက်ကို အကျယ်ပြောပြပါပလင်။

ဖြေ။ ။ ဒေအသင်းရေ ပထမအစက (ARAKAN SOCIAL CLUB)ပါ။ ယင်း CLUB ကို ၁၉၄၇ ခုနှစ်က ထူထောင်ရေလို့ သိရပါရေ။ ၁၉၆၁ ခုနှစ်မှာ ရခိုင်သဟာယအသင်းလို့ နာမည်ပြောင်းလိုက်တေ။ ကျွန်တော်ကတော့ ၁၉၇၄

ခုမှာ အသင်းဝင်ဖြစ်ပါရေ။ ၁၉၇၉-ခုနှစ်မှာ အလုပ်အမှုဆောင်အဖွဲ့ဝင်ဖြစ်လာပြီးကေ ၁၉၈၀ခုကပင် အတွင်းရေးမှူးအဖွဲ့ဝင် ဖြစ်လာပါရေ။ (၁၉၈၉)က (၁၉၉၂)ခုနှစ်ထိ ဦးမြထွန်းအောင်က အထွေထွေအတွင်းရေးမှူးတာဝန်ကို (၄)နှစ်တာဝန်ယူခပါရေ။ ယင်းနောက် ဦးကျော်တင်က (၁၉၉၃)မှာ (၁)နှစ်အတွင်းရေးမှူးတာဝန်ကို ယူခပါသိမ့်ရေ။ ၁၉၉၅-မှာ ကျွန်တော်ပြည်ပခရီးလားနိန်ရေ (၈)လမှာ ဦးလှမြင့်က အထွေထွေအတွင်းရေးမှူးတာဝန်ကို ထမ်းခပြီးကေ ကျန်ရေနှစ်တိမှာ ကျွန်တော်အမြဲတမ်းပိုင် အတွင်းရေးမှူးတာဝန်ကိုယူခရပါရေ။ စုစုပေါင်း(၁၆)နှစ်လောက်ဟိပါဗျာယ်။ အဂု အသက်လေ့(၆၄)နှစ်ရှိဗျာယ်ဖြစ်လို့ အတွင်းရေးမှူးတာဝန်ကိုလွဲပီးဖို့ စီစဉ်နိန်ပါရေ။

ကျွန်တော့်ဇာတိကတော့ စစ်တွေမြို့ပါ။ ၁၉၇၃ ခုနှစ်မှာ မော်ဘီတိုက်ကြီးကုန်း(အလက)ကို ပြောင်းရရေအတွက် ရန်ကုန်ကိုရောက်လာရပါရေ။ ရခိုင်သဟာယအသင်းရေ ပထမပိုင်းမှာ သာရေးနာရေးကိစ္စတိ၊ မိတ်ဆုံစားပွဲကိစ္စတိကို ဦးစားပီးလုပ်ကိုင်ယင်းပင် (၁၉၈၁)ပညာသင်ထောက်ပံ့ရေးပီးဖို့အတွက် ဆုံးဖြတ်ဗျာယ် ယင်းနှစ်ကစလို့ ကျောင်းသား(၃)ယောက်ပီးပါရေ။ နောက်ပိုင်းမှာ ဦးရေတိုးလာပြီးကေ ၁၉၉၄ ခုနှစ်မှာ ပညာသင်ထောက်ပံ့ရေးဆိုရေစကားရပ်ကို ပညာသင်ဆုလို့ ပြောင်းလိုက်ပါရေ။ အဂုဆိုကေ ကျောင်းသားကျောင်းသူ စုစုပေါင်း(၁၁၆)ယောက်အထိ နီပါဗျာယ်။ ဆုငွေလေ့ပီးခါစက တစ်လကို(၁၀၀ကျပ်)၊ အဂုပညာသင်ဆုကို(၅၀၀ကျပ်)၊ ပညာထူးချွန်ဆုကို (၇၀၀ကျပ်)အထိ ပီးထားပါ ရေ။ နောင်ကိုတိုးမြှင့်ပီးလားဖို့ အစီအစဉ်တိဟိပါရေ။ ကျွန်တော်ရို့ ရခိုင်သဟာယအသင်းမှာ ဆုပီးရေခါ နှစ်ပိုင်းဟိပါရေ။

(၁) ပညာသင်ဆုကို မိဘတစ်ယောက်ယောက် ရခိုင်ဖြစ်စွာနန့်လျှောက်လို့ ရပါရေ။ ယေကေလေ့ institute (သက်မွေးဝမ်းကျောင်းပညာ) သင်ခွင့်ရရေလူဖြစ်ရပါဖို့။ ရိုးရိုးဝိဇ္ဇာ၊ သိပ္ပံတက်ခွင့်ရရေလူတိကိုမပီးပါ။ စာပီးစာယူနန့်ဘွဲ့ယူလို့ရရေ ဘာသာရပ်မျိုးကိုလေ့ မပီးပါ။ ချွင်းချက်အနေနန့်ဘူမိဗေဒနန့် အင်္ဂလိပ်စာမေဂျာ ဝင်ခွင့်ရရေလူကိုတော့ပီးပါရေ။ သူနာပြုသင်တန်း၊ ဂျီတီအိုင်၊ မဟာဘွဲ့တက်ခွင့်ရရေလူတိကိုပီးပါရေ။ ပီးနိယင်းပင်း ပိုလို့ထူးချွန်လာရေ ကျောင်းသားကို 'ပညာသင်ဆု'က 'ပညာထူးချွန်ဆု'ကို ဆက်လို့ပီးလားပါရေ။

(၂) ပညာထူးချွန်ဆု။ ဒေဆုရေ ရခိုင်ပြည်နယ်ကဆယ်တန်းအောင်ခါ အမှတ်အများဆုံးရရေကျောင်းသားနန့် မြန်မာတစ်နိုင်ငံလုံးဆယ်တန်းအောင်ရေခါ အဆင့်(၁)ကပင် (၁၀၀)ကြားမှာ အမှတ်ရရှိရေ ရခိုင်ကျောင်းသားကိုပီးပါရေ။ ဒေဆုကို မိစုံဖစုံရခိုင်ဖြစ်မှ ရနိုင်ပါဖို့။ ၁၉၉၆-၉၇ခုနှစ်မှာ ကျောင်းသားစုစုပေါင်း(၅၀)ပီးထားပါရေ။ တချို့ကျောင်းတိဖွင့်နီရေအတွက် အဂုထိပီးနေတုန်းပါ။

မိန်း။ ။ သက်ကြီးပူဇော်ပွဲ၊ သင်းလုံးကျွတ်အစည်းအဝေးနန့် ထူးချွန်ဆုပီးပွဲအကြောင်းကိုလေ့ ပြောပြပါ။

ဖြေ။ ။ သက်ကြီးပူဇော်ပွဲ၊ ပညာချွန်ဆုပီးပွဲနန့် သင်းလုံးကျွတ်အစည်းအဝေးကို များသောအားဖြင့် နှစ်စဉ်နှစ်တိုင်း ဇန်နဝါရီလပထမပတ်မှာ လုပ်လေ့ဟိပါရေ။ အကြောင်းအမျိုးမျိုးနန့် တိုက်ဆိုင်လို့ နောက်ကျလားရေနှစ်လေ့ ဟိပါရေ။ သက်ကြီးပူဇော်ပွဲနန့် ပညာရည်ချွန်ဆုပီးစွာ အသင်းဝင်တိထဲကအသက်(၇၅)နှစ်အထက်ကိုပူဇော်စွာပါ။ ပညာချွန်ဆုပီးပွဲကလည်း အသင်းဝင်တိထဲက ပညာထူးချွန်ရေ သားသမီးတိကိုပီးစွာပါ။ အသင်းဝင်လေ့ ထိုပွဲနန့်မသက်ဆိုင်ပါ။ ရခိုင်သားတိထဲက စာပေ၊ အားကစားထူးချွန်ရေလူတိကိုလေ့ ယင်းပွဲမှာဂုဏ်ပြုချီးမြှင့်ပါရေ။

မိန်း။ ။ အသင်းမဝင်ပဲ အမှုဆောင်ဖြစ်ခွင့်ဟိပါလားဆရာ။

ဖြေ။ ။ အသင်းဝင်ပြီး အနည်းဆုံး(၁)နှစ်နီးပြီးခါမှ အလုပ်အမှုဆောင်မှာ ပါဝင်ခွင့်ဟိစွာပါ။

မိန်း။ ။ ရခိုင်သဟာယအသင်း(ရန်ကုန်)လို့ဆိုဗျာယ် ရန်ကုန်ဇာကြောင့်ပါနီရစွာပါလဲ။

ဖြေ။ ။ အသင်းတည်နီရာရေ ရန်ကုန်မြို့ဖြစ်နီလို့ ရန်ကုန်ကို ကွင်းစကွင်းပိတ်နန့် ထည့်ထားစွာပါ။

မိန်း။ ။ ဆရာဒေပိုင်လုပ်နီရစွာကို စိတ်ဝင်စားမှုအားကောင်းရေလို့ ထင်ရပါရေ။ နောက်ထပ်ဇာမေသေယ်ပြောပါဖို့လဲ။

ဖြေ။ ။ ကျွန်တော်ဒေပိုင် စေတနာ့ဝန်ထမ်းလုပ်ရစွာကို ပိုလို့ပျော်ပါရေ။ အယင့်အယင်ကလေ့ ပညာရေးနန့် အားကစားလုပ်ငန်းအမျိုးမျိုးမှာ စေတနာ့ဝန်ထမ်းလုပ်ဖူးခပါရေ။ ဒေပိုင်ရခိုင်ပြည်နန့် ဝီးနီရရေအချိန်မှာ ရခိုင်ပြည်ကိုလွမ်းယင်း ရခိုင်သားသျှောတိ ပညာရေးမှာ တစ်တပ်တစ်အားကူညီခွင့်ရစွာကိုလေ့ အတိုင်းမသိဝမ်းသာမိပါရေ။

ကျွန်တော်အထွေအထူးပြောချင်စွာက ပညာသင်ဆု၊ ပညာထူးချွန်ဆုရလား ခ,ကတ်တေကျောင်းသားတိဘွဲ့ရပြီးလို့ အလုပ်ဝင်ကတ်တေခါ အသင်းနန့်ပြန်လို့ဆက်သွယ်ကတ်ဖို့ အလုပ်အမှုဆောင်အဖွဲ့ထဲမှာ ဝင်လို့ လုပ်

ကတ်ဖို့၊ ဒေအသင်းကြီးကို ပိုလို့ပိုလို့အောင်မြင်အောင် ကြိုးစားကတ်ဖို့ တိုက်တွန်းချင်ပါရေ။ ငွေကြေးဥစ္စာတတ်နိုင်ရေလူတိကိုလေ့ ဝိုင်းဝန်းဗျာယ် ပညာရေးပဒေသာပင် စိုက်ပီးကတ်ပါလို့ ပြောချင်ပါရေ။

* * * * * * * *

မိန်း။ ။ ဆရာ့ကိုတစိသျှေမိန်းချင်ပါရေ။ ဆရာက ရခိုင်သဟာယအသင်း'ရခိုင်သဟာယအသင်း ပညာသင်ဆုချီးမြှင့်ရေးအဖွဲ့' ဥက္ကဌအဖြစ် တာဝန်ထမ်းဆောင်စွာ ကြားခရေအတွက် ယင်းအဖွဲ့ကချမှတ်တေ စည်းမျဉ်းစည်းကမ်းတိ ရှိုးချယ်ပုံနန့်အတူ သိသင့်သိထိုက်စွာတိကို ပြောပြပီးပါ။

ဖြေ။ ။ ကျွန်တော်ဇာတိက စစ်တွေကပါ။ ၁၉၅၆-ခုနှစ်မှာ ရန်ကုန်ကိုပြောင်းလာပါရေ။ ၁၉၆၅ ခုနှစ်မှာ အသင်းဝင်ဖြစ်ခပါရေ။ ယင်းအချိန်က ဥက္ကဌ ဦးဖိုးညွှန့်ပါ။ ၁၉၈၅ ခုမှာ ဘဏ္ဍာရေးမှူး၊ ၁၉၉၃-ခုနှစ်က စပြီးကေ'ပညာသင်ဆု ချီးမြှင့်ရေးအဖွဲ့'ဥက္ကဌအဖြစ် တာဝန်ယူခ,ပါရေ။ ပညာသင်ဆုပီးရေမူကတော့ ၁၉၈၁ ခုနှစ်က ဆရာကြီးဦးဘထွန်းအောင်၊ ဆရာကြီးဦးချီးဒိုးရို့က ချမှတ်ပီးခရေမူအတိုင်း ပီးနီစွာပါ။ ယင်းမူရေခေတ်လည်းမှီရေ၊ ကောင်းလေ့ ကောင်းပါရေ။

လျှောက်လာရေ ကျောင်းသားလျှောက်လွှာကို ကြည့်ဗျာယ်။ ပဏာမရွီးချယ်ပါရေ။ ပြီးမှကျောင်းသားကို တွိဗျာယ် တွိဆုံမေးမြန်းပါရေ။ 'တွိဆုံမေးမြန်းရေအဖွဲ့'ကတော့ နှစ်စဉ်သီးခြားဖွဲ့စည်းပြီးမှ မိန်းမြန်းကတ်စွာပါ။ မိန်းရေခါလေ့ ရခိုင်နန့်ပတ်သက်တေ ဗဟုသုတတိကို မိန်းလေ့မိန်းထဟိကတ်ပါရေ။ အယင့်အယင်ကတော့ အိမ်တိုင်ရာရောက် လားလို့ထိ စစ်ဆေးပါရေ။

ကျွန်တော်ရို့အသင်းမှာ ပညာသင်ဆု၊ ပညာထူးချွန်ဆုဆိုဗျာယ် ဆုနှစ်မျိုးဟိပါရေ။ ပညာသင်ဆုလျှောက်ဖို့ဆိုကေ

၁။ ကျောင်းသားရေ ပညာတော်ရေလူဖြစ်ရဖို့။

၂။ မိဘတစ်ယောက်ယောက် ရခိုင်ဖြစ်ရဖို့။

၃။ မိဘဝင်ငွေနည်းဗျာယ် အမှန်အကန်ချီးမြှင့်ဖို့ လိုအပ်တေလူဖြစ်ရဖို့။

လျှောက်တေခါ

က။ ကျောင်းအုပ်ဆရာကြီးဘက်က ထောက်ခံစာပါရဖို့။

ခ။ ဆယ်တန်းအောင် အမှတ်စာရင်းပါရဖို့။

ဂ။ အိမ်ထောင်စု စာရင်းပါရဖို့။

ဃ။ သတ်မှတ်ထားရေ လျှောက်လွှာပုံစံဖြစ်ရဖို့။

င။ လျှောက်တေလူ မှတ်ပုံတင်မိတ္တူပါရဖို့။

စ။ နေရပ်လိပ်စာအပြည့်အစုံပါရေလျှောက်လွှာဖြစ်ရဖို့လို့ ဖြစ်တေ။

'ပညာထူးချွန်ဆု'

၁။ ရခိုင်ပြည်နယ်က ဆယ်တန်းအောင်ရေနှစ်မှာ အမှတ်အများဆုံးကျောင်းသားတစ်ယောက်ဖြစ်ရဖို့။

၂။ ပညာသင်ဆုယူထားဗျာယ် သင်နီယင်းပိုလို့ထူးချွန်လာရေ လူဖြစ်ရဖို့။

၃။ နိုင်ငံတော်က ပညာထူးချွန်ဆုရထားရေလူတိဖြစ်ရဖို့။ (ဆိုလိုစွာက ဆယ်တန်းအောင်ရေနှစ်ခါ တစ်နိုင်ငံလုံးအမှတ်အများဆုံး နံပါတ်(၁)ကပင်(၁၀၀)ထိရှိရေလူကို နိုင်ငံတော်က ပညာထူးချွန်ဆုလို့ ပီးပါရေ။ ယင်းပိုင် ဆုချီးမြှင့်ခံရရေကျောင်းသားကို ဆိုလိုစွာပါ။)

မိန်း။ ။ လျှောက်လွှာပုံစံကို သိချင်ပါရေ။

ဖြေ။ ။ ကျွန်တော်ရို့လျှောက်လွှာပုံစံတိကို မြို့နယ်ပညာရေးမှူးတိဘက်ကို ဖြန့်ဝေပါရေ။ တကယ်လို့ လျှောက်လွှာပုံစံတိကိုမရခကေ ဒေပုံစံအတိုင်းရီးဗျာယ် လျှောက်ထားနိုင်ပါရေ။

(လျှောက်လွှာပုံစံကို ရှုပါ)

မိန်း။ ။ ဒေအသင်းကြီး၏ လုပ်ငန်းတိ အောင်မြင်မှုဟိရေလို့ ယူဆရပါဖို့လားဆရာ။

ဖြေ။ ။ အသင်းအမှုဆောင်တိကလဲ တက်တက်ကြွကြွနန့်လုပ်ကတ်၊ နှိုးဆော်ကတ်လို့၊ ပညာပါရမီဖြည့်ချင်ရေလူတိကလေ့ များလာကတ်တေအတွက်နန့် ပိုလို့ပိုလို့အောင်မြင်ရေလို့ထင်ပါရေ။

* * * * * * * * * * * * *

မိန်း။ ။ ဆရာက ဒေါက်တာအေးသိန်းပါနှမ်း။ ဆရာရေ ရခိုင်သဟာယအသင်းမှာ ဘဏ္ဍာရေးမှူးလုပ်လာစွာ

ကြာဗျာယ်လို့သိရပါရေ။ အသင်းနန့်ပတ်သက်တေ ဘဏ္ဍာရေးကိစ္စ၊ ဆရာ့ဇာတိ၊ ရန်ကုန်ရောက်တေ ခုနှစ်တိကိုပါသိချင်ပါရေ။

ကျွန်တော်အေးသိန်းပါ။ ကျွန်တော်ဇာတိ စစ်တွေကပါ။ ရန်ကုန်ကို (၁၉၆၂)ခုနှစ်မှာ ရောက်ပါရေ။ (၁၉၇၁)ခုနှစ်မှာ ဒေအသင်းကိုဝင်ပါရေ။ (၁၉၇၇)ခုနှစ်မှာ အလုပ်အမှုဆောင်ဖြစ်ပါရေ။ (၁၉၉၂) ခုနှစ်မှာ ဘဏ္ဍာရေးမှူးဖြစ်ပါရေ။ ဒေနှစ်တော့ ဘဏ္ဍာရေးမှူးရေ ကျွန်တော်မဟုတ်ပါ။ ဦးသာဇံဖြစ်ပါရေ။ ဘဏ္ဍာရေးကိစ္စနန့်ပတ်သက်လို့ ကျွန်တော်သိသလောက်ပြောရဖို့ဆိုကေ ရန်ပုံငွေကောက်ခံခြင်း၊ အလှူငွေ ထည့်ဝင်ခြင်းနန့် ရှာဖွေခြင်းတိဖြစ်ပါရေ။ အလှူငွေကို လေးမျိုးလေးစားခွဲထားပါရေ။

(၁) ပဒေသာပင်အလှူရှင်။
(၂) ပဒေသာပင်လှူဖို့ပြောရေ ကတိပြုအလှူရှင်။
(၃) တစ်ခါတစ်လီလှူရေ အလှူရှင်။
(၄) ကျောင်းသားတိကို တာဝန်ယူဗျာယ် နှစ်စဉ်ဆုပီးနီရေ အလှူရှင်ရို့ဖြစ်ပါရေ။ ဒေနိန့်ထိ တစ်သိန်း တန်ပဒေသာပင်အလှူရှင်ငါးယောက်လောက်ရာ ဟိပါသိရေ။

(၁) ဦးလှမြင့်၊ ဒေါ်ဦးသိန်းမြ (ရခိုင်သားကြီးစာပေ)တစ်ပင်။
(၂) အိန္ဒိယနိုင်ငံရောက် ရခိုင်ဆရာတော်တစ်ပါးက တစ်ပင်။
(၃) ကိုရီးယားနိုင်ငံရောက် ရခိုင်လူငယ်တိနှစ်ပင်။
(၄) ဦးစောအောင် (ဦးဆောင်ညွှန်ကြားရေးမှူး ကုန်သွယ်လယ်ယာ) ဦးဆောင်ကောက်ခံပီးတစ်ပင်။
(၅) ကတိပြုအလှူရှင်က ဦးကျော်ဇံလှ (အထွေထွေအတွင်းရေးမှူး၊ ရခိုင်သဟာယအသင်း)၊ ဒေါက်တာ ဒေါ်ခင်မြဦး ဖြစ်ပါရေ။

တစ်ခါတစ်လီမှာ မွီးနိန့်ရို့ အမှတ်တရနိန့်ရို့အဖြစ် လာလှူကတ်တေ အလှူရှင်တိလေ့ဟိပါရေ။ ပညာသင်ဆုစပီးရေခါကပင် ဒေနိန့်ထိကျောင်းသားတစ်ယောက်ကိုဖြစ်စီ၊ နှစ်ယောက်ကိုဖြစ်စီ၊ တာဝန်ယူ သင်ပီးနီရေ အလှူရှင်တိလေ့ဟိပါရေ။ ထွန်းဖောင်ဒေးရှင်းဘဏ်ကလည်း (၁၅၀၀၀၀)ငွေကို လှူထားရှိပါ ရေ။ ရခိုင်လူမှုရေးအသင်း (ဂျပန်)ကလေ့ နှစ်စဉ်ကျောင်းသားခုနှစ်ယောက် ပညာသင်ဆုပီးနီပါရေ။ လောလောဆယ်အသင်းမှာ ပညာသင်ရေပဒေသာ ပင်ဆုငွေသိန်း(၂၀)လောက်နန့် အသင်းရံပုံငွေ (၁)သိန်းကျော်လောက်ဟိပါရေ။

အသင်းရန်ပုံငွေကို မဂ္ဂဇင်းနန့် အသင်းသာရေးနာရေးအတွက်သုံးဗျာယ်၊ ပညာရေးပဒေသာပင်ကို တော့ခါ ကျောင်းသားတိပညာသင်ကြားရေး တစ်ခုတည်းမှာရာ သုံးပါရေ။

မိန်း။ ။ ပဒေသာပင်စိုက်ချင်ကေ၊ ပညာသင်ဆုပီးချင်ကေ ဇာပိုင်လုပ်ရပါဖို့လဲ။ ဇာကိုဆက်သွယ်ရပါဖို့လဲ။

ဖြေ။ ။ ယင်းပိုင်ပီးချင်ကေ၊ လှူချင်ကေ ရခိုင်သဟာယအသင်း အလုပ်အမှုဆောင်တစ်ယောက်ယောက်ဘက်က ဖြစ်စီ ကျွန်တော်ရို့အသင်းရေ လစဉ်လတိုင်း ပထမဆုံးအပတ် တနင်္ဂနွေနိန့်မိုးထမှာ ဓညဝတီကျောင်း၊ ဦးထောင်ဗိုလ်လမ်း၊ ရွှေတိဂုံတောင်ဖက်မုခ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့မှာ အလုပ်အမှုဆောင်စုံညီ အစည်းအဝေးလုပ်လေ့ဟိပါရေ။ ယင်းအစည်းအဝေးမှာလာလို့ လှူကေလေ့ရပါရေ။

မိန်း။ ။ အသင်းရံပုံငွေနန့် ပဒေသာပင်ရေ ဇာပိုင်ကွဲပါလဲဆရာ။ လှူရေခါ ဇာပိုင်လှူရပါဖို့လဲ။

ဖြေ။ ။ ကျောင်းသားတိ ပညာသင်ဖို့အတွက် လှူရေငွေကို ပညာသင်ပဒေသာပင်လို့ခေါ်ဗျာယ်။ အသင်း ဝေယျာဝိစ္စသုံးဖို့အတွက်ငွေကို အသင်းရံပုံငွေလို့ ခေါ်ရေ။ လှူရေအခါ အလှူရှင်ရေ ဆန္ဒရှိရေအတိုင်း လှူနိုင်ရေ။ ကျွန်တော်ရို့တော့ အသင်းရံပုံငွေကို အလှူငွေကောက်ခံခြင်း၊ ရံပုံငွေရှာဖွေခြင်းတိနန့် ရှာဖွေ လေ့ဟိပါရေ။

*********

မိန်း။ ။ ဆရာက ရန်ကုန်ကို ဇာနှစ်ခုနှစ်ရောက်ပါလဲ။ အသင်းမှာ ဇာတာဝန်ဟိပါလဲ။

ဖြေ။ ။ ကျွန်တော်နာမည် ဦးစံရွှေမောင်ပါ။ ၁၉၅၁ ခုနှစ်မှာ ရန်ကုန်ကိုရောက်ပါရေ။ ဇာတိစစ်တွေကပါ။ အသင်းမှာ ဒု-ဥက္ကဋ္ဌတာဝန်ဟိပါရေ။ ဒေနှစ်'ပညာသင်ဆုရွီးချယ်ရေးအဖွဲ့ဥက္ကဋ္ဌပါ။ အယင်ကတော့ အတွင်းရေးမှူးအဖွဲ့ဝင်ပါ။ စာပေယဉ်ကျေးမှုနန့် သမိုင်းသုတေသနအဖွဲ့ဝင်လေ့ လုပ်ခဖူးပါရေ။ စည်းရုံး ရေးအဖွဲ့ဥက္ကဋ္ဌအဖြစ်လေ့ တာဝန်ယူဖူးခ,ပါရေ။ ဒေအသင်းကို ၁၉၆၃ ခုနှစ်မှာ အသင်းဝင်ဖြစ်ပါရေ။ ၁၉၇၃-ခုနှစ်မှာ အမှုဆောင်ဖြစ်လာပါရေ။

မိန်း။ ။ အသင်းမှာ အသင်းဝင်ဇာလောက်ဟိလေ့မသိပါ။

ဖြေ။ ။ အသင်းဝင်ပေါင်း (၄၀၀)ကျော်နန့် ရာသက်ပန်အသင်းဝင် (၆၀၀)ကျော်၊ ဂုဏ်ထူးဆောင်အသင်းဝင်(၅၂)ယောက်ဟိပါရေ။ ရိုးရိုးအသင်းဝင်လို့ သတ်မှတ်ဗျာယ် အသင်းဝင်နန့် ရာသက်ပန်အသင်းဝင်ထဲက အသင်းအတွက် ထူးထူးချွန်ချွန်ဆောင်ရွက်ပီးရေလူ၊ တာဝန်ထမ်းဆောင်ပီးရေလူတိကို ဂုဏ်ထူးဆောင်အသင်းဝင်လို့ သတ်မှတ်ထားစွာပါ။

မိန်း။ ။ ဇာလူပင်ဖြစ်ဖြစ် အသင်းဝင်ခွင့်ဟိပါလားဆရာ။

ဖြေ။ ။ ဇာနီရာဇာဒေသပင်နီနီ၊ ဇာလူပင်ဖြစ်ဖြစ် အသင်းဝင်ခွင့်ဟိပါရေ။ ရာသက်ပန်အသင်းဝင်ကြေးကို (၅၀၀)ကျပ်လို့ သတ်မှတ်ထားပါရေ။

မိန်း။ ။ လူတိုင်းအသင်းဝင်ခွင့်ဟိရေဆိုပါကေ အသင်းဝင်နည်းနီရေလို့ ထင်ပါရေကာ။

ဖြေ။ ။ ကျွန်တော်ရို့လေ့ တတ်နိုင်သမျှလူတိုင်းကို အသင်းဝင်ဖို့ စည်းလုံးပါရေ။ ရိုးဒေဘက်မှာ ရခိုင်သားတစ်သိန်းခွဲလောက်ဟိဖို့လို့ ထင်ပါရေ။ ယင်းချင့်နန့်နှိုင်းကေ နည်းပါရေနှင့်ရာ။ ရခိုင်ပြည်နယ်မှာနီရေလူလေ့ အသင်းဝင်ခွင့်ဟိပါရေ။

*********

မိန်း။ ။ ဆရာဦးမြထွန်းအောင်ကို ကျွန်တော်သိချင်စွာ မိန်းခွင့်ပြုပါ။ ဆရာက စာပေယဉ်ကျေးမှုနန့်သမိုင်းသုတေသနအဖွဲ့က အတွင်းရေးမှူးပါနှမ်း။ အသင်းကြီးမှာပါ ဇာတာဝန်ပါလဲ။ အသင်းနန့်ပတ်သက်တေကိစ္စ၊ အဖွဲ့နန့်ပတ်သက်တေကိစ္စနန့်အတူ၊ ဆရာ့အကြောင်းကိုပါ ပြောပြပါပလင်။

ဖြေ။ ။ စာပေယဉ်ကျေးမှုနန့် သမိုင်းသုတေသနအဖွဲ့ ၁၉၉၆ ခုနှစ်မှာ ကျွန်တော်အတွင်းရေးမှူးပါ။ ဆရာဦးရွှေဇံက ဥက္ကဌပါ။ အဖွဲ့ဝင်အဖြစ် ဦးစံလှကျော်၊ ဦးလှမြင့်ရို့တိပါဝင်ပါရေ။ အဂုတော့ခါ ရခိုင်သဟာယအသင်းမင္ဂဇင်းမှာ တာဝန်ခံစာတည်းအဖြစ် ဆောင်ရွက်နိန်ပါရေ။ အသင်းကြီးမှာလေ့ အတွင်းရေးမှူးအဖွဲ့ထဲမှာ ကျွန်တော်ပါခပါရေ။ ကျွန်တော် ရန်ကုန်ကို(၁၉၄၃-၄၄) ဂျပန်ခေတ်ကပင် ရောက်ပါရေ။ ဒေအသင်းကို (၁၉၈၀)ခုနှစ်မှာပင် ဖြစ်ပါရေ။ ဒေအသင်းကိုမဝင်ခင်က 'ရခိုင်ယဉ်ကျေးမှုအသင်း'မှာ အထွေထွေအတွင်းရေးမှူးအဖြစ် တာဝန်ထမ်းခပါသိရေ။ ယင်းအသင်းရေ မာရယုပြဇာတ်၊ ဥက္ကာပျံပြဇာတ်နန့် ရခိုင်ကျင်ပွဲတိကို ရန်ကုန်မြို့မှာ ကျင်းပနိုင်ခပါရေ။ ရခိုင်စာပေကော်မတီက စုပေါင်းဗျာယ်ရခိုင်ညွှန့်ဖူးဆောင်းပါးစာအုပ်၊ ရခိုင်ညွှန့်ဖူးကဗျာစာအုပ်တိကိုလေ့ ထုတ်ဝီနိုင်ခပါရေ။

မိန်း။ ။ ၁၉၈၁ ခုနှစ်မှာ ရခိုင်သဟာယအသင်းရေ စတိုင်မင်စပီးရေလို့ ဆိုပါရေ၊ ဒေနိန့်ထိ ၁၁၆ယောက်ပီးဗျာယ်လို့ သိရပါရေ။ ယင်းလူတိအားလုံးရေ ပညာတတ်တိဖြစ်နီကတ်ဗျာယ် မဟုတ်ပါလား။ ယင်းအထဲက ရခိုင်ပြည်နယ်ကို ဇာလောက်လောက်ပြန်ဖြစ်တေလို့ ထင်ပါလဲ။

ဖြေ။ ။ ဇာလောက်ပြန်ဖြစ်လားခလေ မပြောတတ်ပါ။

မိန်း။ ။ စတိုင်မင်လို့ပြောပြော၊ ပညာသင်ဆုလို့ဆိုဆို ဆရာရို့ဘက်က အဂုဆုယူနီရေလူတိကို ဇာကတိခံဝန်ချက်တိထားဟိပါလဲ။

ဖြေ။ ။ တစ်ခုကတိခံဝန်ချက်လေ့ မဟိပါ၊ မထားပါ။

မိန်း။ ။ ယင်းပိုင်ဆိုကေ ဇာရည်ရွယ်ချက်နန့် လုပ်နီကတ်စွာပါလဲ။

ဖြေ။ ။ ကျွန်တော်ရို့ရည်ရွယ်ချက်က "ကိုယ်ကျိုးမပါ၊ အများကောင်းကျိုးရှာ"ဆိုရေဆောင်ပုဒ်အတိုင်းပါ။ ရခိုင်ကျောင်းသားတိ ပညာရေးအထောက်အကူ ဖြစ်စီဖို့အတွက်ရာဖြစ်ပါရေ။

မိန်း။ ။ "ရခိုင်သားက ရခိုင်သားကို ရခိုင်စကားပြောခြင်းဖြင့် ဂုဏ်ယူပါ" မြေမျို၍ လူမျိုးမပျောက်၊ လူမျိုးမျိုမှ လူမျိုးပျောက်သည်" ဆိုရေဆောင်ပုဒ်တိကို ဖော်ပြစွာ အားရပါရေဆရာ။

ဖြေ။ ။ ကျေးဇူးတင်ပါရေ၊

မိန်း။ ။ 'သမင်မွီးရေ. . . . 'ဝတ္ထုပိုင်ဗျာယ်၊ ပညာတတ်တိ ရခိုင်ကိုပြန်ဖြစ်စွာနည်းရေလို့ ပြောနီကတ်ပါကာ။

ဖြေ။ ။ ကျွန်တော်မဖြေတတ်ပါ။

မိန်း။ ။ စာပေယဉ်ကျေးမှုနန့်၊ သမိုင်းသုတေသနအဖွဲ့က ဇာတိဆောင်ရွက်ပါလဲ။

ဖြေ။ ။ လောလောဆယ်မှာ မဂ္ဂဇင်းစာအုပ်ရာ ထုတ်နိုင်ပါသိရေ။ ယေပြီးကေ ရခိုင်စာအုပ်စာတမ်းပြပွဲ တစ်ခုလုပ်ဖို့ စီစဉ်နိန်ပါရေ။

မိန်း။ ။ ထွက်ပြီးလားခရေ မဂ္ဂဇင်း ၁၊၂၊၃၊၄၊ ရို့ကို အားရကျေနပ်မှုဟိပါယင့်လား။

ဖြေ။ ။ စာမူတိကို အားရကျေနပ်ကေလေ့ အပျင်အဆင်တိကို အားရရေပိုင် မတွိပါသိ။

မိန်း။ ။ ရခိုင်သားတိရေ၊ ပညာတော်လာကေ၊ ပညာတတ်လာကေ စီးပွားဥစ္စာဟိလာကေ ရခိုင်ပြည်နယ်မှာ မနီကတ်လို့ ပြောကတ်ပါရေ။ ဆရာဝါပင်စင်ယူကေ ပြန်ဖြစ်ပါဖို့လား။

ဖြေ။ ။ ကျွန်တော်လေ့ ပြန်နိုင်ဖို့ကား မထင်ပါ။

*********

မိန်း။ ။ ဆရာဦးရွှေလှဖြူကိုလေ့ အသင်းနန့်ပတ်သက်တေကိစ္စတိကို မိန်းချင်ပါရေ၊ သိသလောက် တစ်ခေါက် ဖြေပီးပါ။

ဖြေ။ ။ ဒေအသင်းကို ဦးစိန်ညိုထွန်းက ထူထောင်ခစွာပါ။ ကျွန်တော်(၁၉၆၈)ခုနှစ်မှာ အသင်းဝင်ဖြစ်ပါရေ။ အသင်းရေစခါစက ထူးချွန်ရေ ရခိုင်တိကို ဆုပီးပွဲလုပ်ပီးပါရေ။ ယင်းပွဲတိကို သမ္မတဟိုတယ်၊ ဟောင်ကောင်ဟိုတယ်၊ ပြည်နယ်ဓမ္မာရုံရို့မှာ လုပ်ပါရေ။ ပြီးကေ'ပစ်ကနစ်'ထွက်စွာ၊ မိတ်ဆုံစားပွဲတိကိုရာ လုပ်ပါရေ။ ယင်းပိုင်ပျော်ပွဲစားငုရေ မဂုထိလေ့ နှစ်စဉ်နှစ်တိုင်းထွက်တုန်းပါသိ။ အသင်းပထမတည်နေရာက ဦးအောင်သာထွန်း အိမ်အမှတ် (၁၁၅/၁၁၇)ဗိုလ်တစ်ထောင်ဘုရားလမ်း၊ ရန်ကုန်မြို့ဖြစ်ပြီးကေ ရခိုင်ဓမ္မာရုံကို ပြောင်းလာပါရေ။

မိန်း။ ။ ကျွန်တော့်ကို ဆရာကြီးအနေနန့် ဆရာကြီးတာဝန်ယူထားရေ အဖွဲ့အကြောင်းကို ပြောပြပါ။

ဖြေ။ ။ ရခိုင်သဟာယအကြောင်းကို အားလုံးသူရှင်းပြပြီးဗျာယ်ဖြစ်လို့ ကျွန်တော်အကျယ်မပြောချင်ပါဗျာယ်။ (၁၉၉၀)ခုမှာ ကျွန်တော်အသင်းဝင်ဖြစ်ပါရေ။ ယင်းနှစ်မှာ နာယကဖြစ်ဗျာယ်'စာပေယဉ်ကျေးမှုနန့် သမိုင်းသုတေသနအဖွဲ့ 'မှာ ဥက္ကဋ္ဌအဖြစ်နန့် အေနိန့်ထိပါ။ ယင်းအဖွဲ့က မဂ္ဂဇင်းကို အဓိကတာဝန်ယူထုတ်ပါရေ။ ကျွန်တော်ရီးရေ GOLDEN MRAUK-U စာအုပ်နန့် ကျွန်တော့်အစ်ကို ဦးဘစံ ရီးခရေ 'ရခိုင်တိုင်းရင်းသားတို့ မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း'စာအုပ်ကို သဟာယစာပေနာမည်နန့် ထုတ်ဝေနိုင်ခပါရေ။ ကျွန်တော့်အနေနန့် နောင်လာနောင်သားတိလေ့လာဖို့ဖတ်ဖို့လွယ်အောင် ရခိုင်စာကြည့်တိုက်တစ်ခုနန့် ရခိုင်စာအုပ်ပြပွဲတစ်ခုကိုလုပ်ဖို့ ကြိုးစားနိန်ပါရေ။ ကျွန်တော်ရို့အဖွဲ့အနေနန့် ဘာသာပြန်ပွဲတိ လုပ်ပီးခဖူးပါရေ။ အောင်လေ့အောင်မြင်ခပါရေ။

မိန်း။ ။ ရခိုင်သဟာယမဂ္ဂဇင်းမှာ ရခိုင်ဘုရားပုံတိပါစွာကို အားရကတ်ပါရေ။ ဒေနှစ်ဇာပုံတော်ကို ထည့်ဖြစ်ပါဖို့လဲ။ ဆရာ့အနေနန့် နောက်ထပ်ဇာစာအုပ်တိထွက်ဖို့ စီစဉ်ဖန်တီးထားပါလဲ။

ဖြေ။ ။ မဂ္ဂဇင်းတိကို အားရရေဆိုလို့ ဝမ်းသာပါရေ။ အပျင်အဆင်တိကို ကြိုးစားရပါဖို့သိ။ ကျွန်တော်နန့် ဦးမောင်ကျော်နှစ်ယောက်ပေါင်းဗျာယ်ရွီးထားရေ'ရခိုင်ရာဇဝင်လေ့လာသုံးသပ်ချက်'ဆိုရေ စာအုပ်ထွက်ဖြစ်အောင်ကြိုးစားနီပါရေ။ အေနှစ်ထည့်ဖို့ ဘုရားပုံတော်က ဧရာဝတီတိုင်း၊ ဇလွန်မြို့မှာ ကိန်းဝပ်စံပွါယ်နိန်ရေ'မာရ်အောင်မြင်ပြည်တော်ပြန် ဘုရားပုံတော်'ကို ထည့်ဖို့ဆုံးဖြတ်ပါရေ။

*********

ဒေနှစ် ရခိုင်သဟာယအသင်းမဂ္ဂဇင်းမှာ ပုံတော်ထည့်ဖို့ဆိုရေ ဇလွန်ရောက် ရခိုင်ဘုရားကြီးသမိုင်းကို ယင်းဘုရားဂေါပကကထုတ်တေ။ ဘိုမင်းဖြူ (ဥပဒေ)ရီးရေစာအုပ်မှာ ရခိုင်နောက်ဆုံးဘုရင် မဟာသမတမင်းလက်ထက် သက္ကရာဇ် ၁၁၄၆ (၁၇၈၄)ခု၊ ပြာသိုလဆုတ်(၇)ရက်နိန့်မှာ မြန်မာဘုရင်ဘိုးတော်ဗဒုံမင်းရေ ရခိုင်နေပြည်တော်မြောက်ဦးမြို့ကို တိုက်ခိုက်သိမ်းပိုက်တေခါ မဟာမုနိနန့် ညီတော်သုံးဆူဖြစ်တေ အဂုမန္တလေးမဟာမြတ်မုနိဘုရား၊ ရွှေဘုံသာဘုရားနန့် မာရ်အောင်မြင်ဘုရားကို ရခိုင်ရိုးမလမ်းကြောင်းအတိုင်း ပင့်ဆောင်လားခကြောင်းနန့် ယင်းဘုရားသုံးဆူထဲက တစ်ဆူကို ပြည်မြို့အနောက်ဖက်ကမ်းက 'ရွှေဘုံသာရွာ'မှာ တည်ထားခလို့ ရွှေဘုံသာဘုရားလို့ ဒေနိန့်ထက်တိုင် နာမည်ကြီးရေ။ ကျန်ဘုရားနှစ်ဆူကိုတော့ အမရပူရမြို့တော်ကိုရောက်အောင် သယ်ဆောင်လားခရေ။ မဟာမြတ်မုနိဘုရားကိုတော့ အမရပူမြို့တော်၊ အရှေ့မြောက်ဘက်မန္တလေးရပ်မှာ သိမ်ကြီးဆောက်လုပ်ဗျာယ် ပူဇော်ရေ။ နောက်တစ်ပါးကိုတော့ နန်းဦးမှာ ပူဇော်ရေအတွက်'နန်းဦးဘုရား'လို့ နာမည်သစ်၊ ဘွဲ့သစ်ပီးပြန်ရေ။

ဒေနန်းဦးဘုရားရေ ဆုတောင်းပြည့်ရေအတွက်နန့် 'ဆုတောင်းပြည့်ဘုရား'လို့ နာမည်ကြီးပြန်ရေ။ တဆက်တည်းမှာ ဇလွန်မြို့ကို ရောက်လာစွာအကြောင်းက ဇလွန်မြို့သူကြီး ဦးရွှေပွင့်ရေ သူကြီးတစ်ယောက်လေ့ ဖြစ်တေအတွက် အမရပူရကို ရက်ပြတ်ရက်ပြတ် ရောက်တတ်တေ။ ရောက်တိုင်းလေ့ နန်းဦးဘုရားကို ဖူးမြော်ရေ။ ယင်းကြောင့် ဇလွန်မြို့ကိုရောက်တေအခါ နန်းဦးဘုရားနန့်ပုံစံတူရေ

ကြီးသွန်းဘုရားတစ်ဆူကို သွန်းလုပ်ပူဇော်ဖို့ စိတ်ကူးရဗျာယ် ဇလွန်မြို့သူ မြို့သားနန့် ဆရာတော်အရိန္ဒမနန့် တိုင်ပင်ပြီးကေ ရွှေငွေကြေးတိစုဆောင်းဗျာယ် အမူရပူရကိုတက်လာရေ။

ယင်းအချိန်မှာ အမရပူရပြည်ရှင်ပုဂံမင်းကို မင်းတုန်းမင်းနန့် ကနောင်မင်းသားရို့ တော်လှန်ပုန်ကန်နိန်ရေ အချိန်လေ့ဖြစ်တေအတွက် ပုဂံမင်းရေ ဦးရွှေပွင့်ကို ဇလွန်မြို့ကိုပြန်ဖို့ အမိန့်ပီးကေလေ့ ဦးရွှေပွင့်ရေ ကြီးသွန်းဘုရားတစ်ဆူမပါပဲ ဇလွန်ကိုမပြန်လိုကြောင်း လျှောက်ထားရေအတွက်နန့် ပုဂံမင်းရေ နန်းဦးဘုရား ဒါယကာဖြစ်တေမိဖုရားခေါင် ကြီးနန့်တိုင်ပင်ပြီးကေ ဇလွန်မြို့ကိုရောက်လားရေ နန်းဦးဘုရားကိုပြန်လို့ အမရပူရကိုပို့ဖို့ နှစ်ကြိမ်တိုင်တိုင်တောင်းဆိုကေလေ့ ဦးရွှေပွင့်ရေ အချိန်ဆွဲဗျာယ် အကြောင်းအမျိုးမျိုးပြလို့ထားရေအတွက် အမရပူရကိုပြန်မရောက်လီ။ ၁၈၅၅-ခု၊ အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲ အောက်ဗမာပြည်ကို အင်္ဂလိပ်လက်ထဲကို အပ်လိုက်ရရေအချိန်မှာ ဗမာပြည်က ကြီးသွန်းဘုရားတိကို အမြောက်ကြီးလက်နက်၊ ကြီးဖေသာတိလုပ်ဖို့ အိန္ဒိယပြည်၊ ဘုံဘေမြို့ကို ယူလားရေအခါ ဒေဘုရားကြီးလေ့ပါလားခရေ။

ဒေဘုရားကြီးကို ဖိုထိုးအရည်ဖျော်ဖို့ နည်းအမျိုးမျိုးကြိုးစားကေလေ့ ပကတိအတိုင်း ဖြစ်နိန်ရေ။ ယင်းအတွက်နန့် ဘုရားကြီးကို အရည်ဖျော်ဖို့ ကြိုးစားခြင်းက ရပ်တန့်ထားရေ။ (၂)နှစ်လောက်ကြာရေအချိန်မှာ ဝိတိုရိယဘုရင်မရေ ခေါင်းမူး၊ ခေါင်းကိုက်ဖြစ်တေ။ ဒေဘုရားကြီးကို ပြန်ပို့ဖို့နန့် မပို့ဖြစ်ကေ၊ အန္တရာယ်အမျိုးမျိုးကျရောက်နိုင်ရေလို့လေ့ အိပ်မက်မက်တေ။ ဘုံဘေမြို့မှာလေ့ ဘုရားရေ ရောင်ခြည်တော်လွှတ်ဗျာယ် ဓာတ်တော်ကွန့်မြူးရေလို့ ဘုရင်မကြီးဘက်ကို သတင်းပို့ရေအတွက် နိန်ရပ်ဌာနေကို အယင်ဆုံးပို့လိုက်ဖို့ အမိန့်ချမှတ်တေ။ ၁၈၅၇ ခုမှာ အိန္ဒိယပြည်က ဗမာပြည်ကို ပြန်လည်ယူဆောင်ပြီးကေ ဟင်္သာတဆိပ်ကမ်းနား၊ သောင်ပြင်တနိန်ရာမှာ ဒေဘုရားကြီးကို ချထားခရေ။ ယင်းကတဆင့် တံငါသည်တိတွိဗျာယ် ဖော်ယူပူဇော်ထားရေအတွက်လေ့‘ပေါ်တော်မူဘုရားကြီး’လို့လေ့ နာမည်သစ်တစ်ခုရပြန်ရေ။ ယင်းနိန်ရာကနိန် ဇလွန်မြို့သားတိနန့် ဟင်္သာတမြို့သားရို့ အပြိုင်အဆိုင်လုဗျာယ် ထိုမြို့ဒေမြို့ရသင့်ကြောင်း အငြင်းပွားကတ်ပြန်ရေ။ ဇလွန်မြို့ဘုရားကြီးဖြစ်ကြောင်း စမ္မခဏ်ဂါထာတော်ကို နှုတ်တိုက်ဖတ်ပြရေအတွက် နန်းဦးဘုရားဖြစ်ကြောင်းကို သက်သီပြနိုင်ရေအတွက် အဂုပိုင် ဇလွန်မြို့မှာကိန်းဝပ်ဖို့အတွက် အခွင့်ကောင်းတစ်ခုလေ့ဖြစ်လာရေလတ်။ ဒေဘုရားကြီးနန့်အတူ ထူးခြားရေဂါထာတော်လေးပုဒ်လေ့ပါရေ။ ဘုရား၏အောက်ခြေမှာဟိရေ စမ္မခဏ်မှာ ရီးထိုးထားရေဂါထာတော်နန့် သင်းကျစ်တော်နန့် လက်ျာရုံးတော်၊ လက်ဝဲရုံးတော်ရို့မှာ ရီးထိုးထားရေ ဂါထာတော်တိအကြောင်းကိုလေ့ လေ့လာကြည့်မိရေ။

ဒေဘိုမင်းဖြူ(ဥပဒေ)ရီးရေ ‘ဇလွန်မြို့၊ မာရ်အောင်မြင်ပြည်တော်ပြန်ဘုရားကြီး ဂါထာတော် ဂုဏ်ကျေးဇူးများ’ဆိုရေစာအုပ် စာမျက်နှာ(၅၅-၅၆)မှာတော့ “ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားလက်ထက်တွင် မကာရလောက အတုလဆရာတော် ခင်ကြီးပျော်ဟုခေါ်သော မသိတာမရှိ မတတ်တာမရှိ မကြားဖူးတာမရှိဟုထင်ကြသည့် မ၊သုံးလုံးကြေဆရာတော်၏ ဆရာဖြစ်တော်မူသော ခင်ကြီးပြောင် ဆရာတော်ဘုရားကြီးမှ မာရ်အောင်မြင်ဘုရားသည် ဆုတောင်းပြည့်သည့်ဘုရားတစ်ဆူဖြစ်တော်မူသည်နှင့်အညီ အန္တရာယ်အသွယ်သွယ်မှ လွတ်မြောက်နိုင်ရန် ဗုဒ္ဓတရားတော်၏ စမ္မခဏ်အရှေ့ဖက်စာမျက်နှာပေါ်တွင် ရေးသားထားခဲ့ခြင်းဖြစ်သည်”လို့ပါဟိနိန်ရေကာ။

အမှန်မှာ ကျွန်တော်အသျှေခါက ရခိုင်မြန်မာပဏ္ဍိတ်ဆရာကြီး ဦးဦးသာထွန်းနန့်အတူ မြောက်ဦးမြို့အနှံ့ကို ဘုရားဖူးလာယင်း ဇလွန်မြို့ကို ရောက်ဟိလားခရေ ဒေမာန်အောင်မြင်ဘုရားသမိုင်းကို ဆရာကြီးပြောပြဖူးရေ။ ရခိုင်ရို့မှာ မဟာမုနိငါးဆူဟိရေအထဲက ရာဇမုနိဘုရားရေ ဇလွန်မြို့ကို ရောက်ယိုလာကြောင်းနန့် ယင်းရာဇမုနိဘုရားမှာ ရီးထိုးထားရေ ရာဇမုနိဂါထာတော်(၇)ပုဒ်အကြောင်းကိုလေ့ ပြောပြဖူးရေ။ ဒေဘုရားကို ပင့်ယူလားခစဉ်က ဒေဘုရားမှာ မကိုဋ်တော်ပါလားခရေ။ ယင်းအတွက်နန့် ရာဇမုနိဂါထာတော်ရေ မကိုဋ်တော်ကစဗျာယ် စမ္မခဏ်မှာဆုံးရေ။ မကိုဋ်တော်ဆောင်းဘုရားဖြစ်တေအတွက်နန့်လေ့ ရာဇမုနိဘုရားဖြစ်တေလို့ ပြောပြဖူးရေ။ ဒေဂါထာတော် (၇)ပိုဒ်ကိုရွတ်တေခါ ကိုးကြိမ်ရွတ်ဖတ်ကေ ထူးခြားရေလို့ ပြောပြန်ရေ။ ဘုရင်ရို့ရွတ်ဖတ်ရေခါ ဩဇာအာဏာတန်ခိုးထက်မြက်ကြီးမားရေ။ သာမန်အရပ်သားတိ ရွတ်ဖတ်ကေ ဘေးအန္တရာယ်အဖုံဖုံက ကင်းလွတ်တေ၊ စီးပွားချမ်းသာဥစ္စာနေပြည့်ဝရေလို့ဆိုရေ။

ဒေဂါထာတော်တိကို ဇာအချိန်က ရီးထိုးထားခလေလို့ မိန်းရေခါ ရခိုင်လူမျိုးရို့မှာ လေးမြို့ခေတ်ရေ ဌာန္တရမာန္တရဂိုဏ်းတိထွန်းကားခရေခေတ်ဖြစ်တေ။ ယင်းလေးမြို့ခေတ် မင်းရင်ဖြူဘုရင်လက်ထက်ကစလို့ ဘုရားဆင်းတုတော်တိမှာ ဂါထာတော်တိရီးထိုးခြင်း၊ အလှူကောင်းမှုတော်ပြုလုပ်တေ ပုဂ္ဂိုလ်တိအကြောင်းကို ရီးထိုးခြင်းရို့ ထွန်းကားဖူးရေလို့ ပြောပြဖူးပါရေ။

ထူးခြားစွာက ဇလွန်ဘုရားဂေါပကထုတ်တေ စာအုပ်မှာပါရေ ဂါထာတော်(၄)ပိုဒ်ရေ ကျွန်တော်ရို့ ရခိုင်မှာဟိရေ ရာဇမုနိဂါထာတော်(၇)ပိုဒ်ထဲက (၄)ပိုဒ်နန်ဖပတူနိန်ရေ။ ဒေနိန်ထက်တိုင် ကျွန်တော်ရို့ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်မှာဟိရေ သက်ကြီးရွယ်အိုတိရေ ဒေရာဇမုနိဂါထာတော်(၇)ပိုဒ်လုံးကို နှုတ်တိုက်ရနိန်တုန်းသိ။ ယင်း'ရာဇ မုနိဂါထာတော်' (၇)ပိုဒ်လုံးကို ဓမ္မဒါနအဖြစ်မျှ ဝီရဖို့ဆိုပါကေ မကိုဋ်တော်မှာ ပါရေဂါထာတော်က

ဇေဟိ ဇေဟိ ဗုဒ္ဓံဝါ၊ မံ့ဝါ၊ သံဃံဝါ၊
သင်္ဂေသုဝါ၊ ဟုရံဝါ။

နဖူးတော်ဂါထာက

သိန္နေဟံ၊ အတိသိန္နေဟံ၊ ဥရသိန္နေဟံ၊
ဝရသိန္နေဟံ၊ အသုခါဗုဒ္ဓေါ၊ တံမန္တံ၊
အဟံကရေ ပူဇိတော ရမ္မဏေသုဝါ။

လက်ျာလက်ရုံးတော်ဂါထာတော်က

သံသာရစက္ကဝိဒ္ဓသံ၊
သံသုဒ္ဓမဿ ဩရသံ၊
သံဆိန္ဒကံ ဘဝေအာသံ၊
သံဃံ အဓိသုမာနသံ။

လက်ဝဲလက်ရုံးတော်ဂါထာတော်က

တံမေသီကောမံသုရေ၊
သောအပနာပသုသုပိ။
အံသိတိဖုဝိသိဝေ၊
ကကောကဂေါနမောမဟံ။

ရင်ညွန့်တော်ဂါထာက

အာသယာနုဿ ယညာဏံ
က္ကန္ဒြိယာနိ ပရောပရေယမက
ပါဠိဟာရဠ ဆအာသာဓါရဏာက္ကမေ။

ချက်တော်ဂါထာက

က္ကတိပိ ပိဋကတ္တယံ၊ အနိစ္စ၊ ဒုက္ခံ၊ အနတ္တံ၊ သတ္တဗောဇ္ဈင်္ဂေါ၊
အဋ္ဌင်္ဂီကော၊ မဂ္ဂေါ၊ စတုပဋ္ဌာနံ၊ သဗ္ဗဿ၊ က္ကန္ဒော၊
သဟဿ သူရိယော၊ သြောင်းနမော မေတ္တာနံ၊ ရာဇဘယံ၊
စောရဘယံ၊ ဥဒကဘယံ၊ အဂ္ဂိဘယံ၊ သတ္တဘယံ၊ အဗ္ဗဘယံ၊
ဇေယျော၊ ဇယတုမင်္ဂလာ၊ အနိစ္စံ၊ သင်္ခတံ၊ ပဋိစ္စသမုပ္ပန္နံ ခယမ္မံ၊ ဝယမ္မံ၊ ဝိရာဂမ္မံ၊
နိရောမ္မံ၊ ခမာတိ။ . . . ရို့ဖြစ်ပါရေ။
(ဂါထာတော်၏ အနက်အဓိပ္ပါယ်ကို စာမျက်နှာအခက်အခဲကြောင့် မဖော်ပြလိုက်ပါဗျာယ်။ တခြားထူးဆန်းရေ ရခိုင်ဂါထာတော်တိအကြောင်းကို အခါအခွင့်ကြုံကေ တင်ပြလားပါမေ။)

************

မိန်း။ ။ ဆရာကြီး အေနှစ် ရခိုင်သဟာယအသင်းဥက္ကဌပါနှမ်း။ အသင်းအကြောင်းနန့် ဆရာကြီးအကြောင်းကို ပြောပြပီးပါ။

ဖြေ။ ။ ကျွန်တော်သံတွဲဇာတိပါ။ ၁၉၄၇ ခုနှစ်မှာ ရန်ကုန်ရောက်ပါရေ။ ဝွမြို့လေဘေးကိစ္စနန့်ပတ်သက်လို့ ရခိုင်သဟာယနန့် ရင်းနှီးပြီးကေ ၁၉၇၅ ခုမှာ ရာသက်ပန်အသင်းဝင်လေ့ဖြစ်၊ နာယကလေ့ဖြစ်ပါရေ။ သံတွဲခရိုင်အသင်းမှာ ဒုဥက္ကဌအဖြစ်လေ့ တာဝန်ယူဖူးပါရေ။ သံတွဲအသင်းကို ၁၉၅၀ မှာ ထူထောင်စွာပါ။ သံတွဲအသင်းမှာ ဒေနိန့်ထိအသင်းဝင် (၁၀၀၀)ကျော်ဟိပါရေ။ ကျွန်တော် ၁၉၉၃ ခုမှာ အလုပ်ကအငြိမ်းစားယူပါရေ။ ဒေနှစ်(၁၉၉၈)မှာ ကျွန်တော်ကို ရခိုင်သဟာယအသင်းမှာ ဥက္ကဌအဖြစ် ဦးစိန်ညိုထွန်း၊ ဦးဖိုးညွန့်၊ ဒေါက်တာဦးစောမြအောင်၊ ဦးစံထွန်းအောင်၊ ဦးရွှေမြ၊ ဦးစောလှဖြူ၊ ဦးရွှေဇံအောင်ရို့ တာဝန်ထမ်းဆောင်လားကတ်တေလို့ သိရပါရေ။ ဒေအသင်းရေ ရခိုင်ကျောင်းသူ၊ ကျောင်းသားတိပညာရေးကို ချီးမြှင့်ထောက်ပံ့ကူညီပီးရေအသင်းဖြစ်တေအတွက် ဝင်ရောက်လုပ်ကိုင်ရစွာကိုလေ့ မျှားစွာအားရကျေးဇူးတင်ဟိပါရေ။

မိန်း။ ။ ဒေပိုင်စိတ်ရှည်လက်ရှည်နန့် ရှင်းပြပီးစွာကို အထူးကျေးဇူးတင်ဟိပါရေ

ဖြေ။ ။ ကျွန်တော်လေ့ကောင်းကောင်းကျေးဇူးတင်ပါရေ။

***(ရခိုင်သဟာယအလုပ်အမှုဆောင်အားလုံးနန့်***
***တွိဆုံမိန်းမြန်းခြင်းမပြုလုပ်နိုင်စွာကို နားလည်ခွင့်လွှတ်ကတ်ပါ)***

*************

အခန်း(၃)<br>အကြုကြု ကြုတောင်းတောင်း<br>တောင်းလေ့တစ်လုံး မရက်ခ<br>ဖျာလေ့တစ်ထည် မရက်ခ<br>စားဖို့အခါ ငါရို့ဘားမှာ<br>လုပ်ဖို့အခါ သူမျှားဘားမှာ<br>ရွှေပုံမှာ လဲဖို့လား<br>ငွေပုံမှာ လဲဖို့လား<br>ပြော. . . . ။<br>*(ရခိုင်သားချော့တေးကဗျာ)*

**ရိုးမလူ**
**(၁၉၉၈၊ ဇွန်လ ၂၄ ရက်)**

# အိမ်အလွမ်း

အစ်ကိုကြီး သမီးအကြောင်းကို မပြောချင်ဗျာယ်။ ကောင်းကောင်းရှုက်ဖို့ကောင်းစွာရာမနား။ အယင်တစ်ခေါက်လည်းဒီပိုင်ရှုက်ရဗျာယ်။ "နောင်ကို မောင်ကို မလွှတ်ကေ့ဖိ။ မောင်မလားချင်"လို့ ညီမအငယ်ဆုံးကဆိုရေ။ ဇာကိုပြောစွာလဲ။ ဇာကြောင့်လဲလို့ မိန်းကြည့်ရေ။ ဒါဖြူ စာသင်ကျောင်းကိုရောက်လားခစွာနန့် ပါလာခရေထမင်းကို စားပီးကေ အိပ်စွာဗျာယ်။ ကျောင်းဆင်းချိန်ကျမှ အိပ်ရာကထလို့စီ အိမ်ကိုပြန်လားခရေ။ ကျောင်းမှာစာမသင်။ စာသင်လို့လည်းမရ။ စာကိုသူစိတ်မဝင်စား။ ကျောင်းမှာမပျော်။ ကျောင်းနန့်အိမ်ကဝီးစွာမဟုတ်။ ယေဒါလေ့ ဒါဖြူကို ကျောင်းလား ကျောင်းပြန် ဆိုက်ကားနန့်စီပို့စွာရာမနား။ ဒါဖြူကျောင်းစရိတ်ထက် ဆိုက်ကားစရိတ်က ပိုကြီးရေ။ ကျောင်းတက်တေဆိုလို့ နီခင်းနိုလည် မုန့်စားပတ်စီလို့လဲ အိမ်ကစီ မုန့်ထည့်ပီးလိုက်တေ။ ယေဒါလေ့ ဒါဖြူက ထမင်းနန့်မုန့်ကို တစ်ခါထဲစားဗျာယ်၊ ကျောင်းမှာတပျင်းအိပ်လို့စီ အိမ်ကိုပြန်လတ်တေလတ်။ ဒေပိုင်အဖြစ်အပျက်မျိုး ရက်ပြတ်ဖြစ်နီဗျာယ်ကာ။ အယင်လဲ ကျောင်းကတိုင်လို့ အိမ်ကလူတိ တစ်ယောက်ပီးတစ်ယောက် ဆရာမတိနန့်လားတွိလို့ ဒါဖြူကိစ္စရှင်းပီးဗျာယ်။

ဒါဖြူအကြောင်းကိုပြောဖို့ဆိုကေ ပြောလို့မကုန်။ ဒါဖြူ ကျွန်တော်ရို့အိမ်ကို ရောက်ခါစက ကျွန်တော်ရို့မှာ သားကြီး တစ်ယောက်တည်း။ သားကြီးနန့်သားသျှေက ခြောက်နှစ်လောက် ဝီးရေမနား။ သားသျှေကိုမရခင်လောက်က ဒါဖြူ ရောက်လာစွာ။ နောက်ထပ် ကိုယ်ဝန် သားယောက်ျားလို့ သိရေအခါ ကျွန်တော်ရို့ရေ သမီးမိန်းမသျှေတစ်ယောက် လိုချင်ကတ်တေ။ နောက်ထပ်ဝါ သမီးမိန်းမ ရဖို့မရ မသေချာမနား။ ယေအတွက်နန့် ကျွန်တော်ရို့ သမီးမိန်းမသျှေတစ်ယောက် မွီးစပ်ဖို့လို့ ဆုံးဖြတ်ချက်ချကတ်တေ။ အမွီစားအမွီဆိုင် တရားဝင် စာချုပ်စာတမ်းနန့် မွီးစပ်ဖို့။ ဒေဆုံးဖြတ်ချက်ကို မြောက်ဦးမြို့မှာဟိရေ ငယ်သူငယ်ချင်းတိကို သတင်းပို့ရေခါ သူငယ်ချင်းတိက တစ်ရွာဝင်တစ်ရွာထွက် မြောက်ဦးမြို့နယ် အနှံ့ သူရို့ရှာကတ်တေ။ အကောင်းတကာ့ အကောင်းဆုံးဖြစ်အောင် ကြိုးစားကတ်တေ။ ကိုရွှေသိန်းကျော်နန့် မသန်းစိန်ရို့ ရှာရေခါ ဒါဖြူကို အားလုံးက သဘောကျကတ်တေ။ အသားဖြူဖြူ ရုပ်ရည်သန့်သန့် ဖြစ်လို့ သဘောကျစွာလတ်။ ဒါဖြူ ဇာတိက မြောက်ဦးမြို့နယ် ကွမ်းသီးတော လက်သန်းသျှေရွာက။ ဒါဖြူမှာ အမိ ဟိရေ၊ အဖ သီလားခဗျာယ်။ အမိ နောက်လင်ရနီဗျာယ်။ နောက်လင်ရပီးခါကပင် ဒါဖြူရို့ညီအစ်မလေးယောက်ကို မွီးစပ်ဖို့လူဟိကေ အပြီးအပိုင်ပီးပစ်ဖို့လို့ ကြော်ငြာဗျာယ် လူတိကို ပီးပစ်တေလတ်။ အကြီးဆုံးနန့် အလတ်ကိုလည်း ပီးလိုက်ဗျာယ်။ စစ်တွေမှာတစ်ယောက်။ ရန်ကုန်ကို တစ်ယောက်။ သူနန့် သူ့ညီမသျှေ ကျန်နီရေထဲက သူ့ကို ယူလာလတ်တေလို့ ဒါဖြူသမိုင်းကို သိရရေ။ ဒါဖြူကို ကျွန်တော်ရို့လင်မယားနှစ်ယောက်စလုံးက ရုပ်ရည်နန့် အသားအရည် ကို သဘောကျရေ။ ရောက်စက ညှိုးညှိုးနွမ်းနွမ်းနန့် ရိုရိုသေသေ လေးလေးစားစား စကားပြောကေလေ့ "မ, မ" နန့် သူ့ကိုယ်သူပြောတတ်တေ။ အသက်ကတော့ ခုနှစ်နှစ် ရှစ်နှစ်လောက်ဟိဖို့လတ်။ မွီးနိန့် မွီးရက်ကို အတိအကျမသိရေအတွက် အသက်ကိုလည်း အတိအကျမပြောနိုင်။ မွီးရက်ကိုလေ့ အတိအကျမပြောတတ်။

ကျွန်တော့်မယားက မသန်းစိန်နန့် ကိုရွှေသိန်းကျော်ရို့ကို ကောင်းကောင်းကျေးဇူးတင်ရေ။ ပြီးကေ ဒါဖြူကို သမီးအဖြစ်နန့် တရားဝင်မွီးစပ်ဖို့ ကျွန်တော့်ကို တောင်းဆိုရေ။ ဒါဖြူ နာမည်ကိုလေ့ သန္တာဖြူလို့ နာမည်ပြောင်းလို့ ထားချင်ရေလတ်။ မသန်းစိန်ရို့က စောင့်ကြည့်ပါအုန်း။ ငါရို့လေ့ သူ့အမိအဖရို့အကြောင်းကို ဂဃနဏမသိ နောင်ခါမှ ဆုံးဖြတ်ကေကောင်းဖို့လို့ အကြံပီးကတ်ရေ။ ယင်းခါမှ ကျွန်တော့်မယားရေ သူရို့အကြံပီးချက်ကို လက်ခံလိုက်တေ။ ယေဒါလေ့ သူ့မှာသမီးတစ်ယောက် ကောက်ရဗျာယ်ဆိုပနာ ပျော်နီပုံရရေ။ အေးလေ သူ့ဆန္ဒက ပြည့်ဗျာယ်မနားယေ။

ကောင်းကောင်းကား မကြာလိုက်။ ဒါဖြူ ပြဿနာပေါ်ဗျာယ်။ စာတတ်ပတ်စီလို့ဆိုပနာ အိမ်နန့်နီးရေ စာသင်ကျောင်းမှာလားထားရေ။ အဖနာမည်က ကျွန်တော်။ အမိနာမည်က ကျွန်တော့်မယား။ တစ်ကျောင်းလုံးက ကျွန်တော်ရို့ သမီးလို့သိကတ်တေ။ ဒါဖြူ ကျောင်းမှာရန်ဖြစ်စွာလဲ လူတိုင်းနန့်။ ဒါဖြူ ကျောင်းတက်လို့ ကောင်းကောင်းမကြာလိုက်။ ဒါဖြူ အကြောင်းကို တစ်ကျောင်းလုံး သိနီကတ်ဗျာယ်။ ကျောင်းက ဒါဖြူကိုစာသင်ရေ ဆရာဆရာမတိလေ့ ကျွန်တော်ရို့နန့် ရင်းနှီးနီဗျာယ်။ ဒါဖြူရေ နာမည်ကောင်းနန့် မကျော်ကေလေ့ နာမည်ဆိုးနန့် အားလုံးသိနီဗျာယ်။ ဒါဖြူရေ သူ့နာမည်ကို သန္တာဖြူနာမည်က ဒါဖြူပါလို့ အတန်းပိုင်ဆရာမကို ပြောပနာ သူ့စွာသူနာမည် ပြောင်းပစ်လိုက်တေ။ ယေထက်ဆိုးစွာက စာလုံးဝလိုက်မဆို၊ စာမရီး၊ စာမဖတ်။ လွယ်အိတ်ထဲက စာအုပ်ကို လုံးဝမထုတ်။ ယေအတွက် ကျွန်တော်က "ဒါဖြူ စာမသင်ကေ ဇာလုပ်ချင်လဲ။ စာမတတ်ကေ နွားဖြစ်ဖို့။ စာသင်ရဖို့ စာဖတ်ရဖို့။" ကျွန်တော် ဆုံးမရေ။ သူနားမထောင်။ သူက "စာမသင်ချင်ပါ ဘာဘာကြီး"လို့ မိန်းတိုင်းဖြေရေ။ "ယေကေ ဇာလုပ်ချင်လဲ" သူ "ထမင်းအများကြီးစားချင်ရေ

စာပြီးကေ အိပ်နီချင်ရေ” လတ်။ သူ့ဘဝမှာ အလုပ်ချင်ဆုံးက အိပ်ဖို့နန့် စားဖို့ရာလတ်။

ယေကေ ဒါဖြူကို ကျောင်းကလုံးဝ ထုတ်ပစ်လိုက်ရပါဗျာယ်။ ဒါဖြူကျောင်းမတက်ရရေနိန့်ကပင် ကောင်းကောင်း ပျော်ရေ။ ကျွန်တော်ကတော့ စိတ်မကောင်း။ ကျွန်တော့မယားက ကျွန်တော့ကို မာန်ပါရေ။ ဒါဖြူဘဝမှာ ရီးတတ် ဖတ်တတ် လောက်တောင်မဟုတ်ကေ ဇာအသိတရား ဟိဖို့လဲ။ လူတော သူတောတိုးဖို့လဲလတ်။ ကျွန်တော့မယားက ပြောရေ။ ဒါဖြူကတော့ ကျောင်းမတက်ရလို့ သူပျော်နီဗျာယ်။

ဒါဖြူပြဿနာက မရိုးနိုင်။ ယုတ်စွအဆုံး ဒါဖြူနန့် ပတ်သက်ကေ ပြောစရာတိအများကြီး။ ဒါဖြူရေ ထမင်းစား နီယင့်နန့် ချီးဖောင်သာဝင်ရေ။ ချီးဖောင်သာမှာ နာရီဝက် မဟုတ်ကေတောင် မိနစ် နှစ်ဆယ်လောက်ကြာပီးကေ ပြန် ထွက်ကေ ထမင်းကို ပြန်စားရေ။ စားနီပုံကိုလည်း တချက်ကြည့် ရှိကသွားနန့်ရာ မွှားရေ။ အံ့သွားနန့်မမွှား။ ပြောကေ ယုံကတ်ဖို့မဟုတ်။ ထမင်းတစ်ခါစားကေ နာရီပြတ်စီကြာတတ်တေ။ သင်ချင်ပိုင်သင် သူ့စရိုက်ကို သူမပြင်။ ငါးတိဟင်းတိကို ပီးချင်လောက်ပီး သူမဝ။ သူစားနိုင်ရေ။ လူမမြင်လိုက်ကေ ခိုးစားရေ။ ခိုးစားရမှ သူဝရေ။ အေထက်ဆိုးစွာက သူများစားပြီး သား အကြွင်းအကျန်တိကို အမှိုက်ပုံးထဲမှာ ဝေးထားစွာထဲက လူမမြင် သူမမြင်ကေ ကောက်စားရေ။ ဇာလောက်ပင် ကျွေးကျွေး သူဝပုံမပေါ်။ မိုးထ နီခင်း ညဇာ တစ်ရက်မှာ သုံးကြိမ်ထမင်းစာကေလေ့ ဒါဖြူ မဝ။ ဇာခိုင်းခိုင်း သူမလုပ်ချင်။ “ဒေကလေ့မေသျှေ ထိုးကန်းဒေ”လို တစ်အိမ်သားလုံးက မှတ်ချက်ပီးကတ်တေ။ အိမ်လှည်းသူမလှည်းချင်။ အဝတ်သူ မဖွတ်ချင်။ ထမင်း သူမချက်တတ်။ စားပီးကေ လောင်းပွန်းကိုတောင် သူမဆီးချင်။ ငရုတ်သီး သူမကြိတ်ချင်။ သူတစ်ခုလေ့ မလုပ် ချင်။သူတစ်ခုလေ့မလုပ်တတ်။ ဒေပိုင်နန့် ဒါဖြူကို မွီးစပ်လာစွာ ခုနစ်နှစ်ကျော် လောက်ဟိရေခါ ဒါဖြူ အိမ်ပြန်ချင် ဗျာယ် လတ်။

ဒါဖြူ မတတ်စွာတိကို ပြောပြီးကေ တတ်စွာတိကိုလေ့ ပြောရဖို့သိမ့်။ ဒါဖြူရေ အဆဲအလွှန်တတ်ရေ။ အလွှန် ကျွမ်းကျင်ရေ တစ်ယောက်လေ့ မကြားဖူးရေ အဆဲအမျိုးမျိုးကို ဒါဖြူ ဆဲတတ်တေ။ ကျွန်တော်ရို့မှာ ဒါဖြူရောက်ပြီးခါမှ သားသျှေတစ်ယောက် သမီးသျှေတစ်ယောက် ထပ်လို့ရထားရေ။ သမီးသျှေလေ့ အဂုဆိုကေ လေးနှစ်ပြည့်လို့ ငါးနှစ်ပြည့် ဖို့ဗျာယ်။ ဒါဖြူပါးက သမီးသျှေ အဆဲကောင်းကောင်း တတ်နီဗျာယ်။ သမီးသျှေနန့် ဒါဖြူ ကောင်းကောင်းကစပ်ကတ်တေ။ ကစပ်နီယင်းပင်း သမီးသျှေကို အဆဲသင်ပီးရေ။ ငိုသံကြားကေ ဒါဖြူ သမီးသျှေကို သူသတ်ထားဗျာယ်။ အသျှေဖြစ်လို့ သမီးသျှေကို ဒါဖြူ အလိုမလိုက်။ သူရာ အသျှေထက် ပိုလို့ဆိုးရေ။ အိုးသျှေခွက်သျှေ ကစပ်ကေ ကစပ်စွာအားလုံး ဒါဖြူ ယူထားရေ။ အသျှေကိုမပီး။ အသျှေအားမေ့တောင်းကေ အသျှေကို သူသတ်တေ။ အဂုဆိုကေ ဒါဖြူ အသက် (၁၆)နှစ် တောင်မကဗျာယ်။ ယေဒါလေ့ ဒါဖြူ အိုးသျှေ ခွက်သျှေကစပ်တုံးသိမ့်။

ဒါဖြူကိုခိုင်းကေ မနီသျှေ ဝင်လုပ်ပီးရေ။ မနီသျှေလေ့ ဒေအိမ်မှာ နီစွာကြာဗျာမနား။ မနီသျှေအသက်က လေးဆယ် ကျော်လောက်ဟိဗျာယ်။ သူက ဒါဖြူကို သမီးအရင်းပိုင်ချစ်ဗျာယ်။ ဒါဖြူက မနီသျှေကို လုံးဝအားမနာ။ ဒါဖြူက မနီသျှေထက် ဒေအိမ်ကို ရောက်စွာသက်တမ်းကြာလို့ ဆရာခံရေ။ ဒါဖြူကို ကျွန်တော်ရို့က သမီးအဖြစ်မွီးစပ်စွာ။ အိမ်မှာကူဖော်လောင် ဖက် အိမ်ဖော်အဖြစ်နန့် ဒါဖြူသက်တမ်းတစ်လျှောက်မှာ မအေးနု၊ မိညက်၊ သိန်းတန်၊ မသန်းငွေး၊ ဘုဘု၊ နွေနွေဦး၊ အိမွှန်၊ မနီသျှေနန့်ပါဆိုကေ ရှစ်ယောက်ကျဗျာယ်။ ယေအတွက် အိမ်ဖော်အကြောင်းကို ဒါဖြူ ကောင်းကောင်းသိရေ။ ယေဒါလေ့။

တဖြည်းဖြည်း ဒါဖြူ အိမ်ပြန်ချင်စိတ် များလာဗျာယ်။ တစ်ခါတစ်ခါ တစ်ခုလေ့မလုပ်ဘဲ အခန်းထဲမှာ ဝင်နီတတ် တေ။ တစ်ခါတစ်ခါလေ့ ငိုနီရေ။ အေထက်ဆိုးစွာက သူ့ကိုပီးထားရေ အင်္ကျီ ထမိန်တိကို ကပ်ကျီးနန့် အညင်းညင်းကိုက် ပျယ် ပုံထားရေ။ ခေါ်ဗျာယ်ဆုံးမကေလေ့ မထူး။ သတ်ကေလေ့ မထိ။ မျက်ရည်တောင် မကျ။ သူခံနိုင်ရည် အပြည့်ဟိနီ ဗျာယ်။ ဒါဖြူ ပြဿနာရေ ဒေအိမ်မှာ နီစဉ်ဟိရေ။ ရန်ကုန်မှာ ဒါဖြူ လုံးဝမပျော်လတ်။

မေမေက သူ့ကိုတစ်ခေါက်ပို့လိုက်ကတ်ဖိလို့ အကြံပီးရေ။ သူ့ကိုပို့စွာက ဟုတ်ဗျာယ်။ သူ့ဇာမှာနီဖို့လဲ။ သူ ဒုက္ခရောက် နီလီဖို့ဗျာယ်။ သူရေ ဘဝကို ဇာပိုင်လားဖို့ချင်း။ စာလည်းမတတ်။ အသိတရားလေ့မဟိ။ စိတ်လည်းမမှန်လို့ ထင်ရရေ။ စိတ်မပြည့်စွာကတော့ သေချာနီဗျာယ်။ ဒါဖြူ ငါးရာတန် တစ်ထောင်တန်ကိုတော့ ကောင်းကောင်းသိရေ။ ငါးရာတန်က နှစ်ရာဖိုးဝယ်လိုက်ကေ ဘလောက်ပြန်ရဖို့လဲ သူမသိ။ ဒင်္ဂါးကို ပီးပြီးကေ ပြန်အမ်းငွေကို ပြန်မယူတတ်။ မတွက်တတ်။ ရာတန်နန့် နှစ်ရာတန်ကိုလေ့ ကောင်းကောင်းသိရေ။ ငါးဆယ်တန်ကို သူမသိ။ နှစ်ဆယ်တန်နန့် တစ်ဆယ်တန်ကိုလေ့သူ မသိ။ တစ်ခါတစ်ခါ ဒါဖြူ ဖဲသာခိုးပြီးကေ မုန့်ဝယ်စားတတ်တေ။

မသန်းစိန်က တယ်လီဖုန်းဆက်ပြီးကေပြောရေ။ ဒါဖြူ အမိကို ရှာမရ။ ဖြစ်နိုင်ကေ ရန်ကုန်မှာ ဆက်ထားပီးပါ။ ကျွန်တော်ရို့က ဒါဖြူကို ဆက်ထားချင်ပါရေ။ ကျွန်တော်ရို့ တစ်အိမ်သားလုံး ဒါဖြူကို သံယောဇဉ်ဟိနီပါဗျာယ်။ ယေဒါလေ့ ဒါဖြူက ဒေအိမ်မှာ လုံးဝမနီနိုင်လို့ ရာဇသံထုတ်တေ။ သူ့ကိုဆက်ထားကေ သူထွက်ပြီးဖို့လတ်။ ဒါဖြူရေ သူ့အမိကို ကောင်းကောင်းသိရေ။ ကောင်းကောင်းမှတ်မိရေလတ်။ သူမှာအဘောင်မ တစ်ယောက်ဟိရေလို့ ဆိုရေ။ ညီမသျှေ တစ်ယောက်နန့်အေးမတိ ဟိစွာကိုလည်း သူမှတ်မိရေ။ သူရို့ရွာမှာ ကွမ်းသီးပင်တိ အများကြီးဟိရေလို့စီ အသျှေတိကို ပြောပြရေလတ်။ ဒါဖြူရေ သူ့ဇာတိကို မမိန့်။ သူ့အရပ်ကို လွမ်းရေ။ သူ့အိမ်ကို လွမ်းရေ။ သူ့အိမ်ကို ပြန်ချင်ရေ။ ဒါဖြူ အိမ်လွမ်းစိတ်က ကြီးနီဗျာယ်။

ဖုန်းသံကြားလို့ အခန်းထဲက နားစိုက်မိရေခါ "နင် ယင်းမှာ နီလီဖို့ဗျာယ်လား တသက်လုံးနီနိုင်ဖို့လား ဘာဘာ သီခါလေ့ နင်မမြင်လိုက်ရ မေမေလေ့ အသက်ကြီးနီဗျာယ်"လို့ စကားသံတိကြားရရေ။ ဂျပန်ရောက် ယောက်ဖတော်ဘားက ရာဟိဖို့။ ဂျပန်ပြည်ကြီးကျယ်ကြောင်း နီချင်စရာကောင်းကြောင်း ဂျပန်လူမျိုးတိုးတက်ကြောင်း ဂျပန်ပြည်ကြီး ကြီးကျယ် ကြောင်း ဂျပန်နိုင်ငံတော်ကြီးထွန်းကားကြောင်း မကြားချင်ကအဆုံး။ ဟုတ်တေ။ သူရို့နိုင်ငံ တိုးတက်တေ။ သူရို့နိုင်ငံ တိုးတက်အောင် သူရို့ကြိုးစားကတ်တေ။ ပြာပုံဘဝက ပြန်တိုးတက်အောင် လုပ်နိုင်စွမ်းကလေ့ အံ့သြကောင်းထမန်း။ ဒေကလူတိအတွက်က သူရို့နိုင်ငံရေ၊ ဆန်းရေ။ နီချင်ဖွယ်ကောင်းရေ။ ဂျပန်ထက် အမေရိကန်ရို့ ဥရောပနိုင်ငံရို့မှာဆိုကေ ပိုပြီးကြီးကျယ်ရေလတ်။ တိုက်ကြီးတာကြီး အထပ်အများကြီးဟိရေ။ မီးရထား၊ လေယာဉ်ပျံတိလေ့ပေါ ရေ။ လားချင်လာ ချင်ကေ ဇာနီရာကိုမဆို ဖဲသာဟိလို့ကတော့ ချက်ချင်းရောက်တေလတ်။ ကျန်းမာရေးစောင့်ရှောက်မှုကလေ့ ကောင်းကောင်း ကောင်းရေဆိုယင့်။ ပင်လယ်နားမှာ အပန်းဖြေဖို့လား။ တောင်ထက်မှာ အပန်းဖြေဖို့လား။ ရေခဲပြင်မှာ စကိတ် စီးဖို့လား။ တဝမ်းတခါးစာအတွက် စက်ရုံအလုပ်ရုံတိမှာ အလုပ်လုပ်ဖို့လား။ ဇာလုပ်ချင်လေ့ ဇာပြင်ချင်လေ။ အားလုံးလုပ်လို့ရရေ။ သူရို့ပြည်ကို နတ်ပြည်နန့်နှိုင်းရေလို့စီ ကြားဖူးယင့်။ ယေအတွက်နန့်လေ့ ဒေကလူတိ လားပနာစီ အိုးဆီးခွက်ဆီး လုပ်ရကေ လေ့လုပ်ရ ယင်းနိုင်ငံမှာနီရကေကျီဆိုဗျာယ် တစ်အိမ်သားလုံး လားချင်ရေလူတိလေ့မကန်။ ဗီဇာရလို့ကတော့ တတိုင်းပြည် လုံး လားဖို့လားတော့မသိ။ ယောက်ဖ တော်လည်း အိုဗာစတေးဘဝနန့် တစ်သက်လုံးနီဖို့ ကြိုးစားနီကြောင်း ကြွားနီစွာကို မကြားချင်စွာကအဆုံး။

ဒါဖြူကို လူကြုံရလို့ ရန်ကုန်-စစ်တွေကားနန့် ထည့်လိုက်ဗျာယ်။ မြောက်ဦးကိုရောက်ကေ တစ်ခေါက်သျှေလောက် ဝင်ကြည့်ပီးပါလို့ သံယောဇဉ်မကုန်ရေလီသံနန့် မယားအမှာတော်ကြောင့် မသန်းစိန်တို့အိမ်ကို လားပနာ ဒါဖြူကိုတွေ့ရေ။ ကောင်းကောင်းအံ့သြဖို့ ကောင်းစွာရာမနား အံ့သြလို့မဆုံး။ တသက်လုံး ရီချိုးပါလို့ အော်ဒါထုတ်ချင်ပိုင်ထုတ် ရီမချိုးရေ ဒါဖြူ တစ်ရက်မှာ ရီသုံးခါချိုးရေလတ်။ အကျီလှယ်ပီးဆိုပနာ ခိုင်းမှ လှယ်ရေ ဒါဖြူ။ အဂု တစ်ရက်မှာ အကျီနှစ်ခါလှယ် ရေလတ်။ တသက်လုံးက သနပ်ခါးမလိမ်းရေ ဒါဖြူ။ အဂု သနပ်ခါးလိမ်းလို့ ပန်းပန်လို့ထော။ အယင်ကပင် ရုပ်ရည်ဟိရေ ဒါဖြူ အဂုပိုလို့ လှနီယင့်။

သူရေ ကျွန်တော်ရို့အိမ်မှာခါထက် ပိုလို့တက်ကြွနီရေ။ မြန်းနီရေ။ အံ့အားသင့်နီရဗျာယ်။ ဇာပိုင်လဲ။ နီကောင်းယင့် လား။ ပျော်ယင့်လားလို့ မိန်းရေခါ ပျော်ပါရေ နီကောင်းပါရေ ဘာဘာကြီးလတ်။ သူရို့ရွာကို အလည်လိုက်လတ်ပါအုံး လို့တောင် ဖိတ်လိုက်သိမ့်ရေ။ သူ့အသံက အားဟိရေ။ သူ့မျက်နှာမှာ အမှန်ပျော်နီစွာရာမနား။ အော်. . . ဒါဖြူ ဒါဖြူ ဇာတစ်ခုလေ့နားမလည်၊ မတတ်၊ ဘဝမှာ အဆင်မပြေနိုင်စွာတိအများကြီး ဟိကေလေ့ ရင်ဆိုင်လီဖို့ဗျာယ်ထော။ ဒါဖြူ အိမ်လွမ်းစိတ် မိဘကိုချစ်တေစိတ် သူ့ဒေသကို ချစ်တေစိတ် သူ့ရွာကို ချစ်တေစိတ်  သူ့အိမ်ကိုချစ်တေစိတ်၊ အိမ်လွမ်းစိတ် ဒေစိတ်တိနန့် သူ့ဘဝကို ပြီးပြည့်စုံဗျာယ်လို့ ယူဆနီလားမသိ။ ဇာပင်ဖြစ်ဖြစ် ဒါဖြူအိမ်လွမ်းစိတ်ကိုတော့ ကျွန်တော်အား ကျရေ။ အိမ်လွမ်းစိတ် အဟိဆုံးမှာ ဒါဖြူအတော်ဆုံး။ သူ့ကို တစ်ယောက်လေ့ ပြိုင်လို့မနိုင်နိုင်။ ဒါဖြူအတော်ဆုံးပါကား ---ချစ်သောဒါဖြူ။

**ရိုးမလှ**

၂၇-၁၂-၂၀၀၅

# ဝီးကျန်လို့က်ဖိ

ပင်လယ်ပြင်ကို ဖြတ်တိုက်လာရေလီကြောင့် ချမ်းလာဗျာယ်။ ညဥ့်လည်းတဖြေးဖြေးနက်လာရေ။ ဝါကျွတ်လပြည့်ကျော် (၉)ရက်နိန့်ဖြစ်လို့။ ညဥ့် (၁၀)နာရီလောက်မှာ ဖျားရီရေ ကမ်းနားကိုရောက်လာလတ်တေ။ လီတိုက်သံ ကြောင့်ယက်အူသံက ပိုကြီးလာရေ။ ပင်လယ်နားမှာမနီဖူးရေလူဆိုကေ ဒေအသံကို ကြောက်တေလတ်။ အဂုကား ပင်လယ်နားကလူတိဖြစ်လို့ ဒေအသံကို သူရို့မကြောက်။ ဒေအသံကြားမှာ သူရို့ပျော်ရေ။ ဒေပင်လယ်စွာ သူရို့ဘဝ။ သူရို့စွာပင်လယ်ချစ်သူတိ။ အဂုပင် ညဥ့်နက်သန်းခေါင်မှာတောင် ကျွန်တော်နန့် စကားလက်ဆုံကျနီလို့ မပြန်ကတ်။ တစ်ယောက်ဆို တစ်ယောက်လေ့ မပြန်ကတ်။ ကျွန်တော့်လီမှာသူရို့ မိနီရေ။ ကျွန်တော်ပြောရေအကြောင်းအရာတိကို သူရို့စိတ်ဝင်စားရေ။ ကျွန်တော်ပြောရေသမိုင်းကို သူရို့မသိ။ သူရို့ကိုသူရို့ သိစွာက သူရို့ရေ ရခိုင်သား။ ဒေနီရာမှာမွီးလာရေ ရခိုင်သား။ သူရို့ကိုသူရို့ အရှိရခိုင်လို့ခေါ်ဗျာယ် ကျွန်တော့်ကိုတော့ အနောက်ရခိုင်သားလတ်။ ကျွန်တော်ကြားဖူးစွာက အဂုဘင်္ဂလားဒေချ်ႇမှာနီရေ ရခိုင်သားကိုရာ အနောက်သားလို့ကြားဖူးရေ။ အဂုက ရခိုင်မှာနီရေ ရခိုင်သားကို အနောက်ရခိုင်လတ်ထော။ သူရို့မီးစွာတိကိုလေ့ တစ်ချက်ကြည့်။ ဆရာရို့အနောက်ရခိုင်မှာ ဘုရားတိ အများကြီးဟိလား။ မြို့တိအများကြီးဟိလား။ မြို့တိဝါ ကြီးလာ။ သူရို့ပိုင်ရွာသျှေတိနန့် နီကပ်စွာလား။ လျှပ်စစ်မီးဝါ လင်းလား။ စာသင်ကျောင်းဝါဟိယင့်လားလတ်။ သူရို့ချောင်းသာရွာက ကုန်ခရေ (၄)နှစ်လောက်ကပင် လီရဟတ်ကြောင့် နိန့်ညဥ့်(၂၄)နာရီ မီးလင်းနီဗျာယ်လတ်။

အယင်က ဆရာရို့တည်းနီရေ ဒေဟိုတယ်တန်းစွာ ကျွန်တော်ရို့တိ အပိုင် အုန်းခြံတိချင့်။ အဂုကတော့ ကျွန်တော်ရို့ခါတ်ပုံရိုက်တေလူကရိုက်။ ဗောင့်ငါးစားရေလူကငါး။ မြင်းငါးစားရေလူက ငါး။ ငါးရောင်စားရေလူက ရောင်း။ ဒေပိုင်လက်လုပ်လက်စား ဘဝနန့် ချီတက်နီကတ်တေ။ ထမင်းဝရေ ဝမ်းလှရေဆရာလတ်။

ချောင်းသာ အပန်းဖြေစခန်းကို ရောက်စွာ သုံးရက်ဟိဗျာယ်။ အဂုမှ သူရို့ကိုတွိ့ရေထော။ အစကလေ့ သူရို့ကိုရခိုင်မှန်း သတိမထားမိ။ သူရို့ရေ ကိုယ့်ကိုလည်း ရခိုင်မှန်းမသိကတ်။ ဒေဆိုင်မှာ နိန်စိုင်ထမင်းစားလာစွာ အဂုဆိုကေခြောက်ကြိမ်မြောက်ဗျာယ်။ ဆိုင်ရှင်မယားနန့် ဆိုင်ရှင်နန့် ရခိုင်ပိုင် ပြောနီကတ်စွာကိုကြားခါမှ ရခိုင်မှန်းသိလို့ ရခိုင်အမျိုးစပ်ကြည့်မိရေ။ ယေခါမှ ဆိုင်ရှင်ကိုကျော်သိန်းကလည်း ကျွန်တော်ရို့ကို ရခိုင်မှန်းသိရေ။ ရခိုင်မှန်းသိလို့လည်းကျွန်တော်ရို့ မိသားစုကို သူရို့ရွာကို ခေါ်ပနာ ဘုန်းကြီးကျောင်းကို လိုက်ပို့ရေ။ ကျောင်းရှင် အသျှင်ဝိဇယက ကျွန်တော့်ကိုသိရေလတ်။ အသျှင်ဝိဇယက ဇာတိမင်းပြားမြို့နယ်သား။ ဒေချောင်းသာကို ရောက်စွာ ငါးနှစ်လောက်ကြာဗျာယ်လို့ဆိုရေ။ စာသင်ဖက် ကိုယ်တော်တစ်ပါးနန့် အလည်လာယင်း ဒေချောင်းသာကိုရောက်လာစွာကပင် ချောင်းသာရွာမှာ ကျောင်းထိုင်ဖြစ်လာစွာလတ်။

အသျှင်ဝိဇယနန့် ထိုပြောဒေပြော ပြောနီယင်း ရွာကလူတိရောက်လာရေ။ ယင်းလူကြီးတိထဲက အသက်ကြီးကြီးတစ်ယောက်ရေ ကျွန်တော်ရို့ပြောနီကတ်စွာကို နားထောင်ရင်းနန့် ဝင်ပြောရေ။ သူဒေဇာတိ။ သူ့အသက် (၈၅)နှစ်ဟိဗျာယ်။ သူ့နာမည် ဦးကျော်ဇံလတ်။ သူ့အဖိုးရို့ အဖီးရို့လက်ထက်ကပင် ဒေနီရာမှာနီလာစွာ။ ဒေနီရာကို သူရို့မျိုးရိုးတိဇာပိုင်ရောက်လာမှန်းကို သူမသိ။ သူအသျှေခါ ဖိုးဖီးရို့နန့် ဂွမြို့ကို ပင်လယ်ဖြတ်လို့ လားဖူးရေ။ ဂွမြို့နန့် ကောင်းကောင်းက မဝီးလတ်။ ဘကြီးကျော်ဇံပြောရေစကားကို နားထောင်ကြည့်ရေအခါ ရမ်းဗြဲသံလည်းမဟုတ်၊ မာန်အောင်သားရို့ပြောရေလီသံနန့်တူသယောင်ယောင်ထင်ရရေ။ ဇာပင်ဖြစ်ဖြစ် ရခိုင်စကားကို ပီသအောင်ပြောနိုင်ရေ။ ဘကြီးကျော်ဇံရေ စစ်တွေမြို့အကြောင်းကိုမိန်းရေ။ မြောက်ဦးမြို့က ဘုရားအကြောင်းတိကို မိန်းရေ။ ကျွန်တော်သိသမျှပြောပြရေခါ သူရို့အားလုံးအံ့သြရေ။ သူမသီခင် မြောက်ဦးဘုရားကို ဖူးချင်ရေလတ်။ အသိမိတ်ဆွေမဟိလို့ တစ်ခါလေ့ မလားဖြစ်။ အဂုကားအသက်ကြီးဗျာယ် ဒေဘဝမှာ ရောက်ဖူးလီဖို့ မဟုတ်ဗျာယ်လို့ သူစိတ်ခါတ်ကျနီရေ။ အသျှင်ဘုရားဝိဇယက ဒေနှစ်မဟုတ်ကေတောင် နောင်နှစ် ဦးပဥ္စင်းလေ့အိမ်ပြန်ယင်း ဒေက မြောက်ဦးဘုရားဖူးချင်ရေလူတိကို ခေါ်လားဖို့စိတ်ကူး ထားရေ ဒကာကြီး ဦးကျော်ဇံ။ ဒကာကြီးရာ ကျန်းမာအောင်နီလို့ အားပီးစကားပြောသံကြားကေလေ့ ကျွန်တော့်စိတ်ထဲမှာက ဘဝင်မကျချင်။

ဘုန်းကြီးကျောင်းကပြန်လာဗျာယ် တနားတဗွေ အနားယူမယ်လို့မှတ်နီတုန်းမှာ ထမင်းဆိုင်ရှင် ကိုကျော်သိန်းကသူ့ဆိုင်ကို တစ်ခေါက်လာလတ်ပါဦးလို့ ဖိတ်ခေါ်ရေအတွက် သူ့ဆိုင်ကို ပြန်ရောက်ဖြစ်တေ။ ဆိုင်ထဲမှာ လူဆယ့်လေးငါးယောက်လောက်ဟိဖို့။ သူရို့ရေ ကျွန်တော့်ကို ထိုင်ဖို့နီရာပီးရေ။ အစ်ကို့ကို တွိ့ချင်ရေပြောလို့ ကျွန်တော်လာခေါ်စွာပါလတ်။

ကျွန်တော့်ကို စောင့်နီရေလူတိက ရွယ်စုံ။ အသက်ငါးဆယ်ကျော်ထိတောင်ပါဖို့ထင်ယင့်။ စားစရာသောက်စရာနန့် ယမကာတိလေ့ အစုံချထားရေ။ တစ်ယောက်ပီးတစ်ယောက် ကျွန်တော်နန့်မိတ်ဆက်တေ။ သူရို့သိချင်စွာတိကို မိန်းရေ။ ကျွန်တော်လည်း ကြိုးစားလို့ဖြေရေ။ ကျွန်တော်ဖြေသမျှ သူရို့စိတ်ဝင်စားရေ။ သူရို့ထဲက စိတ်ဝင်စာဆုံးနန့် အတက်ကြွဆုံးက ကိုမျိုးဇော်။ သူက တစ်ခြားလူထက် သူရို့ဒေသအကြောင်းကို ပိုသိရေ။ ပိုလေ့လာထားရေ။ သူ့ဇာတိက မရမ်းကွင်းရွာကွင်းပိုင်ရပ်ကွက်ကလတ်။ သူရို့ရွာမှာ အိမ်ခြေထောင်ကျော်ဟိရေ။ ရခိုင်ရွာကြီးဖြစ်တေဆိုကာ။ ပတ်ဝန်းကျင်မှာလေ့ ငပြီ မရွာဟိရေ။ ယင်းရွာလေ့ ရခိုင်စစ်စစ် အိမ်ခြေငါးရာကျော်ဟိဖို့ဆိုကာ။ မြောက်ဖက်မှာ ရခိုင်အိမ်ခြေရှစ်ရာ ကျော်လောက်ဟိရေ ကုန်းတန်းရွာကြီးတစ်ရွာ ဟိသိမ့်ရေလတ်။ ရွာမှာဟိရေ ရခိုင်သားအားလုံး ရခိုင်ပိုင်စားရေ၊ ရခိုင်ပိုင်ပြောရေ၊ ရခိုင်ပိုင် နီကတ်တေလတ်။ စီးပွားဥစ္စာကတော့ ငါးရှာငါးဖမ်းလုပ်ငန်းတိနန့် အသက်မွီးဝမ်းကြောင်း ပြုကတ်တေလို့ဆိုရေလတ်။ နာရီပြန် တစ်ချက်တီးတောင်ဟိဖို့ထင်ယင့်။ တစ်ယောက်လေ့ အိမ်မပြန်ကတ်ကာ။ နားထောင်ရေ လူတိအားလုံးတက်ကြွနီရေ။ ညဥ့်နက်မှန်းကို နက်မှန်းမသိ။ ဆိုင်ရှင်ကိုကျော်သိန်းက အစ်ကို မိုးထခါ ပြန်ဖို့ယာ နားပတ်စီလို့ဆိုခါမှ အားနာရေ မျက်နှာမျိုးနန့် ကျွန်တော့်ကို တောင်းပန်ကတ်တေ။ ဖြစ်နိုင်ကေ နောက်တစ်ရက်လောက် နီပေးပါလို့ဆိုရေ။ ကျွန်တော်က စီစဥ်ပြီးသား အစီအစဥ်ဟိနီလို့ သူရို့ဖိတ်ခေါ်မှုကို လက်မခံခ။ ကိုမျိုးဇော်က သူမှတ်တမ်းတင်ထားရေ စာရွက်သျှေတစ်ရွက်ကို ကျွန်တော့်ကိုပြယင်း “ကျွန်တော်မှတ်ထားစွာတိပါအစ်ကို အစ်ကိုအားရေအခါ ဖတ်ကြည့်ပါ ဖြစ်နိုင်ကေ အစ်ကို့ကို ယင်းရခိုင်ရွာတိ ကိုလားဖို့ ဖိတ်ချင်ပါရေ။ ကျွန်တော်ကိုယ်တိုင် လိုက်ပို့ပီးပါမေ။ ကုန်ကျစရိတ်အားလုံးကို ကျွန်တော်ရို့ကျခံပါမေအစ်ကို”လို့ အားကိုးတကြီးဖိတ်ခေါ်စွာကိုလေ့ သတိထားမိခပါယင့်။

သန်းခေါင်ကျော်လားခလို့ အိပ်မပျော်။ ယက်အူသံကို ကြားနီကေလေ့ ခါတိုင်းနန့်မတူ တစ်ခုခုလိုနီရေပိုင် ခံစားရရေ။ ကိုမျိုးဇော်ပီးရေ စာရွက်ကို ဖတ်ကြည့်မိရေခါ

| | **ရွာနာမည်** | **ရခိုင်အိမ်ခြေ** | **အဂုနီထိုင်ရေ ခန့်မှန်းခြေရခိုင်လူဦးရေ** |
|---|---|---|---|
| ၁။ | ချောင်းသာရွာ | ၃၀၀ | ၂၃၀၀ |
| ၂။ | သဇင်ရွာ | ၃၀၀ | ၁၂၀၀ |
| ၃။ | ငွေဆောင်ရွာ(ငဆော်) | ၅၀၀ | ၄၀၀၀ |
| ၄။ | ဟက်ကက်ရွာ | ၂၅၀၀ | ၁၅၀၀ |
| ၅။ | ဇီးချိုင်ရွာ | ၂၀၀၀ | ၁၀၀၀၀ |
| ၆။ | ကြာကန်ရွာ | ၆၀၀ | ၂၅၀၀ |
| ၇။ | ကန်ချိုင်ရွာ | ၅၀၀ | ၂၅၀၀ |
| ၈။ | ကျောက်ချိုင်ရွာ(စံပြ) | ၂၀၀၀ | ၁၀၀၀၀ |
| ၉။ | ရီနောက်အိုင်ရွာ | ၂၀၀ | ၁၀၀၀ |
| ၁၀။ | ကညစ်ချောင်းရွာ | ၄၅၀ | ၄၀၀၀ |
| ၁၁။ | ကုန်းတန်းရွာ | ၈၀၀ | ၄၀၀၀ |
| ၁၂။ | မရမ်းကွင်းရွာ | ၁၀၀၀ | ၅၀၀၀ |
| ၁၃။ | ငပြေမရွာ | ၅၀၀ | ၂၅၀၀ |
| ၁၄။ | ဂျိုက်ကွင်းရွာ | ၂၅၀ | ၁၅၀၀ |
| ၁၅။ | မောင်ပါရွာ | ၃၀၀ | ၁၅၀၀ |
| ၁၆။ | မြို့သစ်ရွာ | ၄၀၀ | ၂၀၀၀ |
| ၁၇။ | သဲကုန်းကြီးရွာ | ၅၀၀ | ၂၅၀၀ |
| ၁၈။ | လူပုရွာ | ၂၅၀ | ၁၅၀၀ |
| ၁၉။ | ရခိုင်ကုန်းကမ်းနီရွာ | ၇၀၀ | ၃၀၀၀ |
| ၂၀။ | ရဲခေါင်ကြီးတောင်ရွာ | ၃၀၀ | ၁၂၀၀ |
| ၂၁။ | ရဲခေါင်ကြီးမြောက်ရွာ | ၃၀၀ | ၁၂၀၀ |
| ၂၂။ | ကျောင်းကွဲရွာ | ၂၀၀ | ၈၀၀ |
| ၂၃။ | ဦးချစ်ကွင်းရွာ | ၂၀၀ | ၄၀၀ |

မှတ်ချက်။ ။အိမ်တစ်အိမ်ကို လေးဦးကျ တွက်ချက်ပြီး စီပွားရေးကောင်းရေရွာတိမှာ ယင်းထက်ပိုလို့ တွက်ထားပါရေ။

ကိုမျိုးဇော်ရေ မိုးမလင်းခင်ကပင် ရောက်နီစွာဟိဖို့။ သူ့လက်ထဲမှာ လက်ဆောင်ပစ္စည်းတိကိုင်လို့။ လက်ဖက်ရည်သောက်ဖို့ ကျွန်တော်စောင့်နီပါရေဆိုလို့ ကိုကျော်သိန်းဆိုင်မှာ ထိုင်ဗျာယ် ထိုအကြောင်း ဒေအကြောင်း တနားပြောမိကတ်ပါရေ။ ငွေဆောင်ကိုရောက်ကေ တော်ဝင်ပန်းထမင်းဆိုင်ကို ဝင်ပါလီလို့ဆိုရေ။ ညကကျွန်တော်ပီးရေစာရွက်ကို ဖတ်ဖြစ်ပါလား။ အကြမ်းလောက်တော့ ဖတ်ဖြစ်ပါရေဆိုမှ သူကျေနပ်ပုံရရေ။ တော်ဝင်ပန်းထမင်းဆိုင်က သူရို့ဆွေမျိုးလတ်။ လိုအပ်တေအကူအညီတိကို ပီးပါလိမ့်မေ။ ဖြစ်နိုင်ကေ သူတောင် ငွေဆောင်ကိုလိုက်ချင်ပါရေ အလုပ်တိကမအားလို့ သူမလိုက်ပီးနိုင်စွာကို ခွင့်လွှတ်ပါလတ်။

ချောင်းသာနန့်ငွေဆောင်ကို သုံးနာရီလောက်ရာ မောင်းလိုက်ရစွာ ရခိုင်ရိုးမအဖျားကို ဖြတ်ရစွာဖြစ်လို့ တောတိတောင်တိကို ဖြတ်ကျော်ဗျာယ်မောင်းရရေ။ တီတစ်ကောင်ပိုင် ကောက်ကွေ့နီရေလမ်းက သဘာဝအလှတိကို မြင်နိုင်စီရေ။ ရန်ကုန်မှာမမြင်ရရေ ရှူခင်းမျိုးကို မြင်ရလို့ သားသမီးတိပျော်ကတ်တေ။ ဒေပိုင်မြင်ကွင်းမျိုးကိုတော့ ရခိုင်ပြည်မှာမြင်နီကျ။

တော်ဝင်ပန်းထမင်းဆိုင်ရေ ငွေဆောင်ရွာအဝင်ဝမှာ ဟိရေ။ သူရို့ဆိုင်ကိုဝင်လို့ ရခိုင်ပိုင်ပြောလိုက်စွာနန့် တစ်အိမ် သားလုံး ဆွေမျိုးရင်းချာပိုင် ဆက်ဆံကတ်တေ။ “အီးရောင်လေ ဇာပိုင်ဝမ်းသာလေမသိ” ဆိုရေစကားသံက ကျွန်တော့် နှလုံးသားကို အေးမြစီရေ။ အနောက်ရခိုင်က လူတိရာမနား ငါရို့ဆွေမျိုးတိရာလတ် ချောင်းသာက ရခိုင်တိပိုင် သူရို့လေ့ သူရို့ကိုသူရို့ အရှိရခိုင်က လူတိလို့ သတ်မှတ်ကတ်တေထော။ တော်ဝင်ပန်းထမင်းဆိုင်က လိုက်ပို့ရေ ဟိုတယ်မှာ တည်းဗျာယ်၊ မိုးထထမင်းကို သူရို့ဆိုင်မှာစားပါရေ။

တော်ဝင်ပန်းထမင်းဆိုင်က ညွှန်လိုက်လို့ မဟာပုညရာမကျောင်းကိုရောက်တေအခါ ကျောင်းသျှင် အသျှင်စက္ကိန္ဒကို ဖူးတွေ့ရပါရေ။ အသျှင်ဘုရားစက္ကိန္ဒကလည်း မင်းပြားသားရာလတ်။ သက်တော်လည်း လေးဆယ်ကျော်ရာဟိဖို့။ ဒေမှာ သီတင်းသုံးစွာ ဆယ်နှစ်ကြာဗျာယ်လို့ပြောရေ။ အစက ဒေရွာကို ငဆော်ဆိုရေ ရွာသူကြီးတည်ခစွာရွာဖြစ်လို့ ငဆော်ရွာလို့ခေါ်ရေ။ အဂု ငွေဆောင်ရွာဖြစ်နီဗျာယ်။ ဇာခါကပင် ဒေရွာကို တည်ခလေမသိ။ ပထမအင်္ဂလိပ်မြန်မာစစ်ပြီးရေအခါ ရခိုင်ရေ အင်္ဂလိပ်လက်အောက်ကို ရောက်လီရေမနား။ ယင်းခါက ဒေကမ်းခြေတစ်ခုလုံး ရခိုင်ကမ်းခြေဖြစ်ခဖူးရေ။ ပုသိမ်မြို့လွန်လို့ မြစ်တစ်ရာမြစ်ဝမှာ ရခိုင်နယ်ခြားမှတ်တိုင်တစ်ခုဟိဖူးရေလို့ ကိုယ်တော်ကြားဖူးရေလတ်။ စာအကြောင်းပီအကြောင်း မင်းပြားမြို့အကြောင်းတိကို ဆရာတော်နန့် အားရပါးရပြောခဖြစ်တေ။ ကျောင်းထက်မှာဟိနီရေ ဒကာတိက တစ်ခုလေ့ ဝင်မပြောကတ်။ နတ်ကရာမှာ ကျီးမော့ မော့လို့။

အသျှင်ဘုရားစက္ကိန္ဒကို မျိုးဇော်ပီးလိုက်တေစာရင်းကို ပြလိုက်တေခါ ရခိုင်ရွာတိကျန်သိမ့်ရေဟာန်။ ငါ့မှာဟိရေ စာရင်းတိ တိုက်ကြည့်ဗျာယ် စာတိုက်က ပို့ပီးလိုက်မေ ဒကာလတ်။ မနှစ်က ဝါဆိုရေ စာရင်းထဲမှာ ရခိုင်ဘုန်းကြီးတိ ဝါဆိုကျောင်းစာရင်းငါ့မှာဟိရေ၊ ငါရို့သုဓမ္မာဂိုဏ်းက ကျောင်းထိုင်နီရေ ရခိုင်ဘုန်းကြီးကျောင်းတိစာရင်းကို ဒကာလိုလို မယ်မယ် ယူလားလီဆိုဗျာယ်။ စာရင်းစာရွက်တစ်ရွက်ပီးရေအခါ

၁။ကွင်းချောင်းကျောင်း ၂၊ သပေါ့ကန်ကျောင်း ၃၊ သဲချောင်းကျောင်း ၄၊ နွယ်ညိုချောင်းကျောင်း ၅။ သဲကုန်းကျောင်း ၆။ ခရင်ကျောင်း ၇။ မကျည်းကျောင်း။ ၈။ ချောင်းသာရွာသစ်ကျောင်း၊ ၉။ ချောင်းသာရွာမကျောင်း။ ၁၀။ အောင်မင်္ဂလာကျွန်း(ဖိုးကလားကျွန်း)ကျောင်း။၁၀။ ဥတိုကျောင်း၊ ၁၁။ ဆိုက်ကြီးကျောင်း ၁၂။ ကံကြီးကျောင်း၊ ၁၃။ ဖုန်းမောင်ချိုင်ကျောင်း ၁၃။ သဇင်မြောက်ပိုင်းကျောင်း၊ ၁၄။ ဖုန်းဆိုးကြီးကျောင်း။ ၁၅။ ဇီးမော်ကျောင်း၊ ၁၆။ မရမ်းကုန်းကျောင်း၊ ၁၇။ ငွေဆောင်ကျောင်း (၁) ၁၈။ငွေဆောင်ကျောင်း(၂) ၊ ၁၉။ငွေဆောင်ကျောင်း(၃)၊ ၂၀။ငွေဆောင်ကျောင်း (၄) (ငွေဆောင်မှာ ရခိုင်ကျောင်းလေးကျောင်းရှိပါရေ) ၂၁။ ဘူးကွဲကြီးကျောင်း၊၂၂။ ရှောက်ချောင်းကျောင်း၊ ၂၃။ အုန်းတစ်ပင်ကုန်းကျောင်း။၂၄။ ရွာသာယာကျောင်း၊ ၂၅။ သဲဖြူကျောင်း၊ ၂၆။ ညောင်အုတ်ကျောင်း ၂၇။ ညောင်ဝိုင်းကျောင်း၊ ၂၈။ အုတ်ဖိုကျောင်း၊ ၂၉။ ကနစိုးကုန်းကျောင်း၊ ၃၀။ ရွာသစ်ကုန်းကျောင်း ၃၁။ သံပတ်ကွင်းကျောင်း ၃၂။ သစ်ရောင်းကျောင်း ၃၃။ အထက်ကုန်းကျောင်း၊ ၃၄။ အောက်ကုန်းကျောင်း ၃၅။ ဂုဏ်ညှင်းတန်းကျောင်း၊ ၃၆။ ကွမ်းသီးတောကျောင်း၊ ၃၇။ မီးကျောင်းခေါင်းကျောင်း၊ ၃၈။ ဘုရားချောင်းကျောင်း၊ ၃၉။ ကျောက်ခဲကြီးချောင်း၊ ၄၀။ ရွာသစ်ကျောင်း၊ ၄၁။ စမ်းတောင် ကျောင်း။ ၄၂။ ဆင်မှုံကျောင်း၊ ၄၃။ ငါးသလဲထိုးကျောင်း၊ ၄၄။သက်န်ကျောင်း၊ ၄၅။ ငရုပ်ကောင်း-ကြာပွင့်ချောင်ကျောင်း၊ ၄၆။ ငရုပ်ကောင်းရွာမကျောင်း ၄၇။ ကမ်းခြေဦးကျောင်း၊ ၄၈။ နတ်မော်ကျောင်း ၄၉။ ကျောက်ချောင်းလေးကျောင်း၊ ၅၀။ ငှက်ပျောချောင်းကျောင်း၊ ၅၁။ စပါးကြီးကျောင်း၊ ၅၂။ သဗ္ဗာန်ကုန်းကျောင်း၊ ၅၃။ပန်းမှော်ကျောင်း၊ ၅၄။ငန်းချောင်း ကျောင်း၊ ၅၅။ကွင်းပတ်ချောင်း၊ ၅၆။ကွင်းဝိုင်းချောင်း၊ ၅၇။သဲချောင်းကျောင်း၊

၅၈။သဗ္ဗာန်လေးချောင်း၊ ၅၉။ဖေါင်တိုးချောင်း၊ ၆၀။ ပက်လက်ကျောင်း၊ ၆၁။ဇီးချိုင်ကျောင်း၊ ၆၂။ကြာကန်ကျောင်း၊ ၆၃။ မော်တင်စွန်းကျောင်း၊ ၆၄။ကံချိုင်ကျောင်း၊ ၆၅။ကျောက်ချောင်းကျောင်း. . . ရို့ကို တွိ့ရပါရေ။

ဆရာတော်က ဒေကျောင်းအားလုံးမှာ ရခိုင်ဘုန်းကြီးတိ သီတင်းသုံးနီရေ၊ ကျောင်းထိုင်ကတ်တေ ၊ ဒေကမ်းခြေမှာ ရွာပေါင်း (၈၀)ကျော်လောက်ဟိရေ။ ကျန်ရေရွာတိမှာတော့ ကရင်ဘုန်းကြီးတိနန့် ဗမာဘုန်းကြီးတိ ကျောင်းထိုင်နီကတ်တေ ဒကာလို့ ပြောပါရေ။ ဒေစာရင်းစွာ ဒေနှစ်ဝါဆိုဖို့ ဂိုဏ်းကချပီးထားစွာစာရင်းဖြစ်တေလို့လဲ သက်သီဆိုပြန်ရေ။ ဒကာ ဇာခါပြန်ဖို့လဲ။ ပြန်ကေ ပုသိမ်မှာ ရခိုင်ဘုန်းကြီးကျောင်းတိကို တစ်ခေါက်ဝင်လီပလင်။ ဒေမှာလေ့ ငါရို့ကျောင်းအပြင် နောက်ထပ် ရခိုင်ကျောင်းလေးကျောင်းဟိသိမ့်ရေ။ အချိန်ရကေ ဒကာဝင်ဖူးခီ။ အသျှင်ဘုရားနန့် အင်တန်ကြာအောင် စကားပြောပီးမှ ဟိုတယ်ကို ပြန်ဖြစ်ပါရေ။ ညဇာဖက်ခါ သီလရက္ခိကျောင်းကိုလားဗျာလ် အသျှင်ဦးကေလာသကို ဖူးတွိ့ရေ။ အသျှင်ဦးကေလာသက ဇာတိကျောက်ဖြူကလတ်။ ဒေမှာ အဘိုးဘုန်းကြီးတစ်ပါးပါးကို အလည်လာယင်း အဘိုးကိုပြုစုယင်း နန့် အဘိုးပျံလွန်တော်မူလားခလို့ ကိုယ့်ပါးကို မပြန်ဖြစ်ဘဲ ကျောင်းထိုင်ဖို့ကျနီဗျာယ်လို့ ဆိုပါရေ။ အသျှင်ဘုရား ကေလာသနန့် နာရီဝက် တစ်နာရီ ပြောဆိုပီးခါမှ ကျောင်းထက်က ဆင်းလာပါရေ။ ကျန်ရေ ရခိုင်ဘုန်းကြီးကျောင်း နှစ် ကျောင်းကိုတော့ အချိန်မရလို့ ဝင်ရောက်ဖူးမျှော်ခြင်းမပြုခရပါ။

မိုးထစောစော ငွေဆောင်က ပုသိမ်ကို ပြန်ဖြစ်တေအတွက် ကိုးနာရီလောက်မှာ ပုသိမ်ကို ရောက်နီဗျာယ်။ အသျှင်စက္ကိန္ဒပေးလိုက်တေ လိပ်စာအတိုင်း မင်္ဂလာအောင်မြေစာသင်တိုက်ကို ရောက်လားခပါရေ။ ကျောင်းသျှင်ဘုန်းကြီး မဟိလို့ စာချကိုယ်တော် ဦးသုမင်္ဂလ တွိ့ရေခါ ဦးသုမင်္ဂလကို လာရင်းအကြောင်းတိကို လျှောက်တင်မိပါရေ။ အသျှင်သုမင်္ဂလ ရေ ဗဟုသုတပြည့်စုံရေ ကိုယ်တော်တစ်ပါးဖြစ်ရေ။ အသက်(၃၀)ဝန်းကျင်ရာဟိဖို့။ စာတတ်ပုဂ္ဂိုလ်ဖြစ်လို့ အပြောညက်ရေ။ သုတစုံရေ။ ယေပြီးကေ ရခိုင်အကြောင်းကို ကောင်းကောင်းသိရေ။ ပြောလိုက်စွာကလေ့ ရခိုင်အကြောင်းချည်းဗျာယ် စုံလို့။ မဟာပညာကျော်အကြောင်း မဟာပညာကျော် အုတ်ဂူအကြောင်း၊ မော်တင်စွန်းအကြောင်း ရခိုင်သမိုင်းကြောင်း အကြောင်းတိစုံလို့။ ပုသိမ်မြို့ထက်မှာ ရခိုင်နယ်ခြားမှတ်တိုင်ဟိရေလို့ ကြားဖူးရေလတ်။ သူ မတွိ့လိုက် မမြင်ဖူးလိုက် သက်ကြီးဝါကြီးတိကိုတစ်ခေါက် မိန်းကြည့်ရဖို့သိမ့်လို့ဆိုရေ။ ကျွန်တော်က အသျှင်ဘုရား ပုသိမ်မြို့မှာ ရခိုင်ဘုန်းကြီးတိ ဇာချိန်ကပင် ရောက်နီလဲ။ ရခိုင်ဘုန်းကြီးကျောင်း ဇာနှစ်ကျောင်းဟိရေလဲလို့ ဆိုရေခါ ပုသိမ်မြို့မှာ ရခိုင်ဘုန်းကြီးကျောင်း ကြီးကြီးမားမား ကိုးကျောင်းဟိရေ။ ဒကာမှတ်ဖို့ဆိုကေ မှတ်ယူလီလို့ဆိုဗျာယ်။ ဘုန်းကြီးကျောင်းနာမည်တိကို ဆိုသမျှ လိုက်ကူးခပါရေ။

၁။ ပစ္ဆိမာရုံကျောင်း၊ ၂။ မဟာရုံသီကျောင်း၊ ၃။ သံတွဲဓမ္မရိပ်သာကျောင်း၊ ၄။ သာသနာ့ရောင်ခြည်ကျောင်း၊ ၅။ မင်္ဂလာ အောင်မြေကျောင်း ၅။ ဝိသုတ်ရုံကျောင်း၊ ၆။ စန္ဒာရာမိကကျောင်း၊ ၇၊ ကျောက်ပုန်းတောရကျောင်း၊ ၈၊ အောင်မြေဗိမာန် ကျောင်း၊ ၉။ ဓမ္မသုခိတကျောင်း ရို့ဖြစ်တေလတ်။ ရခိုင်ကျောင်းသျှေတိလေ့ ဟိဖို့သိမ့်လို့ဆိုရေ။ ဦးပဥ္ဇင်းသိရေ လောက်ရာလတ်။ ဦးပဥ္ဇင်းက ဒေငပုတောမြို့နယ် ဇီးချိုင်ကလို့ ဇာတိကိုပြောရေ။

အသျှင်ဘုရား ဒေပုသိမ်မြို့မှာ ရခိုင်သင့်ယောင်လောက် ဟိပါဖို့လားလို့ မေးရေခါ ငါ့အထင် အိမ်ခြီရှစ်ထောင်နန့် တစ်သောင်းကြားလောက်မှာဟိဖို့ကာ၊ လူဦးရေကိုတော့ သုံးသောင်း သုံးသောင်းခွဲလောက်ပြောကေရဖို့ထင်ယင့်။ ဒေမြို့မှာ လေ့ ရခိုင်သာရေး နာရေးအသင်းတစ်ခုဟိရေ။ တကာဆက်သွယ်လို့ မိန်းကြည့်ပလင်လတ်။ အသျှင်ဘုရားနန့် စကားအကြာ ကြီးပြောချင်ကေလေ့ ဆွမ်းခံကြွဖို့ဟိသိမ့်ရေတကာဆိုလို့ စကားကိုဖြတ်ဗျာယ် ပြန်ဖြစ်တေ။

ပုသိမ်မြို့မှာ ထမင်းစားကတ်မေလို့ ဆိုကေလေ့ အားလုံးက အိမ်ကိုရောက်မှ စားကတ်ဖို့ဗျာယ်ဆိုရေအတွက် ပုသိမ်နန့် ရန်ကုန်ကို မနားတမ်းကားမောင်းဗျာယ် ပြန်ဖြစ်တေ။ ချောင်းသာနန့် ငွေဆောင်ကို လားခီရေ အပျော်ခရီးမှာ ဝီးကွာနီရရေ ဆွေမျိုးတိကို ပြန်တွိနီရပါရေ။ ယေကေလေ့ ချင်တိုင်းမဖြစ်တေ လောကကြီးထဲမှာ ဝီးကျန်လိုက်ကတ်ဖိ အသင်ရခိုင်သားရို့လို့ အော်ဗျာယ်. . . . ကြွီးဗျာယ်. . . . ပြောလိုက်ချင်ပါယင့်။

ရှိုးမလှ

၂၇-၁၂-၂၀၀၅

# အရှိရခိုင်သို့ လွမ်းပါသည်

ဒေပိုင်နီရာမျိုးမှာ ရခိုင်စကားပြောနီရေ ရခိုင်လူမျိုးတိ ရာထောင်ချီလို့ ဟိလီဖို့လို့ လုံးဝမထင်ခ။ အဂုက မာန်အောင် ဒေသိယစကားကို ပြောဗျာယ်။ တစ်ရွာလုံး၊ တစ်မျိုးလုံး၊ ဟိနီကတ်စွာရာမနား။

ယေဒါလေ့သူရို့ ဒေနီရာကို ဇာခါကပင် ရောက်နီလေ့ဆိုစွာကို တစ်ယောက်တောင်မသိကတ်၊ ကြာတော့ ကြာဗျာယ်လို့ဆိုယင့်။ ထိုး. . . အဖိုး အဖီးရို့ခေတ်ကပင် နီလာကတ်စွာလို့ အတိအကျပြောနိုင်ရေ။ သူရို့ထက်အသက်ကြီး ရေ ဘကြီး ဦးဘရွှေနန့် တွိ့မှုဖြစ်ဖို့လတ်။ ဘကြီးဦးဘရွှေ အသက်ကိုးဆယ်နှစ်နှစ်ဟိဗျာယ်။ ဘကြီးဦးဆိတ်တောင်းလေ့ (၈၅)နှစ်ဟိဗျာယ်ဆိုယင့်။ ဘကြီးရို့ရေ ကံချိုင်ပေါက်ဖွားဖြစ်တေ။ ဘကြီးဦးဘရွှေက အမိ ဒေါ်မညိုနန့် အဖ ဦးဘစိန်ရို့ ဘက်ကမွီးရေ သားသမီးခြောက်ယောက်ထဲက တတိယမြောက်သားလတ်။ သူ့အမိဘက်က အဖိုး ဦးပျော့ကြီးကို သူကောင်းကောင်းမှတ်မိရေ။ သူရို့ရေ ဒေဇာတိ၊ ဒေနီရာကို ပြောင်းလာရေလူတိမဟုတ်။

ဒေကံချိုင်ရွာမှာ ရပ်ကွက်(၆)ကွက်ဟိရေလတ်။ အထက်စုရပ်ကွက်၊ ရွာမရပ်ကွက်၊ နတ်ကုန်သာရပ်ကွက်၊ အောက်ကွင်းရပ်ကွက်၊ ကျားတန်းရပ်ကွက်(ကမ်းသာယာရပ်ကွက်)၊ ဘန့်ဘွေးရပ်ကွက်ရို့လတ်။ အိမ်ခြေစုစုပေါင်း (၁၀၆၁)အိမ် ဟိရေ။ လူဦးရေစုစုပေါင်း (၄၁၆၁)ယောက်နီကတ်ရေလတ်။ ဘုန်းကြီးကျောင်းက နှစ်ကျောင်း၊ အစကပင် တစ်ရွာလုံး ရခိုင်။ အဂု သုံးပုံနှစ်ပုံ ရခိုင်လတ်။ အလုပ်အကိုင်က လယ်လုပ်တေ၊ ယာလုပ်တေ၊ ငါးရှာရေ၊ အလုပ်ရာဟိရေ လတ်။ ဘကြီးဦးဘရွှေဘဝမှာ ဒေပိုင်မုန်တိုင်းကြီး နှစ်ကြိမ်ခံဖူးရေဆိုကာ နာဂစ်မုန်တိုင်းမှာ ကံချိုင်ရွာတစ်ရွာလုံး တစ်အိမ် မကျန် ပျက်စီးလားရေ။

'ငါ့တူရို့က ဇာကလဲ၊ ငါရို့ရွာကို အေပိုင် ရခိုင်သားအများကြီး ရောက်လာစွာ အေတစ်ခါရာ ဟိဖူးရေ၊ အယင်က ယောက်စိယောက်စိုင်ရာ ရခိုင်ရောက်တေ၊ မင်းရို့အနောက်ရခိုင်က ရခိုင်သားတိ ဇာလုပ်ဖို့လာလေ၊ လူဇာနှစ်ယောက် ပါလေလို့ ဘကြီးဦးဘရွှေ ဝမ်းနည်းကောင်းထမန်းမိန်းရေ'

'ဟုတ်ပါရေ ဘကြီး၊ ကျွန်တော်ရို့ ရခိုင်သဟာယအသင်း(ရန်ကုန်)က မော်တင်စွန်းဘုရားကို ဘုရားဖူးခရီး ထွက်လာစွာပါ၊ စုစုပေါင်း (၁၅၄)ယောက် ပါပါရေ။ အားလုံး ရခိုင်လူမျိုးလို့ဆိုကေ ရပါဖို့၊ ကျွန်တော်ရို့ရေ အဂုမှာရာ ဒေရွာကိုရောက်စွာမဟုတ်ပါ၊ နာဂစ်မုန်တိုင်းတိုက်ပီးခါ အေအရပ် အေဒေသကို ကျွန်တော်ရို့ ရန်ကုန်ရောက် ရခိုင်မိသားစု က တတ်နိုင်သလောက်ကူညီဖို့ ရောက်ခပီးဗျာယ်မဟုတ်ပါလား။ အိမ်ရှိပူကေ အိမ်နောက်မချမ်းသာလို့ဆိုရေပိုင် ကျွန်တော်ရို့ ရခိုင်သားတိ တတ်နိုင်သလောက် ရသလောက် ကူခကတ်ပါရေ။ ယင်းအထဲမှာ နိုင်ငံတကာရောက် ရခိုင်သားတိလေ့ ကူခပါရေဝါ'လို့ ဥက္ကဌ ဦးမျိုးဆွေက ရှင်းပြပါရေ။

ညဇာဖက်မှာ တခမ်းတနားစီစဉ်ထားရေ ဒင်နာကိုရာတစ်ချက်ကြည့်၊ ရန်ကုန်မြို့မှာတောင် အေပိုင် ကြီးကျယ်ခမ်းနားရေ ညစာစားပွဲမျိုး စီစဉ်ဖို့မလွယ်၊ ဒေနီရာမှာ ရခိုင်သဟာယ ကော်မတီဝင်တိ စီစဉ်ထားပုံက လိုက်ပါ လာသူအားလုံး အံ့ဩစီရေ။

ကံချိုင်တစ်ရွာလုံး ဝိုင်းဝန်းကူညီထားစွာဖြစ်လို့ စားရေလူထက် တည်ခင်းဧည့်ခံရေလူကများရေ။ ဇာတ်စင်ကြီး တစ်မျှ စီစဉ်ထားရေဟောပြောစင်ကြီးမှာ ဆရာထွန်းရွှေခိုင်နန့် ရခိုင်လှမြင့်က အားမာန်အပြည့်နန့် ဟောပြောကတ်စွာကို အားလုံးက အကြိုက်ဆုံးလတ်။ ဇာတ်စင်ထက်မှာ လာရေလူအားလုံး တေးချင်းဆိုရေလူကဆို၊ ကရေလူက ကနန့် ညဉ့်နက် သန်းခေါင်တိုင်အောင်ထိ။

၂၆. ၁၂. ၂၀၀၈နိန့် ညဉ့်(၉)နာရီကပင် ရန်ကုန်မြို့က ထွက်လာကတ်စွာ။ ပုသိမ်ဆိပ်ကမ်းကို မိုးလင်းအာရုဏ် (၃)နာရီမှာရောက်တေ။ ယင်းကတစ်ဆင့် (၃နာရီခွဲ)မှာ ဘုတ်နန့် ထွက်လာစွာ(ရခိုင်သဟာယစီစဉ်သူရို့က ဒေဘုတ်ကို သဘော်လတ်) ၂၇. ၁၂. ၂၀၀၈နိန့် နိခင်း(၁)နာရီမှာ ခမောက်မော်ရွာကို ရောက်တေ။ ဇီးချိုင်က ကံချိုင်ကို ထော်လာဂျီနန့် ခေါ်လားရေ။ ကံချိုင်ဘုန်းကြီးကျောင်းမှာ တည်းဖို့ခိုဖို့ ခမ်းခမ်းနားနား လုပ်ထားကေလေ့ ကံချိုင်ဘုန်းကြီးကျောင်းက နာဂစ်မုန်တိုင်းဒါဏ်ကြောင့် ခနော်ခနဲ့။ ပုသိမ်က ဇီးချိုင်ကိုလာရေ မြစ်လမ်းတစ်လျှောက်မှာ ဟိရေဝန်းကျင်က ရခိုင်ပြည်နန့် အတူတူဗျာယ်လို့ လူတိုင်းလိုလို ခံစားပြောဆိုကတ်တေ။ ကြည့်. . မြစ်ထဲမှာ ကျားပါးစပ်ပိုက်တိနန့် ငါးဖမ်းနီကတ်စွာမတူလာ။ စိုင်းဒြားငှက်သျှေတိက ဘုတ်နောက်ကလိုက်ဗျာယ် အော်နီကတ်တေ။

တစ်ရက်လုံး ရခိုင်သဟာယအသင်းက ကျွေးသမျှကို စားထားကေလေ့ အိပ်မပျော်၊ ခဲဝါအူသံတိကို ဘုန်းကြီးကျောင်းက ကြားနီရရေ။ မိုးထအတွက် ချက်ပြုတ်နီရေ ကံချိုင်ရွာသားရို့ ဇွဲကလေ့ မိုးတလင်း။ မိုးလင်းဖို့ဗျာယ် ဖြစ်လို့ ကျောင်းထက်က ဆရာတော် ဆင်းပါလတ်ဗျာယ်။

‘တကာကြီး ရန်ကုန်က လာစွာလား၊ ရန်ကုန်ရောက် ရခိုင်လား’

‘မှန်ပါ့၊ ရန်ကုန်က လာစွာပါဘုရား’

‘ဩော်. . ငါရို့ရခိုင်သားတိ အေပိုင် အများအစား မရောက်စွာ နှစ်ပေါင်း(၅၀၀)လောက်ဟိဗျာယ်၊ အတိအကျ ပြောဖို့ဆိုကေ နှစ်(၄၉၀)ကျော်ဗျာယ် တကာ’

***

မော်တင်စွန်းဘုရားရေ ကံချိုင်ရွာနန့် (၃)မိုင်လောက်ဝီးရေ၊ ၂၈. ၂. ၂၀၀၉ နိန့် မိုးထစောစော ၆း၃၀နာရီမှာ ပင်လယ်ကမ်းနားက မော်တင်စွန်းဘုရားကို လားရစွာဖြစ်လို့ ပင်လယ်ပြင်က တိုက်လာရေလေတိ စိတ်ကိုလန်းစီရေ။ ငွေ့သွေ့ကို ကွေ့လိုက်မှ မော်တင်စွန်းဘုရားကို ဖူးမြင်ရရေ။ ရခိုင်ရို့က ကျွန်းအဖျားကို မော်လို့ခေါ်ရေ။ ရခိုင်ပြည်မှာ ဗုဒ္ဓေါမော်၊ ကြိမ်ခမော်၊ ဆင်တမော်၊ စခန်းမော် (မအီချောင်း)၊ ကင်းမော်(သံတွဲ)၊ အဂုတစ်ခါ မော်တင်စွန်းလတ်၊ ဒေဝေါဟာရစွာ ရခိုင်ဝေါဟာရအစစ်၊ ဇာသူငြင်းဖို့လဲ။ မြန်မာစာအဘိဓါန်ကျမ်း စာ-၂၇၂မှာ မော်=မျက်နှာကို အနည်းငယ်မော့သည်၊ ဝင့်ကြွားသည်၊ မြင့်မော်သောအငူစွန်း၊ အမော်လို့ ဖွင့်ဆိုထားရေ။ အသျှေကပင် အဖိုးသျှင် အဘောင်သျှင်ရို့ ပြောရေစကားကို တဖြည်းဖြည်း ကြားယောင်မိရေ။ လောင်းနန့်လားကေ မော်ဖျားမှာတင်ပခ၊ မော်စွန်းဖျား က စောင့်နီလီ၊ အမှန်ပင် ငါရို့ မော်တင်စွန်း မဟုတ်လား၊ မော်တင်စွန်းဘုရားထက်က မိုင်ပေါင်း(၄၄၀)လောက်ဝီးရေ နတ်မြစ်ဝကို လှမ်းကြည့်မိပါရေ။

ရွာနာမည်တိကိုလေ့ တစ်ချက်ကြည့်၊ ဇီးချိုင်၊ ကံချိုင်လတ်၊ ဒေပိုင်နာမည်မျိုး ငါရို့ဘားမှာလေ့ ဟိရေ။ သပြုချိုင်၊ လုံးသာချိုင်၊ ရွှေဝါချိုင်၊ အင်္ဂရားချိုင်၊ ထိုချိုင် ဒေချိုင် အများကြီးကျန်ဖို့သိမ့်၊ ဒေနာမည်တိကိုလေ့ တစ်ရက်သုတေသန လုပ်သင့်ရေ။

မော်တင်စွန်းဘုရားကို ရောက်တေခါ အမတ်ကြီးမဟာပညာကျော်ကို သတိရပါရေ။ ထိုးကုန်ခါရေ နှစ်ပေါင်း(၄၀၀) ကျော် (၅၀၀)လောက်က ရခိုင်ဘုရင် မင်းဗာကြီးခေါ် ဘစောသီရိမှာ အမတ်ကြီးမဟာပညာကျော်လို့ ခေါ်ရေ ပညာဟိ တစ်ယောက်ဟိပါရေလတ်။ အသျှေကပင် သူငယ်ချင်းဖြစ်လို့ သံယောဇဉ်လေ့ ပိုကြီးကတ်တေလတ်။ မဟာပညာကျော်နန့် အတူ အသျှင်ဦးမြဝါလေ့ ဖွားဖက်လို့ဆိုပါရေ။ မဟာပညာကျော်ရေ စစ်တကောင်းစားအမတ်အဖြစ်နန့်လေ့ ရခိုင်သမိုင်းမှာ ထင်ရှားပါရေ။ မြောက်ဦး ရွှေထီးဆောင်းရေခေတ်မှာ မင်းဗာကြီး၊ မင်းတိက္ခာ၊ မင်းစောလှ၊ စကြာဝတေး၊ မင်းဖလောင်း၊ မင်းရာဇာကြီး၊ လက်ထက်ကိုထိ မင်း(၆)ဆက်မြောက်အောင် တိုင်းရေးပြည်ရာတိကို ထမ်းဆောင်ခရေ သက်တော်ရှည် အမတ်ကြီးလေ့ ဖြစ်ပါရေ။

ရခိုင်ဘုရင့်နိုင်ငံတော်ကြီးကို ဖွဲ့စည်းပုံရီးဆွဲရေအခါက ဦးစီးဦးဆောင် ပါဝင်ခရေ အမတ်ပညာရှိကြီးလေ့ ဖြစ်ပါရေ။ ရွှေဗျဉ်းဓမ္မသတ်ကျမ်း၊ ရာဇနိတိကျမ်း၊ ရာဇဝံသကျမ်း၊ ရာဇမတ္တကျမ်း၊ ရာဇဝသောကကျမ်း၊ ရာဇဝသတိလင်္ကာ၊ ရာဇောပါဒပဏ္ဏိကာ္ဘလင်္ကာကျမ်းနန့် (၁၂)ရာသီရတုရို့ကိုလေ့ ရီးသားခရေ အမတ်ကြီးဖြစ်ပါရေ။ ရခိုင်စာပီသမိုင်းထဲမှာ မဟာပညာကျော်လျှောက်ထုံးလို့ နာမည်ကြီးရေ လျှောက်ထုံးနန့်အတူ ဖြတ်ထုံးတိကိုလေ့ စီရင်ရီးသားခပါရေ။

ရခိုင်သမိုင်းထဲက မဟာပညာကျော်မျိုးရိုးမှာ သား မဟာပညာဝံသ(ကျီးညို)၊ မြေး ငလက်ရုံး၊ မြစ် ငခင်ညို၊ တီ ကိုယ်ရံကြီးရဲအောင်၊ တွတ် ရွှေသဲရို့ဖြစ်တေ။ အမတ်ကြီး မဟာပညာကျော်ကို သက္ကရာဇ် (၁၄၈၈)ခုနှစ် ကဆုန်လပြည့် သောကြာနိန့်မှာ မွီးဖွားပြီးကေ (၁၅၉၉)ခုနှစ်မှာ ရခိုင်ဘုရင်မင်းဗာကြီးရေ ဟံသာဝတီကိုတိုက်လို့ အောင်ပွဲဆင်ဗျာယ် ရခိုင့်နေပြည်တော် မြောက်ဦးအပြန်ခရီးမှာ ကွယ်လွန်အနိစ္စရောက်ခရေ။

တောင်ထက်က စေတီကြီးနားမှာ သဟာယအသင်းဝင်တိနန့် ကော်မတီရို့ ဘုရားဖူးယင်း ငြင်းခုန်နီကတ်တေ၊

ဒု-ဥက္က႒ကြီး ကိုမျိုးဆွေက မဟာပညာကျော်လျှောက်ထုံးစာအုပ်ကို ကိုင်ဗျာယ်၊ ‘ဒေစာအုပ်ရေ (၁၉၆၄)ခုနှစ် ဒီဇင်ဘာလမှာ ဟံသာဝတီပုံနှိပ်တိုက်က ထုတ်ခရေစာအုပ်ဖြစ်တေ။ ဒေစာအုပ် စာမျက်နှာ(၁၂၁)မှာ ပါစွာကိုရာ တစ်ချက် ကြည့်ဒေ၊

‘မော်တင်စွန်းသို့ ရောက်သောအခါ အမတ်ကြီးမဟာပညာကျော် သေလွန်သောအခါ ကြီးကျယ်စွာနှင့် သင်္ဂြိုလ်တော်မူ၍ အမတ်ကြီးကို သင်္ဂြိုလ်သောသချိုင်းရာပေါ်တွင် ဘုရားစေတီတည်ခဲ့လေသည်။ ထိုစေတီတော်ကြီးကို ယခုတိုင် မော်တင် စေတီကြီးဟု ထင်ရှားစွာခေါ်ဝေါ်လျက်ရှိလေ၏လတ်’ ဒေစာအုပ်မှာ အတိအကျဖော်ပြထားရေ ဇာငြင်းဖို့သိမ့်လဲ’

ယင်းစာအုပ်မှာ ဇာလောက်ပင် ဖော်ပြထားထား ဒေမော်တင်စွန်းဘုရားနားမှာ ရောင်းနီရေ မော်တင်စွန်းဘုရား သမိုင်း စာအုပ်တိကရာ တစ်ချက်ကြည့်။ ဗုဒ္ဓမြတ်စွာဘုရား ဆံတော်ရှင်ဓာတ်ကို တည်ထားကိုးကွယ်စွာဖြစ်လို့ ဆံတော်ရှင် မော်တင်စွန်းဘုရားလို့ အတိအကျဖော်ပြထားရေ စာအုပ်တိကို အကိုမြင်ယင့်သားနန့် ငြင်းနီစွာက ဟုတ်ကိုမဟုတ်ဗျာယ်လို့ အတွင်းရေးမှူး ကိုထွန်းနိုင်က ချေပရေ။

ငြင်းခုံဆွေးနွေးပွဲရေ ပိုလို့ကျယ်ပြန့်လာရေ။ ဆံတော်ရှင်မော်တင်စွန်းဖက်က ရပ်တည်လူ ပိုများလာရေ။ ကြားနီလူ တစ်ချို့ကလေ့ မကြားဟန်ဆောင်နီကတ်တေ။ သမိုင်းမှတ်တမ်းဆိုစွာ လူအများစုဖက်ကရာ ရပ်တည်ဖို့လား။

***

၂၈. ၁၂. ၂၀၀၈ မိုးထ(၉)နာရီကပင် ဆွမ်းကျွေးဖို့ ဖိတ်ထားစွာ ရွာသားတိ ရောက်နီကတ်တေ။ အာဂန္တုတိလေ့ ကျောင်းအောက်မှာပြည့်လို့ အသျှင်ဘုရားတရာဟောရေအခါ တိုင်ပင်ထားကတ်စွာ မဟုတ်ကေလေ့ လူတိုင်းမျက်နှာမှာ က သောကရိပ်တိ ထင်ဟပ်နီရေ။ နာဂစ်မုန်တိုင်းရေ ဒေရွာကိုလေ့ မှီနှောက်ထားခစွာရာမနား၊ သီသူသီ ပျောက်သူပျောက် သူပျောက် တစ်ရွာလုံးကို သောကရောက်စေရေ မုန်တိုင်း၊ ရခိုင်သားဖြစ်လို့ လှိုင်းလီကို မကြောက် မိုးကိုမကြောက် ဆိုကေလေ့ နာဂစ်မုန်တိုင်းရေ အနှောက်ရခိုင်ကို မရောက်ခ၊ အရှိဖက်က ရခိုင်တိကို ဒေါသတကြီးနန့် ရန်ရှာပစ်ခရေ ထော။

ကောင်းရာမွန်ရာတိကို ရောက်လီကတ်ဖို့ အမျှပီးဝီကတ်တေခါ ရွာသူရွာသားတစ်ချို့ ငိုကတ်တေ။ ကိုယ့်ကိုကိုယ် အသဲမာရေလူလို့ မှတ်ကေလေ့ လူမမြင်အောင် မျက်ရည်ကျမိပါယင့်။ ရခိုင်သဟာယအသင်းက လူကြီးတိ စေတနာကို အသိအမှတ်မပြုဘဲ မနေနိုင်။ ဒေဆွမ်းကျွေးပွဲမှာ စားစရာတိ ကန်ကမကန်၊ စုံအောင်စားကြည့်ဖို့လို့ စိတ်ကမှတ်ကေလေ့ မစားနိုင်ခ။

ရခိုင်သဟာယအသင်းက လူကြီးတိက နောက်နှစ်လေ့ မော်တင်စွန်းဘုရာကို ဖူးယင်း ဒေရွာကို ဖြစ်အောင်လာလေ့ မေလို့ ကတိပီးကတ်ပြန်ရေထော။

(၁၁)နာရီထိုးစွာနန့် ခမောက်မော်ကို လားကတ်ဖို့ ထော်လာဂျီတိ ကားတိ ရောက်လာလို့ ခမောက်မော်က သဘော်ာဆိပ်ကို ဆင်းကတ်ရရေ။ ထော်လာဂျီထက်ကို အတက်မှာ ရွာက ဝါကြီးမတစ်ချို့ နောက်တစ်ခေါက်လာလတ်ကတ် နှမ်းမောင်သျှေရို့လို့ အမိကသားကို မှာရေလီသံနန့် မှာနီကတ်တေ။ သံယောဇဉ်ကြီးတေ ဝါကြီးမတိလီသံက ရင်ကိုကိုင်လို့ လှုပ်နီရေပိုင်ကာ၊ ‘အကြီးမရို့ရွာကိုလေ အေလောက်များရေ ရခိုင်သားတိစုဗျာယ်လာစွာ တစ်သက်နန့်တစ်ကိုယ်မှာ အေတစ်ခါရာမြင်ဖူးရေ မသီခင် နောက်တစ်ခေါက်လောက် မြင်ချင်လို့ နောက်နှစ်ခါ ဖြစ်အောင်လာလတ်ကေနှမ်းလို့ ဖိတ်တေအသံက . . . .

**ရိုးမလူ**
**၆. ၁. ၂၀၀၉**

# ရခိုင်ညွန့်ဖူးနန့်ကျွန်တော်

နိန့်က ၂၂-၁၂-၂၀၀၀ပြည့်နှစ်။

ရက်က သောကြာ။

နိန်ရာက အမှတ် (၅၄၆)၊ ရွှေယင်းမာလမ်း၊ ဒဂုံမြောက်၊ ရန်ကုန်မြို့၊ ဆရာ ဦးမြထွန်းအောင် နီအိမ်။

လူက သုံးယောက်။

ဆရာရို့နှစ်ယောက် ရှိဖြစ်နောက်ဖြစ်နန့်အတူ ရခိုင်စာပီ၊ ရခိုင်သမိုင်း၊ အနာဂတ် ရခိုင်အကြောင်းတိကို အင်တန်သျှေပြောပြီးခါ-

'ဆရာ၊ ရခိုင်ညွှန့်ဖူးစာအုပ် ဇာပိုင်ထွက်လာရေအကြောင်းအရာတိကို သိချင်ပါရေ'

'ကိုဗသိန်း ပြောပြလိုက်ပလင်'

ဆရာ ဦးမြထွန်းအောင်က စကားလမ်းစဖော်ပီးလိုက်တေ။ ယေခါ ဆရာ မောင်ဗသိန်းက. . . .

'ရခိုင်ညွှန့်ဖူး စာအုပ်အကြောင်းကို ပြောပြဖို့ဆိုကေ ရခိုင်စာအုပ်တချို့ သမိုင်းကြောင်းကိုလေ့ တစိသျှေပြောပြဖို့ လိုလိမ့်မေထင်ရေနှမ်း ကိုမြထွန်းအောင်။ ၁၉၄၇-၄၈လောက်က စစ်တွေမြို့မှာ ဘဝသစ်စာစောင်ရေ ဒေခေတ်ဂျာနယ် ပုံစံပိုင် ထွက်လှာရေ၊ ၁၉၄၉-၅၀ လောက်မှာ ရန်ကုန်မြို့၊ ၃၄-လမ်း၊ ရခိုင်လူငယ်အသင်းက အာရုဏ်ဦးစာစောင် ထွက်လှာရေ။ ယင်း၁၉၅၀-ခုနှစ်မှာဗျာယ် တက္ကသိုလ်ကျောင်းသားတိ ဦးစီးပြီးကေ လွတ်လပ်ရေးစာစောင်ထွက်လှာရေ၊ ဓညဝတီမဂ္ဂဇင်းကိုလေ့သော့ ထုတ်ကတ်သိမ့်ရေလတ်၊ ပြီးခါ ၁၉၅၁-ခုနှစ်မှာ ရခိုင့်တန်ဆောင်မဂ္ဂဇင်းထွက်လှာရေ၊ ယင်းမဂ္ဂဇင်းနောက်ပိုင်းမှာ တက်နေသစ် စာစောင်၊ ဓညစာစောင်၊ ခေတ်ရှိစာစောင်ရို့ကိုလေ့ စစ်တွေမြို့က ကလောင်သျှင်တိ ထုတ်ဝီကတ်တေ ရခိုင့်ဇာနည်ဂျာနယ် တစ်စောင်ကို လူငယ်တိစုပေါင်းဗျာယ် ရန်ကုန်မြို့မှာ ထုတ်ဝီကတ်တေ'

'၁၉၆၆-ခုမှာ ဆရာကြီး ဦးအောင်သာဦးရီးရေ ရခိုင်ယဉ်ကျေးမှု ဝေသာလီခေတ်စာအုပ်ကို တက္ကသိုလ်ကျောင်းသားတိက ထုတ်ဝီခရေ၊ ယင်းစာအုပ်ကို ရောင်းရရေ ဖေသာနန့် ရခိုင့်တန်ဆောင်မဂ္ဂဇင်းလေ့ မထွက်နိုင်လို့ နောက်ထပ်စာအုပ်တစ်အုပ် အစားထိုးရေသဘောနန့် ထုတ်ဖို့ကြိုးစားကတ်တေ။ ယေဒါလေ့ ရန်ပုံငွေမလုံလောက်တေအတွက် ရန်ကုန်မြို့က ရန်ကင်း၊ ကျောက်ကုန်းရို့မှာနိန်ရေ ရခိုင်အိမ်တိကို တစ်အိမ်တက်ဆင်း ကြိုရောင်းရေသဘောလေ့ ဖြစ်၊ အလှူခံရေသဘောမျိုးလေ့ ဖြစ်တေပုံစံမျိုးနန့် ဖေသာရှာကတ်တေ။ စာအုပ်ထွက်တေခါ စာအုပ်လာပီးပါမေ။ ကြိုတင်ဖေသာပီးကတ်ပါလို့ တောင်းပန်ရေအတွက် တချို့လေ့ ဖေသာထည့်ကတ်တေ။ တချို့ကလေ့ မထည့်ကတ်။ ယေကေလေ့ ၁၉၆၈-ခု၊ ဇူလိုင်လမှာ ရခိုင်ညွှန့်ဖူးဆိုရေ ရခိုင်ယဉ်ကျေးမှုဆိုင်ရာဆောင်းပါး စာအုပ်တစ်အုပ်ထွက်ဖြစ်အောင် ထွက်လှာလတ်တေယေ။ ဒေစာအုပ်နာမည်ရေ ရခိုင်မင်းသမီးခြေင်း(ချင်း)က 'ရခိုင်ညွှန့်ဖူး'ဆိုရေနာမည်ကို စီစဉ်ထုတ်ဝေရေလူတိ တညီတညွတ်တည်း ဆုံးဖြတ်ကတ်စွာဖြစ်တေ။ ဒေရခိုင်ညွှန့်ဖူးစာအုပ်ကို ရောင်းလို့ရရေငွေနန့် အသျှင်စက္ကိန္ဒ ရှာဖွီစုဆောင်းရေ ရခိုင်ဆိုအရွေ့သာခြင်းများဆိုရေ စာအုပ်ကို ထုတ်ဝီဖို့ ကြိုတင်စီစဉ်ထားကတ်ပြန်သိရေ။ ကျန်ရေအပိုင်းကို ကိုမြထွန်းအောင် ပြောပြလိုက်ပလင်'

'ဟုတ်တေ၊ ကိုဗသိန်း ရခိုင်ပြန်လာပြီးရေခါ ကျွန်တော်ရို့ လူငယ်တစ်စု ယင်းရခိုင်ဆို အရွေ့သာခြင်းများဆိုရေ စာအုပ်ကို ထုတ်ကတ်မေလို့ တိုင်ပင်ကတ်ခါ တက်ကြွရေလူငယ်တစ်ချို့က ရခိုင်ညွှန့်ဖူးကဗျာဆိုရေ ခေတ်သစ်ရခိုင်ကဗျာ စာအုပ်ကို ထုတ်ဝီဖို့ တင်ပြကတ်တေ။ ယေနန့် ယင်းကဗျာစာအုပ်ကို ထုတ်ဖြစ်လာကတ်တေ။ ယင်းစာအုပ်ကို ကျွန်တော်ရို့ ၁၉၆၉-ခုမှာ ထုတ်ဖြစ်ခစွာမနား။ ယင်းချင့်ထုတ်ပြီးမှ ရခိုင်စာပေကော်မတီ(ရန်ကုန်)ကို ဖွဲ့စည်းဖြစ်စွာ။ ဒေရခိုင်စာအုပ် ထုတ်ဝီရေးအကြောင်းအရာတိရေ အဂုကျွန်တော်ရီးထားရေ ရခိုင်စာအုပ်စာတမ်းပြပွဲ စာအုပ်မှာအတိအကျ ပါသားယင့်။ ကိုလှမြင့်က ဇာဖြစ်လို့ သိချင်စွာလေ'

'ကျွန်တော်သိချင်စွာက ဒေပိုင်ပါ ဆရာ၊ ဆရာရို့ထုတ်ခရေ ၁၉၆၈-ခုနှစ်က ရခိုင်ညွှန့်ဖူးစာအုပ်တို့ ကျွန်တော် ၁၉၉၄-ခုနှစ်က ထုတ်ခရေ ရခိုင်ညွှန့်ဖူးစာအုပ်နန့် ပေါင်းပြီးကေ ရခိုင်ညွှန့်ဖူးအမှတ်(၁) + အမှတ်(၂)လို့ နာမည်ပီးဗျာယ် ထုတ်ဝီဖို့လို့ လုပ်နိန်ပါရေ ဆရာ'

'ရောင်းလို့ စွံနိုင်ဖို့လားချင့်။ ကျွန်တော်ရို့ ထုတ်တေခါ ရောင်းမစွံလို့ စာအုပ်တိ အများကြီး ကျန်နိန်ရေ။ ယင်းခါက တစ်အုပ်ကို (၃)ပြားရာ ရောင်းခရေ။ အဂုမှရာ စာအုပ်တိဇာကို ရောက်လားမှန်းမသိ။ ကုန်လားခရေ။'

'ကျွန်တော် ဒေစာအုပ်နှစ်အုပ်ပေါင်းကို ဒုတိယအကြိမ် ထုတ်ဝီနိုင်ဖို့အတွက် လေးနှစ်လောက် ကြိုးစားစီစဉ်ခရပါရေ ဆရာ၊ မစွံကေလေ့ မတတ်နိုင်ပါဗျာယ်'

'ကိုလှမြင့် ကြိုးစားစွာကို ကျွန်တော်ရို့ အပြစ်မပြော။ ဖေသာပြန်မရစွာကို စိုးရိမ်းစွာရာ။ ယေနန့် ၁၉၆၈-ခုနှစ် ကျွန်တော်ရို့ ရခိုင်ညွန့်ဖူးထွက်တေအချိန်ကခါ ကိုလှမြင့်အသက် ဇာလောက်ဟိဗျာယ်လေ'

'ကျွန်တော့် အသက်ရှစ်နှစ်သား ဟိပါဖို့ကာ။ ၁၉၆၈-ခုနှစ်မှာ ကျွန်တော်ရို့ မိသားစု ကျောက်ဖြူမှာ ဟိနိန်ပါရေ'

'ဩော် ကိုလှမြင့် ကျောက်ဖြူ ဇာတိလား'

'မဟုတ်ပါ။ ကျွန်တော့်ကို အဖ ဦးဘထွန်း(ခေါ်) ဦးမောင်သာကျော်နန့် အမိ ဒေါ်မသာနုတို့က စစ်တွေမြို့မှာ ၁၉၆၀-ခုနှစ်မှာ မွီးစွာပါ။ ကျွန်တော့် ဘာဘာက အစိုးရလျှပ်စစ်ဌာနမှာ မီးစက်မောင်းပါရေဆရာ။ ယင်းကြောင့် ဘာဘာရေ ရခိုင်ပြည်အနှံ့ ဝန်ထမ်းဘဝနန့် ပြောင်းပြီးနိန်ထိုင်ခဖူးပါရေ။ ယင်းပိုင် နိန်ထိုင်ခဖူးရေ မြို့တိမှာဆိုကေ ၁၉၆၁-ခုက ၁၉၆၃-ထိ ဘူးသီးတောင်၊ ၁၉၆၃-ခုက ၁၉၆၄-ထိ မာန်အောင်။ ၁၉၆၄-က ၁၉၆၅-ထိ စစ်တွေ၊ ၁၉၆၅-၁၉၆၈-ထိ ကျောက်ဖြူ ၁၉၆၈-၁၉၆၉-ထိ သံတွဲ၊ ၁၉၆၉-က ၁၉၇၁-ထိ တောင်ကုတ်၊ ၁၉၇၁-ခုက ၁၉၇၂-ခုထိ စစ်တွေ၊ ၁၉၇၂-က ၁၉၇၉-ထိ မြောက်ဦး၊ ၁၉၇၉-က ၁၉၈၀-ထိ စစ်တွေ၊ ၁၉၈၀-ခုက ၁၉၉၃-ခုထိ မောင်တော၊ ၁၉၉၃-က ဒေကနိန့်ထိ ရန်ကုန်လို့ ဆိုပါဖိဆရာ'

'ယင်းပိုင်ဆိုကေ ရခိုင်ပြည်နယ် မြို့တိ အများကြီးမှာ နေထိုင်ခဖူးစွာရာမနား။ ညီအစ်ကို မောင်နှမပါ ဇာနှစ်ယောက်လဲ'

'ညီမနှစ်ယောက်၊ ညီငါးယောက်၊ စုစုပေါင်း ရှစ်ယောက်။ ကျွန်တော် အကြီးဆုံးပါဆရာ'

'လှမြင့် ဆိုစွာ နာမေရင်းလား'

'မဟုတ်ပါ၊ အကြီးဆုံးသား သားကြီးဖြစ်လို့ ဦးလှမြင့်စွာ နာမေရင်းပါ၊'

'ယေကေ အဂု ဦးဦးလှမြင့် ဆိုစွာနာမေရင်းမနားယေ'

***

ပုံနှိပ်ဖို့ စီစဉ်နီရေ ရခိုင်ညွန့်ဖူး (၁)(၂)ကို ပရုဖတ်ယင်း တစ်အိမ်လုံးသား ကြည့်နိန်ရေ (Titanic)တိုက်တန်းနစ် အင်္ဂလိပ် ဗီဒီယိုကားကို ကြည့်ချင်စိတ်ပေါ်လာလို့ တီဗွီရှိမှာ လဲလို့ကြည့်နိန်ယင်းနန့် . . .

. . . .   . . . . . .   . . . .   . . . .

. . . .   . . . . . .   . . . .   . . . .

ယာ ယာ တစိပင်လေ့ စိုးရိမ်ကြောင့်ကြစိတ် မဟိကတ်ကာ။ အေးအေးဆေးဆေးနန့် စားလိုက်သောက်လိုက် ပျော်နိန် ကတ်စွာကိုရာတစ်ချက်ကြည့်။ ပြောနိန်ကတ်စွာကိုရာ တစ်ချက်နားထောင်။ ရောင်းရောင်းသတ်လို့ အော်ကြီး ဟစ်ကျယ်ထော

'. . . .  . . . .  . . . .'

'. . . .  . . . .  . . . .'

'သောက်လိုက်စားလိုက် မယားချစ်၊ မသောက်မစား လူငနွားဝေး'

'အဝေး အဝေး. . . နတ်ပြည်နန့် ငရဲပြည်ရို့မှာ အရက်မဟိလတ်၊ လူ့ပြည်မှာ အရက်ကို ဝအောင်သောက်ထား၊ ငါလေ့ အေအရက်ကို တိုင်းချစ်ပြည်ချစ်စိတ်နန့် သောက်ထားစွာဗျာယ်ယေ၊ ငါရို့တိ မသောက်ကေ ငါရို့ရခိုင်ပြည်မှာ အရက်တိပွား ကျန်ခဖို့၊ ယေခါနောင်လာ နောင်သားရခိုင်သားတိ အရက်သမား ဖြစ်လီကတ်ဖို့၊ ယင်းပိုင် နောင်လာ နောင်သားတိ ပျက်စီးဖို့စွာကိုကြောက်လို့ ငါရို့အားပြုလို့ သောက်ကတ်ရဖို့'

အားလုံးယစ်နိန်ကတ်ပျာယ်ထင်ရေ၊ ချင်ဆီပြော ယစ်ချင်ဆီယစ်နိနန်ကတ်စွာဗျာယ်၊ ထိုလူကတော့ ကောင်းကောင်း သောက်ထားပုံမရ၊ သူ့ကို အကျိုးအကြောင်း တစိသျှေသိအောင် မိန်းကြည့်ကေ ကောင်းဖို့ထင်ရေ။

'အကိုး. . . ဇာဖြစ်လို့ အေလောက်တောင် အရက်သောက်နိန်ကတ်စွာလေ'

'ငါရို့လား ဇာဟိဖို့လဲဝေ၊ ကြိုးစားကေလေ့ ထူးဖို့စွာကား မဟုတ်'

'ကြိုးစားကေလေ့ ထူးဖို့စွာက မဟုတ်ဆိုစွာ ဇာကိုပြောစွာလေ'

'မင်းကို ရှင်းပြနိန်လို့လေ့ တစ်ခုလေ့မထူး၊ ငါရို့လေ့ ကောင်းကောင်း စိတ်ကူးကြည့်ဗျာယ်၊ ရှိဘဝကံမကောင်းလို့ ဇာလုပ်လုပ်ထူးမလာရေ ငါရို့ဘဝ၊ ယင်းပိုင် မထူးဖို့အတူတူ ပျော်ပျော်ပါးပါး သောက်လိုက်စားလိုက်နန့် သီစွာရာကောင်းဖို့၊ ထိုလူတိကို ချက်ကြည့်စမ်၊ မျက်နှာ သပြီသီးရောင် တောက်မနိန်လာ'

အေးကာ။ လူအများစုမျက်နှာ ပေါက်ကျဖို့ ပျင်နိန်ရေ။ မျက်နှာနန့် ခြီသျှေ လက်သျှေသောင်ဗျာယ် ဇောင်ပင်လေ့ ကြည့်လို့ မကောင်းကာ။

သောက်နိန်စားနိန်ရေလူတိကို မျှော်စပ်လို့ ကြည့်နိန်ကတ်တေ လူတိလေ့ အများကြီးကာ။

# "သရက်ရင်ဆို့"

မြန်မာနိုင်ငံမှာ သရက်မျိုးပေါင်းများစွာ ဟိရေထဲက နာမည်ကြီးသရက်တိဆိုလို့ မြကျောက်၊ စိန်တလုံး၊ ရွှေဟသ်ာ၊ အောင်ဒင်၊ ပန်းဆွဲ၊ သုံးခါသီး၊ ရင်ကွဲ၊ မချစ်စု၊ အိမ်တော်၊ စိုင်၊ ဘန္ဒရ ရို့ဖြစ်ရေပိုင်။ ရခိုင်ရို့မာလေ့ နွားစား၊ မနေသွယ်၊ တောင်သရက်၊ သုံးနှစ်သီး----ရို့ ဟိကတ်ပါရေ။ အဂုတွိရေ ဒေသရက်ကို နာမည်သစ် ပီးရဖို့ဆိုကေ။

******

သူနန့် မတွိဖြစ်စွာ (၁၅)နှစ်လောက် ဟိဖို့ဟန်။ ရန်ကုန်မာ သူနီခခါ ရက်ပြတ်ရက်ပြတ်တွိ့ဖြစ်ကတ်တေ။ အဂုပိုင် စင်္ကာပူနိုင်ငံမာ တစ်ယောက်နန့် တစ်ယောက်တွိ့ဖြစ်ဖို့လို့ကား မထင်။ စင်္ကာပူနိုင်ငံကို သူအလုပ်လုပ်ဖို့ လားဖို့ဗျာယ် ဆိုစွာကို သူပြောပြလို့ သိထားရေ။ သူ့မယား အေးအေးခိုင်နန့် ရန်ကုန်မှာတွိ့ကတ်တေခါ ကိုချစ်ကိုဖေ စင်္ကာပူကိုလားလို့ အလုပ်လုပ်နီဗျာယ်၊ အဆင်ပြေရေလတ်။ သားသျှေတစ်ယောက် သမီးသျှေတစ်ယောက်နန့်အတူ သူရန်ကုန်မှာ ကျန်ခရေ။ ကောင်းကောင်းမကြာခင် သူလေ့ ချစ်ကိုဖေဟိရာ စင်္ကာပူနိုင်ငံကို လိုက်လားဖို့ဗျာယ်လို့ ပြောဖူးရေ။ ချစ်ကိုဖေ နန့်ကျွန်တော် (၁၀)တန်းမှာ စာအတူတူသင်ဖူးရေ။ ချစ်ကိုဖေမယား အေးအေးခိုင်နန့်တော့ ကောလိပ်ကျောင်းမှာ တစ်တန်းတည်း။

တိုက်တိုက်ဆိုင်ဆိုင် စင်္ကာပူ ကားလမ်းမတစ်နီရာမှာ ချစ်ကိုဖေနန့် ကျွန်တော်တွိ့ရေထော။ နှစ်ယောက်စလုံး အံ့ဩသင့်ကတ်တေ။ ဘေးကိုနံကို အားမနာ ဟောဗျာယ် အော်ဗျာယ်နှုတ်ဆက်ကတ်တေ။ သူ့အိမ်ကို အလည်လိုက်လတ်ဖို့ ဖိတ်တေ။ မလေးရှားနိုင်ငံက အပြန်ခါမှ ဝင်လတ်ဖို့ဗျာယ်လို့ ကတိပီးခရေခါ သူကျေနပ်တေ။ သူရို့လင်မယား နှစ်ယောက်လုံး ဆွေမျိုးတော်နီပုံရရေ။

မလေးရှားနိုင်ငံက အပြန်ခါ ကိုချစ်ကိုဖေ ကိုယ်တိုင် စင်္ကာပူနိုင်ငံကားဂိတ်မှာ လာစောင့်ဗျာယ်ခေါ်လို့ သူ့အိမ်မှာ တစ်ညဥ့် တည်းခရေ။ သူ့သားကြီးက စင်္ကာပူနိုင်ငံက (၁၀)တန်းအောင်လို့ ကောလိပ်တက်နီရေ။ သမီးသျှေက (၉)တန်းလတ်။ သားနန့်သမီးက ရုပ်ရည်သန့်သန့်နန့် လှရေထော။ အသျှေတိနန့် မိတ်ဆက်ပီးရေခါ အသျှေတိက အင်္ဂလိပ်ပိုင် ကောင်းကောင်းပြောတတ်တေ။ ထိုအကြောင်း ဒေအကြောင်းပြောယင်း သူငယ်ချင်းတိ အကြောင်းတိကို မိန်းယင်း ညဥ့်နက်လားခရေ။

မိုးထစောစော တက္ကစီတစ်စီးငှားပနာ လေယာဥ်ပျံကွင်းကို ဆင်းကတ်တေ။ ကိုချစ်ကိုဖေရို့ လင်မယား နှစ်ယောက် လေယာဥ်ပျံကွင်းထဲ ရောက်အောင်ပို့ရေ။ လေယာဥ်ပျံကွင်းနန့် မြို့ထဲတစ်နာရီကျော်ကျော်တောင် လားရ ရေ။ ချစ်ကိုဖေ ရို့လင်မယားနှစ်ယောက် တစ်ယောက်ပြီးတစ်ယောက် ခံစားချက်တိ ရင်ဖွင့်စွာကို ခေါင်းညိတ် နားထောင်စွာကလွဲလို့ တစ်ခုလေ့ ပြန်မပြောနိုင်။ သူရို့ခံစားချက်က ကိုယ့်ခံစားချက်ဖြစ်လာလို့ ပိုဆိုးရေ။

အစ်ကို စဥ်းစားကြည့်၊ ကျွန်တော့် သားသျှေနန့် သမီးသျှေ ရခိုင်စကား လုံးဝမပြောတတ်။ နားလည်ရုံ လောက်ရာ နားလည်ရေ။ ဗမာစကားကိုလည်း မပြောတတ်လိုက်ဗျာယ်။ ကျွန်တော် သူရို့ကို စင်္ကာပူကို ခေါ်ရေခါ သားကြီးက (၅)နှစ်၊ သမီးသျှေက (၃)နှစ်၊ သားနန့်သမီးကို အင်္ဂလိပ်ကျောင်းနန့် တရုတ်ကျောင်းမှာ ထားပီးရေ။ ရောက်စက အခက်အခဲဟိလိမ့်မေလို့ ကျွန်တော်ကိုယ်တိုင် သူရို့ကို အင်္ဂလိပ်ပိုင်ပြောရေ။ သူရို့နှစ်ယောက် အဂု အလှုပလှု ကောင်းကောင်းပြောတတ်ဗျာယ်။ ကျွန်တော်ရို့ လင်မယားနန့်တွိ့ကေ သူရို့ အင်္ဂလိပ်ပိုင်ပြောရေ။ သူရို့မောင်နှမနှစ်ယောက် တွိ့ကေ တရုတ်ပိုင်ပြောရေ။ ကျွန်တော်ရို့ကို မသိစေချင်ကေ တရုတ်ပိုင်ပြောကတ်တေ။ သူငယ်ချင်းတိနန့်လည်း ဖုန်းဆက်ကေ တရုတ်ပိုင်ပြောရေ။ သူရို့ပြောနီရေစကားကို ကျွန်တော်ရို့ လုံးဝနားမလည်။ ကျွန်တော်ရို့လင်မယားနှစ်ယောက် သူရို့ကိုဆုံးမရေ၊ မြန်မာစာသင်ပီးရေ ရခိုင်စကားသင်ပီးရေ သူရို့လုံးဝစိတ်မဝင်စား။ သူရို့ ရှက်တေလတ်။ ကျွန်တော်ရို့ ဒုက္ခရောက်နီဗျာယ်။ လှေလှော်ရင်း တက်ကျိုးနီရဗျာယ်။ ဒေအကြောင်းကိုဗျာယ် ထပ်လို့ ထပ်လို့ ဒေလင်မယားနှစ်ယောက် ကျွန်တော့်ကို တိုင်ကတ်တေ၊ ပြောကတ်တေ။

ဟုတ်တေ ကျွန်တော်နန့် မိတ်ဆက်ပီးရေခါ သူ့သားနန့်သမီး အင်္ဂလိပ်ပိုင်ပြောရေ။ ဖုန်းလာလို့ ဖုန်းပြောရေခါ တရုတ်ပိုင်စီ ပြောကတ်စွာကို သတိထားမိရေ။ ကိုချစ်ကိုဖေက ကျောက်ဖြူမြို့သား စစ်တွေမြို့မှာလေ့ အထက်တန်း ကျောင်းသား ဘဝနန့် အကြာကြီးနီဖူးရေ။ အေးအေးခိုင်က မောင်တောသူလေ။ နှစ်ယောက်စလုံးဘဝကို ကြိုးစား ရုန်းကန်ကတ်ခရရေ။ အဂု စင်္ကာပူနိုင်ငံ၊ ကုမ္ပဏီကြီးတစ်ခုမှာ ရာထူးကြီးကြီးနန့် လစာအများကြီးရနီပြီးခါမှ ဒေပြဿနာကို သတိထားလာကတ်စွာ ဖြစ်တေ။

"အကျွန်ရို့ အသျှေတိ ရခိုင်ကို မပြောကေ့ ရန်ကုန်ကိုတောင် ပြန်ဖြစ်ဖို့ မဟုတ်ဗျာယ်။ သားကြီးက တက္ကသိုလ် မှာ တက်နီဗျာယ်လေ။ ဒေနိုင်ငံသား ခံယူဖို့ဗျာယ်လတ်။ အကျွန်ရို့ ပြောလို့မရ ဖြစ်နီရေ။ သမီးသျှေလေ့ အတူတူဗျာယ်။

ဒေနှစ်(၁၀) တန်း၊ အဂုပြဿနာရေ အကျွန်ရို့ မှားစွာလား၊ အကျွန်ရို့ ဂရုမစိုက်လို့ဖြစ်ရစွာ။ ဇာပိုင်လုပ်ကတ်ရဖို့လဲ စဉ်းစားလို့လဲမရ။ အကျွန်ရို့လင်မယားကို အကြံပီးပါ"လတ်။ သူရို့ကို ဇာပိုင်အကြံပီးရဖို့လဲ။ နားထောင်စွာကလွဲလို့ တစ်ခုလေ့ ပြန်မပြောတတ် ဗျာယ်ကာ။ ဘဘောပိုင်ဖြစ်နီရေ။ ရခိုင်စကားမပြောတတ်တေ ဒေရခိုင်သားတိ ဇာပိုင်ရခိုင်သားဖြစ်လာ နိုင်ဖို့လဲနန်း။

******

"အကို မြောက်သားကြီးသမီး ပန်းသန္တာ အကြောင်း သိဗျာယ်လား" မဆီမဆိုင် မိုးထစောစော အိမ်ရှင်မက ပြောရေ။ သူနီရေ စက်ာပူက တရုတ်သျှေတစ်ယောက်နန့် မင်္ဂလာဆောင်ဖို့ဗျာယ်လတ်။ ဟုတ်လာ သူ့မိဘက ဇာပြော လေ။ တားလို့ကား မရ။ ယူဖြစ်လီကတ်ဖို့ဗျာယ် ထင်ရေဆိုကာ။ တားမရကေ ဇာတတ်နိုင်ဖို့လဲ။ သဘောမတူကေလေ့ ယူလီဖို့ဗျာယ် မနားရေ။ ပန်းသန္တာကို စက်ာပူနိုင်ငံမှာ စာသင်ဖို့ လားကတ်စွာ ဇာလောက်ဟိဗျာယ်လေ။ ဟိဖို့ဟန် (၁၀)နှစ်လောက် အဂုဘွဲ့ရလို့ အလုပ်လုပ်နီဗျာယ်မနား။ ယင်းနိုင်ငံသားအဖြစ်တောင် ခံလိုက်စွာကြာလားဗျာယ်လတ်။

အေး. . . ဆုံးဗျာယ် မနားယေတစ်ယောက်။

ဇာ------ဇာဖြစ်တေ။

******

မင်းဓမ္မလမ်းက ဥယျာဉ်ပန်းခြံထဲကို မဝင်စွာ ကြာဗျာယ်မနား။ တစ်ခေါက်ဝင်ကြည့်ကတ်မေ ဘာဘာလို့ သားကြီးတောင်းဆိုရေအတွက် ဝင်ကြည့်ဖြစ်တေ။ ပန်းပင်၊ စားပင်၊ ရွက်လှပင်တိ ကန်ကမကန် ပျိုးခင်းချလို့ စနစ်တကျ စိုက်ထားစွာရာမနား။ လှလိုက်တေ အပင်တိ။ အယင်က သိဖူးခရေ ဒေါ်အေးကြည်ကို တစ်ခေါက်တွေ့ချင်ရေ စိတ်ဝင်လာလို့ သူ့ဆိုင်မှာ လားရှာကြည့်မိရေ။ မတွေ့။ နောက်ဖက်က စိုက်ခင်းမှာလတ်။ သူ့ဟိရာကို လားကြည့်ရေခါ သရက်ပျိုးခင်း အကြီး မသန်ထဲမှာ ဒေါ်အေးကြည်တစ်ယောက် အလုပ်များနီရေ။ သရက်ပင်တိ ကောင်းကောင်းများ ပါရေကာ။ ဟုတ်တေ အပင်တစ်သောင်းခွဲလောက် အော်ဒါရထားလို့ ပျိုးခင်းထောင်ပနာ စုထားစွာ။ ဒေလောက်  အများကြီး သရက်ပင် ဇာလုပ်ဖို့လဲ ချင့်။ အယင်အခေါက်က စိုက်ထားရေသရက်ပင်တိ လူကြိုက်နည်းလာလို့ လူကြိုက်များရေ စိန်တစ်လုံးနန့် မြကျောက်ရို့ကို အစားထိုးဖို့လို့ အော်ဒါမှာကတ်စွာလတ်။ ယေကေ ဒေသရက်ပင်တိစွာ မြကျောက်သရက်လား၊ စိန်တလုံး သရက်လား။ ဟုတ်တေ။ ကိုင်းကူးထားရေ မြကျောက်နန့် စိန်တလုံး သရက်ပင်။ ကိုင်းကူးသရက်ပင် ဇာပိုင်ကိုင်းကူးစွာလဲ။ ကျွန်တော်နားမလည်ကာ ကျွန်တော့်ကို ယှင်းပြပီးပါ။ အယင်က မြန်မာနိုင်ငံမှာ ရင်ကွဲသရက်ခေတ်စားရေ။ ယင်းရင်ကွဲသရက်တိရေ အဂုချိန်မှာ ခေတ်မစား ဗျာယ်။ လူမကြိုက်ဗျာယ်။ ယေခါ အကျွန်ရို့ရေ သရက်သီးအမှည့် ပေါ်ရေအချိန်မှာ ရန်ကုန်မှာဟိရေ အမှိုက်ကောက်တေ အသျှေတိကို သရက်စိတစ်စိကို (၁၀)ကျပ်ပီးပနာ ဝယ်ရေ။ အမှိုက်ကောက်တေ အသျှေတိကို ရရာသရက်စိကို ကောက်ယူလာ ကတ်တေ။

ဝယ်လို့ရလာရေသရက်စိကို ပျိုးအိတ်ထဲမှာထည့်ပနာ စနစ်တကျပျိုးထားလို့ အပင်သျှေတိပေါက်လာရေ။ ယင်းအပင် ပေါက်သျှေတိထဲက လှနိုင်ဘယအပင်တိကို ရွီးထုတ်ပနာ သီးခြားထားရေ။ အပင်ညံ့တိကိုတော့ ဝေးပလိုက်တေ၊ အပင်အလှအပ သျှေတိရေ တစ်နှစ်ကျော် နှစ်နှစ်ကျော်လာရေခါ လူကြိုက်များရေ စိန်တစ်လုံး၊ မြကျောက် သရက်ပင်ကြီးကြီးနန့် ကိုင်းကူးစနစ်နန့် ကိုင်းကူးပီးရရေ။ ဇာပိုင်စီ ကိုင်းကူးစွာလဲ ကျွန်တော် နားမလည်။

သရက်ပင်သျှေ ကိုင်းကိုဖြတ်၊ သရက်ပင်ကြီးက အကိုင်းကို ဓားနန့်ခြစ်ဗျာယ် ပူးဗျာယ် ချိုင်ထားရေ။ ကိုင်းကူးကောင်း အောင် ကိုင်းကူးဆီးလေ့ ထည့်ပီးထားရရေ။ တစ်လကျော် နှစ်လလောက်ဆိုကေ အပင်သျှေနန့် အပင်ကြီးရေ ကိုင်းကူးပြီးသား ဖြစ်နီဗျာယ်။ ယေခါမှ အပင်ကြီးက အကိုင်းကို ဖြတ်လိုက်တေခါ အဂုမြင်နီရရေအတိုင်း အပင်သျှေမျိုးစိ နန့် အပင်ကြီးကအကိုင်း ပေါင်းလို့ ဂုပိုင်အပင်ဖြစ်နီဗျာယ်။ အဂုဆိုကေ အပင်အောက်ပိုင်းမျိုးရေ ဒေသခံမျိုး၊ ယင်းပိုင် ဒေသခံမျိုးဖြစ်လို့ ရာသီဥတု ဒါဏ်ခံနိုင်ရေ၊ ပင်ပန်းဆင်းရဲမှုကို ခံနိုင်ရေ။ ဒုက္ခသုက္ခကို ခံနိုင်ရေ။ အပင်အထက်ပိုင်းမျိုးရေ စိန်တစ်လုံးမဟုတ်တေ မြကျောက်၊ ဒေသခံသရက်စိက ရှာပီးလီသမျှ အစာရီစာရေ မြကျောက်နန့် စိန်တစ်လုံးအတွက် ဖြစ်ရလီဗျာယ်မနားယေ။ ယေကေ နောင်ခါ ဒေသခံသရက်မျိုးဆိုစွာ ဟိဖို့သိမ့်လား။ မျိုးတုံးလီရ ဖို့ဗျာယ်။ ဒေအဖြစ်အပျက်ကို ဒေသခံသရက်မျိုးတိ စကားပြောတတ်ကေ သူရို့ ဇာလောက် ခံစားနီရရေဆိုစွာကိုပြောပြ ချင် ကတ်ဖို့ရာ။ သရက်ပင်ဘဝမှာတောင် ဒေပိုင်အဖြစ်ဆိုးနန့် ကြုံနီရရေ။ သရက်ပင်တိဘဝကို  စဉ်းစားကြည့်မိကေ ရင်ဆို့လို့စီ လာနီယင့်။

ရခိုင်လှမြင့်

၂၄-၁၀-၂၀၀၆

ဩော်. . . သူရို့လေ့ သောက်ချင်စားချင်ပုံပေါ်ရေ။ ယာ. . ကြည်စမ်ချက်၊ ကြည့်စမ်။ ငတ်နိန်ရေ လူချင်းချင်းလေ့ ရန်ဖြစ်ဖို့ ပြင်နိန်ကတ်ဗျာယ်ထော။ စကားများနိန်ကတ်ဗျာယ်ထော။ မဖြစ်။ ငါပါ ရောပါလားဖို့ဟန်။

ဒေမှာလေ့ လူတိ အစုလိုက် အစုလိုက်ကာ။ ဇာပျင်နိန်ကတ်လေချင့်။ ဘူးသျှော၊ တောင်းသျှော၊ ခွက်သျှောတိနန့် အိုင်ပစ်ဖို့ပိုင် ပျင်နိန်ကတ်ကာ၊ ထိုနိန်ရာက ဆီး၊ ဒေနိန်ရာကဖာ၊ ကြိုးစားဗျာယ် အလုပ်ရှုပ်နိန်ကတ်စွာရာမနားဂု။

'အကိုး. . . အကိုး၊ ဇာပျင်နိန်ကတ်လေ'

'အဝေး နိုင်သလောက် လုပ်နိန်စွာဝေး၊ ကိုယ်နိုင်သလောက်၊ ကိုယ်လုပ်နိန်စွာ မင်းမမြင်လာ၊ ပစ်ထားလိုက်ကေ လားလီဖို့ဗျာယ်ဝေး၊ ခွက်သျှောနန့်ဖြစ်ဖြစ်၊ ဒုံသျှောနန့်ဖြစ်ဖြစ် ရသလောက် အလုပ်လုပ်နိန်ကေ အသက်ရှုပေါက်တစ်ခု ချောင်လာဖို့လားလို့ ကြိုးစားနိန်ကတ်စွာရာဝေး'

'အစ်ကိုရို့ လုပ်တေ အလုပ်ကို ကျွန်တော် တစ်ခုလေ့ နားမလည်ကာ'

'ကောင်းကောင်း ဝွကျရေရာမနားဂု၊ အလုပ်လုပ်တေလူကို ထိုမိန်း ဒေမိန်းနန့်။ မင်းပါ ဝင်လုပ်ဖို့လား၊ လုပ်ကေလေ့ လုပ်၊ မလုပ်ချင်ကေလေ့နိ၊ လာမရှုပ်ကေ့'

ထားဖိ။ သူရို့ လုပ်ချင်စွာကိုလုပ်ဗျာယ်။ တစ်ပျင်းဟောက်နီစွာဗျာယ်၊ ဒေလူနန့် ပြောနိန်ကေလေ့ ပြဿနာဖြစ်ဖို့ရာ ထင်ယင့်။

ယာ. . . အေမှာလေ့ တစ်ခုထော။ ရောင်းရောင်းသတ်လို့ ငြင်းနိန်ကတ်ဗျာယ်။

'မင်းရို့ကို ငါပြောရေမနား၊ ပြောရေပိုင်လေ့ မလုပ်၊ မဖြစ်ဝေး မဖြစ်၊ မင်းရို့စွာ မင်းရို့ ချင်ဆီဖြစ်လီကတ်ဖိ၊ ငါထားပစ်ခဖို့ ဝေးသတ်ပစ်ခဖို့ဒေ'

'မဟုတ်လေ အစ်ကို၊ ယင်းသူလေ့ ကောင်းဖို့ထင်လို့ လုပ်ကြည့်စွာရာမနား၊ မှားရေ မနားယေ၊ သူမှားရေ အမှားကို သူသိလားခကေ အစ်ကို ကျေနပ်ဖိပလင်၊ ကျွန်တော်ရို့ တောင်းပန်ပါရေ'

'မရဝေး ယင်းပိုင်မရ၊ ငါကိုတောင်းပန်လို့မရ၊ ငါက ဘူးဆိုကေ ဖရုံမသီး၊ မရဆိုကေပင် မရ၊ ကိုယ့်ထိုက်နန့် ကိုယ့်ကံ၊ ခံချင်ဆီ ခံလီကတ်ဖိ'

'အစ်ကိုကြီး . . . ထိုလူ ဇာဖြစ်လို့ ယင်းလောက်မာန်ပါနိန်ရစွာလေ'

'သိချင်လာ၊ သိချင်ကေ ကိုယ့်စွာကိုယ် မိန်းကြည့်ခီ၊ ယင်းလောက် မာနတက် ဘဝင်မြင့်နီရေလူနန့် ငါရို့ ဆက်ပြောကေ တည့်တည့်ကျဖို့မဟုတ်၊ ဩော်. . သတိတစ်ခုပီးလိုက်ဦးမေ၊ ယင်းသူနန့် စကားပြောကေ သူ့ကိုဆရာလို့ အရင်ခေါ်လီနှမ်း သူ့ကို ဆရာတင်လီ မဟုတ်ကေ မင်းစကားပြောဖို့ အဆင်ပြေဖို့မဟုတ်ယေ'

'ဆရာ ဇာဖြစ်လို့ အေလောက်ထိ မာန်ပါနိန်ရစွာလေ'

'မင်း အသူလေ၊ ဇာကြောင့် ငါရို့အကြောင်းကို သိချင်နိန်ရစွာလေ၊ . . ကိုယ်ရို့လေ့ သိစွာ၊ တတ်စွာမဟုတ်၊ ပြောကေလေ့ နားမထောင်၊ ချင်ဆီလုပ်ကတ်တေ၊ ယင်းပိုင်လူတိနန့် ဇာခါလုပ်လုပ် အောင်မြင်ဖို့မဟုတ်'

'ဇာလုပ်ကတ်စွာပါလေ ဆရာ'

'ငါရို့လား သဘော်သားဝေး သဘော်သား၊ ငါရို့အားလုံး အေသဘော်က သဘော်သား၊ အရင်ခါဆိုကေ အေသဘော်စွာ ကမ္ဘာတစ်လွှား ဟိုးဟိုးကျော်ရေ သဘော်၊ မာဇီကောင်းကောင်းနန့် လားနိန်လို့ ကောင်းကောင်းဟန်ကျခရေ၊ လိုရာ ခရီးရောက်တေ၊ ငါရို့အားလုံး ဂုဏ်ဟိရေ။ အဂုအယင်ပိုင် မာဇီကောင်းလေ့ တစ်ယောက်တောင် မဟိဗျာယ်'

'ယေကေ မာဇီကောင်းကောင်းတစ်ယောက် ရှာပလင်၊ မဟုတ်ကေ တတ်တေလူ၊ တော်ရေလူ တစ်ယောက်ကို မာဇီတင်ဗျာယ် လုပ်ကေဝါ'

'အေး မင်းပြောကေတော့ လွယ်ရေ၊ ငါရို့ လူမျိုးက တစ်ယောက်ကိုတစ်ယောက် ဆရာမတင်၊ အားလုံးဆရာ၊ မင်းဦးနှောက် ဇီးစိလောက်နန့် လာပြောမနိန်ကေ၊ . . ဆရာမခံကေ့ လားလားတုတ်လီ မင်းနန့် ဖလာကျဖို့ဒေ'

ယာ. . . ပြဿဒါးကာ၊ အေနိန့်ပြောလို့ဆိုလို့ တစ်ယောက်နန့်လေ့ အဆင်မပြေချင်၊ အေနိန်ရာက ထိုဖက်ကို လားကေ ကောင်းဖို့။

အိုး. . . ဘာလေး ဒေအဆောက်အအုံတိ ကောင်းကောင်းကြီးကျယ်ရေကာ၊ ရှီးဟောင်းမြို့တော်ကြီးရာမနားဂု အဟောင်းတိတောင် အေလောက်ကြီးကျယ်ခပုံပေါ်ကေ၊ အယင်ခါက အေထက်ခန့်ငြားခဖို့ကာ၊ ထိုနားက လူတစ်ကျိုင် အထုပ်အပိုးတိနန့် ဇာကိုလားဖို့ ပျင်နိန်လေချင့်။

'အဝေး. . . မင်းမှာက တစ်ခုလေ့ မပါကာ၊ ကျန်ခဖို့လား'

ဒေလူကြီး ငါ့ကိုမိန်းနီစွာယာမနား။

'ဇာကို လားကတ်ဖို့စွာပါလေ အခင်ကြီး'

# အင်းထဲမှာ ရခိုင်မိုး

ငါဇာဖြစ်လို့ သူရို့တိပြောရေစကားကို နားလည်နီရစွာလဲ?

ကိုယ့်ကိုကိုယ် မိန်းရေမိန်းခွန်းကို ကိုယ်မဖြေနိုင်ကျနီဗျာယ်။ ဒေအရပ် ဒေဒေသေကို ၂၀၀၀ခုနှစ်လောက်ကပင် စရောက် ဖူးပါရေ။ လုပ်ငန်းစုံရေဘဝမှာ သကြားစက်လုပ်ငန်းကို လုပ်ဖို့အတွက် ရောက်လာစွာလေ ပင်လယ်ပြင် မျက်နှာပြင် ပေ၄၇၀၀ကျော် မြင့်ရေနီရာ ဆောင်းခါဆိုကေ တစ်မြို့လုံးကို အဲယားကွန်းလွှတ်ထားရေပိုင် စက်စက်အီးနီ ယင့်။ နွှီရာသီမှာ ဆိုကေလေ့ ပူကားမပူ ချမ်းရေ။ မိုးရာသီလေ့ ဆောင်းရာသီနန့်ကား မခြား။ ၄၀ဒီဂရီ ဖာရင်ဟိုက်စွာ ဒေမြို့အတွက် မပြောပလောက်။ သကြားစက်အတွက်လိုရေ ကြံတိကိုဝယ်ယင်း ညောင်ရွှေမြို့နယ် တစ်မြို့နယ်လုံး ရောက်ဖူးပါရေ။ ရွာသား အချင်းချင်း ပြောကတ်တေ စကားတိကို တစ်လုံးမကျန် နားလည်းနီစွာက ဇာကြောင့်လဲ။ ဝေါဟာရအားလုံးဆို အားလုံးတူနီရေကာ လီသံအဆွဲအငင်မှာရာ တစိချေမတူစွာ ဇာပိုင်ပြောဖို့လဲ။ ရန်ကုန်ရောက် ရခိုင်လီသံ၊ ဘင်္ဂလားရောက် ရခိုင်လီသံ၊ အိန္ဒိယရောက် ရခိုင်လီသံ၊ အင်းထဲရောက် ရခိုင်လီသံလို့ဆိုကေ ရဖို့လားချင့်။

ဒေရှမ်းပြည်စွာ မြန်မာပြည်ထဲမှာ ဧရိယာအကြီးဆုံးပြည်နယ် ဧရိယာစတုရန်းမိုင်ပေါင်း ၅၇၀၀၀ကျော်ဟိရေ။ ရခိုင်ထက် သုံးဆကျော်ကြီးရေ။ ဒေမြို့စွာ ရှမ်းပြည်နယ် မြို့တော် တောင်ကြီးမြို့ ဒေမြို့ကို တည်ရေခုနှစ်က ၁၈၉၄ ခုနှစ်၊ တည်သူရို့က အင်္ဂလိပ်တိ။ တောင်ကြီး မြို့နန့် ညောင်ရွှေမြို့စွာ(၁၉)မိုင်လောက်ရာ ဝီးရေ။ ရှမ်းလူမျိုးတိက ညောင်ရွှေမြို့ကို **'ယောင်ဇွေ့'**မြို့လို့ ခေါ်ကတ်တေ။ ရှမ်းပြည်နယ်မှာ လူမျိုး (၃၅)မျိုးနီထိုင်ရေလို့ စာအုပ်တိမှာ ဖတ်ဖူးပါရေ။ ရှမ်းလူမျိုးတိက အင်းသားတိကို **'မန့်နောင်'**လို့ ခေါ်ကတ်ပါရေလတ်။ မန့်ဆိုစွာရီ အင်းသားကို **'ရီရှမ်း'**လို့ ခေါ်ရေလို့ဆိုစွာလတ်။ ရှမ်းပြည်မှာ ရှမ်းအမျိုးပေါင်း (၃၄)မျိုးတောင် ဟိရေလတ်။

ဒေညောင်ရွှေမြို့စွာ အင်းလေးကန် ကန်စောင်းမှာဟိရေ။ ဒေမြို့ကို ၁၈၈၈မှာ တည်စွာရာလတ်။ ၁၈၉၃ခုနှစ်လောက် ကဆိုကေ လူသောင်းဂဏန်းရာဟိရေ။ အဂုက လူ(၁. ၂ သိန်း)တောင် ကျော်ဗျာယ်လတ်။

ဒေနီရာစွာ ထိုး. . အယင်ခါက လူသူအရောက်အပေါက်နည်းလို့ လူတောင်မဟိဆိုကာ နောက်ခါမှ ရွာ(၄)ရွာ ဖြစ်လာရေလတ်။ ယင်းရွာတိက ဟဲယာရွာ၊ နန့်ပန်ရွာ၊ နောင်ထောရွာ၊ ဘမ့်ပုံရွာ၊ အေ(၄)ရွာကို အကြောင်းပြုလို့ အင်း(၄)လို့ ခေါ်လာရေလတ်။ ယင်းကနီတစ်ဆင့် **'အင်းလေး'**လို့ ဆိုကတ်ပါရေ။ ဒေထက်အယင်က ဇာခေါ်ခလေဆိုစွာ မှတ်တမ်းရှာလို့ မတွိသိမ့်လတ်။ ၁၈၆၄ခုနှစ်မှာ မစ္စတာ ဂျီစီစကွန့် ဆိုသူ ရီးထားခရေ မှတ်တမ်းမှာ အင်း(၄)လို့ စတင်တွိ့ဟိရလေလို့ ဆိုပါရေ။ ၁၈၈၇ခုနှစ်လောက်က အင်္ဂလိပ်စစ်တပ်အမိန့်ပြန်တမ်းစာတိမှာ **INLE** လို့ မှတ်တမ်းရီစွာကို တွိ့ရပြန်ရေလို့ ဆိုပါယင့်။ အဂုထိ အင်းလေးကို **INLE** လို့ရာ စာလုံးပေါင်းနန့် ပေါင်းကတ်တေ။ ဒေကနိထိ အင်းလေးလို့ခေါ်လာစွာ နာမည်ရေ နှစ်ပေါင်း (၁၂၂)နှစ်ရာဟိရေရာမနား။

အင်းသူအင်းသားရို့သမိုင်းကို ရခိုင်သမိုင်းနန့် ဇာပိုင်ဆက်နွယ်လေချင့်လို့ စဉ်စားကြည့်ကေ ရှိရခိုင်လူကြီးသူငါရို့ ပါးစပ်သမိုင်းနန့် ပြောကတ်စွာကတော့ အင်းသားရို့ရေ ငါရို့ရခိုင်သားလတ်။ ဗဒုံမင်းလက်ထက်က အင်းထဲကိုရောက်လား ကတ်စွာ၊ အမရပူရရောက် ရခိုင်သားတိထဲက အင်းထဲကို အပို့ခံရကတ်စွာလတ်။ စစ်ရှုံးသူရို့တိ ဆိုရေအတိုင်း ဒြိုလက်အင်္ဂါ မပါသူတိ ယင်းဒေသကို ရောက်စွာများရေ။ မြန်မာသမိုင်းမှာတော့ ရခိုင်သားတိနန့် အပြောတူရေလူမျိုးဖြစ်လို့ ရှီးဟောင်းမြန်မာကြီးလို့ ဆိုကတ်ပါရေ။ မြန်မာ့သမိုင်းပညာရှင်ကြီး သီလာခသူ ဆရာကြီး ဒေါက်တာသန်းထွန်းက သူ့ **Ph.D(ROB)** ဆိုရေစာတမ်းမှာ ရခိုင်နန့်ပတ်သက်တေ အကြောင်းအရာတိကို တွိ့ရပါရေ။ ဒေစာတမ်းကို ဆရာကြီးရေ ဂျပန်နိုင်ငံမှာ (၁၀)တာကြာအောင် ပြုစုရီးသားခစွာဖြစ်ရေ။ မြန်မာပိုင် **'မြန်မာမင်းများ ၏အမိန့်တော်ပြန်တမ်း'**လို့ ဘာသာပြန်ကတ်တေ။ အရှည်ခေါက်က အင်္ဂလိပ်ပိုင်**(Royal Orders of Burma)**လို့ ဆိုပါရေ။ ဒေစာတမ်းမှာပါစွာက ဗဒုံမင်းလက်ထက် ဒေအရပ်ကို သုံးပန်းတိ ပို့ဖူးရေလတ်။ ယင်းလူတိနန့် အင်းလေး ရွာမက ရွှေဂူစေတီကို တည်ခိုင်းဖူးပါရေလို့ဆိုရေ။ ၁၈၇၅လောက်က ရွှေအင်းတိမ် ဘုရားနန့် ရွှေသန်းတောင် ဘုရားရို့ ကိုလေ့ ဗဒုံမင်း ပြင်ဖူးပါရေလို့ဆိုရေ။ အင်းထဲကိုရောက်တေအင်းသား။ အင်းထဲကိုမရောက်ဘဲ တောင်ထက်ကို ရောက်လားရေလူကိုတော့ တောင်ရိုးသားလို့ ဆိုကတ်ပြန်ရေထော။

**ရခိုင်သားကြီးစာပေ** 📖

တောင်ရိုးသားတိပြောရေစကားကမှ ရခိုင်စကားနန့် ပိုလို့တူရေ။ ရခိုင်သားတိပြောရေစကားတိထဲမှာ ရမ်းဗြဲဒေသိယ စကားနန့် ပိုတူရေလို့ ဆိုရဖို့။ တောင်ရိုးသားနန့် ရခိုင်သားကို ဆက်စပ်ဖို့ မလွယ်။ တောင်ရိုးသားတိက သူရို့ဘိုးစဉ်ဘောင်ဆက် ပြောဆိုယူဆလာကတ်စွာက သူရို့ဇာတိရေ ရခိုင်ရိုးမအနောက်ဖက်က။ ဒေနီရာကို ဇာကာလ၊ ဇာအချိန်ကပင် ရောက်လာစွာလေ့ ပြောဖို့ခက်တေလို့ တီကျစ်ရွာသား တောင်ရိုးသား ကိုသိန်းရွှေက ပြောပါရေ။ တောင်ရိုးသားတိ အများဆုံးနီထိုင်ရေ ရွာတိက တီကျစ်ရွာ၊ ဆယ်ခေါင်းရွာ၊ နော်မူရွာ၊ ကျောက်ငှက်ရွာ၊ လက်မောင်းကွေးရွာ၊ ကျားတွန်ရွာရို့ ဖြစ်ပါရေလတ်။ တောင်ရိုးသားလူဦးရေ နှစ်သောင်းခွဲ သုံးသောင်းလောက်ရာဟိဖို့လို့ ခန့်မှန်းခြေ ပြောကတ်ပါရေ။

လက်ကအနာကြောင့် တက်ကိုလက်နန့်မလှော်ဘဲ ခြီနန့်လှော်စွာရေ ဆန်းရေလို့ ဆိုကတ်ပါရေ။ ရခိုင်မှာ ရခိုင်သားတိလေ့ လှိုင်းလေငြိမ်ခါ ချောင်းသွေ့ မြောင်းသွေ့ မြစ်သွေ့ရို့မှာ လက်နန့်မလှော်ဘဲ ခြီနန့်လှော်ကတ်စွာကို အသွေ့ကပင် ဒေကနိ့တိုင် မြင်ဖူးပါရေဝ်။ ရိသီမှာ ကန်ရီမှာ ခြီနန့်လှော်လို့ ပိုကောင်းရေလို့ ဆိုပါရေ။ ပြိုင်လောင်းကို ခြီနန့်လှော် တတ်တေလူမျိုးလို့ ကမ္ဘာကအသိအမှတ်ပြုအောင်ထိ နာမည်ကြီးလာရေလတ်။ ရခိုင်နန့်တူရေ နောက်ထပ် အခြားတိ ဟိပါသိမ့်ရေ။ အင်းသားအပျို လူပျိုရို့ပြောရေ **'အနုတေးခေါ် တိုက်တေး'**စွာ ရခိုင်အပျို လူပျိုရို့ပြောကတ်တေ ဆိုကတ်တေ **'ဖမ်း'**နန့် ချွတ်စွတ်တူပါရေ။ အရာတူစွာကား အိုးစည်တီးစွာရေ ရခိုင်အိုးစည်သံနန့်လေ့ အတူတူရာ။ အကမှာဆိုကေ တိုးနယားအကလည်း တစ်ပုံစံထဲ။ ဒေဓလေ့ထုံးစံတိစွာ အင်းထဲမှာလေ့ ဟိသိမ့်ရေ ရခိုင်မှာလေ့ ဟိနီတုန်းသိမ့်။

အင်းသားရို့ရေ အယင့်အယင်ကပင် ရီထဲမှာပေါက်တေအပင်တိကို စုပနာ ကျွန်းသွေ့လုပ်လို့ ကျွန်းမျှောလို့ ခေါ်ရေ ကျွန်းထက်မာ အပင်စိုက်ပနာ အသက်မွီးလာစွာ (၇၀ရာခိုင်နှုန်း)က ဒေကနိထိ။ နောက်တစ်ခုက ငါးရှာကတ်တေ နီရာမှာ အသုံးပြုရေ ပစ္စည်းတိကလေ့ တစ်ခြားဒေသနန့်မတူရေပစ္စည်းမျိုး၊ ယင်းအပင်စိုက်စွာနန့် ငါးရှာစွာပုံစံဓလေ့ ပြိုင်လောင်း လှော်စွာပုံစံဓလေ့ ရို့ကြောင့် ကမ္ဘာကျော်ရေ အင်းလေးဖြစ်လာရေ။ ကမ္ဘာကျော်လာလို့လဲ ဟိုတယ်လုပ်ငန်းတိ တိုးတက်လာရေ။ အင်းသားအားလုံးရေ ဗုဒ္ဓဘာသာဝင်တိ။ အင်းထဲမှာ ဘုန်းကြီးကျောင်းပေါင်း နှစ်ရာကျော်ဟိရေ။ အရာကွဲပြား ခြားနားစွာ တစ်ခုက ယိုးဒယားမှာ ရီပေါ်စျီးဆိုရေ လောင်းနန့်ရောင်းရေ **'လုပ်ဇာတ်'**က အမှန်အကန်ဖြစ်ထွန်းနီစွာ ဒေနီရာမှာ။ ညောင်ရွှေဒေသမှာ စျီးပုံစံက တစ်မျိုး၊ တစ်နီရာမှာ ငါးရက်တစျီးနန့် ရောင်းကတ်တေ။ စျီးရောင်းရေနီရာ ပြောင်းလို့စီလားရေအတွက်၊ လောင်းနန့်ရောင်းရေ စျီးရောင်းပွဲရေ နို့တိုင်းပြောင်း ရေ။ ဒေစျီးရောင်းပွဲကြောင့်လည်း နိုင်ငံခြားသားစိတ်ဝင် စားစွာကတစ်ဖုံ။ ဇာပင်ဖြစ်ဖြစ် အင်းလေးဒေသမှာ နိုင်ငံခြားသားတိနန့် စည်ပင်နီစွာက ဒေနို့ထိ။

၁၉၉၀ပြည့်လောက်ကမှ ဖွံ့ဖြိုးတိုးတက်လာရေ ခရီးလားလုပ်ငန်းရေ အင်းလေးဒေသကို ပိုလို့စည်ပင်လာစီရေ။ အင်းလေးမှာ နီကတ်တေ လူတိဘဝကို မြင့်စီရေ။ တင့်စီရေ။ လုပ်ငန်းကိုင်ငန်းဖြစ်စီရေ။ လူတိုင်းကို အလုပ်ရစီရေ။ အင်းလေး မှာ ဟိုတယ်အလုံးပေါင်း (၄၀)ကျော် ဟိပါရေ။ ယင်းအထဲက ကမ္ဘာသိ၊ နိုင်ငံသိ ဟိုတယ် (၂၄)လုံးဟိရေ။ ဖိုက်စတားအဆင့်(၁၀)လုံးမက ဟိရေလို့ဆိုရေ။ နောက်ထပ်နောက်ထပ် ဆောက်ဖို့ အသင့်ပြင်ထားရေ အဆင့်မြင့် ဟိုတယ် (၁၀)လုံးလောက်လေ့ ရယ်ဒီ။

ဟိုတယ်များလာရေပိုင် အင်းလေးမှာ ရွာတိလေ့ များလာရေ။ ရွာပေါင်း (၄၀)ကျော်နီဗျာယ်၊ လေးငါးအိမ်နန့်လေ့ တစ်ရွာဟိရေလတ်။ ရွာများလို့ လူများလာရေ၊ အမှိုက်များလာရေ။ အမှိုက်များလို့ ရီတိမ်လာရေ၊ ကန်ရီနည်းလာရေ။ ရီမျက်နှာပြင် ၂၀ရာခိုင်နှုန်းလောက် ငယ်လာရေ၊ ကျဉ်းလာရေ လွန်ခရေ (၁၀)နှစ်ကထက် အနက်၆ပေ တိမ်လာရေလတ်။ အဂုအခါ မိုးခါဆိုကေ အနက်ဆုံးနီရာမှာ ပေ (၂၀)စွာ နွေရာသီမှာ (၁၀)ပေရာဟိဗျာယ်လတ်။ အင်းလေးကန်ကို စီးဝင်လာရေ ရီတိစွာ ချောင်းပေါင်း (၂၉)ချောင်းနန့် စီးဝင်လာရေလတ်။ အရှဲဖက်က (၁၇)ချောင်း၊ အနောက်ဖက်က (၁၁)ချောင်း၊ မြောက်ဖက်ကတစ်ချောင်းရို့ စီးဝင်ပြီးကေ အင်းလေးမှာ ရီပိုလာကေ မိုးဗြဲဆည်ကို စီးရေ။ ယင်းက ဘီလူးချောင်းကို စီးရေ၊ ဘီလူးချောင်းက လောပီတကို စီးဝင်ပနာ လောပီတရီအားလျှပ်စစ်စက်ရုံကို လည်စီရေ။ ယင်းကမှ သံလွင်မြစ် ထဲကို စီးဆင်းလာခရေလို့ ဆိုကတ်ပါရေ။ အင်းလေးကန်ရေ အယင့်အယင်ကအလျား (၁၀)မိုင်၊ အနံ (၂၀)မိုင်ထိ ကျယ်ခရေလတ်။ အဂုက အလျား(၁၀)မိုင် အနံ(၄. ၅)မိုင်လောက်ရာဟိရေ။ ဒေအခြေအနေကို ကမ္ဘာက ဂရုစိုက်လာရေ။ ယင်းကြောင့်လဲ အင်းလေးဒေသ

စိမ်းလန်းစိုပြေရေ။ အပင်တိစိုက်လာစွာ ဆယ်စုမက ဟိလာဗျာယ်မနား။ လူများကေ ရီများဖို့ လိုရေ၊ ရီများဖို့အတွက် အပင်စိုက်ဖို့လိုရေလို့ဆိုဗျာယ်။ စိုက်လိုက်တေအပင်၊ အင်းလေးပတ်ဝန်းကျင်မှာပိုလို့ စိမ်းစိုလို့ နီလာယင့်။

စီးပွားရေးတိုးတက်မှုဆိုစွာ တစ်ခုကိုတစ်ခု အမှီသဟဲပြုကတ်တေလတ်။ ဟိုတယ်လုပ်ငန်းတိုးတက်လာလို့ ပိုးထည် လုပ်ငန်း၊ ယက်ကန်းလုပ်ငန်း၊ ပန်းထိမ်လုပ်ငန်း၊ ပန်းပုလုပ်ငန်း၊ ပန်းဘဲလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်း၊ စတိုးဆိုလုပ်ငန်း ရောင်းဝယ်ဖောက်ကားမှုလည်း တိုးတက်လာရေ။ ရာထောင်မကရေ နိုင်ငံခြားသားရို့ ဝင်ထွက်လားလာ လည်ပတ်မှုတိအတွက် လိုအပ်ချက်တိကို ဖြည့်ဆည်းယင်း ဒေဒေသမှာ ဒေါ်လာသီးလာဗျာယ်။ လုပ်ငန်းရှင်ရို့အတွက် ဒေါ်လာသီးတိ ရင့်မှည့်လာဗျာယ်ယေ။

ပင်လယ်ပြင်နန့် ဆက်စပ်လို့နီရေ ရခိုင်ဒေသကလူတစ်ယောက်။ အံ့ကောင်းထမန်း။ စိုက်ပျိုးရေးကို အခြီခံရေ လုပ်ငန်း သကြားစက်လုပ်ငန်းကိုရာ လုပ်ကိုင်ဖို့အားသန်နီစွာကို ကြည့်ယင်း အသိမိတ်ဆွေတိက အံ့သြကတ်တေ။ ရိုးရာအမွီတိ များပြားရေဒေသ၊ ယဉ်ကျေးမှုအစဉ်အလာကြီးမားမြင့်မြတ်တေဒေသ၊ သားငါး ပုဇွန် ပေါများရေဒေသမှာ စီးပွားမရှာဘဲ၊ တောင်ထက်မှာလာလို့ စီးပွားရှာဖို့ စဉ်းစားရေလူ စိတ်ကူးရေ လူကို မအံ့သြဘဲ မနီနိုင်လတ်။ အမှတ်(၁၅) တောင်လေးလုံး သကြားစက်ရေ ရခိုင်ပြည်ကျောက်တော်မြို့က သိကြားစက်နန့် ထုတ်တေနိုင်ငံလေ့တူရေ။ ပုံစံလေ့ တူရေ။ မှီးသက္ကရာဇ် လေ့တူရေ။ အားလုံးတူရေ။ မတူစွာက ကျောက်တော် သိကြားစက်မှာ အရက်ချက်ဖိုတစ်ခု အပိုပါနီပါယင့်လတ်။ အဂုတော့ ယင်းဖိုရေ တောင်ငူမြို့ကို ပြောင်းလာခဗျာယ် ဖြစ်လို့ အားလုံးတူနီဗျာယ်လို့ဆိုပါယင့်။

တစ်ရက်မှာ တန်(၃၀၀)ကျ သိကြားစက်ရေ တစ်နှစ်မှာတောင် တန်(၃၀၀)မကျနိုင်ခ။ ကျောက်တော် သိကြား စက်ဆိုကေ တစ်ဘဝလုံးတောင် တန်(၃၀၀)ကျလီပါယင့်လား။ အဂုတော့ ကျောက်တော် သိကြားစက်ကြီးရေ အိပ်မော ကျလို့ ပုဆိုးခြုံဗျာယ် အိပ်နီလီပါယင့်။

မြေဆီမြေသားကောင်းစွာတစ်ခုထဲကြောင့်မဟုတ်၊ လူတိက နိစိုင်နန့်အမျှ အလုပ်နန့်လက်နန့်မအား ကတ်လုပ်နီ ကတ်စွာ၊ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ထွန်းနီစွာတောင်မက၊ အရာလုပ်ငန်းတိလေ့ ဖြစ်ထွန်းတိုးတက် နီရေ။ ဒေသမှာ လူဦးရေ တိုးလာကေလေ့ မြေကမတိုး၊ ဆယ်ဇကေဟိရေမိသားစု လူတိုးလို့ ဇကေမတိုးရေအခါ၊ လူတစ်ယောက်မှာ နှစ်ဇကေရာဖြစ်လာရေ။ ထမင်းစားဖို့ စာသင်ဖို့ ကျန်းမာဖို့ ဘဝတိုးတက်ဖို့အတွက် ဒေမြေကြီး ကို အားမကိုးလို့ ဇာကိုအားကိုးရဖို့လို့လဲ။ ဟိုတယ်လုပ်ငန်းက လူငါးထောင် တစ်သောင်းကိုရာ အလုပ်ပီးနိုင်စွာ၊ ဒေမြေကြီးက လူသားတိုင်းကို အလုပ်ပီးနိုင်ပါရေ။ ဇာလောက် အရေး စိုက်နိုင်လဲ၊ ဇာလောက်ကြိုးစားနိုင်လေ ယင်းလောက်ဖြစ်ထွန်းဖို့။ ယင်းလောက် ဖဲသာရဖို့။ ရှမ်းပြည်နယ်မှာ မထွက်တေ သီးနှံမဟိ။ အယင်ခါက တစ်နှစ်ကို မိုးရေချိန်လက်မ ၅၇ဒသမ ရွာနီစွာက ပိုလို့မိုးများဖို့ ကြိုးစားလာယင်း အပင်စိုက်လာကတ်စွာ၊ ဒေကနို့ခါ အကိုရို့ ရခိုင်ပြည်ဖက်ကမိုး ရခိုင်မိုးစွာ ဒေနီရာကို မိုးရေချိန်လက်မ ရာကျော်အောင် ရွာပါလတ် ဗျာယ်။ ရီဆိုစွာ လူသားရို့အတွက် မဟိမဖြစ်၊ ရီရှိမှ အင်းလေးကန်လှဖို့ အသီးအနှံတိ ဖြစ်ထွန်းဖို့လတ်။

အော် မိုး. . . မိုး ရခိုင်မိုး။ ဒေအရပ် ဒေဒေသမှာရာ ရွာလီဖို့ဗျာယ်လား ရခိုင်မိုး။

**ရခိုင်လှမြင့်**

'ယာ. . . တစ်ခုလေ့ မသိပိုင်ကာ အေသူ လဘောကာ'

'ဝေး. . . အေသဘော်မြုပ်ဖို့ ပြင်နီဗျာယ်၊ ငါကတော့ သဘော်နန့်အတူတူ အမြုပ်မခံနိုင်၊ တစ်ကိုယ်ကောင်း ဆန်ရေလို့ ဆိုချင်ကေ ဆိုလီကတ်ဖိ၊ ဖြစ်ချင်ပိုင်ဖြစ်၊ ရောက်ချင်စွာရောက်၊ ထွက်ပြီးဖို့ဗျာယ်၊ အယင်လေ့ လူတိကန်ကမကန် လားခကတ်ဗျာယ်၊ ဒေမှာထက် အဆတစ်ရာသာဖို့ရာ၊ ထမင်းတစ်လုပ် ဇာလုပ်လုပ် စားလီရဖို့ဗျာယ်၊ ရသလောက်ပစ္စည်းသျှော ယက်သျှောယူဗျာယ် မိသားစုနန့်အတူတူ၊ လိုက်ချင်ရေ ဆွေမျိုးတိကို ပါခေါ်လို့ လားလီဖို့ဗျာယ်၊ မင်းဝါ ဇာပိုင်လေ၊ စဉ်းစားမနိန်ကေ့ဝေး၊ တီဖြစ်လားလိမ့်မေမင်း၊ ကမ္ဘာမီးလောင် သားကောင်တက်နင်းလတ်၊ မကြားဖူးလား၊ ကိုယ့်ကိုရာ ချစ်၊ သူများအတွက် စဉ်းစားမနိန်ကေ့၊ မင်းမှာ ဇာယက်မေသေယူဖို့လဲ၊ လားလို့ ယူပစ်ဒီ'

'ဟုတ်ပါယင့် အခင်ကြီး'

သဘော်တစ်စီးလုံးက ဝါးတန်းကာ ငါကိုယ်တိုင်လေ့ တစ်ခုလေ့လုပ်မပီးနိုင်၊ မကူနိုင်၊ ဤလူတိ ဇာပိုင်ခရီးဆက်ကပ်ဖို့ လေ့ချင့်။ ထားလိုက်ဖိ အခင်ကြီးရို့ မစောင့်ပဲ လားခကတ်တေ ငါလေ့ဒုက္ခ။

ယေကေ ဇာယူလားကေ ကောင်းဖို့လဲချင့်၊ အဝတ်အစားယူလားလို့ မဖြစ်၊ ဖဲသာဒဂၤါးယူလားဖို့ကလေ့ ကိုယ့်မှာမဟိ။ အိုးခွက်ပန်းကန် ယူလားလို့လေ့ အဆင်မပြေ၊ အန်ဒမာရီထဲက စာအုပ်တစ်အုပ်ယူလားရဖို့ဟန်၊ ငမည်ရာဇဝင်ကိုယူလားကေ ကောင်းဖို့လား၊ မဟာရာဇဝင်ကြီးကို ယူလားကေ ကောင်းဖို့လား၊ တောင်ကျောင်း ရခိုင်ရာဇဝင်သစ် ယူလားကေ ကောင်းဖို့လား။ ယာ. . . ရခိုင်ညွှန့်ဖူးစာအုပ်ကို ရာ ရယူဖို့ဟန်၊ ယာ. . . ယာ. . . စဉ်းစားလို့တောင်မဆုံး၊ ရီက ခြီမျက်စိ မြုပ်လာဗျာယ်ကာ၊ အန်ဒမာရီလေ့ လဲကျဖို့တောင် ပျင်နီဗျာယ်ထော။

'ဝုန်း. . . ဒုန်း'

ဘုရား. . . ဘုရား၊ တီဗွီကြည့်နိန်ရင်း အိပ်ငိုက်ပနာ အိပ်မက်မက်ပြီးကေ ခြီရင်းက ပန်ကာကို အိပ်မှုန်စုန်မွှားနန့် အက်ပစ်ခီစွာရာမနားဂု။ လက်ထဲမှာလေ့ ပရုဖတ်လက်စ ရခိုင်ညွှန့်ဖူးစာအုပ်က တန်းလန်း. . .။

**ရခိုင်လှမြင့်**

**၂၄. ၂. ၂၀၀၉**

# ဘဝသစ်ရခိုင်

ကောင်းကင်ကို မော့ကြည့်လိုက်တေခါ ခမ်းနားထည်ဝါနီရေ မိုးတိမ်တိုက်ကြီး ဇာနန့် အက်ကျလားလေမသိ။ အစိပ် စိပ်အမြွာမြွာ ပြိုကွဲလားခဗျာယ်။ မိုးရွာဖို့လို့ထင်နီရစွာက မရွာဖြစ်စွာ သေချာလားခဗျာယ်။ မိုးမျှော်သူရို့အတွက် မျှော်လင့်ချက် တိက အဝီးကြီး။

ဘိုကလေးမြို့ မြို့ဆိုကေလေ့ ရွာပုံသဏ္ဍာန်ရာဟိသိမ့်ရေ။ ညစာဖက် ၆နာရီလောက်မှာ ဘိုကလေးမြို့ကို ရောက်စွာဖြစ်လို့ တစ်မြို့လုံးကို မြင်ခရပါရေ။ ဗွီအိုင်ပီခရီးစဉ်ဟိလို့ ကားရေ လားနီကျလမ်းကြောင်းမဟုတ်ဘဲ မြို့ကိုပတ်လို့ လားပြရေ။ ယင်းကြောင့်လေ့ ဘိုကလေးမြို့အနေအထားကို မြင်ရရေ။ ဘိုကလေးမြို့နန့် ရန်ကုန်မြို့စွာ မိုင် (၁၀၀)လောက်ရာ ဝီးရေလို့ ဆိုကေလေ့ လမ်းကားနန့် လားစွာတောင် လမ်းမကောင်းလို့ (၆)နာရီကြာလားခရေ။ ညဥ့် ၈နာရီမှာ ထွက်ပါဖို့လို့ ဆိုထားရေ ဘုတ် မိုးလင်းအာရုံ (၁)နာရီလောက်မှရာ ထွက်ဖို့ဗျာယ်လတ်။ ဒေအရပ်က လူတိ ဘုတ်တစ်စီသျှေကြီးကေ သင်္ဘောလို့စီ ခေါ်ပစ်ကတ်တေကာ။ မြို့သျှေရေ လမ်းနန့်အိမ်နန့် ထင်သလောက် မကောင်းကေလေ့ တစ်မြို့လုံးမှာ စားသောက်ဆိုင်တိ ပြည့်နီရေ။ မိုးထအာရုံမှာ အောင်ညွန့်မေသင်္ဘောနန့် အမာမြို့ကို တစ်ဖွဲ့သားလုံး ချီတက်ကတ်ပါရေ။ ရီစုန်မျှောလို့ ထွက်ပါ လတ်တေ အောင်ညွန့်မေ။ တစ်နာရီမှာ ရီမိုင်ဇာလောက် လားမှန်းလည်း မသိရ။ ကောင်းကင်တစ်ခုလုံးကလည်း မိုက်နီရေ။ ပါလာရေမမတိ အိပ်ဖို့နီရာရလို့က တော်ပါသိမ့်ယင့်။ ယောကျ်ားတိကတော့ သင်္ဘောခေါင်ထက်မှာ မိုးတလင်း။ မိုးထ (၇)နာရီ မှာ အမာမြို့ကို ရောက်တေ။ အောင်ညွန့်မေခမျာ လမ်းမှာဇာတိ တွိလေမသိ တစ်ညဥ့်လုံး တစ်ပူပူနန့်မြည်ရေထော။ သူ့ခမျာ ဒေခရီးလမ်းဒုက္ခကို သူရာသိဖို့။

ကေသရိန္ဒာရုံကျောင်းရေ ကြီးကေလေ့သော့ အိုနီဗျာယ်။ ဟောင်းနီဗျာယ်၊ ယောကျ်ားတိကို သိမ်မှာထားလို့ မမတိကို အိမ်တစ်အိမ်မှာ တည်းခိုင်းရေ။ ကျောင်းသျှင် အသျှင်ဘုရားရေ တွိတွိချင်း 'ငါရို့ လိပ်သျှေခုံရွာသားတိ ဆွေမျိုးတိ တွိရလို့ ကောင်းကောင်းဝမ်းသာရေတကာ'။ ခေတ်ပျက်လို့ ဘဝပျက်ခဲ့ရရေ ငါရို့ အဖူ အဇာတိ အဝကျွန်းကို ရောက်လားကတ်တေ အခါက လူသူကင်းရေကျွန်းမှာ တောရှင်း ကိုင်းရှင်းဗျာယ်။ ဘဝကိုရှင်သန်ဖို့အတွက် အလုပ်လုပ်ခကတ်ရရေ၊ အဆိုးဆုံးက မိကျောင်းအန္တရာယ်နန့် ကျားအန္တရာယ်ရို့က ပိုဆိုးရေ။ ဒေအန္တရာယ်တိကို ငါရို့ ခါးစည်းလို့ ခံကတ်ရရေ တကာ။ နှစ်ပေါင်း (၇၅)နှစ်လောက်ကြာပြီးခါမှ ငါရို့ ကိုယ့်ပြည်ကိုကိုယ်ပြန်ရောက်ကတ် တေလတ်။ စစ်တွေကိုရောက်လာရေခါလဲ လုပ်ကိုင်စီးပွား က အဆင်မပြေ၊ ငါရို့ အဝကျွန်းသားတိရေ စာကားမတတ်၊ ယင်းကြောင့်လေ့ အောက်ခြေအလုပ်ကြမ်းတိကို လုပ်ကိုင်စားသောက်ရပြန်ရေ။ စပါးထမ်း၊ ထင်းပေါက်၊ ကူလီအလုပ်တိကို ကြိုးစားလုပ်ကေလေ့ စားဝတ်နေရေးအဆင်မပြေရေ ငါရို့ဘဝ၊ ငါရို့မိဘတိ ရေကြည်ရာမြက်နုရာကို ထပ်ရှာဖို့ကျရေယေ။

ယေနန့် ရန်ကုန်ကို ရောက်လာရေ။ ရန်ကုန်တည်င်မှာ အဝကျွန်းသားတိ စုဖို့ကျရေ။ တည်င်မှာလေ့ ကြိုးစားလို့ လုပ်ကိုင်စားသောက်ယင့် အဝကျွန်းသားတိ အဆင်မပြေစွာမြင်ရရေ။ ယင်းက တစ်ဆင့် ဧရာဝတီတိုင်းကို ရွှင့်ကတ်ရပြန်ရေ။ ဧရာဝတီတိုင်း ဖျာပုံမြို့နယ် ဝေးကြီး ဘဝသစ်ရွာ၊ ရွာတန်းသျှေရွာရို့ကို ရောက်တေအဝကျွန်းသားတိ များလာပြန်ရေ။ ဝေးကြီးဘဝသစ်စွာ ဝန်ကြီးချုပ်ဦးနုလက်ထက်က အလင်းဝင်တိကို လုပ်ကိုင်စားသောက်ဖို့ နီရာချပီးရေ နီရာ။ မြေရိုင်းတိ ကိုင်းတောတိ၊ ကျုပ်တိ၊ ဗွက်တိ၊ အင်းတိ အိုင်တိများရေနီရာဖြစ်တေ။ ဇာပင်ဖြစ်ဖြစ် ယင်းနီရာမှာ ဒုက္ခခံပနာ နီကတ်ပြန်ရေ။ စားဖို့သောက်ဖို့ အဆင်ပြေရေလူတိပြေရေ၊ အဆင်မပြေရေလူတိ လုံးဝမပြေရေ။ အဆင်မပြေရေလူတိ ထဲက ဦးထွန်းအောင်နန့် ဒေါ်မသာဦး၊ ဦးစိန်လှအောင်နန့် ဒေါ်စံညွင်းဖြူရို့မိသားစု လူရှစ်ယောက် ဒေအမာ ဘဝသစ်ကို (၁၉၆၃ခုနှစ်)မှာ ပြောင်းလာ ကတ်တေတကာ။

အမာအရပ်ဒေသမှာ ဘဝသစ်(၁) (၂) (၃)ဆိုဗျာယ် ရွာသုံးရွာဟိရေ။ ရွာကိုပြောင်းလာခါစက ဗိုလ်ကြီး တစ်ယောက်ထံမှာ ဦးထွန်းအောင်ရို့မိသားစုနန့် ဦးစိန်လှအောင်ရို့ မိသားစု ခြံစောင့်ဘဝနန့် ရောက်လာကတ်စွာပါ။ ခြံစောင့်ဘဝမှာ စားဖို့ ဆန်ပီးရေ။ သုံးဖို့ ဒင်္ဂါး ၃၅ပြားပီးရေလတ်။ ပင်လယ်နန့် ချောင်းနန့် နီးရေအရပ်ဒေသဖြစ်လို့ ရှာစားလို့ အဆင်ပြေရေ။ သားငါး ပုဇွန်တိလေ့ပေါရေ။ ယင်းနှစ်မှာပင် ဆရာတော် ဦးကေသရိန္ဒာ အသျှင်ဘုရားရေ ဘဝသစ်ကို ရောက်လာရေ။ ဆရာတော်ရေ ဦးထွန်းအောင် ဒေါ်မသာဦးရို့ ဆွေမျိုးဖြစ်ရေ။ တစ်နှစ်လောက်ကြာရေအခါ ဆရာတော်ဦးဝဏ္ဏနန့် ဦးမဲထွန်း ရို့မိသားစု ရောက်လာကတ်ပြန်ရေ။ ယင်းခါက ဒေဘဝသစ်(၁)မှာရာ ရခိုင်ဟိရေ။ (၂)နှစ်လောက်ကြာပြီးခါ ဦးမောင်သောင်း ဒေါ်မညိုဖြူနန့် ဦးသာဇံမိသားစု ဦးဖြူသီးမိသားစုရို့ ရောက်လာကတ်ပြန်ရေ။ ယေနန့်တဖြည်းဖြည်း များလာစွာ။ မှတ်မိသလောက်က ဦးသာစိန်ထွန်း၊ ဦးသာဟံမောင်၊ ဒေါ်လှသန္တာ၊ ဒေါ်လှမျိုးစိန်၊ ဒေါ်ဦးစိန်ညို၊ ဒေါ်ထွန်းမစိန်၊ ဦးကျော်စိန်၊ ဒေါ်စိန်ယဉ်တို့မိသားစုရို့ ဖြစ်တေ။

တစ်ခုလေ့မပါဘဲ လက်နန့် ဖဝါးရောက်လာရေ ငါရို့ ဘဝကိုတစ်ခေါက် တကာစဉ်းစားကြည့်လီဖိ။ ကြုံရာကျဘန်း အခိုင်းအစေဘဝနန့် စခရရေဘဝ၊ လယ်လုပ် ထင်းခုတ် ငါးရှာ ဖားရှာလုပ်ယင်းနန့် ဖဲသာစုရရေတကာ။ ယင်းခေတ်က ဒေနီရာမှာ ငါးဇကကျော်ခြံတစ်ခြံကို ဒင်္ဂါး (၃၀၀)လောက်ရာပီးရရေ။ ဖဲသာစုလို့ တစ်ယောက်ပြီး တစ်ယောက် ခြံဝယ်ကတ်တေ။ ရောက်စကလောက် တောရိုင်းတိရစ္ဆာန်အန္တရာယ်တိ မဖြစ်လိုက်ဗျာယ်။ အယင်က ဒေအရပ်မှာ ကျားတိကိုတောင် တွိရရေ။ လုပ်စာလို့လည်းကောင်း၊ ရှာစားလို့လဲ ရရေခါ ဆွေမျိုးတိကို ခေါ်ယူကတ်တေ။ အဂုထိ အဝကျွန်းက ရခိုင်သားတိ ရောက်နီတုန်းသိမ့်။

ငါရို့ ဘဝသစ်ကို ရောက်ပြီးလို့ (၁၀)နှစ် (၁၂)နှစ်ထိ စာသင်ကျောင်းလုံးဝမဟိ။ အသျှေတိ စာမသင်ကတ်ရ။ စာမတတ် ပီမတတ်ဖြစ်တေ ငါရို့ဘဝကို အသျှင်ဘုရားကေသရိန္ဒာ မမြင်နိုင်။ သီစာ ရှင်စာ ဖတ်တတ်ဖို့အတွက် အသျှင်ဘုရားရေ ဘုန်းကြီးကျောင်းမှာ သင်ပီးရေ။ အသျှင်ဘုရားရေ (၁၉၇၈ခုနှစ်)လောက်မှာ ဆေးမှူး ဦးကျော်အေးကို ဘိုကလေးကို လွှတ်လို့ မူလတန်းစာသင်ကျောင်းတစ်ခု ရနိုင်အောင် လျှောက်ခိုင်းရေ။ ယင်းနှစ် ဘဝသစ်(၁)မှာ မူလတန်း သျှေ ကျောင်းတစ် ကျောင်းရရေအခါ အသျှင်ဘုရားရေ ကိုယ့်ဖေသာနန့် အုန်းမိုးဝါးကာ စာသင်ကျောင်းဘဝကို စပီးခရေ တကာ။ ဘဝသစ်(၁)မှာ ဓမ္မသုခရို့ဆိုရေ ရခိုင်ဘုန်းကြီးကျောင်းတစ်ကျောင်းလေ့ ဟိသိမ့်ရေ။ လက်ဟိ ဘဝသစ် (၁)မှာ ရခိုင်လူဦးရေ (၁၈၅၄)ယောက် ဟိရေတကာ။

ဘဝသစ်(၁)နန့် ဘဝသစ်(၂)စွာ (၅)မိုင်လောက်ဝီးဖို့။ ဘဝသစ်(၂)နန့် ဘဝသစ်(၃)စွာ (၁၀)မိုင်မကဝီးရေ။ ဒေသုံးရွာ ပေါင်းကေ ရခိုင်အိမ်ခြေ လေးငါးရာလောက်ဟိဖို့ဟန်။ ငါရို့ရခိုင်သားတိ ကရင်တိနန့် ရောနီကတ်စွာကြာဗျာယ်။ ဗမာတိက အဂုနောက်ပိုင်းရောက်လာစွာရာ။ အမာရွာကိုလေ့ မြို့လို့ပြောင်းစွာ ဇာကြာသိမ့်ရောင်။ အဂုဆိုကေ ငါရို့ရွာစွာ အမာမြို့နယ် အတွင်းမှာ ကျနီရာမနားယေ။ ရန်ကုန်မြို့နန့် အမာမြို့ကို မြေသားကားလမ်းပေါက်တေ။ မိုးခါဆိုကေ ကားလားလို့မရ၊ နွီခါဆိုကေ ကားလားနိုင်ရေ။ အမာ-ရန်ကုန်ကားလမ်းမထက်မှာ ဘဝသစ်ရွာတိ တည်ဟိကတ်တေ။ ဘိုကလေးက ရီလမ်းခရီးနန့် လာဖို့ဆိုကေ အမာမြို့ကို ရောက်ပြီးမှ ငါရို့ဘဝသစ်(၁)ကို သုံးမိုင်ကျော်လောက်လာရဘို့။ ဘဝသစ်အားလုံးမှာ ရခိုင်အိမ်ခြီအားလုံး ထောင်ဂဏန်းလောက်ဟိဖို့ဟန်။ ငါရို့အားလုံး အဝကျွန်းသားပြောရေ ရခိုင်စကား ကို ပြောနီတုန်းသိမ့်။ ဗမာစကားက မပီကာ။ ကိစ္စမဟိ၊ ရန်ကုန်ကိုလေ့ တစ်နှစ် နှစ်နှစ်မှာ တစ်ခါကမရောက်၊ ဒေမှာနီဖို့ ထိုင်ဖို့ကောင်းရေ တကာမြင်ရေအတိုင်းဗျာယ်၊ အပင်ဝါးပင် အရိပ်အောက်မှာ နီကတ်ရစွာရာမနား၊ ရွာမှာ လျှပ်စစ်မီးမဟိ၊ မီးခွက် ဖယောင်း တိုင်နန့်နီကတ်တေ၊ တီဗွီ မဟိ၊ တီဗွီမလို၊ ကြည့်ချင်ကေ ဗွီဒီယိုရုံကိုလားကတ်တေ။ တစ်အိမ်နန့်တစ်အိမ် တစ်ခြံနန့်တစ်ခြံ ငါးဇကလောက်စီ ဝီးရေ။ ကိုယ့်ခြံမှာကိုယ်နီရေ၊ ကိုယ်ခြံမှာ ကိုယ်စိုက်ကေ၊ စိုက်ပျိုးရေးလုပ်ငန်းက အဓိက၊ အုန်းပင်စိုက်တေ၊ ကွမ်းသီးပင်စိုက်တေ၊ ခြံလုပ်တေ၊ စပါးစိုက်တေ၊ အိမ်တိုင်းမှာ ဝမ်းစာဟိရေ။ ကွမ်းခြံစိုက်တေ၊ ကွမ်းခြံကို အိမ်က မမနန့် အသျှေတိစိုက်တေလေ့ ရရေ။ သူ့ကို ဂရုစိုက်ရေပီးယာ။ ကွမ်းပင်တစ်ထောင်စိုက်ထားကေ ရက်(၂၀)မှာ လေးငါးသောင်း အသာသျှေ၊ ကွမ်းပင်အများစိုက်တေ လူတိ ရက်(၂၀)မှာ လေးငါးသိန်းတောင်ဝင်ရေ။ ကွမ်းပင်သက်တမ်းကလေ့ တစ်နှစ် နှစ်နှစ်လောက်ကို စဉ်းစားဖို့တောင်မလို၊ ဒေအရပ်မှာ ငါးရှာ၊ ဟင်းခူး၊ မပျင်းမရိ လုပ်စားကေ ဇာလုပ်လုပ် စားရရေ။ အေး အသျှေတိက စာမတတ်၊ အဂုမှရာ ဆယ်တန်းအောင်စွာ ဒေရွာမှာ စကေဟိဖို့၊ ကိုယ့်ကိုယ်ကို ရခိုင်ရို့တော့သိကတ်တေ။ ဇာကြောင့် ရခိုင်ခေါ်ရေ။ ယဉ်ကျေးမှု ဇာလေ၊ မသိကတ်၊ ယင်းကြောင့် သိချင်ရေလူတိ များလာရေတကာ။ စစ်တွေမြောက်ဦးကို ရောက်ဖူးရေအသျှေတိ မဟိသလောက်ဗျာယ်။ အသက် (၅၀) ကျော် (၆၀)တန်းတိကတော့ စစ်တွေရို့ မြောက်ဦးရို့မှာ နီဖူးရေ။ ယင်းလူတိဘားပါကစီ အသျှေတိ မိန်းနီကတ်စွာကို မြင်ရရေ၊ ငါရင်ကျိုးရေတကာ။ ယင်းကြောင့်လေ့ တကာရို့ကို ခေါ်ဗျာယ်။ ဒေဟောပြောပွဲကိုလုပ်စွာ၊ ငါတိုက်တွန်းရေ၊ ဇာလောက်ကုန်ကုန်၊ လုပ်ကတ်ရဖို့၊ အဂုက တကာရို့ ကိုယ်ဖေသာ နန့်ကိုယ် အကုန်အကျခံလို့ လာကတ်တေအတွက် ကျေးဇူးတင်ရေတကာ၊ နီစွာထိုင်စွာ၊ စားစွာသောက်စွာ အဆင်မပြေခကတ်ကေ ငါ့ကို ခွင့်လွှတ်ကတ်၊ နောက်နှစ်နောက်နှစ် တိမှာ ဒေထက်အဆင်ပြေစွာ ငါစီစဉ်မေ၊ အဂုက ကျောင်းခြံထဲမှာ လုပ်ထား ရေ စင်ထက်မှာရာ တစ်ခေါက်ဟောပြောလီဖိ၊ တကာရို့မှာ ယောကျ်ားလေးယောက်၊ မမလေးလေးယောက်၊ လာကတ်တေ ဆိုမနား၊ အားလုံးသူ ဟောပြောဖို့လား၊ အော် . . . ယောကျ်ားနှစ်ယောက် မမတစ်ယောက်ရာ ပြောဖို့၊ ကျန်လူက အဖော်လိုက် လာစွာလာ' အသျှင်ဘုရားရေ သူပြောချင်ရေ အကြောင်းတိကို တလီမှာတလီ ရီပက်မဝင်အောင် မနားတမ်းပြောပြရေ၊ အဖြစ်အပျက်နန့် သမိုင်းကြောင်း တိကို နားထောင်လို့ကား မငြီး။

ဟောပြောပွဲကို (၂. ၁၁. ၂၀၀၉) ညစာ (၇)နာရီမှာ စဖြစ်အောင် စကတ်တေ။ ရွာကအသျှေတိ အားတက် သရော ဖြစ်နီစွာကလွန်ရေ၊ ဆရာမငွေငွေဝင်းက အခမ်းအနားမှူး လုပ်ဗျာယ်၊ အစီအစဉ်အတိုင်းစရေ၊ ဘဝသစ်လူငယ် နှစ်ယောက် က ဟောပြောပွဲဖြစ်လာရပုံနန့် ကျေးဇူးပြုရဖို့ လူတိအကြောင်းကို ပြောရေ။ ပြီးကေ ကိုနေစိုးက ရက္ခိုတရို့

ရင်ခုန်ညှ ခေါင်းစီး နန့်ပြောရေ။ ပြောသူ ရင်ခုံပုံ၊ နားထောင်နီရေလူတိ ငြိမ်သက်စွာနားထောင်ကတ်လို့ သူပိုလို့ ရင်ခုန်ပုံတိကို ဖွဲ့ဖွဲ့နွဲ့နွဲ့ပြောရေ။ ပြီးကေ ဆရာမ ဒေါ်စောခင်တင့်က ရခိုင်ကဗျာတိအကြောင်းကို သမိုင်းကြောင်းနန့်ချီလို့ ပြောရေ၊ ရခိုင်ကဗျာတိကို ရခိုင်အသံ အတိုင်း အပိုဒ်(၂၀)လောက်ဆိုပြရေ။ ပြီးကေ ရခိုင်ရိုးရာနန့် ယဉ်ကျေးမှုအကြောင်း ဆိုရေ ဖတ်မမှီ လုံးမမှီ ခေါင်းစီးနန့် ပြောဖို့ကျရေအခါ ပွဲစီစဉ်သူ ကိုမျိုးကျော်၊ ကိုထွန်းရင်နန့် ဟောပြောသူ ကိုနေစိုး ဆရာမ ဒေါ်စောခင်တင့်နန့် ဘဝသစ်ကိုထိ အဖော်လိုက်ပီးသူ မမသျှေ ဒေါ်ခင်စောဝေ၊ မကြီး ဒေါ်ဇေဇေစံရို့နန့် ရွာသူ ရွာသားအားလုံးကို ကျေးဇူးစကားဆိုခပါရေ။ ဒေပွဲစွာ မနှစ်ကပင် စီစဉ်ကတ်စွာပါလတ်။ စကော်လာက အသျှေတိ ဒေအရပ်မှာ အင်္ဂလိပ်စာသင်ယင်း ရခိုင်ယဉ်ကျေးမှုအကြောင်းကို ပြောယင်း ဆရာမသျှေ ခိုင်မြတ်သူကတစ်ဆင့် ဒေပွဲဖြစ်လာစွာ။

ကျွန်တော်က အဝကျွန်း လိပ်သျှေခုံရွာက **‘ဂူရှိ’**။ အဘောင်က တောင်ကုတ်မြို့နယ်၊ ပဒင်းကျွန်းက အနွယ်၊ အဝကျွန်း ကို ဘဝပျက်လို့ရောက်လားသူရို့ အထဲက။ ယင်းက ပြည်တော်ပြန်ရခိုင်သားက ဘာဘာ။ အဂုကျွန်တော်က ရန်ကုန်ရောက် ရခိုင်သား။ ဒေဘဝသစ်မှာ လိပ်သျှေခုံရွာသား ရခိုင်သားရို့ ဟောပြောရေပွဲ။ ဒေရွာမှာ သုံးပုံတစ်ပုံမကရေ ကျွန်တော်ရို့ အမျိုး။

ဟောပြောပွဲမစခင်ကပင် သိချင်စွာတိ ဟိလို့ မိန်းရေမိန်းခွန်းက အများကြီး။ ပညာသျှင်မဟုတ်ပါကေလေ့ ဖတ်ထား သမျှ မှတ်ထားသမျှကို သတိတရနန့်ဖြေကြည့်ပီးပါရေ။ သဘောကျရေအသျှေတိက လက်ခုပ်လက်ဝါးတီးလို့ ရခိုင်ရို့၏ကိုးကွယ် မှုဆိုင်ရာ ဗုဒ္ဓဘာသာအကြောင်း မဟာမုနိအကြောင်း ရခိုင်ဒင်္ဂါးအကြောင်း ရခိုင်စာပီအကြောင်းတိကို ဇွဲနန့် မာန်နန့် ဟောပြော ရေအတွက် အားလုံးက ကျေနပ်ကတ်တေထင်ပါယင့်။ ညဉ့်ရေ သန်းခေါင်ကိုရောက်ဗျာယ်၊ ဘဝသစ်ကိုရောက်လားရေ ရခိုင်သားတိနန့် ဘဝဟောင်းမှာကျန်ခရေ ကျွန်တော်ရို့က . . . .။

**ရခိုင်လှမြင့်**

**၂၄. ၁၁. ၂၀၀၉**

# ကောက်ရိုးတစ်မျှင်

"နာမည် ရခိုင်ထွီး ဟုတ်လား၊ ဇာအဓိပ္ပာယ်နန့် ထားစွာလေ့ချင့်"

"ကျွန်တော်ရို့မှာ ညီအစ်ကိုမောင်နှမ ရှစ်ယောက်ဟိပါရေဆရာ၊ ကျွန်တော်က အကြီးဆုံး၊ သူကအငယ်ဆုံး၊ အထွီးဆုံးဖြစ်လို့ ရခိုင်ထွီးလို့ ထားစွာပါရာ"

၁၉၈၆ ခုနှစ်လောက်က မောင်တောမြို့နယ်၊ စာပေဟောပြောပွဲမှာ ဆရာကြီး ဦးဘအုန်း(သျှင်အုန်း) အမိန်းကို ဖြေဖူးခပါရေ။

"ဒကာ စိတ်ဝင်စားဖို့ဆိုကေ ငါအေပိုင်တစ်ခု စီစဉ်ထားရေဒေ၊ အသျှင်စက္ကိန္ဒ ရီးထားရေ ရီးပြီးသမျှ မဂ္ဂဇင်းပါဆောင်းပါးတိ စုဗျာယ် စာအုပ်ထုတ်နိုင်ဖို့အတွက် 'အသျှင်စက္ကိန္ဒ ဖောင်ဒေးရှင်း'လို့ ထူထောင်ထားရေ၊ စိတ်ဝင်စားရေ လူတိက တတ်နိုင်သလောက် ဖေသာထည့်ဗျာယ် အသျှင်စက္ကိန္ဒ စာအုပ်ထွက်လာနိုင်အောင်လို့ ရည်ရွယ်ရေ၊ အသင်းဝင်တိလေ့ အဂုသင့်ရောင်လောက်ဟိဗျာယ်၊ ဖေသာထည့်ရေ လူတိလေ့ သင့်ရောင် လောက် ဟိနိန်ဗျာယ်၊ ဒကာ သဘောဇာပိုင်လေ"

"အသျှင်ဘုရား စီစဉ်ထားမှုကို တပည့်တော် သဘောကျပါရေ၊ ယေကေလေ့ ဒေပိုင်ဖေသာကို ရာစု၊ ထောင်စု စုနိန်ကေ ယင်းအစီစဉ် အကောင်အထည်ပေါ်နိုင်ဖို့ ကြာပါဖို့ကာ"

"မှန်ရေ၊ ဇာလောက်ပင်ကြာကြာ တစ်ရက်တေ့ ဖြစ်လာဖို့ရာ၊ စာအုပ်စာတမ်း ရှားပါးရေ ငါရို့အတွက် မျှော်လင့်ချက်တစ်ခိုဗျာယ် မနား"

"တပည့်တော် အေပိုင် စဉ်းစားမိပါရေဘုရား၊ အသျှင်ဘုရား ဆန္ဒလေ့ပြည့်အောင် ပထမဆုံးထွက်ဖို့ စာအုပ်ကုန်ကျစရိတ်ကို တပည့် တော် တာဝန်ယူပါမေ၊ စာအုပ်ထွက်တေခါလေ့ စာအုပ်ရောင်းရရေ ဖေသာကို အသင်းဖေသာအဖြစ် သတ်မှတ်ပီးပါဘုရား"

"အေး ကောင်းကောင်းဟန်ကျစွာရာမနား၊ စာအုပ်အယင်ဆုံး ထွက်လာနိုင်ဖို့ ဆရာထွန်းရွှေ (ထွန်းရွှေခိုင်)ကို အကူအညီတောင်းဖို့ စိတ်ကူးထားရေ၊ အကောင်းဆုံး ဖြစ်နိုင်အောင် ကြိုးစားလားမေ"

"မှန်ပါဘုရား၊ တပည့်တော်ကို ပြန်ခွင့်ပြုပါ"

၁၉၉၁ ခုလောက်က အသျှင်ပညာစာရနန့် မဟာမုနိ ဗုဒ္ဓဝိဟာရကျောင်းမှာ ပြောခဖူးပါရေ။

"အစ်ကို့အနေနန့် ကျွန်တော်ရို့ ရခိုင်မဂ္ဂဇင်းမှာ မပါဖြစ်ခရေ ဆောင်းပါးကောင်းတိကို စုဗျာယ် စာအုပ်တစ်အုပ် ထွက်နိုင်အောင် တစ်ချက် ကြိုးစားကြည့်ပလင်"

"ဟုတ်ပါယင့်"

ကြိုးစားပါမေလို့ အာမဘန္တေ မခံဝံ့၊ တစ်ကြိမ်တစ်ခါလေ့ စာအုပ်မထုတ်ဖူးရေ လူတစ်ယောက် အနေနန့် တာဝန်ယူဖို့ကား မလွယ်၊ ဆရာ သိန်းနောင် တောင်းဆိုချက်ကိုတေ့ ဝမ်းသာပါယင့်၊ ဆရာသိန်းနောင်နန့်လေ့ မောင်တောမြို့နယ် စာပေဟောပြောပွဲအတွက် လာဖိတ်ရင်း တွိကြုံရင်းနှီးစွာရာဖြစ်လို့ လိုရင်းစကားကို လမ်းကြောင်းလွှဲဗျာယ် ထိုပြော ဒေပြောနန့် စစ်တွေမြို့ လမ်းမကြီးထက် စေတနာပုံနှိပ်တိုက်က အပြင်း ပြန်လားခစွာကို ဆရာသိန်းနောင်သတိရပါဖို့ကာ။

ဂ ဂ ဂ

'လှိုင်းသံ' စာအုပ်မှာ စာရီးဖြစ်ဖို့အတွက် လိုအပ်တေ အချက်အလက်တိကို ရနိုင်အောင်လို့ ရခိုင်ပြည်နယ် ယဉ်ကျေးမှုပြတိုက်က ဆရာမ ဒေါ်နုမြဖံ ဘက်ကိုလားဗျာယ် အကူအညီတောင်းဖူးပါရေ။

"မင်းလိုချင်ရေစာအုပ် ထိုဗီရိုသျှေ့ထဲမှာ ရှာကြည့်"

"စာအုပ်က ဒေလောက်တည်းပါလား ဆရာမ"

"ဒေလောက်မဟုတ်လို့ ဇာလောက်တောင်ဟိဖို့ထင်လေ၊ စာရင်းတစ်ခေါက်ချကြည့်ပလင်၊ ရခိုင်တန်ဆောင်က (၁၆)အုပ်၊ ရခိုင်မဂ္ဂဇင်းက (၁၃)အုပ်၊ ဆရာကြီး စံသာအောင်က (၄)အုပ်၊ ဆရာတော် စက္ကိန္ဒက (၉)အုပ်၊ ဆရာထွန်းရွှေခိုင်က (၅)အုပ်၊ တခြားတခြားစာအုပ်တိနန့်ပေါင်း ကေ (၄၀၊ ၅၀)ရာဟိဖို့။ ငါရို့မှာ ထိုက ဒေက ရှာထားရေ ပီစာတိ၊ လက်ရီးမူတိဖြစ်လို့ (၆၀၊ ၇၀)တောင်ဟိရေယေ"

"စိတ်ပျက်ဖို့ကောင်းလိုက်တေပင်၊ ဇာတတ်နိုင်ဖို့လေ့မဟိကေ။ ဟိအောင်ရာလုပ်ရဖို့မနားယေ"

ညည်းမိပါရေ။ တစ်နှစ်လောက်ကြာရေခါတေ့ အသျှင်ပညာစာရနန့်တွိရေခါ. . .

“စာမူတိသင့်ရောင်စုလို့ ရဗျာယ်။ လက်နှိပ်စက်မဟိတို့ မိတ္တူမကူးရသိမ့်။ မြို့ထဲကို နိန်စိုင်လားရစွာလေ့ မလွယ်”လို့ မိန့်ကြားပြန်ပါရေ။

“ယင်းပိုင်ဆိုကေ ဘာဘာသျှေ (ဆရာစံလှကျော်)ဘက်မှာဟိရေ ပျက်နိန်ရေ လက်နှိပ်စက်တစ်လုံးကို ပြင်ပြီးကေ အပ်ပါမေ။ အသျှင်ဘုရား စာမူပြီးအောင်လုပ်ပီးပါ”

“ကောင်းယင့်ယေကေ. . . ”လတ်။ နောက်တစ်နှစ်လောက်ကြာရေခါ အသျှင်ပညာစာရနန့် တွိဖြစ်ပြန်ပါရေ။ “စာမူကတော့ ပြီးဗျာယ် တကာ။ စာအုပ်ထုတ်ဖို့မလွယ်။ ဆရာထွန်းရွှေနန့်လေ့ မတွိဖြစ်သိမ့်”

“အသျှင်ဘုရား . . . . တပည့်တော် အဂု ရန်ကုန်ကိုပြောင်းလာခပါဗျာယ်။ တပည့်တော်လုပ်ကြည့်ကေ ရနိုင်ပါဖို့လား”

“တကာ လုပ်နိုင်ကေ ကောင်းရေနန့်ရာ။ အသျှင်စက္ကိန္ဒ ဖောင်ဒေးရှင်းလေ့ ပြောစွာရာ။ စိတ်ဝင်စားရေလူက နည်းနိန်ရေ”

အသျှင်ပညာစာရ ပီးရေ အသျှင်စက္ကိန္ဒ ရွီးထားရေ စာမူထုပ်ကို ပိုက်ပနာ ရန်ကုန်မြို့ကို ချီတက်လာလတ်ပါရေ။

ဂ ဂ ဂ

“ကိုမောင်သိန်းဖြူ စာအုပ်တစ်အုပ် ထုတ်ချင်ရေ။ ကျွန်တော်က တစ်ခုလေ့နားမလည်။ အစ်ကိုက အယင့်အယင်ကပင် စာအုပ်ထုတ် လုပ်ဖူးရေမနား။ ကျွန်တော့်ကို ကူညီပလင်”

“အသူရီးရေစာအုပ်လဲ”

“အသျှင်စက္ကိန္ဒ ရီးရေ မဂ္ဂဇင်းမှာပါပြီးသား ဆောင်းပါးဟောင်းတိကို စုလို့ထုတ်ဖို့စွာရာ”

“စာအုပ်ကို ဇာနာမည် ပီးထားလေ”

“စာအုပ်ကို နာမည်လေ့မပီးရသိမ့်။ ဇာထားကေ ကောင်းဖို့လဲ။ အကြံတစ်ချက်ပီးပလင်”

“အသျှင်စက္ကိန္ဒ နန့် ဆရာမာန်အောင်ပီရရို့ ၁၉၆၀ ခုလောက်က ရခိုင်ယဉ်ကျေးမှုများဆိုဗျာယ် စာအုပ်တစ်အုပ်ထွက်ခဖူးရေဝါ။ ယင်းစာ အုပ်ကိုလေ့ သတိရအောင် ရခိုင်ယဉ်ကျေးမှုအမှတ်(၂)လို့ နာမည်ထားလိုက်ကေ မကောင်းလား။ ဆရာတော်လေ့ သဘောကျဖို့ရာ”

“အကောင်းဆုံးဗျာယ်။ ကျွန်တော်ယင်းနာမည်ကို ကြိုက်လားခဗျာယ်”

စာအုပ်ထုတ်ဖို့ဆိုကေ ပထမဆုံး စာပီစိစစ်ရေးမှာ စာမူခွင့်ပြုချက်တင်ရဖို့။ ယင်းစာပီစိစစ်ရေးမှာ ကျွန်တော်ရို့ ကျောက်တော်က ရခိုင်သား တစ်ယောက်ဟိရေ။ သူ့ဘက်က အကူအညီတောင်းကေ ပိုလို့ယင်နိုင်ရေ။ နောင်ပြီးကေ ၃၅-လမ်းထဲက ကျွန်တော်နန့်ခင်ရေ ဦးဝင်းမြိုင်ပုံနှိပ်တိုက်မှာ ခဲစာလုံးနန့် ပုံနှိပ်ကေ ပိုလို့သက်သာနိုင်ရေ။ အုပ်ရေ ဇာလောက်ထုတ်ဖို့ စိတ်ကူးလေ”

“ဇာလောက်ထုတ်ကေ ကောင်းဖို့လဲ”

“ရခိုင်စာအုပ်တိကိုတော့ (၅၀၀)လောက်ထုတ်ကေ တော်ဗျာယ်။ ယေကေလေ့ ကုန်ကျစရိတ်ကမထူး။ စာရွက်စရိတ်ရာစိသျှေပိုကုန် ရေ။ (၁၀၀၀)ထုတ်ကေဝါ”

“(၁၀၀၀)ထုတ်ဖို့ဆိုကေ ဖေသာဇာလောက် ပိုကုန်နိုင်လေ”

“အလွန်အကျွံ လေးငါးထောင်နန့်ရာ”

“ကျွန်တော်က သက်သာစွာကို ကြိုက်တေ”

“ယင်းကိစ္စ နောက်မှပြော။ စာအုပ်ဖြန်ချိဖို့ခါ စာပီနာမည်တစ်ခုလိုရေ။ ဇာစာပီကဖြန့်ဖို့လဲ”

“ကျွန်တော် နားမလည်”

“ကျွန်တော်ကတော့ အေပိုင်အကြံပီးချင်ရေ။ ကျွန်တော့်မှာ သီဟရာဇာ စာပေဖြန့်ချိရေလို့ ဖြန်ချိရေးတစ်ခုဟိရေ။ အစ်ကိုဖြန့်ချင်ကေ ကျွန်တော့်ဘက်က ဖြန့်ပီးမေ”

“ကောင်းကောင်းဟန်ကျစွာရာမနား”လို့ ကိုမောင်သိန်းဖြူနိန်ရေ ၃၁ လမ်းအိမ်ထက်မှာ အကြာကြီး ဆွေးနွေးဖြစ်ဗျာယ် တပြုံးပြုံးနန့် အိမ်ပြန်လာဖြစ်ပါရေ”

အလုပ်ပြီးလို့ အိမ်ကိုပြန်လာရေခါ အိမ်ထက်မှာ အသျှင်ဘုရားစက္ကိန္ဒကို အတိုင်းသားဖူးတွိရပါရေ။

“အသျှင်ဘုရား ဇာခါရောက်ပါလေ” လို့ မိန်းယင်း ဇီတင်မိပါယင့်။

“ညဇာက မိုးထဂျောက်တေ။ ရန်ကုန်မရောက်စွာလေ့ ကြာဗျာယ်။ ကိစ္စဝိစ္စရှိလို့ အေနှစ်ဖြစ်အောင်လာလတ်တေ။ ငါ့စာမူဟောင်းတိကို မင်းက စာအုပ်တစ်အုပ်ဖြစ်အောင် လုပ်နိန်ရေကြားလို့ စစ်တွေက လိပ်စာမိန်းဗျာယ် ငါမင်းဘက်ကို ရောက်အောင်လာစွာ”

“ဟုတ်ပါရေ ဘုရား။ တပည့်တော် အသျှင်ပညာစာရ စီစဉ်ပီးလို့ အသျှင်ဘုရား စာမူတိကို ပုံနှိပ်ဖို့လုပ်နိန်ပါရေ။ အသျှင်ဘုရားကို ကြိုတင် မလျှောက်မိစွာ ခွင့်လွှတ်ပါဘုရား”

“ရရေ ကိစ္စမဟိ။ ကောင်းစွာကို လုပ်စွာရာမနား။ အုပ်ရေ ဇာလောက်ထုတ်ဖို့လဲ။ ဇာလောက်ထိ ပြီးနိန်ဗျာယ်လဲ”

“စာပီစိစစ်ရေးက ခွင့်ပြုချက်ရပါဗျာယ် ဘုရား။ အုပ်ရေ (၅၀၀)ရိုက်ဖို့ စိတ်ကူးပါရေ။ ပုံနှိပ်ဖို့ကိစ္စအားလုံးကို ကိုမောင်သိန်းဖြူ ကူညီပီးလို့ ၃၅ လမ်း၊ သိဒ္ဓိမြိုင်မှာ ပုံနှိပ်နိန်ပါရေဘုရား”

“မောင်သိန်းဖြူက ဒေလုပ်ငန်းကို ကျွမ်းကျင်ရေ။ သူကိုယ်တိုင်လေ့ စာရီးလာစွာ ကြာဗျာယ်မနား။ သူကူညီကေကောင်းရေနန့်။ စာအုပ်ကို အုပ်ရေ (၁၀၀၀)လောက်ရိုက်။ စာအုပ်စွံဖို့၊ အရင်းပြန်ရဖို့ကိစ္စကို ငါ့တာဝန်ထား။ ငါဒေမှာဟိရေခါ ငါကိုယ်တိုင်ပရုဖ်ဖတ်ပီးမေ”

ဂ ဂ ဂ

“ဒေါက် ဒေါက် ဒေါက်

“ဇာကိစ္စဟိပါလဲ”

“ဒါ အမှတ်(၄၅) ၂၇-လမ်း၊ ကိုလှမြင့်အခန်း ဟုတ်တယ်နော်”

“ဟုတ်ပါတယ်”

“ရေပိုက်ပြင်ချင်လို့ လာခေါ်တာပါ”

“ရေပိုက်လုပ်တဲ့ ကုလားလှမြင့် အပေါ်မှာပါ”

“ဩော် ဟုတ်လား။ ဆောရီးနော်”

ဂ ဂ ဂ

“ခင်ဗျားတို့အိမ်လည်း ဧည့်လာများတတ်တယ်နော်”

မြေညီထပ်က အိမ်ဆောက်ပစ္စည်းရောင်းရေ ကိုမောင်မောင်က မဆီမဆိုင်ပြောရေစကားကို

“ဟုတ်ကဲ့”

“အေးဗျာ၊ လှမြင့်က နှစ်ယောက်ဖြစ်နေတော့ ကျုပ်တို့မှာ ရခိုင်လား၊ ကုလားလားမေးပြီး ရခိုင်လှမြင့်ဆို ပထမထပ်၊ ကုလားလှမြင့်ဆို ဒုတိယထပ်လို့ ခဏခဏဖြေနေကြရတယ်”

ဂ ဂ ဂ

“ကိုမောင်သိန်းဖြူ စီစဉ်သူကို ဦးလှမြင့်အစား ရခိုင်လှမြင့်လို့ ထည့်ပီးကို”

“အစ်ကို ဖေသာစိုက်တေ စာအုပ်ရာမနား။ အစ်ကို့သဘော”

“ကျွန်တော်လေ့ ကောင်းကောင်းအလုပ်များရေကိုး။ အစ်ကိုလေ့ လုပ်တတ်ဗျာယ်ဝါ။ ကျွန်တော့်စာအုပ်တိ ထွက်ဖို့ပင် ကျွန်တော်မနည်း ကြိုးစားနိန်ရရေ။ အစ်ကို့စွာကို အစ်ကိုရာ ကြိုးစားကြည့်ဖိ”

“ကောင်းယင့်နန့်ရာ။ ကျွန်တော်အတတ်နိုင်ဆုံးကြိုးစားမေ။ ရခိုင်ယဉ်ကျေးမှုများ အမှတ်(၂)ထွက်လာအောင် ကြိုးစားကူညီပီးခရေ အစ်ကို့ကို ကျေးဇူးတင်ပါရေ”

ဂ ဂ ဂ

ရခိုင်ယဉ်ကျေးမှုများ အမှတ်(၂)စာအုပ် ထွက်ပြီးလားခလို့ မကြာခင် ၁၉၉၃-ဧပြီလ (၁၂)ရက်နိန့်မှာ မွီးဖွားသန့်စင်လာရေ သားဦးအတွက် ဝမ်းသာမဆုံး အဖတစ်ယောက်ပီတိက ပြောမဆုံး။

“အသျှေက နားမွှောင်းသျှေနန့်ကာ။ ဇာဖြစ်လို့ ယောကျ်ားသျှေကို နားထိုးထားလေ၊ နာမည်ပါ ဇာပီးထားဗျာယ်လေ”

“ရခိုင်ရိုးရာ ယဉ်ကျေးမှုအရ နားဖောက်ထားစွာရာ၊ နာမည်လေ့ မထားရသိမ့်။ လောလောဆယ်မှာတော့ သားကြီး၊ သားကြီး လို့ခေါ်ထားရေ”

“နာမည်တစ်ခုခု ထားရဖို့ယေ၊ သုံးလတောင် ကျော်ဗျာယ်မနား”

မိန်းလာသမျှ အပေါင်းအသင်းမိတ်ဆွေတိကို ဖြေရစွာကလေ့မလွယ်။ သားနာမည်ကို ဇာထားဖို့လဲ စဉ်းစားတိုင်းလည်း တိကျသေချာရေ နာမည်မရ။ ဒေကြားထဲ မယားကလေ့ တမှောင့်။ သူ့သားနာမည် ရဟိရေးကို နိမ့်စဉ်အရေးဆိုပြန်ရေ။ အေကြားထဲ ရခိုင်ယဉ်ကျေးမှု (၃)ကို ပုံနှိပ်ဖို့ဗျာယ်ဖြစ်လို့ ဖြန့်ချိရေးစာပီတစ်ခုလေ့ အရေးတကြီးလိုနိန်ရေဆိုရေ အသိက ပြင်းထန်လာပြန်ရေ။

ဖြန့်ချိရေးစာပီနာမည်ကို ဇာထားကေ ကောင်းဖို့လဲ။

သားကြီးနာမည်ကို ဇာထားကေ ကောင်းလဲ။

အေး ဟုတ်ဗျာယ်။ ညီကိုခါ ရခိုင်ထွီးလို့ထားဖူးရေ။ သားကြီးကိုခါ ရခိုင်+သားကြီးလို့ပေါင်းပြီးကေ 'ရခိုင်သားကြီး'လို့ ခေါ်တွင်စီမေ။ စာပီဖြန့်ချိရေးကိုလေ့ သားတမျှ မြတ်နိုးရေအတွက် 'ရခိုင်သားကြီးစာပီ'လို့ ခေါ်တွင်စီသား'

******

"ဆရာ နိန်ကောင်းရေ မဟုတ်ပါလား"

"ယာ လှမြင့်ကာ။ မင်းရို့မိသားစုဝါ နိန်ကောင်းကတ်တေမနား။ ငါလည်း နိန်ကောင်းယင့်။ မင်းထုတ်တေ စာအုပ်တိကို တွိရရေ၊ ဖတ်ရရေ။ ကောင်းရေ ကောင်းရေ။ ဆရာလေ့အားပီးရေ"

ငယ်ဆရာဖြစ်သော ဆရာဦးဗသိန်းနန့် လားရောက်တွိဆုံဆွေးနွေးရေခါ ဆရာက ဝမ်းပန်းတသာနှင့် စာအကြောင်းပီအကြောင်းတိကို ဆွေးနွေးပြရေ။ လိုချင်စွာတိကို တောင်းရေအခါလေ့ ဝမ်းသာအားရ ထုတ်ပီးရေ။ နောက်ထပ်စာအုပ်ထွက်လာနိုင်ရေးကို အကြံပြုဆွေးနွေးရေ။ယဉ်ကျေးမှုများအမှတ်(၂) (၃)ပါ အကြောင်းအရာတိကို ဆရာနန့်ဆွေးနွေးဖြစ်တေ။ ဆရာနန့်တိုင်ပင်ခရေထဲမှာ အဓိကရေ ရခိုင်ညွှန့်ဖူးစာအုပ် ကိစ္စရေ ပထမ၊ ယင်းစာအုပ်ရေ ၁၉၆၈ မှာ ထွက်ခကေလေ့ နောက်ထပ်မထွက်နိုင်ခ။ ဒေနာမေနန့် နောက်ထပ်ထွက်နိုင်ကေ အကောင်းဆုံး၊ ရခိုင်သားရို့ အသည်းစွဲနာမေ၊ အကြိုက်ဆုံးနာမေ။ ယင်းပိုင်ဆိုကေ အယင်စိတ်ကူးခရေ "ရခိုင်သုတစွယ်စုံ" ဆိုရေစာအုပ်ကို နာမေပြန် ပြောင်းလိုက်ကေ ကောင်းဖို့ရာဟန်လို့ ဆွေးနွေးယင်း နောက်ဆုံး"ရခိုင်ညွှန့်ဖူး"ဖြစ်စီလို့ ဆုံးဖြတ်လိုက်ကတ်တေ။ ဒေစာအုပ်မှာ ဆရာ မောင်စံဖော်ကို စာတည်းချုပ်အဖြစ် တာဝန်ယူဖို့ တောင်းဆိုကတ်ဖို့ ဆုံးဖြတ်တေ။ အသျှင်စက္ကိန္ဒနန့် အသျှင်ဝါသဝကိုတော့ အတိုင်ပင်ခံစာ တည်းအဖြစ် ဦးတိုက်ဖို့ တိုင်ပင်ကတ်ပြန်ရေ။ ဆရာကတော့ လိုအပ်သမျှ ပံ့ပိုးဖို့နှင့်ရာလတ်။

အရေးကြီးဆုံးက ရခိုင်အသံ ရခိုင်စကားနန့်ရွီးရေ ရခိုင်အရွီးအသားရုပ်လုံးပေါ်လာရေး၊ ဒေကိစ္စရေ လွန်ခရေနှစ်ပေါင်း လေးဆယ် လောက်က ကြိုးပမ်းခဖူးကေလေ့ ထင်သလောက်ခရီးမပေါက်။ အဂုတခါ ပြန်ဗျာယ် အသက်သွင်းသင့်ရေ။ ဆရာရို့က စာမူရအောင် ကြိုးစား၊ ကျွန်တော်က စာအုပ်ထုတ်နိုင်ရေးကို ကြိုးစားမေလို့ တိုင်ပင်ယင်း ဆရာနိန်ရေအိမ် သုံးဆင့်တိုက်ထက်က ပြန်ဆင်းလာရေခါ ညဥ့် (၁၁)နာရီလောက်ပင် တီးဗျာယ်ကာ။

ဆရာပီးရေအကြံအတိုင်း ဆရာကြီးဦးသာထွန်း၊ ဆရာကြီး ဦးအောင်သာဦး၊ ဆရာကြီး ဦးစံသာအောင်နန့် တခြားသော လူပုဂ္ဂိုလ်ရို့ ရီးခရေ စာမူတိကို အမျိုးသားစာကြည့်တိုက်၊ တက္ကသိုလ်စာကြည့်တိုက်ထဲက ရှာပီးပြီးကေ ဆရာတော် အရှင်စက္ကိန္ဒပါးကလည်း တောင်းယူပို့ပြီးရေခါ အလွယ်တကူ ရလာလတ်လို့ ရသမျှစာမူတိကို စိစစ်ရေးတင်ဗျာယ် အစစ်ခံတင်ပြရပြန်ရေ။

"ကျွန်တော် ဒေပိုင်စဉ်းစားပါရေဆရာ။ စစ်တွေမြို့က ဆရာဘားကတစ်ဆင့် စာအုပ်တိကို ဖြန့်ကေ ဖြန့်ချိရေးရေ ပိုအားကောင်းပါဖို့လား လို့။ အဂုလောလောဆယ်မှာ ကိုမောင်ထွန်းကျော်ဘားက တစ်ဆင့် အသျှင်ဝါသဝဘားကိုပို့။ အသျှင်ဝါသဝဘားကတစ်ဆင့် ဆရာတော် စက္ကိန္ဒဘား ကိုပို့။ အဆင့်ဆင့်ပို့ပြီးမှ ဆရာတော်က ရခိုင်ပြည်အနှံ့ဖြန့်ရစွာဖြစ်လို့ အလွန်ကြာပါရေ။ ဖြန့်ချီရေးရာ အေထက်မက အားကောင်းဖို့ဆိုကေ ကျွန်တော် ဒေစာအုပ်ထုတ်ဝေရေးကို ပိုအားစိုက်နိုင်ပါပို့ဒေ"

"ငါ အတတ်နိုင်ဆုံး ကူညီမေနန့်ရာ"

ဆရာရေ လုပ်ငန်းတာဝန်အကြောင်း အမျိုးမျိုးနန့် ရန်ကုန်ကိုရောက်တိုင်း ရခိုင်စာပီအကြောင်း၊ ထုတ်ဝီသင့်ရေ စာအုပ်တိ အကြောင်းနန့် ရှိဟောင်းနှောင်းဖြစ်တိကို ဆွေးနွေးတိုင်ပင်ပြရေ။ ယင်းကြောင့်လေ ရခိုင်ပိုင်စင်းသီးရွက်ရေ စာအုပ်တစ်အုပ်အဖြစ် "ရခိုင်ရိုးမ မဂ္ဂဇင်း"ကို အသက်သွင်းဖြစ် ကတ်တေမဟုတ်ပါလာ။ ဒေစာအုပ်နာမေကိုတောင် စုပေါင်းရွီးချယ်ကတ်စွာရာ။ အယုတ်စွဆုံး အတိုင်ပင်ခံစာတည်း၊ စာတည်း၊ တာဝန်ခံစာတည်းတိကိုလေ့ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးတိုင်ပင်ဖြစ်ကတ်စွာပါ။

ဒေကာလ(၁၉၉၄)ထဲမှာ ချွန်းလို့ ရခိုင်ညွှန့်ဖူး ပညာတော်သင်ဆုနန့် စစ်တွေမြို့ မြို့တော်ခန်းမ တည်ဆောက်ရေးအတွက် စတိတ်ရှိုးတစ် ပွဲကို စစ်တွေမြို့ထက်မှာ လုပ်ကြည့်မိပြန်ရေ။ ရန်ကုန်မြို့က စစ်တွေမြို့ကို လေယာဉ်ပျံစီးလုံးငှားလို့ အဆိုတော်၊ အဆိုတော်မတိကို တင်ဗျာယ် အဆန်းတတ်လုပ်တေပွဲဖြစ်လို့ သောက်သောက်လဲအောင် အရှုံးကြီးရှုံးရေ။ ယေဒါလေ့ အင်းပေါက်ဝ ကုမ္ပဏီက တစ်ဝက်ခံဖူးလို့ နှစ်သိန်းခွဲလောက် သက်သာဖူးရေ။

ဆရာရေ စိတ်ဓာတ်ကျနိန်ရေ တပည့်ကိုကြည့်ဗျာယ် ဆရာနိန်ရေ သုံးဆင့်တိုက်ထက်မှာ စစ်တွေမြို့ထက်က စာပီပညာရှိတိနန့် တွိ ပီးရေ။ အာပီးရေအတွက် ကျလားခရေစိတ်ဓာတ်ကို ပြန်လို့ကာကွယ်နိုင်ခရေ မဟုတ်ပါလား။

ရခိုင်ယဉ်ကျေးမှု (၄)ဖြန်ချိပြီးစမှာ သိဒ္ဓိကာရုံကျောင်းမှာ လားဗျာယ် ဖူးမြော်ရေခါ ဆရာတော်က စာအုပ်ဖြန့်ချိမှုကို ဆက်မလုပ်နိုင်။ စာအုပ်(၄၀၀)ပုံမှန် တာဝန်ယူဖြန့်ဖို့စွာ မလွယ်ဆိုရေ အကြောင်းတိကို မိန့်ကြားပါရေ။ ကျွန်တော်ကလေ့

"အသျှင်ဘုရား တပည့်တော်ကို လောင်းတစ်စီးနန့် ပင်လယ်ဝမှာ ပစ်မထားခပါကေဘုရား"

လို့ ပူဆာရေခါ ဆရာတော်ရေ ကရုဏာသက်ပနာ ပြန်မပြောဘဲ နှုတ်ပိတ်နိန်ပါရေ။ ယေအတွက်နန့်လေ့ အေနိန့်ထိတိုင် စာအုပ်(၅၀)ကို ဖြန်ချိပီးနိန်သိမ့်ရေ မဟုတ်ပါလား။

ရခိုင်ယဉ်ကျေးမှု အမှတ်(၄)ကစလို့ မအားလပ်တေ အချိန်တိကြားထဲက စာအုပ်ဖြန်ချိမှုကို ဆရာရေ အကူအညီပီးခပါရေ။

ဆရာရှာဖွေစုဆောင်းပီးရေ စာမူတိက ကိုလိုနီဘဝ ရွှေပြည်ခိုင်၊ ရခိုင်တန်ဆောင် ဆောင်းပါးများ၊ ရခိုင်ညွန့်ဖူး အမှတ်(၂)(၃)(၄)၊ ရက္ခမဏ္ဍိုင်၊ ရခိုင်ရိုးမ၊ ရိုးမခေါ်သံစရေ စာအုပ်တိ ထွက်လာနိုင်ခပါရေ။ စာအုပ်အမှတ်စဉ်(၁၄) 'ရခိုင်ယဉ်ကျေးမှုများ အမှတ်(၅)'ကို ရောက်တေခါ ဘူးသီးတောင်မြို့နယ် ပညာရေးမှူးတာဝန်ကို ပြောင်းပြီးထမ်းဆောင် လာရရေအတွက် စာအုပ်ဖြန်ချိမှုကို ဆရာ၏သား ကိုအောင်ရွှေနန့် လွှဲဗျာယ်လုပ်ဆောင် ပီးပြန်ရေ။

စာအုပ်ဖြန့်ချိမှုရေ ဆရာဘားမှာ ပိုလို့ပိုလို့ တာဝန်ပိလာရေအတွက် ဖြန်ချိမှုစနစ်ကို ရန်ကုန်ကတစ်ဆင့် ဗွီပီပီစနစ်နန့် ဖြန့်ချိကြည့်ပြန်ရေ။ ယင်းဖြန့်ချိစနစ်ကို စာရင်းတစ်ခေါက်ချကြည့်ဖို့ဆိုကေ အသျှင်စက္ကိန္ဒ(မောင်တော)၊ ကိုလှဖြူသံ(မောင်တော)၊ ဆရာကြီး ဦးဗသိန်း(ဘူးသီးတောင်)၊ ဦးကျော်လှဦး(ဘူးသီးတောင်)၊ ကိုကျော်ခင်(ရသေ့တောင်)၊ ဦးလှမောင် (ပန်းဝတ်ရည်စာကြည့်တိုက်၊ စေတီပြင်)၊ ဦးအောင်ကျော်သာ (စေတနာ ပုံနှိပ်တိုက်၊ စစ်တွေ)၊ ဦးဦးလှစော(စစ်တွေ)၊ အသျှင်ပညာစာရ(စစ်တွေ)၊ ဦးမောင်လှဦး(ပုဏ္ဏားကျွန်း)၊ ဦးမောင်ကျော်ဦး (ပုဏ္ဏားကျွန်း)၊ ဒေါက်တာထွန်းအေး (ကျောက်တော်)၊ ဦးဘသောင်း (ကျောက်တော်)၊ ဦးကျော်ထွန်းအောင်(မြောက်ဦး)၊ ဦးမောင်ကျော်ဇော(မြောက်ဦး)၊ ဦးထွီးမောင် (မြောက်ဦး)၊ ဦးထွန်းလှခိုင်(မိတ်ဆွေစာပေ၊ မြောက်ဦး)၊ ဦးရွှေသာထွန်း (မြောက်ဦး)၊ သျှစ်သောင်းဂေါပက (မြောက်ဦး)၊ ဦးမောင်မြင့်(မင်းပြား)၊ ဦးစံညွန့် (မင်းပြား)၊ ဦးသိန်းဇံ(မင်းပြား)၊ ဦးအောင်ကျော်ဝင်း(မြေပုံ)၊ ဦးမောင်သိန်း(ကျောက်ဖြူ)၊ ဦးအောင်သန်း (ကျောက်ဖြူ)၊ ဦးဖိုးနု(ရမ်းဗြဲ)၊ ဦးကျောက်တောင် (တောင်ကုတ်)၊ အသျှင်ကောသလ္လ(သံတွဲ)နန့် အမေ့အိမ်စာပေ (ပန်းဆိုးတန်းလမ်း ၊ ရန်ကုန်မြို့ရို့က တစ်ဆင့်ဖြန်ချိပြီးခကတ်ပါရေ။

ဒေပိုင် ဝိုင်းဝန်းဖြန့်ချိမှုကြောင့်လေ့ ရခိုင်သားကြီးစာပီက ဒေနိန့်ထိ စာအုပ်ထုတ်ဝီလာနိုင်စွာရာ မဟုတ်ပါလား။ မများသိမ့်ရေ စာအုပ်ထုတ်ဝီမှု နန့် ဆယ်စုနှစ်တစ်ခု မကုန်သိမ့်ရေ ကာလရေ တခြားတခြား ရခိုင်စာပီကို ကြိုးပမ်းခကတ်တေ ပညာသျှင်တိနန့် နှိုင်းဆပါကေ မနှိုင်းဝံ့စရာဖြစ်တေပိုင် အသျှင်စက္ကိန္ဒ၏ တစ်ဘဝတာ ကြိုးပမ်းမှုကို အသျှင်ဘုရားက 'ကောက်ရိုးလမ်းရာ ခင်းခနိုင်ရေ'လို့ အမိန့်ဟိထား ရေအတွက် အသျှင်ဘုရားခင်း ထားသော ကောက်ရိုးလမ်းမထက်က တပည့်တော်၏လုပ်ဆောင်ချက်သည် ကောက်ရိုးတစ်မျှင်မျှ ရဟိပါရေလို့ ဝန်ခံစကားဆိုပါရစီ။

ရခိုင်စာပီ မြင့်မားပါစီ

**ရခိုင်လှမြင့်**

တစ်ရက်လုံး လိုအပ်တေကိစ္စအဝဝကို ဆောင်ရွက်ပြီးဗျာယ်ဖြစ်လို့ အိမ်ကိုရောက်ပြန်ရောက်ဗျာယ်ထော။ အသျှင်စက္ကိန္ဒ ယဉ်ကျေးမှုမျှားအမှတ်(၉)ထုတ်ဝီခွင့်ရခဗျာယ်။ ဒေစာအုပ်မာ အမှာစာ ဇာရီးဖို့လဲ စဉ်းစားစိတ်ကူးယင်း ကုလားထိုင်မာ ထိုင်ချလိုက်တေ။ တစ်ရက်လုံး ပင်ပန်းခသမျှ အညောင်းပြေစီဖို့ ထိုထိုဒေဒေ စိတ်ကူးနီယင်း. . .။

“အစဉ်အလာမပျက် ကျင်းပနီရေ ရခိုင်ရိုးရာဘုရားပွဲကို ရက်ရွှိပနာလုပ်တေလူတစ်ယောက် လီဖြတ်လို့ ရန်ကုန်ဆီးရုံကြီးမာ ရောက်နီဗျာယ်လတ်ထော သတင်းထူးပါရေ သတင်းထူး . . . ဒေနိထွက်တေ ဂျာနယ်ကို ဝယ်ဖတ်ကြည့်ကတ်ပါ. . . ဝယ်ဖတ် ကြည့်ကတ်ပါ”လို့ အော်သံကြားမိပါရေ။

×××

“ထိုင်. . . မင်းဇာပြောချင်လဲ”

“ကျွန်တော် ဇာကိစ္စကိုပြောရဖို့စွာပါလဲ”

ဘယ်ဘက်အစွန်ဆုံးက မိန်းရေလူအမိန်းကို ကျွန်တော်ချက်ချင်းဖြေလိုက်တေ။ အဝတ်အစားသစ်ဝတ်ထားရေ လူငါးယောက် ရေ ကျွန်တော်ရှိမှာ ခုံနန့်ထိုင်ပနာ ကျွန်တော့်ကို တရားခံစစ် စစ်နီကတ်စွာရာမနား။ သူရို့ကျွန်တော်ကို ဇာနီရာက ဇာခါက ခေါ်လာကတ်တေ။ ဒေနီရာကို ဇာခါကပင် ရောက်နီစွာလဲ မမှတ်မိပါကာ။ ကြည့်ရစွာ အရေးပါ အရာရောက်တေ လူတိနန့်တူ ရေ။ မျက်နှာကြောတိကလေ့ တင်းထားကတ်တေ။

“လီသံ ပြင်းရေကာ၊ လန့်ဆန်မပြောကေ့၊ မိန်းရေ မိန်းခွန်းတိကို အလှုပဖြေ၊ ရိုရိုသေသေပြော၊ ငါရို့ကို သိလား၊ ဇာကောင် တိလို့ထင်လေ”။ ဒေါသသံနန့်လူတစ်ယောက်က ပြောရေ။ အေလူတိ ဇာကလူတိလေ့ ကျွန်တော် ဇာအပြစ်ကျူးလွန်မိပြန်လေ စဉ်းစားလို့မရ။ ခေါင်းထက်က “ယမမင်း”ဆိုရေ ဆိုင်းဘုတ်ကိုမြင်မိခါမှ ဆောက်တည်ရာမရ ဖြစ်မိပါယင့်။

“သျှစ်သောင်းဘုရားပွဲကိစ္စဝေး. . . သျှစ်သောင်းဘုရားပွဲကိစ္စ၊ မှတ်မိသလောက်ပြော၊ သျှစ်သောင်းဘုရားပွဲကို ဇာကြောင့် ရက်ပြောင်း ရက်ရွှိလုပ်ရစွာလေ”၊ စိတ်မရှည်ချင်ဗျာယ်ဆိုရေသဘောနန့် နောက်တစ်ယောက်က ဆိုပြန်ရေ။

“အို. . . သျှစ်သောင်းဘုရားပွဲ ကျင်းပရေကိစ္စပါလား၊ ယင်းကိစ္စ အဂုထိမပြီးပါသိမ့်လား၊ ဘုရားပွဲပြီးစွာက ကြာပါဗျာယ်ကာ”

“ဟုတ်တေ၊ ယင်းကိစ္စကိုသိချင်လို့ ငါရို့မင်းကို ခေါ်ပြီးကေ စစ်ဆေးနီစွာ၊ မှတ်မိသသောက်ကိုရာ ပြန်ပြောစမ်း”

“သျှစ်သောင်းဘုရားပွဲအကြောင်းကို ပြောရဖို့ဆိုကေ ထို. . . အသျှေခါက သျှစ်သောင်းပွဲအကြောင်းကိုပါ ပြောချင်ပါရေ

ထော”။

“ပြော. . . ”

“ကျွန်တော် မြောက်ဦးမြို့မာ ၁၉၇၀-ခုလောက်ကပင် နီဖူးပါရေ။ ဘာဘာရေ အစိုးရတာဝန်နန့် မြောက်ဦးမြို့ကို ပြောင်းလာ ခါကပင် ဆိုပါဖိ။ အဂုဆိုကေ နှစ်ပေါင်း ၃၇ နှစ်လောက် ဟိလားခပါဗျာမနား။ ယင်းခါကပင် ဒေသျှစ်သောင်းဘုရားပွဲကို မြင်ဖူး တွိဖူးပါရေ။ ဒေဘုရားပွဲစွာ ရခိုင်ပြည်နယ်မြောက်ပိုင်းမာ အစည်ကားဆုံး ဘုရားပွဲပါ။ ရခိုင်ပြည်နယ်မြောက်ပိုင်းမာ ဆံတော်သျှင် ဘုရားပွဲ၊ ဦးရာဇ်တောင်ဘုရားပွဲ၊ မဟာမုနိဘုရားပွဲ၊ ကျိန်းတောင်ဘုရားပွဲတိလေ့ ဟိပါရေ။ ယင်းအထဲမာမှ ဒေသျှစ်သောင်းဘုရား ပွဲစွာ အစည်ဆုံးလို့ ပြောရပါဖို့။ ရခိုင်ရိုးရာကျင်ပွဲ၊ ရခိုင်ရိုးရာပြိုင်လောင်းပွဲ၊ ဇာတ်ပွဲ၊ မြောက်ဦးရိုးရာပွဲရို့ရေ အသျှေခါကပင် မြင်ဖူးနီကျဖြစ်လို့ တမ်းတမ်းတတဖြစ်ရရေ သျှစ်သောင်းပွဲပါ။”

ဒေ ၂၀၀၇-ခုနှစ်မာ ကျွန်တော် အလုပ်တစ်ခုနန့် မြောက်ဦးမြို့ကို ၂၀၀၆-ခုနှစ်၊ နိုဝင်ဘာလကပင် ရောက်ပါရေ။ ယင်းလမာ သျှစ်သောင်းဘုရားဂေါပက,က အစည်းအဝေးတစ်ခုခေါ်စွာမာ ကျွန်တော့်ကိုပါ ဖိတ်ပါရေ။ ကျွန်တော်ရေ မြောက်ဦးမြို့ကိုရောက် တိုင်း သျှစ်သောင်းဘုရားကို ဖူးမြော်ပြီးမှ ပြန်တတ်တေ အကျင့်တစ်ခုလေ့ဟိပါရေ။ ဒေသျှစ်သောင်းဘုရား ဂေါပကကိုလေ့ လိုအပ် တေကူညီမှုတိ ပီးလာစွာလေ့ ဆယ်စုနှစ်မက ဟိလားပါဗျာ။ ယင်းအတွက်နန့်လေ့ ဂေါပကအဆက်ဆက်နန့် တွိ့ဆုံဖူးရေ ကျွန်တော့်ကို ဂေါပကအဖွဲ့ဝင်တိကလေ့ ရင်းနှီးပြီးသားဖြစ်ပါရေ။ ကျွန်တော့်ကို ဥက္ကဋ္ဌ ဦးထွီးစိန် လက်ထက်မာ အဝီးရောက် ဂေါပကအဖွဲ့ဝင်ဆိုပနာလေ့ တာဝန်ပီးဖူးပါရေ။ ယင်းကြောင့်နန့် ဂေါပကခေါ်ရေ အစည်းအဝေးကို သျှစ်သောင်းဘုရားထက်မာ ကျင်းပရေခါ ကျွန်တော်တက်ရောက်ဖြစ်ပါရေ။ ဂေါပကအဖွဲ့ဝင်တိရေ ၂၀၀၇-ခုနှစ်၊ သျှစ်သောင်းပွဲကျင်းပဖို့အကြောင်းကို ဆွေးနွေးကတ်ပါရေ။ ကျွန်တော့်ကိုလေ့

ဝင်ရောက်ဆွေးနွေးပီးဖို့ ပြောကတ်ပါရေ။ အလှည့်ကျဆွေးနွေးကတ်ပြီးကေ ကျွန်တော့် အလှည့်ရောက်တေခါ ကျွန်တော်ဆွေးနွေးပါရေ။ ဒေသျှစ်သောင်းဘုရားပွဲစွာ မိုးဦး၊ လီဦးမာကျင်းပနီစွာဖြစ်လို့ နှစ်တိုင်း မိုးနန့် ကြုံတတ်တေ။ ဒေနှစ်ကျင်းပကေ မိုးလွတ်အောင်ကျင်းပကေ မကောင်းလား၊ နောက်တစ်ခုက သင်္ကြန်ပြီးမှ ကျင်းပရေအတွက်နန့် ပွဲတော်ကို ပိုလို့စည်ကားနိုင်ဖို့နန့် ပွဲတော်လာရေလူတိ ဖေသာသုံးစွဲနိုင်ဖို့အတွက် သင်္ကြန်မကျခင်ကျင်းပနိုင်ကေ ပိုကောင်းဖို့ ထင်ပါရေလို့ ဆွေးနွေးလိုက်တေခါ ကျွန်တော်ဆွေးနွေးချက်ကို သဘောကျရေလူတိနန့် သဘောမကျရေလူတိ အပြန်အလှန် အကြာကြီးဆွေးနွေးပြီးခါမှ ဆုံးဖြတ်ချက်တစ်ခုချကတ်ပါရေ။"

"ဇာပိုင်ဆုံးဖြတ်ချက်ချကတ်လေ. . ပြော"

"သျှစ်သောင်းဂေါပကအဖွဲ့ဝင်အားလုံးက ပွဲကို မိုးလွတ်လီလွတ်အောင် စောစောစီးစီးချဖို့ သဘောတူကတ်ပါရေ"

"ဂေါပကအားလုံးပါလာ၊ နာယကအားလုံးလေ့ပါလာ"

"ပါ,ပါရေ၊ နာယကအားလုံး တက်ရောက်တေ အစည်းအဝေးပါရာ"

"ယေကေ ဂေါပကအဖွဲ့ဝင်အားလုံး သဘောတူလို့ လုပ်ကတ်စွာ မနားယေ"

"ဟုတ်ပါရေ၊ ဂေါပကအဖွဲ့ဝင်တိက မြို့နယ်သံဃနာယကသံဃာတိကို သူရို့လျှောက်မေ၊ အာဏာပိုင်တိကိုလေ့ လားရောက်ဆွေးနွေးမေ၊ ရက်ကိုအတိအကျမသိနိုင်ကေလေ့ အကိုရန်ကုန်ကိုပြန်ခါ ကံစမ်းမဲဖြတ်ပိုင်းတိကို လုပ်ယူခဖို့ တာဝန် ပီးပါရေ။ ယေပြီးကေ အာဏာပိုင်တိနန့် ဆွေးနွေးဖို့အတွက် ကျွန်တော့်ကိုပါ လားကတ်မေလို့ခေါ်ပါရေ။ ကျွန်တော်လေ့ သူရို့နန့်အတူ အာဏာပိုင်တိဘားကို လားရောက်ဆွေးနွေးရေခါ အာဏာပိုင်တိက ကောင်းရေ၊ နှစ်စဉ်နှစ်တိုင်း မိုးနန့်တွိ့လို့ အရင်းမဟုတ်ကေ ရှုံးနီရေပွဲ၊ အေပိုင် မိုးလွတ်လီလွတ်မှ ပိုလို့ရုံပုံငွေကျန်နိုင်ဖို့ဆိုဗျာလ် သဘောတူညီချက်ရရေအတွက် အစည်းအဝေးကို မြို့နယ်လုံးကျွတ် ဂေါပကအဖွဲ့ဝင်တိကို အာဏာပိုင်တိက ဖိတ်ပီးပနာ အံတော်သိမ်ဘုရားမာ လုပ်ကတ်ပါရေ။ ဒေအစည်းအဝေးစွာ ၂၀၀၇-ခုနှစ်၊ သျှစ်သောင်းဘုရားပွဲဖြစ်မြောက်ရေးအတွက် (၂)ကြိမ်မြောက်အစည်းအဝေးဖြစ်ပါရေ။ အစည်းအဝေးမှာ ပထမအကြိမ်အစည်းအဝေးထက် လူပိုစုံပနာ ဌာနဆိုင်ရာ အားလုံးလေ့ ပါဝင်လာရေအတွက် ဆွေးနွေးကတ်တေခါ ဒေါင့်စုံက အမြင်စုံကို ဆွေးနွေးပီးစွာကို တွိ့ရပါရေ။ အစည်းအဝေးရေ ထင်စွာထက်လေ့ ပိုကောင်းပါရေ။ ဒေအစည်းအဝေးမှာ အာဏာပိုင်တိဘက်က ပွဲတော်ဖြစ်မြောက်ရေး ကော်မတီကို အပြီးဖွဲ့စည်းပီးပါရေ။ ပွဲတော်နိရက်ကိုလေ့ အားလုံးသဘောတူ သတ်မှတ်ပီးလိုက်ပါရေ။ မြောက်ဦးမြို့ကို ယာယီရောက်ဟိနီရေ ကျွန်တော့်ကိုလေ့ ဒေနှစ်ပွဲတော်ထဲမှာ ပါဝင်ကူညီဖို့ ကမ်းလှမ်းပါရေ။ ကျွန်တော့်ကို ဂေါပက အဖွဲ့ဝင်တိနန့်အတူ အာဏာပိုင်တိက ပွဲတော်ဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူးအဖြစ် တာဝန်ယူပီးဖို့ ပြောကတ်ပါရေ။ ပွဲတော်ကို ဆယ်တန်းစာမေးပွဲအပြီး မိုးလွတ်လီလွတ် တခြားမြို့နယ်ဘုရားပွဲတိနန့်လွတ်အောင် သတ်မှတ်လိုက်ပြီးကေ ဒေပွဲတော်အတွက် ကြော်ငြာ၊ ဆုတံဆိပ်၊ အလှူငွေရို့ကိုပါ ရနိုင်သလောက် ကောက်ခံပီးဖို့ တာဝန် ပီးရေ အတွက် ကျွန်တော် ရန်ကုန်ကို ပြန်လာရေခါ ဒေတာဝန်တိကို တစ်ပါတည်း ယူဆောင်ဗျာယ် လုပ်ဆောင်ခပါရေ။
"

"ဒေနှစ်သျှစ်သောင်းပွဲကို အစည်းအဝေး ဇာနှစ်ကြိမ် လုပ်ခလေ၊ ဇာဖြစ်လို့ (၇၉)ကြိမ်မြောက် ဘုရားပွဲလို့ သတ်မှတ် လိုက်စွာလေ"

"ပွဲတော်ဖြစ်မြောက်ဖို့အတွက် အစည်းအဝေး (၉)ကြိမ်တိတိ လုပ်ခဖူးပါရေ။ (၇၉)ကြိမ်မြောက်အဖြစ် ကျွန်တော် တစ်ယောက်တည်း သတ်မှတ်စွာမဟုတ်ပါ။ ၁၉၂၁-ခုထုတ် ``ဇြာစောင်မာ ဆရာကြီး ဦးစံရွှေဘုက သျှစ်သောင်းဘုရားပွဲကို ကျင်းပဖို့အတွက် အဆင်သင့်ဖြစ်နီဗျာယ်၊ မြို့နယ်လူထုနန့် ဗုဒ္ဓဘာသာဝင်တိကလေ့ အလှူငွေ သင့်တင့်စွာရပါကြောင်း ဖော်ပြမှတ်တမ်းတင်ဖူးပါရေ။ ယင်းစာအရဆိုကေ ဒေနှစ်ရေ(၈၆)နှစ်မြောက် ဘုရားပွဲမဟုတ်ပါလာ၊ ယေဒါလေ့ ဒုတိယ ကမ္ဘာစစ်ဖြစ်စွာနန့်အတူ ပွဲတော်မကျင်းပနိုင်ရေနှစ်တိလေ့ ဟိခဖူးရေလို့ ကြားသိရရေအတွက်နန့် ဂေါပကအဖွဲ့ဝင် အားလုံးက ဒေနှစ်ပွဲကို (၇၉)ကြိမ်မြောက် ဘုရားပွဲအဖြစ် သတ်မှတ်ကတ်မေဆိုပနာ လုပ်ကတ်စွာပါရာ။"

"နှစ်တိုင်းကထက် ဒေနှစ်မာ ထူးခြားစွာပွဲတိပါလာ"

"ထူးရေပွဲလို့ကား မဟုတ်ပါ၊ နှစ်တိုင်းပွဲတိမာထက် အပိုဆိုလို့ "မြို့နယ်လုံးကျွတ် ဆွမ်းတော်ကြီးလောင်းပွဲ"၊ "ကောက်ဦးဆွမ်း တင်ပွဲ"၊ "ရခိုင်ရိုးရာနတ်ပွဲ"၊ "ရခိုင်ရိုးရာ ရထားဆွဲပွဲ"ရို့ ပါ,ပါရေ။"

"အယင်နှစ်တိကပိုင် "ပဌာန်းပွဲ"၊ "ကျင်ပွဲ"၊ "ပြိုင်လောင်းပွဲ"၊ "ဇာတ်ပွဲ"၊ "ယဉ်ကျေးမှုကပွဲ"၊ "ဘောလုံးပွဲ"ရို့ဝါ ပါလာ။"

"ယင်းပွဲအားလုံးလေ့ ပါ,ပါရေ၊ "အမျိုးသမီး ဘောလုံးပွဲ"လေ့ပါ,ပါရေ။"

"ယေကေ ပွဲတိက အများကြီးကာ"

"ဟုတ်ပါရေ၊ ပွဲစဉ်အားလုံး (၁၁)ပွဲပါ,ပါရေ၊ ပြိုင်လောင်းပွဲမှာ (၈)လံ၊ (၆)လံ၊ (၅)လံ ပြိုင်လောင်းတိအပြင် ကျင်ပွဲမှာလေ့ အထူးတန်း၊ ရွှေမောင်းတန်း၊ ငွေမောင်းတန်း၊ လူသစ်တန်းရို့လေ့ ပါဝင်ပါရေ။"

"ယေကေ. . ယင်းပြိုင်ပွဲတိအတွက် ဆုတိကိုဝါ အသူပီးလေ၊ ဇာကရလေ"

"ဆုတိကို ကျွန်တော်ကောက်ခံပီးပါရေ၊ ဘောလုံးပွဲကို ဦးအေးမောင်နန့် ဗိုလ်ကြီးမောင်ရွှေမိသားစု(ရန်ကုန်)က ချီးမြှင့်ပါရေ။ အမျိုးသမီးဘောလုံးပွဲစဉ်ကို ရခိုင်သားကြီးစာပီက ချီးမြှင့်ပနာ၊ ပိုက်ကျော်ခြင်းကို ဦးရဲဘော်စိန်မိသားစု (မြောက်ဦး)၊ ရခိုင်ရိုးရာ ပြိုင်လောင်းပွဲအားလုံးကို မလေးရှားရောက် ရခိုင်လူငယ်များ၊ ရွှေမောင်းတန်းအထူးတန်းကို နိုင်ငံတကာရောက်ရခိုင်လူငယ်များ၊ ရွှေမောင်းတန်းကို ကိုထွန်းရွှေသိန်း၊ ကိုသံဒိုင်(သံဒိုင်ကားပစ္စည်းအရောင်းဆိုင်၊ ရန်ကုန်)၊ ငွေမောင်းတန်းနန့် လူသစ်တန်းကို မလေးရှားရောက် ရခိုင်လူငယ်များက ချီးမြှင့်ပါရေ။ ရခိုင်ရိုးရာနတ်ပွဲကို ရခိုင်သားကြီးစာပီ၊ ရခိုင်ရိုးရာ ရထားဆွဲပွဲကို စင်္ကာပူနိုင်ငံရောက် ရခိုင်လူငယ်များက ချီးမြှင့်ပီးပါရေ။"

"ဆုတိအများကြီးရရေရာ မနားယေ၊ ငါရို့က သိန်း(၂၀၀)လောက် ရရေလို့ ကြားရေကာ"

"သိန်း(၂၀၀)ကား မဟုတ်ပါ၊ သိန်း(၂၀)ပါရာ၊ မလေးရှားနိုင်ငံရောက် ရခိုင်လူငယ်များအဖွဲ့က ဥက္ကဋ္ဌ ဦးထွန်းအောင်ကျော် ကိုယ်တိုင် လာရောက်ချီးမြှင့်စွာပါရာမနား။ ဦးအေးမောင်နန့် ဗိုလ်ကြီးမောင်ရွှေမိသားစုရို့လေ့ ပွဲကိုရောက်ဟိပါရေဝါ။ ဒေသတင်း ဇာပိုင်ဖြစ်စွာလေ မသိပါ။"

"ထားလိုက်ဖိ. . . ပွဲအကြောင်းကိုရာ ဆက်ပြော"

"ဟုတ်ပါရေ. . . ဒေ၂၀၀၇-ခု၊ (၇၉)ကြိမ်မြောက် သျှစ်သောင်းဘုရားပွဲတော်ကို ၂၀၀၆-ခု၊ နိုဝင်ဘာလ ကုန်လောက်ကပင် ကြော်ငြာတိကပ်ပါရေ။ ရန်ကုန်အပါအဝင် ရခိုင်ပြည်နယ် (၁၇)မြို့နယ်လုံး ဗီနိုင်းကြော်ငြာ (၁၂၀)လောက်ကို ကပ်ပါရေ။ စာရွက် တိနန့်လေ့ ဖြန့်ဝေပီးပါရေ။ မဂ္ဂဇင်းတိ၊ ဂျာနယ်တိနန့်မြန်မာတစ်နိုင်ငံလုံးသိဟိအောင် ကြော်ငြာဖြန့်ဝီပီးပါရေ။"

"ယေကေ ဇာဖြစ်လို့ ပွဲတော်ရက်ပြောင်းရေ၊ ရက်ရွှိရေလို့ အသံထွက်လာစွာလေ"

"ကျွန်တော်ရို့က ရက်မပြောင်းပါကာ၊ ကြော်ငြာရေရက်အတိုင်း ကျင်းပစွာပါရာ"

"ပွဲတော်မှာ ဘုရားထက်ကိုတက်ကေ ဖေသာကောက်တေ၊ ပြိုင်လောင်းနန့် ဆိုက်ကားသမားတိကိုလေ့ ဖေသာ ကောက်တေ ဆိုကာ၊ ဟုတ်လာ"

"ကျွန်တော်ရို့ ပွဲတော်ကျင်းပရေးကော်မတီက မကောက်ပါကာ"

"မကောက်ဘဲ ဖေသာကောက်တေ. . ဖေသာကောက်တေလို့ ပြောကတ်တေကာ"

"ဟုတ်ပါရေ၊ ယင်းပိုင် ဖေသာမကောက်ဘဲနန့် ဖေသာကောက်တေဆိုပနာ ပြောသံတိကို ကြားရပါရေ"

"နတ်ပွဲလုပ်လို့ နတ်ဆရာတိ နတ်ကောင်းမတိသီစွာဝါ ဟုတ်လာ"

"ဒေ(၇၉)ကြိမ်မြောက် သျှစ်သောင်းဘုရားပွဲမှာ ဇာနတ်ဆရာ၊ ဇာနတ်ကောင်းမလေ့ မသီပါကာ"

"ဒေနတ်ပွဲစွာ အယင်တခါလေ့ မလုပ်ဖူးလာ၊ ဒေနှစ်မှ လုပ်စွာလာ"

"ဟုတ်ပါရေ ရခိုင်ဘုရင်တိ လက်ထက်က မြောက်ဦးမြို့တော်မှာ ဗလိနတ်စာကျွေးပွဲဆိုပနာ နှစ်စဉ်နှစ်တိုင်းကျင်းပ နိုင်ခကေလေ့ နောက်ပိုင်းမှာ မကျင်းပနိုင်ကတ်ပါဗျာယ်။ ၁၉၄၇-ခုက ရွှေတောင်နတ်ပွဲကို မြောက်ဦးမြို့နယ်မှာ မြို့နယ်လုံးကျွတ် နတ်ပွဲအဖြစ် လုပ်ဖူးခပါရေ။ ယင်းနောက်ပိုင်းမှာ ကြီးကြီးကျယ်ကျယ် မြို့နယ်လုံးကျွတ်ရခိုင်ရိုးရာနတ်ပွဲ မလုပ်ဖူးပါ။"

"မင်းက ဇာဖြစ်လို့ ရခိုင်ရိုးရာနတ်ပွဲကို လုပ်ချင်ရစွာလေ"

"ဒေမြောက်ဦးမြို့စွာ မြို့တည်ဘုရားငါးရပ်၊ မြို့စောင့်နတ်ရှစ်ရပ်နန့်တည်ထားခရေ မြို့ဖြစ်တေလို့ ရာဇဝင်အစောင်စောင်မှာ မှတ်သားဖူးလို့ ကျွန်တော် ဒေမြို့နယ်လုံးကျွတ် ရခိုင်ရိုးရာနတ်ပွဲလုပ်ဖို့ အကြံဥာဏ်ပီးမိစွာပါရာ။ "

"ပွဲတော်မကျခင်က မင်းကို ဒေမြို့က ထွက်လားလီလို့ စာကပ်တေ ကြားရေကာ"

"ကျွန်တော်လေ့ ကြားပါရေ"

"မင်းမြင်လိုက်လာ၊ အသူမြင်လိုက်လေ"

"ကျွန်တော်မမြင်လိုက်ပါ၊ အသူမြင်လေ မပြောတတ်ပါ"

"စာထဲမှာ အရာဇာတိပါရေလို့ ကြားလေ"

"ဇာတိပါမှန်း ကျွန်တော်မသိပါ"

"မြို့နယ်လုံးကျွတ် ဆွမ်းလောင်းပွဲဝါ စည်လာ၊ သံဃာဇာလောက်ပါလေ၊ အယင်ဒေပိုင်ပွဲမျိုးလုပ်ဖူးလာ"

"မြို့နယ်လုံးကျွတ် ဆွမ်းလောင်းပွဲမှာ သံဃာ (၅၀၀)လောက် ဆွမ်းခံကြွပါရေ၊ အယင်ဒေပိုင်ပွဲမျိုး မလုပ်ဖူးလို့ ပြောကတ်ပါရေ"

"ဒေနှစ် ရခိုင်ရိုးရာပြိုင်လောင်းပွဲမှာ ပြိုင်လောင်းပေါင်း ဇာလောက်ရောက်လေ"

"ဒေနှစ် ရခိုင်ရိုးရာပြိုင်လောင်းပွဲမှာ (၈)လံ (၆)စီး၊ (၅)လံ(၆)စီး၊ (၆)လံ(၃)စီး စုစုပေါင်း (၁၅)စီး ပြိုင်ပွဲဝင်ဖို့ ရောက်ဟိပါရေ။"

"အယင်နှစ်က (၁၂)စီးရာ ရောက်တေဆိုကေ ဒေနှစ် (၃)စီးပိုရေရာ မနားယေ"

"ဟုတ်ပါရေ"

"ဒေနှစ်ပွဲ မစည်လို့ကြားရေကာ"

"ဟုတ်ပါလာ၊ စည်မစည်ကား မသိပါ၊ မနှစ်က ဘုရားအလှူခံစွာမှာ (၈)သိန်းရာ ရပြီးကေ ဒေနှစ်ခါအလှူငွေ (၁၄)သိန်း ရပါရေကာ၊ စီးဆိုင်ရောင်းပွဲမှာလေ့ မနှစ်က (၂)သိန်းလောက်ရပြီးကေ အေနှစ်ခါ (၉)သိန်းလောက် ရဟိပါရေ။ အေနှစ် စုစုပေါင်း စာရင်းချုပ်တေခါ (၁၈)သိန်း ဘုရားအလှူငွေအဖြစ် ကျန်ဟိပါရေ။"

"ယေကေ စည်ရေရာ မနားယေ"

"ဟုတ်ပါရေ၊ စည်ကေလေ့ မစည်လို့ ဆိုကတ်တေ မဟုတ်ပါလားယေ"

"သျှစ်သောင်းဘုရားပွဲကို အေနှစ်နောက်တစ်ကြိမ်ကျင်းပဖို့လို့ ကြားရေဝါ၊ ဟုတ်လာ၊ ဇာ ဆရာတော်ကိုလေ အိပ်မက်ပီးရေဆို မနား"

"ဟုတ်ပါလာ၊ သျှစ်သောင်းပွဲတစ်ကြိမ်လုပ်ဖို့အတွက် ဖေသာအများကြီးလိုပါရေ။ ဒေနှစ်စုစုပေါင်း ကုန်ကျငွေ သိန်း(၁၇၄) လောက် ဟိပါရေ။ နောက်တစ်ကြိမ်လုပ်ဖို့ လွယ်ပါဖို့လားချင့်။"

"သျှစ်သောင်းဘုရားပွဲကို စောလို့လုပ်တေအတွက် မင်းမှာအပြစ်ဟိလာ"

"ပွဲတော်လေ့ မိုးလွတ်တေ၊ ဘုရားအလှူငွေလေ့ ရရေမဟုတ်ပါလား၊ ယင်းအတွက် ကျွန်တော့်မှာ အပြစ်မဟိပါ"

"မင်းကို လီဖြတ်တေလို့ သတင်းထွက်တေကာ၊ မြောက်ဦးမှာ လီဖြတ်လို့ လေယာဉ်ပျံနန့် ရန်ကုန်တောင် ယူခရရေဆိုမနား"

"ယင်းပိုင်လို့ ပြောကတ်ပါယင့်၊ ကျွန်တော်အိမ်ကို တယ်လီဖုန်းဆက်သူက ဆက်၊ လူကိုယ်တိုင်လာလို့ သတင်းမီးသူက မီးကတ်ပါရေ။ ကျွန်တော်က တစ်ခုလေ့ မဖြစ်ပါကာ၊ ကျန်းကျန်းမာမာပါရာ"

"ဒေသတင်း ဇာကထွက်လာလေ"

"ဇာကထွက်လာမှန်းမသိပါ"

"ယေကေ မင်းဇာပြောချင်လေ"

"ဟုတ်ပါရေ၊မဟုတ်မမှန်ရေသတင်းတိအတွက်ကျွန်တော့ရင်ဖတ်နောက်ကို ကာပီးပါ. . . ရင်ဖတ်နောက်ကို ကာပီးပါ. . . ရင်ဖတ်နောက်ကိုကာပီးပါ။"

×××

ဘာဘာ. . . သမီးသျှေရို့ ကျောင်းကပြန်ရောက်ဗျာယ်၊ ဘာဘာ ဇာတိပြောနီစွာလေ၊ ဇာအတွက်နန့် ရင်ဖတ်နောက်ကို ကာပီးရဖို့စွာလေ. . လတ်. . .။

ဟူး . . . တော်ပါသိမ့်ယင့် အိပ်မက်ဖြစ်နီလို့ရာမနား။ (၇၉)ကြိမ်မြောက် သျှစ်သောင်းဘုရားပွဲကျင်းပရခြင်း အကြောင်းကို လူတိုင်းကို ရှင်းပြဖူးပါရေ။ ဇာခါရှင်းလို့ကား ကျင်းနိုင်ပါဖို့လဲ။

**ရခိုင်လှမြင့်**

၂၀၀၇-ခုနှစ် သျှစ်သောင်းဘုရားပွဲ

အထွေထွေအတွင်းရေးမှူး လုပ်ခစဉ်က အမှတ်တရ

# သားကြီးဘားသို့ အိတ်ဖွင့်ပေးစာ (၁၃)

သို့

သားကြီးကောင်းကျော်ခိုင်

သားကြီးဘားသို့ ဘာဘာ စာရီးလိုက်တေကား။

သားကြီး ဘာဘာရို့ ရခိုင်သားတိ နောက်ဆုံးရခိုင်မြို့တော် မြောက်ဦးမြို့အကြောင်းကို

သားကြီးဘားသို့ ဘာဘာရီးရေစာကို သားကြီး ဖတ်ပြီးဗျာယ်မနား။

ဒေတစ်ခေါက် ဘာဘာရို့ ရခိုင်တိ ရှီးဟောင်းမြို့တော်အကြောင်းကို စာရီးပြချင်ရေသားကြီး။ သားကြီးလေ့လာဖို့ရလီအောင်လို့ရာ ရခိုင်ရှီးဟောင်းမြို့တော်များအကြောင်းကို ရီးရေအခါ ရခိုင်တိသမိုင်းမတင်ခင်က ပေါ်ထွန်းခရေ ဒွါရာဝတီမြို့နန့် ယင်းကာလအတွင်းက ပေါ်ထွန်းခရေမြို့တော်တိအကြောင်းကိုတော့ ချန်လှပ်ထားချင်ရေ။ ဘီစီ(၃၀၀၀)ဝန်းကျင်နန့် အေဒီ (၁၇၈၄)ခုနှစ် ကြားကာလက မြို့တော်အကြောင်းတိကို အကျဉ်းချုံ့ပနာ ရီးသားလိုက်တေ။ ဒေကာလကို ရခိုင်အမျိုးသားရို့က ခေတ်ကြီး(၄)ခေတ်အဖြစ် သတ်မှတ်တေ။ ဓညဝတီခေတ်၊ ဝေသာလီခေတ်နန့် လေးမြို့ခေတ်၊ မြောက်ဦးခေတ်ရို့ ဖြစ်ကတ်တေ။ အေကာလအတွင်းမာ ရခိုင်မြို့တော်ပေါင်း (၁၉)ခု ပေါ်ထွန်းခရေသား။ ယင်း(၁၉)ခုထဲက တစ်နေရာတည်းမာ နာမည်တူ ဖြစ်ထွန်းဖူးလီရေ မြို့တော်တိက စမ္ပဝက်မြို့၊ လောင်းကြက်မြို့နန့် မြောက်ဦးမြို့ရို့လတ်။ ဒေပိုင် နာမည်တူ နီရာတူ(၂)ခါ ပေါ်ထွန်းဖူးရေ မြို့ဆိုစွာ ဆန်းရေမနား။ ယင်းမြို့တူ နာမည်တူ မြို့တော်တိကို(၁၉)မြို့ ထဲက နှုတ်ကေ(၁၆)မြို့ ကျန်ရေမနား။ ဓညဝတီခေတ်မှာ(၇)မြို့၊ ဝေသာလီခေတ်မှာ(၃)မြို့၊ လေးမြို့ခေတ်မှာ(၈)မြို့၊ မြောက်ဦးခေတ်မှာ(၁)မြို့ ဖြစ်တေလို့ ရခိုင်သမိုင်းစာအုပ်တိမာ ဖော်ပြထားစွာကို ဘာဘာမှတ်သားဖူးပါရေ။ ဒေမြို့တိထဲက တစ်ချို့မြို့တိကို နီရာအတိအကျ ဖော်ပြထား စွာကိုတော့ မတွိရ။ သားကြီးအနီနန့် သိချင်ကေ သုတေသနလုပ်ကြည့်ရဖို့။ ဒေမြို့တော်တိအကြောင်းကို ပြောရေအခါ တစ်ချို့သောစာပီ ပညာသျှင်တိက မြောက်ဦးခေတ်မြို့တော်တစ်ခုရာ ပီပြင်ရေ၊ ကျန်ရေမြို့တော်တိရေ မှုန်ဝါးရေလို့ ဆိုကတ်တေ။ ဘာဘာ အနီနန့်ကတော့ ဒေမြို့တော်တိရေ ဟိကိုဟိခဖူးရေလို့ ယုံကြည်ရေသား။ သားကြီးအနီနန့် အလွယ်တကူ မှတ်သားနိုင်ဖို့ ဆရာမင်းပြား မင်းသိန်းဇံ လေ့လာရီးသားထားရေ စာရင်းတစ်ခုကို ဒေစာနန့်အတူ ထည့်ပီးလိုက်လီယင့်။ သားကြီးဖတ်ကြည့်လီ မှတ်ထားလီ။

## ရခိုင်ရှေးဟောင်းမြို့တော်များ ထွန်းကားတည်ရှိမှုဇယား
## (ဓညဝတီခေတ်)

| စဉ် | ရခိုင်ရှေးဟောင်းမြို့တော်အမည် | ထိုမြို့ကို တည်ထောင်သောမင်း | မင်းဆက်အရေအတွက် | မြို့သက်တမ်း | သက္ကရာဇ်အပိုင်းအခြား | မြို့တော်တည်ရှိရာအရပ် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁။ | ပထမဓညဝတီမြို့ | မာရယု | ၅၄ဆက် မျိုးခြား၃ဆက် | ၁၇၀၀ကျော်ခန့် | ဘီစီ ၃၀၀၀ ဝန်းကျင် | ယခုကျောက်တော်မြို့နယ် မဟာမုနိ ဝန်းကျင် | |
| ၂။ | ပထမကန်သုံးဆင့် | ပျော်လှစည်သူ | ၁ဆက် | ၃နှစ်ခန့် | ဘီစီ ၁၆ရာစု | ပထမဓညဝတီမြို့စပ်တောင်ဘက် သရီချောင်း၏လက်ယာဘက် | ဘုရင်အားအမတ်(၃)ဦးပုန်ကန် ထိုအမတ်များက တစ်ဦး(၈)လ (၂)လ (၁)လစီ အုပ်ချုပ်ခဲ့။ |
| ၃။ | နီလာပန်းတောင်းမြို့ | စောစစ်မိဖုရား | ၁ဆက် | ၁နှစ်ခန့် | ဘီစီ ၁၆ ရာစု | ချင်းပြည်နယ်ဆမီးအနီးမီးချောင်းဖျားအရပ်တောင်ပေါ်မြို့။ | |
| ၄။ | ကျောက်ပန်းတောင်းမြို့ | ကံရာဇာကြီး | ၁ဆက် | ၆နှစ် | ဘီစီ၁၅၁၁-၁၅၀၇ | နီလာပန်းတောင်းမြို့နှင့်မျက်နှာချင်းဆိုင်တောင်ပေါ်မြို့။ | |
| ၅။ | ဒုတိယဓညဝတီမြို့ | ကံရာဇာကြီး | ၂၈ဆက် | ၉၂၇နှစ် | ဘီစီ၁၅၀၇-၅၈၀ | ယခင်ပထမဓညဝတီမြို့၏နေရာ | |
| ၆။ | တတိယဓညဝတီမြို့ | စန္ဒာသူရိယ | ၂၅ဆက် | ၉၀၆နှစ် | ဘီစီ ၅၈၀- အေဒီ ၃၂၆ထိ | ယခုကျောက်တော်မြို့နယ်မဟာမုနိအပါအဝင်နေရာ | |
| ၇။ | ဒုတိယကန်သုံးဆင့်မြို့ | မဟာတိုင်းစန္ဒြား | ၁ဆက် | ၁နှစ်ခန့် | အေဒီ ၃၂၇ | တတိယဓညဝတီမြို့မှ | ကျောက်တော်မြို့နယ်တောင်ဘက်အရပ်ကံစောက်ကျေးရွာ(၃)မိုင်အကွာမြောက်ဘက်(၃)မိုင်အကွာ ယိုးချောင်းဖျား၌ရှိကြောင်း မှတ်ကျွဲရှိနေသည်။ |

**နေရာကို ကွင်းတချို့ယူ**

**ဆကြသည်။**

| | | | | | | |
|---|---|---|---|---|---|---|
| **၂။** | **ပဉ္စာမြို့** | **ခေတ္တသင်** | **၁၆ဆက်** | **၂၈၅ နှစ်** | **အေဒီ ၈၁၈-၁၁၀၃** | **ပထမစမ္ပဝက်မြို့မှ တောင်ဘက်အရပ် ကွင်း** |
| **၃။** | **ပုရန်မြို့** | **လက်ျာမင်းနန်** | **၉ဆက်** | **၁နှစ်** | **အေဒီ၁၁၀၃-၁၁၄၂** | **မြောက်ဦးမြို့မှအရှေ့ တောင်အရပ် ပါးရီ ဓာတ်**တော်အနီး |
| ၄။ | ခြိပ်မြို့ | မင်းဖုန်းစား | ၃ဆက် | ၁၂နှစ် | အေဒီ၁၁၄၂-၁၁၅၄ | မြောက်ဦးမြို့မှအရှေ့ မြောက်အရပ်(၈)မိုင် ကျော်အကွာခြိပ် ချောင်းဘုရားကြီး အရပ် |
| ၅။ | ဒုတိယစမ္ပဝက် မြို့ | ခနရူပေါ | ၃ဆက် | ၉နှစ် | အေဒီ၁၁၅၄-၁၁၆၃ | ယခင်ပထမစမ္ပဝက် မြို့နေရာ |
| ၆။ | ပထမ လောင်းကြက်မြို့ | လက်ျာမင်းနန် | ၁ဆက် | လပိုင်း | အေဒီ ၁၁၀၃ | မြောက်ဦးမြို့မှအရှေ့ တောင်အရပ် လောင်းကြက်တောင် တန်းအနီး |
| ၇။ | နေရဉ္စရာ တောင်ငူမြို့ | မဥ္စူသင် | ၁၇ဆက် | ၈၇ နှစ် | အေဒီ ၁၁၆၃-၁၂၅၀ | မင်းပြားမြို့မှ မြောက် ဘက်စူးစူး၁၅မိုင် အကွာ နဂရာအုပ်စု အတွင်း |
| ၈။ | ဒုတိယ လောင်းကြက်မြို့ | အလောမာဖြူ | ၁၇ဆက် | ၁၅၆နှစ် | အေဒီ ၁၂၅၀-၁၄၀၆ | ယခင်ပထမ မလောင်းကြက်မြို့ နေရာ |

# တသီးစား

ကျွန်တော့်ခြံထဲက ငှက်ပျောပင်ကို တစ်ချက်ကြည့်။ အသီးတိက အကြီးသန်၊ အဖီးတိကလေ့ သန်မှသန်၊ မြင်ရေလူတိုင်း မအံ့ဩဘဲ မနီနိုင်။ စနစ်တကျ စိုက်ပျိုးထားရေ ငှက်ပျောပင်ရာမနား။ မစိုက်ခင်ကပင် ပျိုးပင်ပျိုး အပျိုးလှုခါမှ စိုက်တဲ့အပင်ဖြစ်လို့ အပင်တိ အားရှင်ကြီးမှသန်။ အပင်သန်လို့ အသီးကောင်းစွာရာမနား၊ အသီးတိတောင် မှည့်ရောင်သန်းနီဗျာယ်ထော။ အသီးမှည့်ကေ ဒေငှက်ပျောပင်ကိုပါ ခွတ်လိုက်ရဖို့ဗျာယ်။ ဟုတ်ပါရေ၊ ငှက်ပျောပင်ဆိုစွာ သဘာဝကိုက တစ်သီးစား။

ရခိုင်လယ်ယာစီးပွားနန့် ပတ်သက်ကေ တစ်နှစ်မှာ မိုးခါ စီရာစပါးစိုက်တေ။ ကျန်ရေအချိန်မှာ ရခိုင်လယ်သမားတိ အလုပ်မလုပ်ဘဲ နီကတ်စွာကို အကိုဇာငြင်းဖို့လဲလို့ မိန်းရေလူတိုင်းကို၊ ဟုတ်ပါရေ ကျွန်တော်ရို့ ရခိုင်လယ်သမားတိ တစ်သီးစားပါရာလို့ ဖြေနီကျ။

မင်းစဉ်းစားကြည့်ဝေ၊ ငါဝယ်နီကျ ဟင်းသည်မချေ မင်းလည်းသိရေ။ မင်းရို့ အောင်တပ်ရွာက အသားမည်းမည်း မျက်လုံးပြူးပြူးနန့် အောင်လှမေ ဟုတ်တေမနား။ ငါဝယ်စားနီကျဆိုဗျာယ် သူ့ကိုယုံရေ။ တစ်ရက်နို့က နင်ချိန်ဗျာယ် ငါ့ခြင်းတောင်းမှာ တသိုက် ထည့်ထားလိုက်လို့ မှာထားခရေ။ ငါလေ့ စီးမှာဝယ်စရာတိကို ဝယ်ပနာ၊ သူထည့်ထားရေ တောင်ပို့မှိုကို ပြန်မကြည့်ခဖြစ်။ အိမ်ကိုရောက်လို့ ကောင်းကောင်းနည်းရေကာလို့ ထင်လို့ ချိန်ကြည့်ရေခါ နှစ်ဆယ်သားရာဟိရေ။ အမှန်ဆိုကေ တသိုက်မှာ လေးဆယ်သားမနား။ သုံးဆယ်သားလောက်ဟိကေလေ့ ဟုတ်သိမ့် ယင့်။ အဂုက နှစ်ဆယ်သားကို တသိုက်ဆိုပနာ ရောင်းစွာ၊ ငါမကျေနပ်လို့ သူနန့်တွိ့ရေခါ ငါပြောရေ၊ သူဇာပြောလေ မင်းသိလား၊ အခင် မြောက်ဦးမြို့မှာ တသိုက်မှာ နှစ်ဆယ်သားဖြစ်နီစွာ အခင် အဂုမှသိလားလတ်။ ငါကောင်းကောင်း စိတ်ပျက်လားခရေ။ လူတိအားလုံး တစ်ခါစား တသီးစားရာကာလို့ သူငယ်ချင်း မောင်သာရွှေ ပြောရေစကားကို ကြားနီတုန်းသိမ့်။

ငါ့တူ မင်းရို့ပြောကေလေ့ ငါလည်စင်းလို့ ခံရဖို့ဗျာယ်။ ငါ့ဆုံးဖြတ်ချက်ကို ငါမပြင်ချင်ဗျာယ်ဝေ။ ဟုတ်တေ လူဆိုစွာ အပြောင်းအလဲဟိရဖို့ ယေဒါလေ့ ငါမပြင်ဗျာယ်လို့ စိတ်ကူးရေ ငါ့တူ။ မင်းရို့အကိုကို ပြောလိုက်။ ဒေပွဲကိုရာ မဟုတ်၊ တခြားပွဲတိကိုလည်း ဒေပိုင်လူမျိုးခြားနန့် ရခိုင်သားကို လက်ထပ်တေပွဲမျိုးကို အခင်တစ်ခါလေ့ မတက်ခ။ ညီအရင်း မင်္ဂလာဆောင်ပွဲကိုတောင် မလားခလို့ ညီအကိုမောင်နှမတိကြားမှာတောင် အေသူထိုးကန်း။ လူပင် ဟုတ်ယင့် လားလို့ အမိန်းခံဖူးခရေ။ ယာ ယေကေ အခင်လေ့ တစ်ဖက်ခွတ် တသီးစားရာ မနားယေလတ်ထော။

အကို ကြားပီးပလား၊ မလေးရှားက အကို့လူ ကိုလှသန်း ဖိလစ်ပိုင်မနန့် ရနီကတ်ဗျာယ်ဆို၊ သားသမီးတိတောင် ဆယ်တန်းအောင်လို့ ပိုလီတက်နီဗျာယ်ဆိုမနား။ ရခိုင်ကိစ္စဆို ဇာနီရာပင်ဖြစ်ဖြစ် သူပါရေ၊ စက်ာပူမှာ သူနီခါလေ့ စက်ာပူရောက် ရခိုင်သားကိစ္စမှာ သူမပါကေ မပြီးလတ်။ သူရန်ကုန်ကို ရောက်တေခါလေ့ ရခိုင်ရေးရာကိစ္စတိမှာ သူကူခဖူးရေကာ။ သူ့ပိုင် တသီးစားတိ ရခိုင်သားလောကမှာ အများကြီးရာမနား။

အခင်ကြီးပိုင် ရခိုင်သား ကောင်းစားရေးနန့် ရခိုင်ရေးရာတိမှာ ပါဝင်လှုပ်ရှားနီရေလူ ကျွန်တော်ရို့ မတွိ့ဖူးပါ။ ယေဒါလေ့ အခင်ကြီးမှာ ပညာတတ်တိ ချမ်းသာရေ သားသမီးတိ အများကြီးဟိရေလို့ ကြားဖူးပါရေ။ အခင်ကြီး လှုပ်ရှားနီရေ ရခိုင်ရေးရာတိမှာ အခင်ကြီးသားသမီးတိကို မတွေ့ရ မမြင်ရပါကာ။ ဟုတ်တေ ယင်းသူရို့တိ ငါ့ပိုင် ရခိုင်ကိစ္စတိကို စိတ်မဝင်စားကတ်လို့ ပြောရေငါ့တူ။

ရိုးမလူ

၆. ၃. ၂၀၁၁